www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ၁

မြသင်းသစ်သည် တယ်လီဖုန်းခွက်ကို ခပ်ကျပ်ကျပ် ဆုပ်ကိုင်ထားမိကာ ထိုဆုပ်ကိုင်ထားသော လက်ချောင်းများနှင့် ဖုန်းခွက်အကြား ချွေးစေးများ စွတ်စိုစိမ့်ပျံ့လာပါသည်။ လူက မူးမိုက်ပြာရီသွား၍ တစ်ဖက်က ပြောနေသော မလေးမြိုင် စကားများကို ကြားတစ်ချက် မကြားတစ်ချက်။ စကားသံတွေ အကြားမှာ လေတိုးနေသလို ဝူဝူဝီဝီ မြည်နေသည် ထင်နေမိသည်။

မလေးမြိုင်ရဲ့ ရှိုက်ငင်သံသည် နှလုံးနှောက်ဖို့ ကောင်းလွန်းနေသည်။ ထိုငိုရှိုက်သံကြားမှ စကားတို့ကလည်း ဗလုံးဗထွေး မပီမသ။

"သူ ... သူကလည်းလေ၊ သူ ဆုံးတာနဲ့ မမသစ်တို့ ကြီးကြီးတို့ကို အကြောင်းကြားပါလို့ မှာသွားလို့ပါ၊ လူမ်း အကြောင်းကြားရတာလည်း အားနာပါတယ် မမသစ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒအတိုင်း အကြောင်းကြားပေးတာပါ၊ ပြီး... ပြီးတော့ သူက မမသစ် အတွက်လည်း စာတစ်စောင် အိတ်ပိတ်ပြီး ထားရစ်ပါတယ်၊ အဲဒါလည်း ပေးရမှာမို့ပါ ...

တကယ်လို့ မမသစ်တို့ အလုပ်မအားလို့ မလာကော့ ဘူး ဆိုရင်လည်း ဒီစာအိတ်ကို အသုဘချပြီး အားသွား တဲ့ရက်ကျမှပဲ တစ်ယောက်ယောက်နဲ့ လွှတ်ပေးခိုင်းပါ့ မယ်"

မြသင်းသစ်သည် ဘာစကားမှ ပြန်မပြောနိုင်။ နားသာထောင်နိုင်ပြီး ရင်ထဲတွင် မီးစွဲထင်းချောင်းကြီးတစ်ချောင်း ထိုးစိုက်ထားသလို ပူလောင်ထူပူ၍ နာကျင်နေသည်။ မလေးမြိုင် ထံမှ စကားသံတို့ကတော့ ခပ်လေးလေး ငိုသံတွေနှင့်ပင် ရှိုက်ငင်သံတွေကြားက ထွက်ပေါ်နေဆဲပင်။

မလေးမြိုင်သည် တကယ်တော့ မြသင်းသစ်ထက် သုံးနှစ်လောက် ကြီးပါသေးသည်။ ဒါပေမဲ့ သူ့မှာ မြသင်းသစ်ကို လူကြီးတွေ ရွယ်တူတွေ ခေါ်သလို "သစ်သစ်"လို့ ခေါ်ရတဲ့အခေါ် မှာ မရှိပါ။ ဟိုးတုန်းကတည်းက "မမသစ်"သာ ခေါ်ခဲ့ပါသည်။

သူ သေပြီ။ သူ ဆုံးသွားပြီတဲ့။ အဘယ်ကြောင့် သေ သလဲ ... ပြောပြနေစရာပင် မလိုပါ။ လွန်ခဲ့တဲ့ တစ်နှစ်လောက် က "ကိုထင်"နှင့် လမ်းမှာ အမှတ်မထင် ဆုံခဲ့သေးသည်။





"သစ်သစ်"လို့ တိုးခြောက်ခြောက် ခေါ်လိုက်သံကို နားရှောင် နားစွဲနေ၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် အရပ်ရှည်ရှည်၊ လူကမဝဘဲ မျက်နှာတစ်ခုသာ ဖောသွပ်သွပ် ရှိနေတဲ့ သူ့ကို မြင် လိုက်သည်နှင့် ...

"ဟင် ... ကိုထင် ... နေမကောင်းဘူးလား"

ဤသို့ ဖျာဖျာသလဲ တန်းမေးမိအောင် သူ့ရုပ်က ကျန်းမာရေးနှင့် မပြည့်စုံတာ သိသာထင်ရှားလှသည်ပဲ။ သူ့ရုပ် ရည်ဟာ အရက်ကြောင့် အသည်းမကောင်းတဲ့ ရုပ်ရည်မျိုး ကြည့်ရုံနှင့် သိသာနေသည်။ သပ်သပ်ရပ်ရပ် နေတတ်သူမျိုးမို့သာ ညှင်းသိုးသိုး မဖြစ်ခဲ့သေးမဲ့ အရက်သမားတစ်ယောက် ဆိုတာ ကြည့်ရုံနှင့် သိနိုင်သည်။

အဲဒီ နောက်ဆုံးတွေ့တုန်းက ကိုယ့်အသိစိတ်ခတ် ကိုယ်စီနှင့် တစ်နေရာရာ တစ်ဆိုင်ဆိုင် ထိုင်စကားပြောတာမျိုး ပင် မရှိခဲ့ပဲ ခဏရပ် စကားပြောဖြစ်ကြသည့် အချိန်လေးအတွင်း မှာပင် သူ့သား ကိုးတန်းအောင်ပြီဆိုတာ သူ့သားကို သူ အလွန် အမင်း မျှော်လင့်ချက် ထားတယ် ဆိုတာ ထည့်ပြောသွားပါ သည်။

အဲဒီ သူ့သားရော ...။

ခုဆို ဆယ်တန်းအောင်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သားကို မျှော်လင့်ချက်ထားတယ်ဆိုရင် ကိုထင် ကိုယ်တိုင် ကိုယ့်အတွက်ကိုယ် အသိစိတ် မွေးဦးမှပေါ့၊ ကိုထင် ဒီလောက်ကြီး အရက်မသောက်သင့်ဘူး"

မြသင်းသစ်သည် ထိုစကားတစ်ခွန်းကို မရှိတင်ကဲ ပြောဖြစ်ခဲ့သည်။ အဲဒီကတည်းက သူ့ရုပ်ဟာ သက်ဆိုးရှည်လှတော့မည့်ပုံ မပေါက်တော့။ ဒါပေမဲ့ ဒီမျှလောက်တော့ မထင်။ နောက်ထပ် တစ်နှစ်နေရင် သေလောက်ပြီလို့တော့ မထင်မိခဲ့။

မြသင်းသစ်သည် စိတ်ထဲ ရင်ထဲ ဆို့နေကာ ဘာစကားမှ သေချာပြန်မပြောနိုင်ဘဲ မလေးမြိုင် စကားတွေကိုသာ ငိုင်ပေပေနှင့် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ဖုန်းထဲကတစ်ဆင့် နားထောင်နေမိသည်။ သူ ဘာမှ မပြောချင်ဘူးလို့များ မလေးမြိုင် ထင်သွားသလား မသိ။

"ဒါဖြင့် ကျွန်မ ဖုန်းချလိုက်တော့မယ် မမသစ်၊ သူဆက်နိုင်းခဲ့လို့သာ ဆက်ရတာပါ၊ မမသစ်တို့ကို စိတ်အနှောင့်အယှက် ပေးမိရင် ခွင့်လွှတ်ပါ၊ ဒါပဲနော်"

ဖျတ်ခနဲ မလေးမြိုင် ဖုန်းချသွားလည်း မြသင်းသစ်က မလှုပ်မိသေး။ အတန်ကြာမှ ဖုန်းကို ဖုန်းခွက်ပေါ်ချမိတော့ မျက်လုံးအိမ်ထဲ ပြည့်နေသည့် မျက်ရည်တွေပါ ပါးပေါ်ကြွေကျလာပါသည်။ မျက်ရည်ပူကြီးများသည် အပေါက်လိုက် အပေါက်





လိုက် ပါးပြင်ပေါ် စီးလိမ့်ကျလာပြီး ပါးပြင်ပေါ်မှတစ်ဆင့် ပိုးအင်္ကျီနို့နှစ်ရောင်ကလေးပေါ်ကို ...။

အင်္ကျီရင်ဘတ်တွင် မျက်ရည်စက်တို့ စိုရွှဲလာချိန်မှပင် မြသင်းသစ်သည် သတိဝင်လာသလို နီးရာဆက်တီတစ်ခုဆီ ဖြည်းဖြည်းလျှောက်လာသည်။ လက်ထဲက လက်မွေ့အိတ်ကို လှမ်းထိုင်ခင် အရင်လှမ်းပစ်တင်လိုက်ပြီးမှ လူက အသာကလေး ဝင်ထိုင်လိုက်မိကာ ...

"ချောချော ... ချောချော"

"ရှင် ... မမသစ်"

"ငါ့ဖို့ သံပရာရည်နဲ့ ဂလူးကို့စ် ဖျော်ယူခဲ့စမ်းပါ"

မြသင်းသစ်ရဲ့ ကတုန်ကယင် စကားသံကြောင့် ထမင်းစားခန်းထဲမှ မေမေ ထွက်လာပါသည်။ မြသင်းသစ် ရှေ့သို့ တစ်မုဟုတ်ချင်း ရောက်လာကာ ...

"သမီး ... ဘာဖြစ်လို့လဲ၊ ဟင် ... ငိုထားတာ ရွဲလို့ပါလား၊ ဘာဖြစ်တာလဲ သမီး၊ ဖုန်းထဲက ဘယ်သူလဲ၊ ဘာတဲ့လဲ"

မြသင်းသစ်သည် ငိုမိကာ ခေါင်းတွေ မူးကိုက်နာခေါင်းတောင် ပိတ်နေပြီ ဖြစ်သည့်တိုင် မေမေ မြင်တာကို ရှက်သလို ဖြစ်မိကာ ကမန်းကတန်း မျက်ရည်သုတ်လိုက်သည်။

www.burmeseclassic.com



မေမေ့ကို မျက်လွှာလှန်ပင့် ကြည့်လိုက်သော အကြည့်တွင် တစ်စုံတစ်ရာ ဘာအရိပ်အယောင်မှ မပါအောင် ကြိုးပမ်းသတိထား၍ ကြည့်လိုက်မိပါသည်။

"မလေးမြိုင် ဆက်တာ မမေ"

"ဘာတဲ့လဲ"

"ကိုထင် ... ကိုထင်ပေါ် ဒီမနက် ငါးနာရီက ဆုံး ... ဆုံးသွားတယ်တဲ့"

မေမေသည် ရုတ်တရက် အံ့အားသင့်သွားပြီးမှ ...

"ဪ ... ဆုံးသွားပြီကိုး"

"ဆုံးသွားပြီကိုး ဆိုတော့ မေမေက ဆုံးတော့မှာကို ကြိုသိနေသလိုပဲ"

"ဒီလောက်မြန်မြန် မဟုတ်တောင် မကြာခင်တော့ သေလိမ့်မယ်ဆိုတာတော့ သိတယ်လေ"

မေမေက မြသင်းသစ်နှင့် ထောင့်ချိုးကျသည့် ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

"လဆန်းရက်လောက်က လေးမြိုင်နဲ့ တွေ့တယ်၊ သိမ်ကြီးဈေးမှာ တွေ့တယ်လေ၊ လေးမြိုင် ပြောတော့ပြောသား၊ ထင်ပေါ် ကျန်းမာရေးချို့ယွင်းနေသတဲ့၊ ဆရာဝန်ကလည်း သိပ်အားမရဘူးတဲ့"





မြသင်းသစ်သည် မေမေ ဘာဖြစ်လို့ ပြန်မပြောပြတာလဲဟင် ဟုမမေးချင်တော့ပေ။ မေးစရာလည်း မလိုပေ။ ပြောမှာမဟုတ်ဘူး ဆိုတာ သိပြီးဖြစ်ရမည်။

"ကိုယ့်အသက် ကိုယ်မှမမွေးဝဲလေ၊ အရက်ကို မတရားသောက်တာကိုး"

ကိုထင့်လို လူကောင်း လူရိုး လူအေး လူလိမ္မာလေး ဘာကြောင့် အရက်မတရားသောက်သွားရသလဲ။ မြသင်းသစ်သည် မေမေ့ကို ဘာမှမပြောချင်၍ မပြောမိအောင် နေရာမှ ထ,ထွက်လာကာ ထမင်းစားခန်းထဲ ဝင်လာခဲ့ပါသည်။ ချောချော ဖျော်ပေးသော သံပရာရည်ကိုသောက်ကာ ရင်ထဲ၌ ဆို့နစ်နေဆဲပင်။

မေမေက ထမင်းစားပွဲရှိရာသို့ ပြန်လိုက်လာပြန်သည်။

"သွားတော့ သွားလိုက်ဦးပေါ့"

မြသင်းသစ်က မေမေကို တအံ့တသြ မော့ကြည့်လိုက်သည်။ သွားခိုင်းနေပါလား။ ကိုယ့်ဟာကိုယ် သွားမှသာ သွားရော၊ မေမေ့ကို သွားမယ် မသွားဘူး ဘာမှ ပြောမနေတော့ဘူးဟု စိတ်ထဲထားထား၍ မေမေ သွားခွင့်ပြုနေတာကို အံ့အားသင့်နေပြီးမှ နောက်ဆုံးတော့လည်း အံ့သြမနေမိတော့ပါ။

ဟုတ်တာပဲလေ။ "ထင်ပေါ်" ဆိုတဲ့သူက မရှိတော့တာပဲ။ သေပြီပဲ။ မြသင်းသစ် သွားသွား မသွားသွား မေမေ့

www.burmeseclassic.com



အတွက် ဘာအရေးကြီးတော့လဲ။ ထင်ပေါ် ဆိုတဲ့ လူယောကျ်ား အသက်ရှင်သန် တည်ရှိနေမှသာ မေမေက မဆက်ဆံစေချင် ရှိရမည်၊ သူသေမှတော့ မေမေ ဘာပူစရာရှိလဲ။

တွေးရင်း မြသင်းသစ် မျက်ဝန်းအိမ်မှ မျက်ရည်တွေ ထပ်ကျလာရပြန်သည်။ အတတ်နိုင်ဆုံး မေမေ မမြင်အောင် တစ်ဖက်လှည့်ကာ မျက်ရည်တွေကို သုတ်သည်။ ရှိုက်သံငိုသံလည်း မထွက်စေရ။ လက်လှုပ်ရှားပုံကိုကြည့်၍ မျက်ရည်ကျနေ သုတ်နေတာမှန်း မသိမနေ သိမှာပါပင်။ သို့ပေမဲ့ မမြင်စေချင်တာက အမှန်ပင်ဖြစ်သည်။

ဤသို့ "ကိုထင်"နှင့် ပတ်သက်ပြီး မျက်ရည်ကျရသမျှကို မေမေ မမြင်အောင် သုတ်ပစ်ခဲ့ရသည့် အဖြစ်မျိုးဟာ ဟိုးတုန်းကတော့ အထူးတဆန်းမှ မဟုတ်ဘဲ။ ခုနောက်ပိုင်းသာ မကြုံရတော့တာ။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်ကဆိုရင် သားအမိနှစ်ယောက်အကြားမှာ မကြာမကြာဆိုသလို နေ့စဉ်ရက်ဆက်လို ဖြစ်ပျက်နေခဲ့ရသမျှတွေပဲ။

ခုတော့ ကိုယ်ဟာ အဲဒီတုန်းကလို ဆယ့်ရှစ် ဆယ့်ကိုး မလိမ်မိုး မလိမ္မာအရွယ်လည်း မဟုတ်တော့။ အသက်အားဖြင့် သုံးဆယ့်ငါးနှစ်ကျော်ကာ အလုပ်ခွင်မှာ စီးပွားရေးဝန်းကျင်မှာတော့ "ဒေါ်မြသင်းသစ်"လို့ပင် ခေါ်ဝေါ်ခံနေရသည့်အရွယ်ကို ရောက်ခဲ့ပြီ။





အဲဒီအချိန်တုန်းက ကြုံကြိုက်ခဲ့ရသည့် မေမေနှင့် ပဋိပက္ခတွေ ကြေကွဲဝမ်းနည်းခဲ့ရသမျှတွေ အေးစက်တင်းမာမှုတွေ ဘာတစ်ခုကိုမှ ပြန်လည်မတွေးချင်၊ သတိလည်း မရချင်တော့ပေ။ အနည်းထိုင်ဖို့ နှစ်တွေနှင့်ချီကာ ကြိုးစားပမ်းစား တည်ဆောက်ယူခဲ့ရပြီး၊ အတော်ကြီးကြာမှ နေသာထိုင်သာ ရပ်တည်သာ ရှိလာခဲ့တဲ့ မြသင်းသစ်ကို ကိုထင့် အတွက် ကျနေရသည့် မျက်ရည်စများနှင့် နောက်တစ်ဖန် မေမေ မမြင်စေလို။

"ငိုမနေပါနဲ့ သမီးရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့၊ စိတ်ထဲတော့ ဘယ်ကောင်းမလဲ၊ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲအေ"

မေမေ့ လေသံဟာ လူကြားကောင်းအောင် ပြောနေတာတော့ မဟုတ်ပေ။ မေမေလည်း ဒီသတင်းစကား ကြားရတာ စိတ်နောက်ကျို ထိခိုက်ပုံတော့ရပါသည်။ မေမေသည်အဆင့်အတန်း ခွဲခြားပြီး မာန်မာန ခက်ထန်ဂုဏ်မောက်ခဲ့တဲ့ မိခင်တစ်ယောက် ဖြစ်ခဲ့တာ မှန်သော်လည်း အဆင့်တူအတန်းတူ အတွင်းဆိုလျှင်တော့ စိတ်ကောင်း နှလုံးကောင်းရှိတဲ့သူ တစ်ယောက်ပင်ဖြစ်သည်။

မာန်တွေ မာနတွေ မောက်ကြွားဝင့်ဝါခဲ့တဲ့ ဂုဏ်ပကာသန ခွဲခြားမှုတွေဟာ မေမေ့ရဲ့ အသက်အရွယ် ကြီးရင့်မင်းလာမှုနဲ့ အချိုးညီညီ တဖြည်းဖြည်း နည်းပါးလျော့ကျသွားသလားလို့လည်း ထင်ရနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း လေးမြိုင်ဆီ သွားလိုက်ပါဦးမယ်၊ သင်းတို့ ဘာများလိုအပ်မယ် မသိဘူး"

မြသင်းသစ်သည် မေမေ တစ်ယောက်တည်း ရေရွတ်သလို ပြောနေတာကို နားသာထောင်နေသည်။ လှည့်မကြည့်မိပေ။ ကိုထင် ဆုံးပြီဆိုလို့သာ ရင်နင့်ခံစားရပြီး အဟောင်းတွေ အသစ်ဖြစ်လာတာ။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ် ပြဿနာဖြစ်တုန်းက ဖြစ်ပြီးတဲ့နောက် မြသင်းသစ်တို့ သားအမိဟာ တောက်လျှောက် တစ်ဦးကိုတစ်ဦး ချစ်ခင်အားကိုး မှီခိုပြေလည်စွာ ငြိမ်းချမ်းစွာ နေထိုင်လာကြတဲ့ သားအမိပါ။

မြသင်းသစ်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ဟိုးတုန်းက မေမေ့ အပေါ် မပြေလည် မကျေနပ်ခဲ့တဲ့ စိတ်တွေကို အသစ်တစ်ဖန် ပြန်နွှေးပြီး ရင်ထဲမမွှေးမြူချင်ပါ။

ကိုထင်နဲ့ ကွဲခဲ့ ခွဲခဲ့ရတာကလွဲပြီး မြသင်းသစ်ရဲ့ဘဝဟာ ဘာမှ တောင့်တစရာ၊ ကြောင့်ကြစရာ၊ မပြေလည်တာ၊ မသာယာတာ မရှိဘဲ တောက်လျှောက် ငြိမ်းချမ်းသာယာပြီး ကြည်နူးချမ်းသာစရာသာ အတိပြီးခဲ့တာ။ ကိုထင်နဲ့ ခွဲခဲ့ရလေခြင်း ရယ်လို့လည်း ဝေဒနာကြီး တစ်သက်လုံး ရင်ဝယ်ပိုက်လာခဲ့တဲ့ မိန်းမတစ်ယောက် မဟုတ်ရပါ။ မပျော်နိုင် မရွှင်နိုင် မိန်းမတစ်ယောက်လည်း မဟုတ်ရပါ။





ကိုထင်နှင့် ခွဲရကာစက ပူလောင်ခံစားရလှပေမဲ့ ကိုထင် တစ်ယောက် မလေးမြိုင်နှင့် လက်ထပ်လိုက်တဲ့ အချိန်ကစပြီး မြသင်းသစ်ရဲ့ ခံစားချက်တို့ လျှော့ခနဲ ပြိုကျပျက်ပျောက်ခဲ့ရသည်ပင်။ ကိုယ်တောင် သည်အတိုင်းနေပါလျက် ကိုထင်ကတော့ မလေးမြိုင်ကို လက်ထပ်လိုက်ရက်တယ်ရယ်လို့ ရင်ထဲထိသွားခဲ့ရတာလည်း ပါမည်လားပင်။

သူတစ်ပါးရဲ့ ကာမပိုင်ခင်ပွန်းယောကျ်ား ဖြစ်သွားတဲ့ လူတစ်ယောက်ကိုလည်း မြသင်းသစ်က ကျိတ်ပြီးတမ်းတလွမ်းဆွတ်မနေနိုင်ပေ။ အလိုလို ပြီးပျောက်သွားခဲ့ရသော ရင်ကွဲနာ ခံစားချက်တို့ တဖြည်းဖြည်း တစ်စစ အနည်ထိုင် အခြေကျလာသည်မှာ လွန်ခဲ့တဲ့ လေးငါးနှစ်ကမှ ကိုထင့်ကို တစ်ကြိမ်ပြန်တွေ့တော့ မြသင်းသစ် ရင်ထဲ ကတိမ်းကပါး လှုပ်ရှားလန့်ထိတ်သွားရသည် မှန်သော်လည်း ဣန္ဒြေရရ အာယာတလည်း မရှိ၊ အတိတ်နှင့် မဆက်စပ်ဘဲ မိတ်ဟောင်းတစ်ယောက်ကို ပြန်တွေ့ရသလိုမျိုးသာ ခပ်အေးအေး နှုတ်ဆက်နိုင်ခဲ့ပါသည်။

သူ့ဘက်ကလည်း ရှောင်ကောင်း ရှောင်မည်ဖြစ်တဲ့ အတွက် ရန်ကုန်မြို့ဆိုတဲ့ နေရာကွက်ကွက်ကလေး တစ်ခုအတွင်းမှာ ကိုထင်နှင့် သုံးကြိမ်သာ ပြန်တွေ့ဆုံဖြစ်ခဲ့ပါသည်။ နောက်ဆုံးအကြိမ်ဟာ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က။ ဤတွင်မှပဲ ကိုထင့်မှာ ကိုးတန်းရွယ် သားတစ်ယောက် ရှိသည်ဆိုတာ သိခဲ့ရသည်။ ရှိပြီပေါ့လေ၊ နှစ်တွေပေါင်းလည်း မနည်းကြာပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ငယ်စဉ်ကတည်းက သံယောဇဉ်ကြီးမားခဲ့ရတဲ့ သူတစ်ယောက်မို့ သူ့ဘဝမှာ အစစ အဆင်ပြေပြေနှင့် ကျန်းမာချမ်းသာခြင်းကိုပဲ ရှိစေလိုသည်ဖြစ်ရာ ကိုထင့် ရုပ်ရည်ပေါ်က ကျန်းမာရေး ပြည့်စုံပုံ မရလှတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရလေသည်။

ခုတော့ ကိုထင် ဆုံးပြီ။

ကိုထင် ဆုံးပြီဆိုတာ သိရတော့လည်း မြသင်းသစ် မချိတင်ကဲ ဝမ်းနည်းခံစားရပြန်ပါသည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ ဆိုတာဟာ အလကားနေရင်း ဆိုရိုးပြုထားခဲ့တဲ့ စကားမျိုးတော့ မဟုတ်ပေဘူးပေါ့။

ကိုထင့် နောက်ဆုံးခရီးကိုတော့ အစစ သက်သောင့်သက်သာ ပြည့်ပြည့်စုံစုံ အဆင်ပြေစေချင်လှသည်။ မလေးမြိုင်ခမျာလည်း အကြောင်းကြားရှာပါသည်။ သူ့ယောကျ်ားက စာတစ်စောင် ထားရစ်ခဲ့သည်ကိုပင် ရိုးရိုးသားသား ပြောရှာသေးရဲ့။ ဘာစာလဲ ဆိုတာကိုတော့ မြသင်းသစ် မမှန်းဆတတ်။ သို့သော် ဖတ်ချင်ပေသည်။

မေမေလည်း သွားလိမ့်မည် ဆိုပေမဲ့ မေမေနှင့်တော့ အတူမသွားလိုပေ။ မေမေလည်း သူ့ဟာသူ သွားလို့အဆင်ပြေပါလိမ့်မည်။ မေမေဟာ မလေးမြိုင်ရဲ့အမေ သီလရှင်ကြီး နေထိုင်





ရာ စစ်ကိုင်းချောင်ကို သုံးလေးလတစ်ခါ အမြဲ ငွေပို့လေ့ရှိတာ မြသင်းသစ် သိသည်။ မလေးမြိုင်ရဲ့အမေဟာ မေမေ ငယ်ကတည်းက မေမေ့အဖော် အိမ်တော်ပါကျွန်ယုံလို့ပင် ဆိုနိုင်သည့်လူရင်း။

အိမ်ထောင်ကျသွားပြီးနောက် မေမေ့ထံမှ ခွဲထွက်သွားကာ သူ့ခင်ပွန်း ဆုံးပါးပြီး မလေးမြိုင် အပျိုပေါက်အရွယ်၌ အိမ်သို့တစ်ဖန် ပြန်ရောက်လာခဲ့ပါသည်။ မေမေကလည်း ဝမ်းသာအားရပင် ပြန်ခေါ်ထားသည်မှာ မလေးမြိုင် ကိုထင်နှင့် အိမ်ထောင်ကျတဲ့အထိ။ အဲဒီနောက်မှာ မလေးမြိုင် အမေက သီလရှင်ဝတ်သွားခဲ့၍ အိမ်မှာ မနေဖြစ်တော့ပြန်။ မလေးမြိုင် အပေါ်လည်း မေမေ မေတ္တာကရုဏာ ရှိတာပင်။

ကိုထင်နှင့် မြသင်းသစ်တို့ ချစ်ခြင်းကို ခါးခါးသီးသီး ဖြိုခွင်းဖျက်ဆီးပစ်ခဲ့ပေမဲ့ ကိုထင့် ဘကြီး အဘနောင်ကိုတော့ အဘနောင် ကွယ်လွန်တဲ့ထိ ခြံထဲမှာဆက်ထားခဲ့သေးပြီး ကောင်းကောင်းမွန်မွန် အသုဘချပေးခဲ့သေးတာပဲ မဟုတ်လား။ မေမေဟာ စိတ်ကောင်းလည်း ရှိတတ်သေးတာပါပင်။ ခုလည်းပဲ မလေးမြိုင်တို့ သားအမိကို ကူညီထောက်ပံ့ဦးမှာလည်း မြသင်းသစ် သိသည်။



www.burmeseclassic.com

## ၂

တောင်ဥက္ကလာပမြို့နယ်ထဲက ရပ်ကွက်လေးတစ်ခုဖြစ်သည်။ မြသင်းသစ် မကျွမ်းဝင်သော အရပ်ဒေသပင်။ မလေးမြိုင် ဖုန်းထဲက ပြောသွားတဲ့ လိပ်စာကို လမ်းအမည် မှတ်မိလိုက်၍ တော်သေးသည်။ အိမ်နံပါတ်တော့ မမှတ်မိတော့။ ဒရိုင်ဘာဦးစံ တစ်ယောက် ကားရပ်လိုက် ဆင်းမေးလိုက်နှင့် အတော်ရှာကာမှကာ နောက်ဆုံးတော့ ရောက်လာခဲ့ရပါပြီ။

မြသင်းသစ်သည် အိမ်ရှေ့တွင် ကနားဖျင်းထိုးထားသော သစ်သားတစ်ထပ်အိမ်ကလေးကို လှမ်းမျှော်ကြည့်လိုက်သည်။ မျှော်ကြည့်လိုက်ရသည်မှာ လမ်းကကျဉ်း၍ ကားဝင်လို့မရလို့ပင်။ ကားဝင်ကာ ရပ်ထားလိုက်လျှင်လည်း ထိုလမ်းထဲ





လူတွေဖြတ်သန်းသွားလာ လမ်းလျှောက်ဖို့ ကတ်သီးကတ်သတ်ဖြစ်ရတော့မည်။

မြသင်းသစ် ကားကြီးက ထုထည်ကြီးသည်။

"သစ်သစ်ရေ ... ဒီထိပ်ပဲ ရပ်လိုက်ရမလား"

"ရပ်လိုက် ဦးစံ"

"လမ်းကတော့ လမ်းတိုကလေးပဲ"

ဟုတ်ပါသည်။ အသုဘတည်ရာအိမ်မှာ လမ်းထိပ်ကနေလျှင် ငါးအိမ်၊ ခြောက်အိမ်လောက်မှာ ဖြစ်သည်။ အိမ်လေးတွေက မကြီးလှ၍ ငါးအိမ်ခြောက်အိမ်စာသည် အနီးကလေးပါပင်။

"အသုဘနာမည် သွားဖတ်ကြည့်လိုက်ရဦးမလား"

ဦးစံက မျက်စိမှုန်ကာ စာလုံးမသဲကွဲသေးသော်လည်း မြသင်းသစ်က သုံးထပ်သားပြားချပ်ကလေးပေါ်မှ ဦးထင်ပေါ်၊ အသက်(၄၀)နှစ်ဆိုတဲ့ စာကို လှမ်းမြင်နေရပါပြီ။

"မလိုဘူး ဦးစံ၊ ရေးထားတာ ကျွန်မ မြင်ပြီးပါပြီ၊ ဦးစံ ကားပေါ်ကပဲ စောင့်ခဲ့"

"ဟုတ်ကဲ့"

ဦးစံ ဖွင့်ပေးသော နောက်ခန်းတံခါးမှ မြသင်းသစ် ဆင်းလိုက်သည်။ လမ်းပေါ်မှာ ရှိနေသူတွေရော၊ မဏ္ဍပ်အနားဖျင်း

www.burmeseclassic.com



အောက်မှာ ရှိနေသူတွေပါ အားလုံး ဒီဘက်ကို အကဲခတ်ကြည့်နေကြပါသည်။ မြသင်းသစ်က လက်ချိတ်အိတ် အနက်ကလေးကို တံတောင်ဆစ်ကွေးမှာ ချိတ်လျက် အသာလျှောက်ခဲ့သည်။

အသက်သုံးဆယ့်ငါးနှစ် ပြည့်ခဲ့ပြီဖြစ်သော အပျိုကြီး (အင်း ... လူတကာရဲ့ အသိအမြင်မှာ အပျိုကြီးလို့ပဲ ဆိုပါတော့) တစ်ယောက်အရွယ်ရောက်ခဲ့ပြီပေမဲ့ အိမ်ထောင်သည်တစ်ယောက်မဟုတ်၍ ထင်သည်။ မြသင်းသစ်က နုနုနယ်နယ်ကလေး ရှိနေသေးသည်။

များသောအားဖြင့်တွင် ကျောလယ်ထိရှည်ပြီး အဖျားလိပ်ခွေထားသော ဆံပင်နွယ်တို့ကို ဒီတိုင်းဖြန့်ချထားနိုင်။ သို့သော်ယခုတော့ ကျောက်စိကလစ်လေးတစ်ခုနှင့် ကျစ်ရစ်ရ သိမ်းညှပ်လာပါသည်။ ဒီအယ်လ်တံဆိပ် နှစ်ထပ်အင်္ကျီအဖြူဆွတ်လေးနှင့် အဖြူအနက်အဆင် လုံချည်ပျော့ပျော့ကို ဝတ်ရုံ ရိုးရိုးကလေးနှင့် လင်းလက်တောက်ပြာနေသော အသရေတစ်မျိုးနှင့် အရောင်ထွက်နေသည့် မြသင်းသစ်ကို ရုတ်တရက် ဘယ်သူမှ ထ,မကြိုမခေါ်သေးဘဲ အကဲခတ်လို့သာ ရှိကြသည်။

အိမ်လေးရှေ့နားနီးမှ အိမ်ကလေးဟာ သစ်သားအိမ်လေး ဖြစ်ပေမဲ့ သံဇကာကွက် ပြာပြာလေးတွေနှင့် တောင့်တောင့်တင်းတင်း သပ်သပ်ရပ်ရပ်ရှိတာ ပိုသတိပြုမိသည်။ ကနား





ဖျင်းအောက်က စားပွဲကုလားထိုင်တို့တွင် ဆယ်ကျော်သက်ရွယ်ကောင်လေးအများစု ထိုင်နေပါသည်။ ထိုအထဲမှ တစ်ယောက်သော လူငယ်ကလေးသည် နီးကပ်လာသော မြသင်းသစ်ကို သူတို့ဆီလာတာ သေချာသွားပြီဟု ဆုံးဖြတ်လိုက်ပုံနှင့် ထိုင်ရာမှ ရပ်ကာ ...

"အမေ ... ညှိသည်"

အိမ်ပေါ်ကို လှမ်းအော်လိုက်ပါသည်။ အမေ ညှိသည်တဲ့။ ဒါဖြင့် ဒီကောင်ကလေးဟာ အိမ်ရှင်ပဲ။ ဒီတော့ ကိုထင်ရဲ့သားပေါ့။ မြသင်းသစ်က ကောင်လေးကို အသေအချာ ကြည့်လိုက်ပါသည်။

ဖြူစင်ဝင်းသန့်သော အသားအရေကလေးဟာ ကြည်လင်တောက်ပနေ၍ ထိုအသားရောင်မှ မျက်ခုံးတန်းမည်းမည်းကလေးနှစ်ခုဟာ ထင်း၍ စိမ်းနေသည်။ ရုပ်ချောချောကလေး။ ကိုထင်က အသားညို၍ ထိုကောင်လေးဟာ မလေးမြိုင်ရဲ့ အသားရောင်ကို အမွေရထားတာဖြစ်မည်။ ရုပ်ကကျတော့ ကိုထင့်လိုချောသည်။

မလေးမြိုင်သည် မျက်လုံးအစ်အစ် ခပ်မှေးမှေးလေးနှင့် မျက်နှာပြားပြား၊ နှာခေါင်းပြားပြား၊ ကရင်မကလေးရုပ်မြိုက ကောင်ကလေးနှင့် ရုပ်ချင်းမတူပေ။ အမေ့ထံမှ ရုပ်မလှနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ထံမှ အသားအရေအလှ၊ ကောင်းတာချည်း မျှယူထား၍ ကောင်ကလေးဟာ အတော်ချောမောသန့်ပြန့်သည်။

"မမသစ် ...၊ မမသစ် လာတယ်၊ အိမ်ပေါ်လာပါ မမသစ်"

မလေးမြိုင်သည် အိမ်လှေကားထစ်ထိပ်မှ ပေါ်လာကာ ဝမ်းပန်းတသာ ခေါ်ရှာသည်။ ကိုယ်တိုင် ထွက်ခေါ်နေ၍ အထူးအားနာကာ မြသင်းသစ်က ကမန်းကတန်း အိမ်ပေါ်တက်လာခဲ့သည်။ မတွေ့တာ ကြာလှသော မလေးမြိုင် လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ဖျစ်ညှစ်၍ ငိုချင်စိတ်ကို အောင့်လိုက်ရပါသည်။

ပေါ်သစ်မင်းသည် သူ့ကို သေချာစူးစိုက်ကြည့်သွားတဲ့ အမျိုးသမီးကို အလိုလိုနေရင်း သိပ်ပြီးသဘောမကျ။ "မြသင်းသစ်"ဆိုသော အမည်ကိုရော "သစ်သစ်"ဆိုသည့် အခေါ်အဝေါ်ကိုရော အဖေအမေထံမှ သူ မကြာမကြာ ကြားဖူးပါသည်။ ခုမှ မြင်ဖူးတော့ ထို ဒေါ်မြသင်းသစ်ဟာ အတော်ချောမောတဲ့ မိန်းမတစ်ယောက်လို့ အသိအမှတ် ပြုရသည်။

ချောတာက ချောတာသတ်သတ်။ သူကတော့ သိပ်မနှစ်မြို့ချင်။

ဒီအမျိုးသမီးဟာ အဖေနှင့် အမေထက်တော့ နည်းနည်းပါးပါး ငယ်လိမ့်မည် ထင်ပါသည်။ အဖေ့ အသက်ဟာ





လေးဆယ်။ အမေ့အသက်ဟာ သုံးဆယ့်ရှစ်။ ထိုအမျိုးသမီးဟာ အမေ့နီးပါး အနည်းဆုံး သုံးဆယ့်ငါးလောက်တော့ ရှိနိုင်ကောင်းသည်။ ဒါပေမဲ့ အသက်သုံးဆယ်တောင် မပြည့်တပြည့် ရှိသေးသလို နုနယ်အရွယ်တင်လှသည်။

နေရင်းထိုင်ရင်း သူ့စိတ်ထဲ မနှစ်မြို့သလို သဘောမကျသလို ဖြစ်ရခြင်းမှာ အကြောင်းရင်းတစ်ခုတည်းကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ 'ဤအကြောင်းရင်းကတော့ ...။ အဖေဟာ သေခါနီးဆဲဆဲ၊ သေအံ့မူးမူး ညသန်းခေါင်ကျော် အချိန်လောက်က ဝေဒနာသည်းနေတဲ့ ကြားထဲက ဤအမျိုးသမီးအတွက် စာတစ်စောင် စာအိတ်တစ်အိတ် ပေးသွားလို့ပဲ ဖြစ်ပါလိမ့်မည်။

ဘယ်တုန်းက ရေးထားမှန်းတော့ မသိ။

"လေးမြိုင် ... ငါ့ ဗီရိုအံဆွဲထဲမှာ စာအိတ်အညိုတစ်လုံး ရှိတယ်၊ အထဲမှာ စာတစ်စောင်ရှိတယ်၊ စာအိတ်ပေါ်မှာလည်း သစ်သစ် နာမည် တပ်ထားတယ်၊ မင်း ရှာစရာမလိုပါဘူး၊ အလွယ်တကူ အပေါ်ယံမှာပဲ ထည့်ထားတယ်၊ ဒီစာအိတ်ကို ငါ သေသွားခဲ့ရင် သစ်သစ်ကို ပေးဖြစ်အောင် ပေးလိုက်ပါ"

အဖေ ဤစကားတွေ ပြောနေတုန်းက ပေါ်သစ်မင်းသည် အမေ့ထံ အားနာပါးနာ မျက်နှာပူစွာ လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သေခါနီးမှာ မိန်းမတစ်ယောက်အတွက် စာကို အမေ့ကိုအပ်သွားတဲ့ အဖေ့ကို နားမလည်ချင်။ အမေကတော့ သဘောကောင်းရိုးအေးလှတဲ့ ထုံးစံအတိုင်း ဘာယ်လိုမှ နေပုံမရ။

"စိတ်ချပါ အစ်ကိုရယ် ... ပေးလိုက်ပါ့မယ်၊ စိတ်ချပါ"

"မမေ့နဲ့နော်၊ ဆက်ဆက် ပေးဖြစ်အောင် ပေးလိုက်၊ ကြားလား လေးမြိုင်"

"ဟုတ်ကဲ့ ... ကြားပါတယ်"

အမေက ဘာစာလဲလည်း မမေး။ မမေးဆို သိတောင်သိချင်တဲ့ပုံမရ။ ပေါ်သစ်မင်းမှာသာ ဘာစာလဲ သိချင်လှကာ ဘာအတွက် ပေးခဲ့ရသလဲ ဆိုတာကိုလည်း စဉ်းစားမရ ဖြစ်နေသည်။ သူတို့မိသားစုဘဝဟာ ခပ်ရိုးရိုးရှင်းရှင်းပဲဟာ။ အဖေဟာ သေကာနီးမှာ မိန်းမတစ်ယောက်ကို စာတစ်စောင် ရေးထားရအောင် ဘာအရှုပ်အရှင်း၊ ဘယ်လိုအကြောင်းကိစ္စ ရှိလို့လဲ။ ဇာတ်လမ်းတစ်ပုဒ် ဆန်လိုက်တာ။

ဒီမိန်းမဟာ နာမည်ကြားဖူးရုံသာရှိပြီး ပေါ်သစ်မင်း တစ်ကြိမ်မှ မြင်ဖူးတာမဟုတ်။ သူ့တစ်သက် ဒီအိမ်ကို လာရောက်တာ ဝင်ထွက်တာ ပတ်သက်တာဖြင့် လုံးဝမရှိခဲ့ဘဲ သေကာနီးမှ အဖေက စာပေးရစ်ခဲ့သည် ဆိုတာဟာ ပေါ်သစ်မင်း အတွက်တော့ အလွန်ကို ဆန်းကြယ်တဲ့ ပုစ္ဆာတစ်ပုဒ်ပင်။





အဖေဆုံးသွားပြီးတဲ့အချိန် အမေက ငိုယို၊ သူက မျက်ရည်ကျပြီးချိန်၊ ရပ်ကွက်ကလူတွေရောက်လာ အလုပ်ရှုပ်ကြပြီး၊ အဖေ့ကို ရေခဲတိုက်ကကား လာသယ်ဆောင်သွားတဲ့အချိန်။ မိုးစင်စင် လင်းသွားပြီး နံနက်ခုနစ်နာရီခွဲလောက် အချိန်မှာ ပေါ်သစ်မင်း စာကို သတိရသည်။

"အမေ ... အဖေ ပြောသွားတဲ့ စာလေ၊ စာ"

"အင်း ... အမေ သိပါတယ်၊ ရှိပါတယ်၊ သူထည့်ထားတာ အမေ သိပြီးသားပါ"

"ဘာစာလဲ အမေ"

"အမေ ဘယ်သိနိုင်ပါ့မလဲ သားရယ်"

"ဖတ်ကြည့်ရအောင်လေ အမေ"

"အို ... ဘယ့်နှယ် ဖတ်လို့ဖြစ်မလဲ၊ သူများအတွက် ရေးသွားတဲ့စာကို"

"ဟာ ... အမေကလည်း အဲသလောက် သစ္စာရှိနေဖို့လိုလို့လား၊ အဖေက တခြားသူစိမ်းမိန်းမတစ်ယောက်အတွက် စာရေးသွားတယ် ဆိုတာ အတူးတဆန်းကြီး၊ သား သိချင်တာပေါ့၊ အမေ မသိချင်နေ၊ မဖတ်ချင်နေ၊ သား ဖတ်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မဖတ်ကြည့်ပါနဲ့ သားရယ်၊ မင်းအဖေ မှာသွားတာ မင်းလည်း ကြားသားနဲ့၊ မင်း ဖတ်ကြည့်ဖို့ တစ်ခွန်းမှ မပါဘူး"

"ဟာ ... အဲဒါ လုံးဝအဓိပ္ပာယ်မရှိဘူး၊ အဲဒီမိန်းမက ဘယ်သူလဲ ... ဘယ်ကလဲ၊ သူက ဘာမို့ အဖေ နောက်ဆုံးရေးခဲ့တဲ့စာကို ဖတ်ခွင့်ရရမှာလဲ"

"သူက မြသင်းသစ် တဲ့၊ မမသစ် မိဘတွေက အမေတို့ အဖေတို့ရဲ့ ကျေးဇူးရှင်တွေပါ၊ အမေရဲ့ အမေဆိုရင် မမသစ်အမေ ကြီးကြီး ဆီမှာ ထမင်းချက် လုပ်ဖူးတယ်"

"ဟင် ... အဘွားသီလရှင်ကြီးကို ပြောတာလား"

"အင်း"

"ထမင်းချက် ! ..."

သူ ရှုံ့မဲ့သွားပါသည်။ ကိုယ့်အဘွားက သူတို့အိမ်အလုပ်သမားပေါ့။ သိမ်ငယ်ရမလိုလို ရှက်ရမလိုလို၊ မအီမလည်နှင့် ပေါ်သစ်မင်း စိတ်ညစ်သွားပါသည်။

"အမေက ခဏတဖြုတ်ပဲ လုပ်ဖူးတာပါ၊ နှစ်,နှစ်လောက်ပေါ့၊ နှစ်,နှစ်ကျော်လောက်ရှိတော့ မင်းအဖေနဲ့ အမေလည်း အိမ်ထောင်ကျသွားတယ်ဆိုတာနဲ့ မင်းအဘွားလည်း အဲဒီမှာ အလုပ်မလုပ်ဖြစ်တော့ပါဘူး၊ တရားအားထုတ်ချင်တယ်





ဆိုလို့လည်း ကြီးကြီးက စရိတ်ကအစ ထောက်ပံ့တယ်။ စီစဉ်ပေးတယ်လေ"

"ကြီးကြီးက ! ..."

"ကြီးကြီး ဆိုတာ အဲဒီ မမသစ်ရဲ့ အမေပေါ့၊ အမေတို့တစ်တွေအပေါ် စိတ်ကောင်းရှိရှာပါတယ်၊ မင်းအဖေရဲ့ ဘကြီးဆိုရင် သူတို့အိမ်မှာပဲ နှစ်ပေါင်းများစွာ၊ သူတို့လက်ထဲပဲ ကွယ်လွန်တာ"

"ဟင် ... အဖေ့ဘကြီးကကော ... ဘယ်လို"

"အဖေ့ဘကြီးက ဒီအိမ်က ဥယျာဉ်မှူးပဲ"

"ဟာ ... ဒါဖြင့် အမေတို့က သူတို့အိမ်ရဲ့ အလုပ်သမားတွေအဖြစ် ဘယ်ဘက်ကမှ ပြေးမလွတ်ဘူးပေါ့"

"အမေရော အဖေရောကတော့ သူတို့အလုပ်သမား မဟုတ်ခဲ့ဘူးလေ သားရဲ့၊ အမေ့ကိုဆိုလည်း ကြီးကြီးက ဘာမှမခိုင်းဘူး၊ သီးသန့်ပဲ၊ အဖေ့ကိုလည်း ဘာမှ သိပ်မခိုင်းရှာပါဘူး၊ မင်းအဖေက ကူညီပေးတာမျိုးလေးတွေသာ ရှိတာ၊ အဖေရော အမေရောက ကျောင်းသားတွေကိုး၊ ကိုယ့်ကျောင်းစာနဲ့ကိုယ်ဆိုတော့ ကြီးကြီးတို့က မခိုင်းကြရှာပါဘူး"

"ဩော် ... အမေတို့ချင်း အဲဒီအိမ်မှာတွေ့ပြီး နှစ်ကြ၊ လက်ထပ်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွယ်"

"အဲဒီ သစ်သစ် ဆိုတဲ့ အန်တီက အိမ်ရှင်သမီးပေါ့၊ သူက ဘယ်လိုပတ်သက်လို့ အဖေက သူ့ကို စာရေးခဲ့ရတာလဲ"

"သူ မှာစရာ ကြားစရာရှိလို့ နေမှာပေါ့ သား"

"အမေကတစ်ဆင့် မှာရင်မှာခဲ့ပေါ့၊ ဟိုကလည်း ဒီကို တစ်ခါမှ ဝင်တာ ထွက်တာ လာတာ မရှိဘဲ သေကာနီးမှ စာတစ်စောင် ထားရစ်တာက တစ်မျိုးကြီးပဲ အမေရာ"

"ဒီကို မမသစ် မလာတာ မဝင် မထွက်တာကတော့ အဆက်အဆံမှ မလုပ်ကြပဲကွယ်၊ ဒါပေမဲ့လည်း သူတို့ချင်း မှာစရာ ကြားစရာ ဆိုတာမျိုး နောက်ဆုံးစကား ဆိုတာမျိုးကတော့ ရှိနိုင်တာကိုး"

"ဘာလို့ရှိရမှာလဲ အမေရဲ့"

"ဘာလို့ရှိရမှာလဲဆိုရင် ... မမသစ်ဟာ မင်းအဖေရဲ့ငယ်ရည်းစား၊ ငယ်ချစ်ဦးပဲသား၊ သူတို့ချင်း အင်မတန်ချစ်ဖူးတာ၊ ကွဲသွားတာက သားတစ်သက်ကျော်ပေါ့၊ အဲဒီနောက်မှ မင်းအဖေနဲ့ အမေ အိမ်ထောင်ကျတာ"

"ဟင်"

ပေါ်သစ်မင်းမှာ ဘာမှဆက်မေးစရာ မရှိတော့သလို တစ်ချီတည်း ငြိမ်ကျသွားရကာ အဲဒီကတည်းကပင် စပြီး





ဒေါ်မြသင်းသစ်ကို သိပ်မကြည်လင် မကျေချမ်းတော့တာ ဖြစ်ပါလိမ့်မည်။ ဘယ်တော့ ရောက်လာမလဲဟု ကြိုတင်စိတ်ဝင်စားလျက်ရှိနေရာ၊ ခုလို အမေ ဖုန်းဆက်အကြောင်းကြားအပြီး မကြာမီ တစ်နာရီအတွင်းလောက် ရောက်လာမည်လို့တော့ မထင်ခဲ့ပေ။

ခုတော့ ... ဒေါ်မြသင်းသစ်ကို မြင်ရပြီ။ အလွန်နုနယ်လှပသော အဖေ့ရဲ့ငယ်ချစ်ဟောင်း ငယ်ချစ်ဦးဆိုတဲ့ အမျိုးသမီးကို အံ့အားတသင့်နှင့်ပင် အလိုမကျစိတ် ပေါက်မိပါသည်။ ထို့နောက်တော့ သူသည် အိမ်ဝေါမှာ အမေနှင့် ဘာတွေများ ပြောနေကြမလဲ၊ စာထဲမှာ ဘာတွေများ ပါမလဲ သိရလိုသိရငြား သိလိုစိတ်နှင့် အိမ်ပေါ်ကို ရုတ်တရက် တက်လာခဲ့ပါသည်။

ဖိနပ်ချွတ်နေရာမှ အိမ်မ,ပေါ်တက်သည့် ခါးပန်းအဆင့်ကလေး၌ တင်ပါးလွှဲ ဝင်ထိုင်လိုက်သော ပေါ်သစ်မင်းကို မြသင်းသစ်က တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်၍ ပေါ်သစ်မင်းက မျက်လွှာချပြီး ခေါင်းကို ခပ်ငုံ့ငုံ့ ပြန်ထားလိုက်သည်။

အဖေ့ငယ်ချစ်ဦးဆို၍ အမေ့ကိုယ်စား မနာလိုလိုက်တာ အရမ်းပင်။ အဖေကလည်း ကြည့်ပါဦး။ ခုမှပဲ သူ့နာမည် ပေါ်သစ်မင်း ဆိုတဲ့ အထဲမှာ အဖေ့နာမည်ကတစ်လုံး၊ အဖေ့ငယ်ချစ်ဦးနာမည်က တစ်လုံးပါနေတာ သတိပြုမိသည်။ အမေ့နာမည်ကျတော့ တစ်လုံးမှမပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အမေ ဒေါ်လေးမြိုင်ဟာ ရိုးရိုးအအ ခပ်ထုံထုံ မိန်းမတစ်ယောက် ဖြစ်တာတော့ သူပင် သားတစ်ယောက်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ သိပါသည်။ ချက်ဆို နားခွက်က မီးမတောက်။ ငေးငေးငူငူနှင့် မျက်မွေးတစ်ဆုံးထက်လည်း ပိုမမြင်။ အမေ့ကို အဖေ အားမလို အားမရ၊ စိတ်တိုဒေါသဖြစ်ရတာတွေ အများကြီးပင်။ သို့ပေမဲ့ အဖေသည် အမေ့ကို နိုင်လိုမင်းထက် ကြိမ်းမောင်းခြင်း နှိပ်စက်ကလူခြင်းမျိုးတွေတော့ မရှိရှာပါ။

သူစိတ်ပျက်လက်ပျက်ဖြစ်လျှင် တဖျစ်တောက်တောက်သာ ညည်းတွားပြောဆိုနေတတ်မြဲ။ အဖေဟာ အရက်ကို ရောဂါရပြီး သေတဲ့အထိအောင် မိုက်မိုက်မဲမဲ သောက်သွားသော်လည်း အမေ့ကို နှိပ်စက်တာတွေ၊ ရမ်းကားသောင်းကျန်းတာတွေ မရှိပါ။ ဇနီးနဲ့သား အပေါ်မှာတော့ အရက်ကြောင့် ဒုက္ခမပေးဘဲ သူ့ကိုယ်သူသာ ဒုက္ခရောက်အောင် သောက်သွားတဲ့ အဖေပါ။

ခုမှ စဉ်းစားတော့ တစ်ကြိမ်တစ်ခါမှ ခိုက်ရန်မဖြစ်ပွားပဲ ဆင်းရဲပေမဲ့ မကျပ်တည်း မချို့တဲ့လွန်းလှတဲ့ ဒီလို အိမ်ထောင်မိသားစုထဲမှာ အဖေ ဒီလောက်ထိအောင် အရက်တွေ သောက်နေခဲ့တာဟာ၊ အဖေ့ရဲ့ ငယ်ချစ်ဦးဆိုတဲ့ ဒီအမျိုးသမီး ဒေါ်မြသင်းသစ်ကြောင့်ပင် မဖြစ်နိုင်ဘူးလား။





ပေါ်သစ်မင်းက ဒေါ်မြသင်းသစ်ကို မျက်ခနဲ ကြည့်လိုက်ချိန်တွင် ဒေါ်မြသင်းသစ်က လက်ထဲက စာရွက်ကလေးကို အမေ့ထံ ကမ်းကာ ...

"ဖတ်ကြည့်ပါဦး မလေးမြိုင်"

မလေးမြိုင်ကား မငိုမိအောင် ထိန်းသိမ်းထားတဲ့ နီမြန်းသော မြသင်းသစ် မျက်နှာကိုကြည့်ကာ အလိုလို အားတွေ နာနေလျက် ...

"မဖတ်တော့ပါဘူး မမသစ်ရယ်"

"အို ... ဘာလို့ မဖတ်ရမှာလဲ မလေးမြိုင်၊ စာကတိုတိုပဲ၊ သူ့နောက်ဆုံးဆန္ဒလေးတွေ ရေးထားတာပါ၊ မလေးမြိုင်လည်း သိရတာပေါ့"

"မမသစ်ကို ဦးစာည်ရေးခဲ့တော့ မမသစ် သိရင် ပြီးတာပါပဲ"

ဒီထက် နည်းနည်းကလေး 'မာန်'ရှိတဲ့ မိန်းမတစ်ယောက်ကပြောလျှင် ဇနီးသည်ကိုတော့ မမှာကြားခဲ့ပဲ ငယ်ချစ်ဟောင်းကို မှာခဲ့လေခြင်းဟု ဒေါ်မနာသနှင့် မခံချင်ဖြစ်ကာ တမင် မဖတ်တော့ဘူး ငြင်းတာဟု ထင်စရာ ရှိပါသည်။ မလေးမြိုင်ရဲ့ ရုပ်ရည်အမူအရာတို့ကား ဤသို့ တွေးစရာမရှိ။ ပကတိ ရိုးသားမာန်ကင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ မဖတ်ရင် ကျွန်တော် ဖတ်မယ်"

ပေါ်သစ်မင်း နှုတ်က ရုတ်တရက် ထွက်သွားသော စကားကြောင့် မြသင်းသစ်က ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ့ထံ 'ဘယ်လိုလဲ' ဆိုတဲ့ မျက်လုံးအကြည့်နှင့် ကြည့်နေသည့် ချာတိတ်ကလေးကို အံ့အားတသင့် စိုက်ကြည့်နေမိပါသေးသည်။ ဒီကောင်လေးရဲ့ မျက်နှာပေါ်က ဟန်မူရာသည် သူ့အဖေ အသုဘကိုလာတဲ့ မိတ်ဆွေရောင်းရင်းတို့ကို အသိအမှတ်ပြုတဲ့ ကျေးဇူးတင်တဲ့ အကြည့်မျိုးလည်း မဟုတ်။

မကျေမချမ်းရိပ်နှင့် တစ်မျိုးကဲလေး။ မြသင်းသစ်သဘောပေါက်လိုက်ပါသည်။ သူ့အဖေဟာ သူ့အမေကိုတောင် ဘာမှ ရေးသားမှာကြားမသွားဘဲ သူစိမ်းမိန်းမတစ်ယောက်ကို စာတစ်စောင် ပေတစ်ဖွဲ့နှင့် ဘာတွေများ မှာကြားသွားရတာတဲ့လဲ ဆိုတာကို သူ သိသင့်သိထိုက်သည်ရယ်လို့ မာန်ရှိန်ကလေး ပြင်းပြင်းနှင့် တောင်းဆိုနေတာပေါ့။

မြသင်းသစ်က ကောင်လေးစိတ်ထဲက ခံစားချက်ကို နားလည်ပေမဲ့ သူ့အမေနှင့် မတိမ်းမယိမ်း အရွယ်ရှိသည့် အမေရွယ် အဒေါ်ရွယ် မြသင်းသစ်ကို လေးစားရိုကျိုးတဲ့ဟန် တစ်စက်မှ မပြဘဲ ဂျစ်ကန်ကန်ပုံသာ ထွက်ချင်နေသည့် ထိုကောင်ကလေးကို နည်းနည်းအမြင်ကတ်သွားပါသည်။





အင်း … ချစ်မွေးမပေါက်တဲ့ ကောင်လေးပဲ ဆိုကြပါစို့ရဲ့။ ရုပ်ကလေး ချောလှပြီး သူ့ပုံစံက ချစ်ခင်လောက်သော နုညံ့ယဉ်ကျေးမှု မရှိ။ ဖခင် ဆုံးပါးသွားရှာတဲ့ ကလေးရယ်လို့ သနားကရုဏာသက်ချင်စရာရုပ်မျိုး ဆောင်မထားဘဲ မြသင်းသစ်အပေါ် အကဲခတ် အကဲဖမ်းနေတဲ့ စူးရှရှ ကြွပ်ဆတ်ဆတ် မျက်လုံးအကြည့်များက အလွန်ပဲ အမြင်ကတ်စရာ ကောင်းနေပါသည်။

မြသင်းသစ်က ဘာမှ မပြောတော့ဘဲ စာရွက်ခေါက်ကို ထိုကောင်လေးထံ ထိုးပေးလိုက်ပါသည်။ မင်းက ကလေးပဲရှိသေးတယ်၊ ဖတ်ဖို့မလိုဘူး၊ မင်းကို အရေးလုပ် ပြသတိုင်ပင်မနေနိုင်ဘူးလို့ ခပ်တင်းတင်း ပြောချပစ်လိုက်ချင်စိတ်ကို မျိုသိပ်ပြီး ဘာမှမပြောပါ။

စာရွက်ခေါက် လှမ်းယူတာကိုက လက်နှစ်ဖက်နှင့်မယူ။ ညာလက်တစ်ဖက်တည်းနှင့် လှမ်းယူတာ။ ကောင်လေးဟာ ယဉ်ကျေးလိုက်တာ။ ခုမှတွေ့ရတဲ့ မျက်နှာစိမ်းသည့်သည်တစ်ယောက်ကို နွေးထွေးပျူငှာခြင်း မရှိတဲ့အပြင် ခပ်ရင့်ရင့်ဟန်တစ်မျိုး ဖမ်းထားသေးသည်။ ပေါ်သစ်မင်းက စာရွက်ခေါက်ကို ဖြန့်ကြောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ်သစ် ...

ဒီစာကို ရေးချိန်မှာ ကျွန်တော် အတော်ရောဂါကျွမ်း နေပါပြီ၊ မကြာခင် သေရတော့မှာကိုလည်း သိပြီးနေပါပြီ၊ ကျွန်တော် သေတဲ့အခါ ဒီစာကို သစ်သစ်ကို ပေးပါလို့ မလေးမြိုင်ကို မှာခဲ့ပါမယ်။

မလေးမြိုင်ကို သစ်သစ် အသိဆုံးပါ။ အင်မတန် ရိုးအလွန်းတဲ့အတွက် ထုံဖျင်းတဲ့သက်ကိုတောင် ရောက်ရှာပါတယ်။ အိမ်ထောင်သက် တစ်လျှောက်လုံး သူ့ကိုအိမ်မှုကိစ္စ၊ မယားဝတ္တရားတို့ကအပ ဘာတာဝန်မှ မပေးခဲ့ မခိုင်းခဲ့တဲ့အတွက် ဘာမှ တာဝန်ယူ မခံနိုင် မစီစဉ်တတ်တဲ့သူ တစ်ယောက်ပါ။

ကျွန်တော် အင်မတန် မျှော်မှန်းချက်ကြီးကြီးထားတဲ့ ကျွန်တော့်ရဲ့သား "ပေါ်သစ်မင်း" ဟာ မလေးမြိုင်ထံက မေတ္တာ စေတနာကလွဲလို့ ဘာအကြံဉာဏ်၊ ဘာလမ်းညွှန်မှုမျိုးကိုမှ မရနိုင်တာ သေချာတဲ့အတွက် ဒီတစ်ခုကို ကျွန်တော် ရင်အလေးဆုံး စိတ်မဖြောင့်ဆုံးပါပဲ။

သားဘဝဟာ သူ့မှာရှိတဲ့ အရည်အချင်း အစွမ်းအစ တစ်ခုံးသုံးပြီး ရောက်နိုင်သမျှ မြင့်မြင့်အထိ ရောက်ခွင့်ရနိုင်စေဖို့ ကျွန်တော် ဆန္ဒအပြင်းပြဆုံးပါ။ ဒီအတွက် ပတ်ဝန်းကျင်ကောင်း၊ လမ်းညွှန်မှုကောင်း၊ အသိုင်းဝိုင်းကောင်းနဲ့ နီးနီးစပ်စပ် ရှိစေချင်လှပါတယ်။ အမြင် ကျယ်စေချင်ပါတယ်။





ရွေးချယ်စရာ များများထဲက အကောင်းဆုံးကို ရွေးခွင့်ရလိုက်တာမျိုး ဖြစ်စေချင်ပါတယ်။

ကျွန်တော်နဲ့ အနီးစပ်ဆုံး ကူညီနိုင်မဲ့ သူတွေထဲက သားကို ဦးဆောင်မှု အကောင်းဆုံး ပေးနိုင်မဲ့သူဟာ သစ်သစ်ပဲလို့ ကျွန်တော် ယုံကြည်နေပါတယ်။ သားကို သစ်သစ် အနီးကပ် ခေါ်ယူပြုစု ပျိုးထောင်ပေးပါလို့ အကူအညီတောင်းရင်း တစ်ခါတည်း တောင်းပန်လိုပါတယ်။

မလေးမြိုင်ဟာ ကျွန်တော် မရှိရင် သားကို ဈေးတောင်း ခေါင်းရွက် ရှာကျွေးမဲ့ အမေမျိုးပါ။ ဒါပေမဲ့ မလေးမြိုင် လက်မှာ သားဟာ အရည်အသွေး အလုံးစုံအောင် တောက်ပြောင် မလာနိုင်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ မလေးမြိုင်လည်း သိပါတယ်၊ သားကိုများ သစ်သစ်က ခေါ်ယူမွေးစား စောင့်ရှောက်နိုင်ရင် မလေးမြိုင်ဟာ နားလည်ကြည်ဖြူစွာ ကျေးဇူးတင် ခွင့်ပြုမဲ့ အမေမျိုး ဖြစ်ပါတယ်။ သူကိုယ်တိုင်ကတော့ သားတာဝန်သာ မရှိရင် စစ်ကိုင်းက သူ့အမေ သီလရှင်ကြီးဆီ အပြီးသွားနေချင်တဲ့ ဆန္ဒမျိုး ရှိနေသူပါ။

သားကို မျက်စိအောက်မှာထားပြီး ဂရုစိုက် ပြုစုပျိုးထောင်စောင့်ရှောက် မြေတောင်မြှောက်ပေးဖို့ကိစ္စဟာ သစ်သစ်အတွက် အပန်းကြီး တာဝန်ကြီးလှလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ အဲဒီအပြင် တစ်နေ့မှာ သားဟာ ကျော်ကြားကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်အပြစ် တောက်ပြောင်တာနဲ့ကြီးလာတဲ့အခါ သစ်သစ်ကိုယ်တိုင်လည်း ဒီအဖြတန်ကျောက်အတွက် ဂုဏ်တက်နိုင်မှာ မလွဲပါဘူး။ ဒီလို ကျွန်တော် အကူအညီ တောင်းခြင်းအပေါ် သစ်သစ် အံ့ဩကောင်း အံ့ဩမိမယ်။ ထူးဆန်းကောင်းထူးဆန်းနေမယ်။ ဖြစ်အောင် ကူညီပေးပါလို့သာ ကျွန်တော်အနူးအညွတ် တောင်းဆိုခဲ့ပါတယ်။

ထင်ပေါ်”

ပေါ်သစ်မင်းသည် စာကိုဖတ်ရင်း မျက်ခုံးတွန့်ရှုံ့လာကာ စာလည်းဖတ်ပြီးရော မျက်နှာတစ်ခုလုံးက မကျေနပ်နိုင်သလို နီစွေးစွေး မဲ့တဲ့တဲ့ ဖြစ်လာသည်။ စာဖတ်နေစဉ်က ပေါ်သစ်မင်း မျက်နှာအပြောင်းအလဲကို လှမ်းကြည့်နေခဲ့သော မြသင်းသစ်သည် စာဖတ်ပြီးသွားတဲ့ အချိန်မှာ ဒီကောင်လေး မျက်နှာကို ကြည့်မနေတော့ပါ။

မကျေနပ်ကြောင်း ပြနေမည့် ဒီမျက်နှာကို လက်သင့်ခံပြီး ကြည့်ရှုမနေလို။ ပေါ်သစ်မင်းသည် စာရွက်ကို ဖလမ်းဖလမ်း မြည်အောင် ကိုင်လှုပ်လိုက်ရင်း ...

“ဘာတွေလဲ အမေ၊ အဖေ ဘာတွေ လျှောက်ရေးထားတာလဲ”

မလေးမြိုင်က သူ့သားကို ကြည့်ကာ ...





“အမေ မသိဘူးလေ သား၊ မမသစ်ကို မှာခဲ့စရာရှိတာလို့ ပြောတာပဲဟာ”

“သူ့ကို မှာတာသက်သက်မှ မဟုတ်တာ၊ ကျွန်တော့်ကို ... ကျွန်တော့်ကို”

ပေါ်သစ်မင်း အသံက တုန်ခါကာ ရှိုက်သံစွက်မလို ဖြစ်လာသည်။ နံနက်အရုဏ်မတက်ခင်လေးကမှ အဖေ ဆုံးပါးသွားခဲ့သည်ကို ကြေကွဲခံစားလက်စ ပူပူနွေးနွေး နှလုံးသားဖြစ်၍ ဒဏ်မခံနိုင်သေးသလို၊ ဒါလေးဖတ်ရသည်နှင့် ဝမ်းနည်းမှုကြီးကရင်ထဲ ဆောင့်တိုးကာ မကျေနပ်သော ဒေါသတွေကြောင့် ငိုမိတော့မလို ဖြစ်သွားရတာပင်။

“ရော့ ... အမေရာ၊ ဖတ်ကြည့် အမေရာ”

ပေါ်သစ်မင်းက စိတ်တွေ လှုပ်ရှားဆူပွက်နေသလောက် မလေးမြိုင်ကတော့ အေးအေးဆေးဆေးပင်။

“အမေ မဖတ်ချင်ပါဘူး သားရယ်၊ ဘာတွေရေးထားလို့လဲ”

“ကျွန်တော်က ... ကျွန်တော်က ...အမေနဲ့ဆိုရင် ဘာအရည်အသွေးမှ တောက်ပြောင်လာမှာ မဟုတ်ဘူးတဲ့”

ပေါ်သစ်မင်း အသံက မခံချင်ခြင်းနှင့် ရှူးရှူးရှားရှား။ မလေးမြိုင်သည် မျက်ခုံးအစုံကို ပင့်လိုက်ရင်း ...

“ဟုတ်သားပဲ၊ မင်းအဖေ ပြောတာ မှန်သားပဲ သား”

“သူနဲ့မှ အရည်အသွေး တောက်ပြောင်လာမယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



ပေါသစ်မင်းက မြသင်းသစ်ဘက် ဆတ်ခနဲ မေးငေါ့ပြလိုက်၍ မြသင်းသစ်က သူ့ထံ ခပ်တင်းတင်း ခပ်ဆတ်ဆတ် လှည့်ကြည့်လိုက်ပါသည်။ လူကြီးသူမကို "သူ"လို့ သုံးနှုန်းတာ ရိုင်းတယ် ဆိုတာ ဒီကောင်လေး မသိဘူးလား။ သူ့အဖေ သူ့စိတ်ထဲရှိတာ ရေးသွားတာနှင့်ပဲ မဆီမဆိုင် မြသင်းသစ်ကို ရန်လိုပုံ ပြလာသော ကောင်လေးကို မြသင်းသစ် စိတ်ချဉ်ပေါက်လာမိသည်။

သူစိမ်းညှော်သည်ကို သူ့ဖာ နေရင်းထိုင်ရင်း အလိုမရှိပုံ၊ သဘောမကျပုံ ဖြစ်နေတာ ခံပြင်းအုံသြစရာပင်။

"ဒါ ... အမှန်ပဲပေါ့ သားရဲ့၊ မင်းအဖေ ပြောတာမှန်တယ်၊ မမသစ်ဟာ အမေ့ထက်စာရင် အများကြီးတော်၊ အများကြီးထက်ပြီး ဆင်ခြင်ဉာဏ်ရော ဗဟုသုတပါ ပိုပြီးကြွယ်ဝတာ အမှန်ပဲဟာ၊ ပြီးတော့ မမသစ် ကိုယ်တိုင်က ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးတွေ လေးခုတောင်ပါတာ၊ စာသိပ်တော်တာ"

"သူ့ဟာသူ တော်တော်ပေါ့၊ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ၊ အဖေကလည်း ဘာတွေ လျှောက်ရေးသွားမှန်း မသိဘူး"

အဖေ့ရဲ့ငယ်ချစ်ဦး ဆို၍ မနာလိုသော စိတ်အခံတွင် မြင်လိုက်ရပြန်တော့ ကိုယ့်အမေနှင့် ယှဉ်မရအောင် ဟိုကလှပနုငယ် သန့်ပြန့်မြင့်မားနေရာ စိတ်တိုသလိုလို သိမ်ငယ်သလိုလို





ဖြစ်နေရတဲ့အထဲ အမေ့ကို နှိမ်ချပြီး ထိုငယ်ချစ်ဦးကို အထင်တကြီး အမွှန်းတင်ကာ အားကိုးတကြီး သားကို အပ်နှံအကူအညီတောင်းသွားတဲ့ အဖေ့စာကြောင့် စိတ်ထဲ တော်တော်ပဲ ပေါက်ကွဲမိသည်။ အဖေ့ရည်းစားဟောင်းဆိုတဲ့ အသိက သိပ်လေးစားချင်စိတ် မရှိအောင် ဖြစ်စေသည်။

"သားအဖေ ရေးသွားတာတွေ အမှန်တွေချည်းပေါ့သားရဲ့၊ ဒီကိစ္စတွေ ရေးသွားတာကိုး၊ ဒီအကြောင်းတွေကို မင်းအဖေက အမေနဲ့ နှုတ်နဲ့လည်း ဆွေးနွေးသွားပါသေးတယ်၊ မင်းအဖေဟာ မင်းကို အင်မတန် ထွန်းကားမြင့်မားစေချင်တာပါသားရယ်"

"ဒါတော့ သိတာပေါ့ အမေရာ၊ မိဘတိုင်းပဲပေါ့၊ ကိုယ့်သားသမီးကို ဖြစ်ထွန်းစေချင်မှာချည်းပေါ့၊ ဒါပေမဲ့ လူဆိုတာ ကိုယ့်ဘဝနဲ့ ကိုယ်ပဲလေ၊ သူ ဖြစ်သင့်သလောက်တော့ ဖြစ်လာမှာပဲ၊ ဒီ့ထက် ဖြစ်စေချင်လို့ဆိုပြီး သူများလက်ထဲ ထိုးကြိတ်အပ်နှံသွားတာမျိုးကတော့ နည်းလမ်းမကျပါဘူး ...

ကျွန်တော် ခုမှမြင်ဖူးတဲ့ သူစိမ်းလက်ထဲ ကျွန်တော့်ဘဝကို အဖေက ထိုးအပ်သွားတာ၊ အဖေ ဒီလိုပြောတိုင်း ဘယ်ရမလဲ၊ သူ့လက်ထဲကနေ ဆရာဝန်တစ်ယောက်ဖြစ်လာမှာမျိုးထက်၊ ကိုယ့်အမေလက်ထဲကနေ ရိုးရိုးဘွဲ့တစ်ခု ရလာမှာမျိုးကို ကျွန်တော်က ပိုဂုဏ်ယူမှာ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်သည် ထိုသတ္တဝါလေးကို အတော်ပင် မြင်ပြင်း နားကြားပြင်း ကတ်လာကာ ...

"ဟော့ ... ကလေး၊ မင်း 'သူ' 'သူ'နဲ့ ထည့်သုံးနေတဲ့ မြသင်းသစ် ဆိုတဲ့ အမျိုးသမီးက မင်းအမေနဲ့ ရွယ်တူနီးပါး အသက်အရွယ် ရှိတယ်ကွ၊ သူ ... သူနဲ့ မင်း မေးငေါ့ပြော နေတာ၊ မင်း ဘယ်လောက်ရိုင်းနေလဲ၊ ဒီကိစ္စကို ငါလည်း ခုမှပဲ ဖတ်ရသိရတာပဲ၊ မင်းအဖေဘာသာ သူ့စိတ်ထဲရှိ တာတွေ လျှောက်ရေးသွားတာ၊ ငါနဲ့လည်း မဆိုင်ပါဘူး ...

မင်းအနေနဲ့ ငါ့ကို ရန်လိုသလို ပြောနေမဲ့အစား၊ အန်တီရေ ... ကျွန်တော်က ကျွန်တော့်အမေ ဆိုဆုံးမထိန်း သိမ်းမှုအောက်မှာပဲ နေချင်တာပါလို့၊ ကောင်းကောင်းလေး ပြောပြလည်း ရပါတယ်၊ အခု ငါလာတာ မိတ်ဆွေဟောင်း မိသားစုရဲ့ အသုဘသတင်းမေး လာတာပါ၊ မင်းအဖေစာ ထဲကအတိုင်း မင်းကို ခေါ်ဖို့၊ မွေးစားဖို့၊ စောင့်ရှောက် လမ်းညွှန်ဖို့ စိတ်ကူးတွေ ရည်ရွယ်ချက်တွေနဲ့ လာခေါ်တာ မဟုတ်ပါဘူး ...

အေးအေးဆွေးနွေးလို့ရတဲ့ ကိစ္စကို ဘာတွေ ရှုးဝါး ရှူးရှား ဖြစ်နေတာလဲ၊ မင်းအမေဟာ ခုမှ လင်သေပြီးစ စိတ်ထိခိုက်နေတဲ့ မုဆိုးမ ပူပူနွေးနွေး ဆိုတာ ခေါင်းထဲ ထားဦး"





ဆက်တိုက် အရှည်ကြီး ခပ်မာမာ ခပ်ပြတ်ပြတ် ပြောပစ်လိုက်လျှင် အကောင်လေးသည် အငိုက်မိကာ ပါးစပ် အဟောင်းသားနှင့် ငြိမ်နားထောင်နေပါသည်။ မြသင်းသစ် ပါးစပ် မှ ဤမျှ ခပ်ပြတ်ပြတ် စကားများ ပက်ခနဲ ပြန်ထွက်လာလိမ့် မည်ဟု ထင်ထားပုံမရ။ မြသင်းသစ်ကို ဘာများထင်နေပါလိမ့်။ လူပုံကြည့်ပြီး အားနာပါးနာ ရှက်ကြောက်ကြောက် အိညှာက် ညှာက် မိန်းမတစ်ယောက်လောက်ပဲ ထင်ထားပုံရပါသည်။

သူလိုဘာမဟုတ်တဲ့ ကောင်လေးကများ ကိုယ့်ကို တက်ပြီး မာရေကျောရေ လုပ်ချင်နေတာကို မသိချင်ယောင်လေး ဆောင်ပြီး မသကာ ထ,ပြန်သွားရုံပဲလို့များ ထင်နေသလား။ လူကလေး လက်တောက်လောက်နဲ့၊ စာကိုလည်း သူက သူဖတ် မည်လေး ဘာလေး ယူဖတ်သေး။

တကယ်ဆို မလေးမြိုင်ကိုသာ ကိုထင့်ဇနီးမို့ ဘာစာ ဆိုတာ ရှင်းရှင်းသိစေချင်တဲ့သဘော ပေးဖတ်တာ။ ဒါကို ကြားက သူက သူဖတ်မည်ဆိုပြီး အရေးအရာပါပါ ဝင်လာကတည်းက လွန်လှပြီ။ ဘာမှ စကားမပြောချင်လို့ ပေးဖတ်လိုက်တာ။ ဖတ် လည်းပြီးရော သူက ရှူးရှူးရှဲရှဲနဲ့ ...၊ အောင်မယ် ...။

"ကျွန်တော်လည်း အဖေသေပြီးစ, အဖမဲ့သား ပူပူနွေးနွေး ပါပဲ"

"အဲဒီတော့ ဘာလုပ်ပေးရမလဲ၊ ဘာဖြစ်ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်ရဲ့ စူးရဲအကြည့်နှင့် ဒေါက်ခနဲ မေးသံအဆုံးတွင် သင်းအသံက အနည်းငယ် တိုးလျှော့သွားပြီး ...

"ပြောပြတာပါ"

"ပြောပြနေစရာ မလိုဘူးလေ၊ မင်းအဖေ ခုမနက်ပဲဆုံးသွားတာ လူတိုင်း သိပြီးသားပဲ၊ မိတ်ဆွေတို့ဝတ္ထုရေးအကြောင်းလာတယ်၊ စာတစ်စောင် ရေးခဲ့တယ်ဆိုလို့ ဖတ်ကြည့်တယ်၊ ဒါပဲရှိသေးတယ်"

"အဖေက အန်တီ ကျွန်တော့်ကို မွေးစားဖို့သဘော ပြောထားတာကိုး၊ ကျွန်တော့်မှာ အမေတစ်ယောက်လုံး ရှိတယ်"

"မင်းအဖေ ပြောတိုင်း ငါကကော ဝမ်းသာအားရနဲ့ ချက်ချင်းပဲ မွေးစားပါမယ်၊ မြေတောင်မြှောက်ပါမယ် ပြောနေလို့လား၊ တကယ်ဆိုရင် မင်း စဉ်းစားစမ်း၊ ငါ့လက်ထဲ မဆီမဆိုင် တာဝန်တွေ ထိုးထည့်သွားတာ ငါကကော ပျော်ပြီး တာဝန်ယူချင်မယ် ထင်လို့လား"

ပေါသစ်မင်း မျက်နှာမှာ မည်းပုပ် ရှုံ့မဲ့သွား၍ မြသင်းသစ်က အရသာရှိရှိ ကျေနပ်သွားပါသည်။ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်း၊ လက်တောက်လောက်နဲ့ လာရန်လိုနေတဲ့ ကောင်လေးဟာ ကြေနတော့ မြသင်းသစ်ဟာ တစ်ချိန်က သူ့အဖေရဲ့ ငယ်ချစ်ဟောင်းရယ်လို့ သိပြီးဖြစ်ကို ဖြစ်ပါလိမ့်မည်။ ဒါကြောင့်ပဲ နေရာလာမယူနဲ့ဆိုတဲ့ ပုံမျိုး သူက ခံတန်တန်လုပ်ထားတာ။





မြသင်းသစ် စကားအဆုံးတွင် မလေးမြိုင်က ပျာပျာသလဲ ဝင်၍ ...

"မမသစ်ရယ်၊ အဲသလိုတော့ မပြောပါနဲ့၊ ကိုထင်ပေါ်က မမသစ်တို့ကို အထင်ကြီး အားကိုးပါတယ်၊ ရင်းရင်းနှီးနှီး သဘောမျိုး အကူညီ တောင်းသွားတာပါ၊ မမသစ် ... သူ့ဆန္ဒကို တစ်ထိုင်တည်းတော့ မငြင်းလိုက်ပါနဲ့နော်၊ ဒီကောင်လေးကိုလည်း စိတ်မဆိုးပါနဲ့ မမသစ်ရယ်၊ သူက ဒီလိုပဲ ကြွပ်ဆတ်ဆတ် နိုင်ချင်တယ်"

"အမေ"

"သား ... မင်း ဘာမှဝင်မပြောနဲ့၊ မင်း ပြောနေတာတွေ လူကြီးတစ်ယောက်အပေါ် ရိုင်းတယ်"

ဟင် ...။ ပေါသစ်မင်းက သူ့အမေကို မျက်လုံးပြူးကြည့်နေမိသည်။ သူက ဘယ်လောက်တောင်များ ရိုင်းပျမိလို့လဲ။ အဖေ့စာကို မလိုလား လက်မခံချင်တဲ့ သဘောနှင့်ပြောမိတာကလေးပဲ ရှိပါသည်။ ဒီမိန်းမကလည်း စွာလိုက်တာဆိုတာ။ နုနုနယ်နယ် သူ့ပုံစံလေးနဲ့မှ မလိုက်။ ဒေါက်ခနဲ ပက်ခနဲနဲ့၊ မျက်နှာထားကလည်း တင်းပါ့။

အဖေ့စာကြောင့် ပေါသစ်မင်း မကျေမနပ် ဖြစ်သွားရသလိုပဲ။ သူလည်း စိတ်ရှုပ်စိတ်ပျက် သွားပါလိမ့်မည်။ သူ့မှာသားသမီးကို နေရင်းထိုင်ရင်း ဘယ်သူက ကောက်တာဝန်ယူချင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ မြသင်းသစ်က သက်ပြင်းတစ်ချက်ချကာ မျက်နှာလေးကို ရှုံ့လျက်နှင့်ပင် ...

"ကဲ ... မလေးမြိုင်၊ ဒီမှာ ကျွန်မ ကူငွေယူလာပါတယ်၊ ပြန်လိုက်ဦးမယ်နော်၊ မေမေလည်း လာဦးမယ် ပြောပါတယ်"

"အသုဘနေ့ ပို့ဦးမလား မမ"

"ပို့မယ် ... မလေးမြိုင်တို့ သားအမိဖို့ပါ ကားစီစဉ်ခဲ့မယ်"

မြသင်းသစ်ကို မလေးမြိုင်က ကားအထိ လိုက်ပို့တာကို ပေါ်သစ်မင်းက မျက်ခုံးတွန့်တွန့်နှင့်ကြည့်ရင်း ကျန်ရစ်ခဲ့ပါသည်။





၃

"မေမေနဲ့ စကားပြောတော့ ကောင်လေးက ရိုသေပါတယ်၊ အရိုင်းအစိုင်းတော့ မဟုတ်ပါဘူး"

"အရိုင်းအစိုင်းလို့တော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ်တော့ ဖြစ်တာအမှန်ပဲ မေမေ"

မြသင်းသစ်သည် စားပွဲမှာထိုင်ကာ ကတ္တီပါဗန်းအနက်ထဲ ကြဲဖြန့်ထားသည့် စိန်အပုံလိုက်ထဲမှာ တစ်လုံးချင်းစာကနှာနှင့်ကောက်ပြီး ရွေးနေပါသည်။ ရှေ့အပတ်ထဲမှာပင် ခြောက်လုံးစီးတိုက် အရွယ်လောက် ခြယ်နားကပ်ဆယ်ရန် အော်ဒါရှိသည်။ ခုထိ ပွန်းတိမ်ဆီ မရောက်သေး။

"ထင်ပေါ် ရေးသွားတဲ့ စာအကြောင်းလည်း ပြောကြပါတယ်"

www.burmeseclassic.com



ဟင် ...။ မြသင်းသစ်က သက်ပြင်းချလိုက်ပါသည်။ စိတ်က ထိုစကားတွေကိုလည်း ဝင်စားသေး၍ အာရုံနောက်လိုက်တာ။ စိန်ရွေးတာ ခရီးမတွင်။ မေမေ ဘာကိုပြောချင်နေတာပါလဲ။

"သူလည်း သူ့သွားကို ဖြစ်ထွန်းပေါက်မြောက်စေချင်မှာပေါ့၊ မိဘဆိုတာ ကိုယ့်သားသမီးတော့ အမြင့်ဆုံးမှာပဲ ရှိစေချင်တာချည်း မဟုတ်လား"

မြသင်းသစ်က ထစ်ဖက် ခုနစ်ပွင့် တစ်ရန်စာ ဆယ့်လေးပွင့် အရွယ်ညီရလျှင် ဆီစိမ်စက္ကူပါးနှစ်ထပ်နှင့် တစ်ထုပ် ထုပ်လိုက်ပြန်ကာ ...

"မေမေ ... ဘာပြောချင်တာလဲ၊ သူရေးတဲ့စာ ဆိုတာကို ဖတ်ကြည့်ချင်သေးလား"

ဒီကိစ္စကိုပဲ မေမေ စိတ်ဝင်စားလွန်းနေ၍ တမင်တကာ နည်းနည်းကလေးရွဲ့ပြီး မေးတာပင်။ သို့သော် မေမေက တကယ်စိတ်ဝင်စားနေသူ ဖြစ်ရကား ...

"အေး ... ဖတ်ကြည့်ရအောင်"

မြသင်းသစ်သည် ကိုယ်တိုင်လည်း လေးငါးကြိမ် ထုတ်ဖတ်ပြီးဖြစ်၍ အလုပ်စားပွဲ အံဆွဲထဲပဲ အသင့်ရှိနေသည့် စာအိတ်ကို အံဆွဲဖွင့်၍ မေမေ့ထံ သွားပေးလိုက်ပါသည်။ မေမေ စာဖတ်နေခိုက် မီးအုပ်ဆောင်းကို ဆွဲနှိမ့်ကာ စိန်ဆက်ရွေးနေတဲ့တိုင် မြသင်းသစ် ခေါင်းထဲ ဒီကိစ္စက ရစ်ဝဲနေသည်။





ကိုထင့်ကို ကိုယ်ချင်းစာပါရဲ့။ သံယောဇဉ်ရှိရင်းစွဲနှင့် သူ ကွယ်လွန်သွားတဲ့နောက် သူ့ဆန္ဒလေး ဖြည့်ဆည်းပေးချင်ပါရဲ့။ သူ့ဆန္ဒကသာ ဥပမာ မလေးမြို့ကို ငွေဘယ်လောက် ထောက်ပံ့ပေးပါ၊ သူ့သားကို တစ်လကျောင်းစရိတ် ဘယ်လောက်ဆိုလျှင် မြသင်းသစ်သည် ဤကိစ္စကို ယခုလောက်ရှိ လက်ခံခေါင်းညိတ်ပြီးပေပြီ။ စတင်၍ပင် ထောက်ပံ့နေလောက်ပြီ။

ခုဟာက အိမ်ခေါ်ယူ၍ပါ မွေးစားစေချင်တဲ့ကိစ္စ။ ကိုယ့်အုပ်ထိန်းလမ်းညွှန်မှုကိုပါ လိုချင်သည့်ကိစ္စ။

မေမေက စာကို လိုတာထက်ကြာအောင် ဖတ်နေပြီးမှ ...

"သမီး ... ဘယ်လိုသဘောရလဲ"

"သမီး ဘယ်လိုသဘောရလဲ ဆိုတာထက် မေမေ ဒီလောက်စိတ်ဝင်တစား ရှိပုံထောက်ရင် မေမေ ဘယ်လိုသဘောရလဲဆိုတာကို သမီးက သိချင်ပါတယ်"

မေမေက မြသင်းသစ် စိန်ရွေးနေတဲ့ဆီ လျှောက်လာပြီး ဘေးနားက လာရပ်ကြည့်နေရင်း ...

"ဒီတစ်လုံးက အရောင်ကွာနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဘီလူးနှင့် သေချာချွေးနေတဲ့သူကို ထိုင်ပင်မကြည့်ဘဲ ရပ်ကြည့်ကာ အရောင်ကွာတာ ထောက်ပြလိုက်သေးသည်။ ဟုတ်လည်း ဟုတ်သည်။ ဒါကြောင့်လည်း တစ်ခေတ်တစ်ခါတုန်းကတော့ မေမေသည် ဒေါ်တင်တင် ဆိုသည့် အမည်ရင်းပင်ပျောက်ကာ ဒေါ်စိန်တင်တင်ရယ်လို့ လူသိများရတာပင်။

မြသင်းသစ်က မေမေ ပြတဲ့ အရောင်မသိမသာကွဲသော တစ်ပွင့်ကို ဖယ်လိုက်ပါသည်။

"သူတို့လည်း သနားစရာပါပဲ၊ အခု လေးမြိုင်က မုန့်ဟင်းခါး ရောင်းရင် ရောင်းမယ် ပြောနေတယ်"

"သူလည်း ဟင်းချက်ကောင်းသားပဲ မေမေ၊ ရောင်းရမှာပါ"

မြသင်းသစ်က ခပ်ရွဲ့ရွဲ့ ပြောမိပြန်သည်။ ဤကိစ္စနှင့်ပတ်သက်ပြီး စိတ်ထဲ ဘာမတင်မကျ ဖြစ်နေသည် မသိ။ စိတ်တို စိတ်ရှုပ်နေသည်။

"မအေ မုန့်ဟင်းခါး ရောင်းမှတော့ သားလည်း မုန့်ဟင်းခါးသည်သား ဖြစ်တော့မှာပေါ့"

"မုန့်ဟင်းခါးသည်သား ဖြစ်တာ ဘာမှ မနံချာပါဘူး မေမေရယ်၊ အောင်မြင်နာမည်ကျော်ပြီး သူဌေးဖြစ်နေတဲ့ မုန့်ဟင်းခါးဆိုင်တွေ မနည်းသလို၊ မုန့်ဟင်းခါးသည်သားက ဆရာဝန် အင်ဂျင်နီယာ ထွက်လာတာတွေလည်း အများကြီးပါ"





"လေးမြိုင်က ထုံအအရယ်၊ ထင်ပေါ် စာထဲကလိုပဲ သူ့သားရှိတဲ့ အရည်အချင်း ကုန်တဲ့ထိ အမြင့်ဆုံးရောက်အောင် မြှင့်တင်မြေတောင်မြှောက်ပေးနိုင်တဲ့ အစွမ်းမျိုးတော့ မရှိတာ အမှန်ပဲ၊ တော်ရိလျော်ရိပဲ ဖြစ်လာမှာပဲ"

"လူဆိုတာ ကိုယ့်အကျိုးပေးနဲ့ကိုယ်ပေါ့ မေမေရယ်"

"ညည်းကလည်းအေ ... အပျက်စကားပဲ ပြောနေတာပဲ"

"မေမေ ဘာဖြစ်ချင်တာလဲ၊ ကိုထင့် သားတစ်ယောက်ကို မေမေ ခေါ်ပြီး စောင့်ရှောက်မွေးစားချင်လိမ့်မယ်လို့ သမီး မထင်ပါဘူး"

ဒေါ်တင်တင်က သက်ပြင်းတစ်ချက်ချရင်း ဆက်တိတစ်ခုဆီ ပြန်သွားထိုင်လိုက်ပါသည်။

"ညည်းသိဖို့က မြသင်းသစ်ရေ၊ ငါက ညည်းကို ထင်ပေါ်အဆင့် အခြေအနေလောက်နဲ့ လုံးဝသဘောမတူနိုင်တာသာ ရှိခဲ့တာနော်၊ ထင်ပေါ်ကို မုန်းခဲ့တာမဟုတ်ဘူးအေ့၊ ထင်ပေါ်လည်း ချစ်တယ်၊ လေးမြိုင်လည်း ချစ်တယ်၊ ကိုယ့်တူ၊ တူမတွေလိုပဲ၊ ဒါပေမဲ့ ထင်ပေါ် အဆင့်အတန်းနဲ့ ငါ့သမီး အဆင့်အတန်း တူသလား၊ ဒီလိုကောင်လေးနဲ့ ပေးစားနိုင်ပါ့မလား၊ ဒါကြောင့် ခွဲပစ်ခဲ့တာ တစ်ကယ့်အေ့ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာတွေ ပြီးခဲ့ပြီပဲ မြသင်းသစ်ရယ်၊ အခံစိတ်ကို ရွဲ့ထားမဲ့အစား ဖြောင့်ဖြောင့်အေးအေး စဉ်းစားစမ်းပါ”

မြသင်းသစ်က သက်ပြင်းလည်းချ၊ စိန်တွေ ဖာဂနာတွေ မှန်ဘီလူးတွေလည်း ချလိုက်ပါသည်။

“ဒီတော့ မေမေ သံယောဇဉ်ရှိတဲ့ ကိုထင်တို့ မလေးမြိုင်တို့ရဲ့သားကိုလည်း မေမေ သံယောဇဉ် ရှိတယ်ပေါ့”

“ဟုတ်တယ် ...၊ ဒီကလေးကို ငါ ချစ်ကိုချစ်တာ”

“ဟင် ... ချစ်ရအောင် မေမေက ဘယ်နှကြိမ်များ တွေ့ဖူးလို့လဲ”

“သုံးလတစ်ကြိမ်လောက်တော့ လေးမြိုင်ဆီ ငါရောက်နေတာပဲလေ၊ စစ်ကိုင်းက ဆရာလေးကို ငွေပို့ဖို့ပေးရင် သူတို့လိုတာလေးလည်း ဖြည့်ပေးခဲ့တာပဲ၊ ကောင်လေးကို တွေ့တွေ့နေသားပဲ၊ လေးမြိုင် လိုအပ်တာ ငါအမြဲထောက်ပံ့ကူညီခဲ့တယ်၊ ထင်ပေါ် ကုမ္ပဏီမှာလုပ်တာ လခလေးနှစ်သောင်းလောက်နဲ့ သူတို့ ဘယ်သိပ်ပြည့်စုံမှာလဲ၊ ငါအမြဲ ကြည့်ရှုခဲ့တယ်”

မြသင်းသစ် ခုမှသိရ၍ အံ့အားသင့်ခဲ့ရပါသည်။ မေမေဟာ စေတနာတော့လည်း အကောင်းသားပါပင်။ ပေါ်သစ်မင်းကို စောင့်ရှောက်မွေးစားဖို့ကိစ္စ မေမေ စိတ်ပါနေပုံရ၍ မြသင်းသစ် အလေးအနက် စဉ်းစားရပါတော့မည်။ အစကတော့ မေမေ လုံးဝ





နှစ်သက်မည်လည်း မထင်၍ ခေါင်းထဲက ခပ်ထုတ်ထုတ် ထားခဲ့တာ။

“ကောင်လေးက ဒီနှစ် ဆယ်တန်းကျမှာလေ”

“ဟင် ... ခပ်ညံ့ညံ့လေးပေါ့”

“မညံ့ဘူး၊ တော်တယ်တဲ့၊ သူ့စာမေးပွဲတွင်း ထင်ပေါ်က ကောက်ကာ ငင်ကာ ရောဂါသည်းပြီး ဆေးရုံတင်လိုက်ရတာ၊ ကောင်းကောင်းမဖြေနိုင်တော့တာနဲ့ နောက်ဆုံးနေ့ ခြစ်ချပစ်ခဲ့တယ်တဲ့”

အမယ်လေး ... စိတ်ဓာတ်ကတော့ ...။ အောင်ရဲ့လောက်ကလေး ဆိုတာမျိုးကို လက်မခံနိုင်တဲ့ အစားထဲကပေါ့။

“အခု ပြန်ဖြေမဲ့ ဆယ်တန်းကို ဂုဏ်ထူးတွေ အများကြီး မှန်းနိုင်တယ်၊ ကောင်းကောင်းဂိုဒ်လုပ်ပေးနိုင်ရင် ဖြစ်ထွန်းမှာ၊ မအေ့ မုန့်ဟင်းခါးဆိုင် တစ်ဖက်ကူရင်း မအေကလည်း ဖိဖိစီးစီး မဆုံးမ မကွပ်ကဲမှာနဲ့ ပေါ့လျော့သွားရင်တော့ ရှေ့တစ်နှစ် ခြစ်ချထားတာ အလကားဖြစ်ရော”

ဩော် ... မေမေ ... မေမေ ...။ အတော်ကို စိတ်ပါသက်ပါ ရှိနေတာကိုးဟု မြသင်းသစ် အမှန်တကယ် အံ့အားသင့်ပါသည်။ မြသင်းသစ် ရင်ထဲမှာလည်း ခါးခါးသီးသီးတော့ တာဝန်မယူချင် မဟုတ်။ ကောင်လေးအပေါ်လည်း စိတ်ဝင်စားမှုရှိနေသည်။ သို့သော် ဘာမှန်းမသိ တစ်မျိုးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလေးမြိုင်က သေချာသဘောတူရဲ့လား မေမေ"

"အို ... တူတဲ့ဟိုဘက် သမီးရယ်၊ သူက မတောင်းဆိုရဲသာ ရှိရမယ်၊ သူ့သား ကောင်းစားမဲ့ကိစ္စပဲ"

"သူ့ယောက်ျားဆန္ဒ ဆိုပြီး မဆန့်ကျင်ချင်တာရယ်၊ မေမေ စိတ်ပါနေလို့ မကန့်ကွက်ရဲတာရယ် ဖြစ်နေပါဦးမယ်"

"မဟုတ်ဘူး၊ စစ်ကိုင်းမှာ ဆရာလေးကလည်း ခုတစ်လော သိပ်မမာဘူး၊ သူ့မှာ ယောက်ျားလူမမာတစ်ဖက်နဲ့ သွား ကိုမသွားနိုင်ခဲ့တာ၊ သွားချင်တာ နှစ်ပိုင်းသေနေတာပေါ့၊ ခု ယောက်ျားလည်း မရှိတော့ဘူး၊ ဟိုမှာ သူ့အမေ ဝေယျာဝစ္စကို တစ်လှည့်လုပ်ချင်သေးတယ်"

"မုန့်ဟင်းခါးဆိုင် ထွက်မလို့ဆို"

"ဒါက ပေါ်သစ်မင်းကို မေမေတို့ မွေးစားဖို့ ဆန္ဒမရှိရင် သူပဲ ဖြစ်အောင် ကြိုးစားရုန်းကန်သွားမှာပေါ့လေ၊ မအေဆီ လည်း သွားလိုက်၊ ဒီပြန်လာလိုက်။ ဟိုမှာချည်းနေလို့လည်း မရ၊ ဒီမှာချည်း နေလို့လည်း မရပေါ့"

"ဟင် ... သူ့ဟာကလည်း မရေမရာနဲ့"

"အေးလေ၊ ဒီတော့ ဒီကိစ္စ ကိုယ်လည်း ကူညီနိုင်တာ၊ ကူညီလိုက်ရင် ကောင်းမယ်လို့ မေမေ ယူဆတာပဲ"

"ခုပုံက ... ကိုယ်တာဝန်ယူမှပဲ သူတို့ အဆင်ပြေမလို ဖြစ်နေတာပေါ့"





"အဲဒါ အမှန်ပဲ သမီး"

"သမီးစိတ်နဲ့ နှိုင်းရင်တော့ ကိုယ့်သားသမီး ကိုယ်ဆင်းရဲ လည်း ဆင်းရဲသလို၊ ကိုယ်ချမ်းသာလည်း ချမ်းသာသလို ရင်အုပ်မကွာ ထားချင်တာပဲ၊ မခွဲနိုင်ပါဘူး"

"အင်း ... ဒါတော့ သမီးနဲ့ လေးမြိုင်က အခြေခံမှ မတူဘဲ၊ လေးမြိုင် ဆိုတာကတော့ သူများက ကောင်းရာသင့်ရာ စီမံခန့်ခွဲပေးရင် ခေါင်းညိတ် လိုက်နာလိုက်မယ် ဆိုတဲ့ စိတ်မျိုးကိုး၊ မေမေတို့အပေါ် အားကိုးတာလည်း ပါတာ ကိုး"

မြသင်းသစ်သည် ငြိမ်၍ စဉ်းစားနေရင်း ဟိုတစ်နေ့က ကောင်လေးရဲ့ ကြွပ်ဆတ်ဆတ် ပုံစံကို ပြန်မြင်ယောင်လာပါသည်။ အသုဘချတဲ့နေ့က လိုက်ပို့ပေမဲ့ ရက်လည်မုန့်ဟင်းခါး ကျွေးတော့ မြသင်းသစ် မသွားဖြစ်တော့ပါ။ အသုဘချသည့်နေ့ ကလည်း သူ့အပေါ် ဖော်ဖော်ရွေရွေမရှိ၊ မှုန်တေတေ ဖြစ်နေတဲ့ ပေါ်သစ်မင်းကို အသည်းယားစရာ ဖြစ်ခဲ့ရပါသေးသည်။

ဩော် ... သူ့ခမျာ အမေဆုံးနေတဲ့အချိန် စိတ်ခံစားချက်တွေ ပျက်ပြားအားငယ်နေမဲ့ သနားစရာအချိန်ပါလေလို့ စိတ်ကို ဖြေလျှော့လိုက်ပါသည်။ ကိုယ်က ကလေးနဲ့ ပြိုင်ဖက်စိတ်လုပ်နေ ရမဲ့ အရွယ်လည်း မဟုတ်ပါ။ သူ့နေရာက ဝင်တွေးကြည့်ပေး တော့လည်း သူ့ကို သနားလိုက်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်လေးက ကြွပ်ဆတ်ဆတ်နဲ့ ဂျစ်ကန်ကန်နော်"

"မေမေနဲ့တော့ အဲသလို မဟုတ်ဘူးကွယ့်"

"ဟုတ်ပါတယ်၊ သမီးကိုမို့ပဲ ဖြစ်မှာ၊ သူ့အဖေက စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့တယ် ဆိုတာကိုလည်း သူ့ကြည့်ရတာ သိပ်ခံချင်ပုံ မပေါ်ဘူး၊ သူ့အမေသာ ပျော့စိစိ၊ သူက သူ့အမေရှိရက်နဲ့ သူ့အဖေက သူစိမ်းမိန်းမလက် အားကိုးအားထား အပ်တာမျိုးကို ခံပြင်းပုံပဲ"

"ဒါတွေဟာ တဖြည်းဖြည်းတော့ ပြီးသွားမဲ့ ဟာတွေပါ"

"မေမေ ... ဒီကောင်လေးကို မွေးစားဖို့ စောင့်ရှောက်ဖို့ သိပ်ကို စိတ်ပါနေတော့တာပဲကို"

"အားလုံးက မကင်းရာ မကင်းကြောင်းတွေပဲကွယ်"

"တစ်ခု ရှိသေးတယ် မေမေ"

"ဘာများလဲ"

"ဒီကောင်လေးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးတယ် ဆိုတာ ဘယ်အချိန် ဘယ်ကာလထိလဲ။ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်ပြီးတဲ့အထိလား၊ ဘွဲ့ရတဲ့ထိလား၊ သူ မိန်းမရတဲ့ထိလား၊ အလုပ်တွေ ဘာတွေ အဆင်ပြေပြီး သူ့အမေကိုပါ ပြန်ကြည့်နိုင်တဲ့ အထိလား"





"ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့ အောင်ရုံနဲ့တော့ သူ့ဘဝက ပြီးဆုံးမသွားသေးဘူးလေ၊ အတိုပြောရရင်တော့ လူတစ်လုံး သူတစ်လုံး ဖြစ်တဲ့ထိပေါ့"

"သူက လူတစ်လုံး သူတစ်လုံး ဖြစ်မလာဘဲ ကိုယ်ဘယ်လောက် ဆုံးမလမ်းညွှန်ပေမဲ့ ကလေကချေ ဖြစ်နေရင်ကော၊ လူတစ်လုံး သူတစ်လုံး ဖြစ်မလာမဲ့ သူမျိုးကို ဖြစ်တဲ့ထိ စောင့်ရင်း တစ်သက်လုံး စောင့်ရှောက်သွားရတော့မှာလား"

"အပျက်ဘက်ကချည်း ပြောမနေပါနဲ့ သမီးရယ်၊ ဒီကလေးဟာ ဖြစ်ထွန်းရမဲ့ကလေးပါ၊ ဖြစ်ထွန်းအောင်လည်း လုပ်ပေးကြမယ်၊ မဖြစ်ဖြစ်အောင် လုပ်ရင် ဖြစ်ရမှာပဲ၊ ကလေကချေတော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ"

မြသင်းသစ်က သက်ပြင်းတစ်ချက် ချလိုက်မိရင်း ...

"ပြီးတော့ ... မွေးစားတယ်ဆိုတဲ့ စကားလုံး အသုံးအနှုန်းကလည်း အများကြီး တာသွားသေးတယ်၊ ကျယ်ပြန့်တယ်နော် မေမေ၊ အိမ်ခေါ် စောင့်ရှောက်ကြည့်ရှု မြေတောင်မြှောက်ပေးနေရာက စာရင်းရှုပ်လာမယ်"

"အဲသလောက်လည်း စိုးရိမ်မနေနဲ့သမီး၊ ဒီကလေးကို လောလောဆယ် ခေါ်ယူမွေးစားတယ်၊ ကြည့်ရှုစောင့်ရှောက်တယ်။ ပညာသင်ပေးမယ်၊ အုပ်ထိန်းလမ်းညွှန်မယ်၊ ဒါပဲ

www.burmeseclassic.com



ပေါ့၊ ဘယ်လိုမှ ဆက်မထားနိုင် မကြည်ဖြူနိုင်အောင် သမီး မလိုလားတော့ဘူး ဆိုရင်လည်း အချိန်မရွေး လေးမြိုင် လက်ပြန်အပ်လို့ရတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ မေမေ"

"ဒါပေမဲ့ ... ဒီကလေးအပေါ် သမီး စိတ်မပျက်လောက်ပါဘူးလို့ မေမေ သိပါတယ်"

မြသင်းသစ်က နှာခေါင်းတစ်ချက် ရှုံ့ရင်း ...

"စိတ်က ခုတည်းက ခပ်ပျက်ပျက်ပါ၊ ကိုယ့်သားသမီးလည်း မဟုတ်၊ မပိုင်ဝက်မွေး ဘဝကြီးနဲ့၊ စေတနာက ထားရဦးမယ်၊ စေတနာ သိတတ်ရင်တော်ရဲ့၊ မသိတတ်ရင် ကိုယ့်အရင်း ကိုယ်စိုက်ပြီး အကုသိုလ် ဝယ်ယူသလိုဖြစ်ရဦးမယ်၊ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဆိုသလို သူ့အတွက် လုပ်ပေးရင်းက ကိုယ်ငရဲရနေမှာ စိုးရသေးတယ် ...

ဒါပေမဲ့ သမီး မကန့်ကွက်ပါဘူး၊ သမီးစိတ်ထဲ ဒီကိစ္စကို တာဝန်မယူချင်လောက်အောင် မခါးသီးပါဘူး၊ ဟိုဘက်ဒီဘက် လွန်ဆွဲသလိုသာ ဖြစ်နေတာ"

တကယ်ပင် မြသင်းသစ်သည် ဒီကောင်လေးကို ရှုပ်ရှုပ်ယှက်ယှက် တာဝန်မယူနိုင်ပါဘူး ဆိုတာမျိုး ဘာဖြစ်လို့ ပြောချင်စိတ် မရှိလည်း မသိပါ။ သူ့ရဲ့ဂျစ်ကန်ကန် ဟန်ပန်ကို





အမြင်ကတတ်နေရက်နှင့်ပင် မုန်းတီးတဲ့စိတ်မျိုးတော့လည်း မပေါက်လေ။ မယုံရဲယုံရဲ ဝန်ခံရလျှင် သံယောဇဉ်ကလေး တစို့တသျောက်လောက်ပင် အုံအားသင့်စဖွယ် အမျှင်တန်းနေမိပါသေးသည်။

နှစ်ခါပဲတွေ့ဖူးသေးတဲ့ ကလေးတစ်ယောက်ကိုလေ။ သူ့အမေအတွက် ရှိခဲ့ဖူးတဲ့ သံယောဇဉ်ရယ်၊ သူ့အမေ ဆုံးသွားပြီမို့ ဖတာဆိုးလေးလို့ သင်းကို သနားသလိုရှိမိတာရယ် ပေါင်းစပ်သွားသည် ထင်ပါရဲ့။

"သမီး မကန့်ကွက်ပါဘူးလေ၊ မေမေ့ ကြည့်ရတာလည်း ဆန္ဒရှိနေတော့ ခေါ်ထားလိုက်ပေါ့၊ သမီးလုပ်ပေးဖို့ လိုတာတွေ လုပ်ပေးပါ့မယ်၊ စေတနာလည်း ထားမှာပါ၊ ဒါပေမဲ့ ဂျစ်ကန်ကန်တော့ လာမလုပ်နဲ့၊ မြသင်းသစ် အကြောင်း သိသွားရလိမ့်မယ် မေမေ၊ ကြိုသတိပေးထားတာပေါ့"

ဒေါ်တင်တင်က သက်ပြင်းတစ်ချက်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၄

ဒီနေ့ဟာ ပေါ်သစ်မင်း အိမ်ကိုပြောင်းလာမည့်နေ့ ဆိုတာ ကြိုသိထားပြီးဖြစ်၍ မြို့ထဲက ဆိုင်က အပြန်ကတည်းက မြသင်းသစ် စိတ်စောနေပါသည်။ ဦးစံ မောင်းသော ကားနောက်ခန်းမှာ ငြိမ်သက်၍ ပါလာကာ အိမ်အပြန်လမ်း တစ်လျှောက်လုံး အတွေးထဲ နစ်နေသည်။

အမှန်ဆို ကိုထင် ရက်လည်ပြီးစ,ကတည်းက မေမေနှင့် မြသင်းသစ် သဘောတူညီမှု ရသွားကြတာ။ မလေးမြိုင်ကလည်း သဘောတူသည် ဆိုလျှင် မကြာမီမှာ ကောင်ကလေး ရောက်လာဖို့ ဖြစ်ပါသည်။





ဒါပေမဲ့ ခုဆိုရင် ကိုထင် ဆုံးတာ တစ်လကိုသိသိကလေး စွန်းခဲ့ပြီ။ အချိန်တွေ ဒီအထိ ဆွဲလာရခြင်းဟာ မေမေ့ကြောင့်လည်း မဟုတ်၊ မလေးမြိုင်ကြောင့်လည်း မဟုတ်လျှင် ပေါ်သစ်မင်းကြောင့်ပေါ့။ နဂိုကတည်းကပင် ကောင်ကလေးဟာ သူ့အဖေ စာထဲကအတိုင်း မြသင်းသစ်တို့ အုပ်ထိန်းမှုအောက်ကို အသာတကြည် ဝင်လာလိုစိတ် ရှိလိမ့်မည်လို့ မြသင်းသစ် မထင်ထားတာပါ။

ဒီကိစ္စနှင့် ပတ်သက်၍ မေမေသာ ဆက်လက်လှုပ်ရှားနေသည်။ မြသင်းသစ် မပါပါ။ သူ့ဟာသူ အချိန်တန် ရောက်ချင်ရောက်လာမည်။ ရောက်မလာရင်လည်း ပြီးရောပေါ့။ မေမေ့ကိုလည်း ဘာကြောင့် ရောက်မလာသေးသလဲ အကျိုးအကြောင်း မမေးပါ။ ကောင်ကလေးဟာ ကတ်ဖိုးကတ်ဖဲ့ လုပ်နေတာ သေချာသည်လို့ စိတ်က အလိုအလျောက် သိနေ၍ ကသိကအောက် ဖြစ်မိသည်။

အင်း ... တွေးကြည့်လိုက်ရင်တော့လည်း ကလေးတစ်ယောက်အဖို့ သနားစရာပါ။ အဖေက ဆုံးသွားတဲ့အခါမှာ ကျန်ရစ်တဲ့အမေနှင့် အတူဆက်မနေရဘဲ သူစိမ်းမိသားစုတစ်စုရဲ့ အုပ်ထိန်းမှုအောက်ကို ဝင်လာရမည့် အဖြစ်ကို ဘယ်လိုဆယ်ကျော်သက်တစ်ယောက်က ပျော်ရွှင်ဝမ်းသာမှာတဲ့လဲ။ ဒါကြောင့်ပဲ မေမေက ကန့်လန့်တိုက်နေပုံ ရပါသည်။

www.burmeseclassic.com



မနေ့ကတော့ မေမေက ...

"မနက်ဖြန် ပေါ်သစ်မင်း ပြောင်းလာမယ် သမီးရေ"

မြသင်းသစ် အံ့သြသွားကာ ...

"ဟုတ်လား မေမေ"

"အေး ...၊ အဲဒါ သမီး ဆိုင်သွားပြီးရင် ဦးစံကို အိမ်ပြန် လွှတ်လိုက်ဦး၊ ကလေးကို သွားကြိုရအောင်"

မြသင်းသစ်က မျက်မှောင်ကို ကုတ်လိုက်၍ ...

"သူက သူ့ဟာသူ မလာဘူးလား၊ သွားကြိုရမှာလား"

"အထုပ်အပိုးတွေနဲ့ဟာ သွားကြိုပေးရမှာပေါ့ သမီးရယ်"

ကိုထင်တို့ဟာ ကားပိုင်မရှိတဲ့ လူတန်းစားဖြစ်၍ ဒီကောင်လေး တစ်သက်လုံး ဘယ်လိုသွားလာခဲ့မလဲ တွေးကြည့်နေဖို့မလို။ ဘတ်စ်ကားကို အားပြုပြီးတော့သာ သွားလာလှုပ်ရှားကျင်လည်ခဲ့ရမှာပေါ့။ ခုတော့မှပဲ ကားနဲ့သွားကြိုပေးရမတဲ့။

အင်းပေါ့လေ၊ ဦးစံ ပြန်လွှတ်ဆိုလည်း လွှတ်ရုံပေါ့။ ကိုယ် အထူးသွားစရာ မရှိရင် ဦးစံဟာ ကားပေါ်မှာပဲ တစ်နေကုန် အားနေရတာပဲ။ ဆိုင်ကို ဦးစံ လိုက်ပို့ပြီးကတည်းက အိမ်ကို ကားနှင့် ဦးစံ ပြန်လွှတ်လိုက်ပါသည်။ ခုမှပဲ ကားပေါ် ငြိမ်သက်တွေးတောနေရင်းက ဦးစံကို မေးဖို့ သတိရကာ ...

"နေ့ခင်းက ကောင်လေးကို သွားကြိုခဲ့သလား ဦးစံ"





"ဟုတ်ကဲ့ ... ကြိုတယ် သစ်သစ်"

"ဦးစံ ဘာသာ သွားတာလား"

"မမကြီးပါ လိုက်ကြိုတယ် သစ်သစ်"

မမကြီး ဆိုတာ မေမေ့ကို ရည်ညွှန်းတာ ဖြစ်သည်။

"ဪ ... မေမေပါ လိုက်တာကိုး၊ ကောင်လေးပုံစံ ဘယ်လိုလဲ"

"ဒီလိုပါပဲ၊ အေးအေးပါပဲ၊ ဘာလို့လဲ သစ်သစ်"

မြသင်းသစ် မေးခွန်းကို ဦးစံက နားမလည်သလို ရှိသည်။ ဘယ်နားလည်နိုင်ပါ့မလဲလေ။ ဦးစံဟာ အခြေအနေတွေကို သိနေတဲ့သူတစ်ယောက်မှ မဟုတ်ဘဲနဲ့၊ မြသင်းသစ်က စိတ်လောကာ မေးမိခြင်းပင်။ အိမ်ကျမှ ကိုယ့်ဟာကိုယ် အကဲခတ်ကြည့်ရမည့် ကိစ္စပဲ။

"ဘာမှမဖြစ်ပါဘူး၊ သူများအိမ်ကို ပါလာရတာဆိုတော့ သူ့အမေကိုများ လွမ်းနေမလားလို့ပါ"

ဆက်ပြောစရာ မရှိတော့၍ အိမ်ရောက်တဲ့အထိ တိတ်ဆိတ်သွားပါသည်။ ခြံထဲ ကားကွေ့ဝင်လာကာ ပေါ်တီကိုအောက် ကွေ့ဝင်ရပ်မည့်ဆဲဆဲ အိမ်ရဲ့ရှေ့တည့်တည့်မကျ၊ အားမကျ တိုက်နံရံမှာ အိမ်မှာမရှိတဲ့ စက်ဘီးတစ်စီး မှီ၍ထောင်ထားတာကို မျက်စိလျှင်လျှင်နှင့် မြင်လိုက်ပါသည်။

www.burmeseclassic.com



အိမ်ပြန်လာလျှင် ဘယ်တော့မှ အပေါ်ထပ် ကိုယ့်အခန်းထဲ တန်းမတက်ဘဲ ဧည့်ခန်း၌ ခဏတဖြုတ်ထိုင်၊ ရေသောက်၊ အအေးသောက် အမောဖြေပြီးမှ အပေါ်ထပ်တက်လေ့ရှိတဲ့ ထုံးစံအတိုင်း ဧည့်ခန်းဆိုဖာဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ကားသံကြားကတည်းက ရေခဲသေတ္တာထဲက ပြေးထုတ်ဟန်တူသော ဆားငံသီးဖျော်ရည်အေးအေး တစ်ခွက်ကို ချောချောက ချက်ချင်းလာပို့သည်။

"မေမေရော"

"အပေါ်ထပ်မှာပါ"

"ဟိုကောင်လေးရော"

"သူ့အခန်းထဲမှာပါ"

"သူ့အခန်းက ဘယ်ဟာလဲ၊ ဘယ်အခန်းကို သူ့ကိုပေးထားလဲ"

"ဟိုအခန်းပါ"

ချောချောက အောက်ထပ်ရှိ အခန်းတစ်ခန်းကို လက်ညှိုးညွှန်ပြသည်။ အိမ်ကြီးက ကြီးမား၍ အခန်းတွေမြောက်မြားလှလေရာ အပေါ်ထပ်မှာလည်း အခန်းပိုတွေ ရှိသကဲ့သို့ အောက်ထပ်မှာလည်း အခန်းပိုတွေ အများကြီးပင်။ အခုပေးထားသော အခန်းမှာ အောက်ထပ်ခန်းတွေထဲမှာ အကျယ်ဆုံး အခန်းဖြစ်ကာ ရေချိုးခန်း အိမ်သာ တစ်ဆက်တည်း။





ညအိပ်ညနေ ဧွေမျိုးဧည့်သည်တို့အတွက် ရည်ရွယ်ပြင်ဆင်ထားသည်ဖြစ်၍ ကုတင်မွေ့ရာ စီရီစားပွဲတို့မှအစ ပစ္စည်းပစ္စယ ပြည့်စုံသောအခန်း ဖြစ်သည်။ ကုတင်မွေ့ရာပါတဲ့ တခြားအခန်း ရှိသေးပါလျက် ဒီအခန်းကို မေမေ သတ်မှတ်စီစဉ်ပေးထားသည်မှာ အထူးအခွင့်အရေး ပေးထားတာပင်။

"အခု သူရှိလား"

"ဟုတ်ကဲ့ … ရှိပါတယ်"

"ခေါ်လိုက်စမ်း"

မြသင်းသစ်က လက်ကိုပိုက်ထားလိုက်ကာ ပေါ်သစ်မင်း ရောက်အလာကို ဟန်ခပ်ချိချိနှင့် စောင့်နေပါသည်။ ချောချောရဲ့ တံခါးခေါက်သံကို အတော်ကြာ ကြားနေရသည်။ အတန်ကြာမှ တံခါးဖွင့်သံနှင့် ချောချောရဲ့ စကားသံ။ အဲဒီရဲ့နောက်မှ ဧည့်ခန်းဆီ အီးလေးဆွဲဆွဲ လျှောက်လာတဲ့ခြေသံ။

ပေါ်သစ်မင်းက မြသင်းသစ်နှင့် မျက်နှာချင်းဆိုင်ဆက်တီမှာ ဝင်ထိုင်လိုက်ပါသည်။ ချိုင်းပေါက်ကျယ်ကြီးနှင့် ရှပ်ကျယ်လက်ပြတ်အနက်ကို အောက်က ကာကီရောင်ဘောင်းဘီက ပွပွကြီးနှင့် ဝတ်ထားသည်။ ထွက်ပေါ်နေတဲ့ လက်ဆံရှည်ရှည်တွေမှာ ကာယဗလတွေ မရှိသော်လည်း ပိန်ညှောင်ညှောင်လည်း ဖြစ်မနေ။ ဆံပင်ပျော့ပျော့တွေက အိပ်ရာထဲက ထလာသလို ဒီသီဖတ်သီ ဖရိုဖရဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်က သူ့ကို စေ့စေ့ကြည့်နေသော်လည်း သူက မျက်လွှာချထားသည်။

"ပထမဆုံး တစ်ချက်က"

ပေါသစ်မင်းက ခေါင်းငုံ့ငုံ့နှင့်ပင် မျက်လွှာတစ်ချက် ပင့်ကြည့်လာသည်။

"မင်းဆံပင်တွေ ရှည်နေတယ်၊ ဆံပင်ညှပ်ရမယ်"

"ဟာ"

သံရှည်ဆွဲ၍ ညည်းတွားလိုက်သံနှင့်အတူ ပေါသစ်မင်း မျက်နှာက စိတ်ပျက်စိတ်ရှုပ်သလို ရှုံ့တွသွားပါသည်။

"ဒါ ဆံပင်တွေ ရှည်နေတာ မဟုတ်ဘူးခင်ဗျ၊ အရှည်ပုံ ထားတာ"

"တူတူပဲလေ"

"မတူဘူးဗျ၊ မညှပ်ရသေးလို့ ရှည်နေတာ မဟုတ်ဘူး၊ ညှပ်စရာမလိုဘူးဆိုတဲ့ သဘောပေါ့၊ ကျွန်တော်ထားတဲ့ ဆံပင်ပုံစံကိုက ခုလိုပဲ အရှည်စတိုင်"

"စတိုင်တွေ ဘာတွေ မလိုဘူး၊ မင်း ဆယ်တန်းကို ဒုတိယအကြိမ် ပြန်ဖြေမဲ့ ကျောင်းသား၊ ဆံပင်တိုပဲ ထားရမယ်"





"ဆယ်တန်းဖြေတာနဲ့ ဆံပင်တိုတာ ဘာမှမဆိုင်ဘူးထင် တယ် အန်တီ၊ ဆံပင်တိုမှ စာမေးပွဲဖြေခွင့် ရတာလည်း မဟုတ်ပါဘူး"

"မင်း ဘာတွေ စောဒက တက်နေတာလဲ ပေါသစ်မင်း၊ မင်းဟာ ဒီအိမ်မှာ ငါ့ရဲ့အုပ်ထိန်းမှုအောက်မှာနေဖို့ ရောက် လာတယ်၊ မင်း လူတစ်လုံး သူတစ်လုံး ဖြစ်တဲ့အထိ ငါ့ ဆုံးမပဲ့ပြင် အုပ်ထိန်းမှုအောက်မှာ နာခံရမယ်"

"ဒါပေမဲ့ ဆံပင်နဲ့တော့ ဘာမှမဆိုင်ပါဘူးဗျာ၊ ဆံပင်တိုတဲ့ သူမှ လူတစ်လုံး သူတစ်လုံး ဖြစ်နိုင်တာ မဟုတ်ပါဘူး"

"မလိုချင်ဘူး၊ မင်းရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ မင်းရဲ့တစ်ကိုယ်ရည်ကိစ္စ အားလုံး ငါ့စိတ်ကြိုက် ကွပ်ကဲမှု အောက်မှာပဲ ရှိရမယ်၊ နက်ဖြန်ကျရင် ဆံပင်သွားညှပ်လိုက် ပါ"

"ကျွန်တော် မညှပ်ချင်ဘူး"

ပေါသစ်မင်းက အလွယ်နှင့် လက်လျှော့အရှုံးမပေး လိုက်ပေ။

"မညှပ်ချင်လည်းပဲ ညှပ်ရမယ်ကွာ ... ဒါပဲ၊ မနက်ဖြန်ကို ဆံပင်ညှပ်မယ်၊ နောက်တစ်ခုက အိမ်ရှေ့မှာ တိုက်နံရံမှာ မှီထားတာ မင်းရဲ့စက်ဘီးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ်မင်းက ဘာမှ ပြန်မဖြေ။

"အဲဒီစက်ဘီးကို နောက်ကို တိုက်နံရံမှီပြီး ဘယ်တော့မှ မထားနဲ့၊ ကားဂိုဒေါင်ထဲ သွားထားရမယ်၊ တွေ့ကရာနေရာ ထောင်ထား ရပ်ထားတာ စည်းကမ်းမဲ့တယ်၊ အစစအရာရာ စည်းကမ်းရှိမှ လူတစ်ယောက်ဘဝဟာ တိုးတက်မယ်၊ ကြုံရင်ကြုံသလို ဖြစ်ကတတ်ဆန်း ဆိုတဲ့ အမူအကျင့်တွေ အားလုံး ပျောက်မယ်"

ပေါ်သစ်မင်းက လည်ပင်းကို လိမ်လိုက်ကာ ခပ်လှမ်းလှမ်းက ပန်းအိုး၊ တယ်လီဖုန်း စသည်တို့ဘက် လှမ်းကြည့်နေပါသည်။ စိတ်ဝင်စားလို့ ကြည့်ခြင်းမဟုတ်၊ တမင်တကာ ဒီဘက်ကို အာရုံအပြည့်အဝ ပေးမထားတဲ့ပုံစံ လုပ်နေတာ မြသင်းသစ် ရိပ်မိပါသည်။

"မင်းကို ဒီအိမ်မှာ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လို စားသောက်၊ ဘာညာ အစရှိသဖြင့် မေမေက ပြောပြထားပြီးပြီလား"

ပေါ်သစ်မင်းက မြသင်းသစ်ကို စူးစိုက်ကြည့်ကာ...

"ဘာမှ မပြောပါဘူး၊ ဘွားဘွားက ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး သက်သောင့်သက်သာ နေသာသလို နေတတ်သလို နေလို့ပဲ ပြောပါတယ်"





ဆိုလိုတာက ဘွားဘွားက စာနာစိတ်ကောင်းရှိတဲ့ သဘောပေါ့။ မြသင်းသစ်ကတော့ တင်းတင်းထန်ထန် တင်တင် စီးစီး အမျိုးသမီးပေါ့။ ရတယ်လေ။ အပိုးကျိုးပြီး ကုပ်ကုပ်လျှိုးလျှိုး ဝင်မလာတဲ့ ဒီလိုကောင်ကလေးမျိုးကို ခုလို ခပ်တင်းတင်းကျပ်ကျပ် ကိုင်တွယ်မှ တန်ကာကျမည်လို့ပဲ မြသင်းသစ်က ဆုံးဖြတ်လိုက်ပါသည်။

"အဲသလို ကိုယ်နေတတ်သလိုဆိုကြိုး နေချင်တိုင်းနေလို့ တော့ ဘယ်ရမလဲ၊ မင်းတို့လို Teenager ကောင်ကလေး မျိုးတွေကို စည်းနဲ့ကမ်းနဲ့ ထားနိုင်မှ တန်ကာကျမှာ၊ ခု တစ်ထိုင်တည်း ငါအချိန်စာရင်း မရေးဆွဲနိုင်သေးဘူး၊ ဒါပေမဲ့ ဒီတစ်ရက်နှစ်ရက်အတွင်းမှာပဲ မင်းကို ဘယ်အချိန် အိပ်ရာထ၊ ဘယ်အချိန်စားသောက်၊ စာကျက်၊ ကျူရှင်တက်၊ ဘယ်အချိန် အားလပ်ချိန်၊ ဘယ်အချိန် အိပ်ရာဝင် စသဖြင့် အချိန်ဇယားတစ်ခု လုပ်ပေးထားမယ် ...

မင်း ဇယားကိုက် လှုပ်ရှားရမယ်၊ အပြင်တွေဘာ တွေ သွားချင်တိုင်းသွား၊ ပြန်ချင်တိုင်းပြန်တာတို့၊ လျှောက် လည်တာ လက်ဖက်ရည်ဆိုင်ထိုင်တာတို့ ဆိုတာမျိုးတွေ အလကား ခွင့်ပြုမနေနိုင်ဘူး"

ပေါ်သစ်မင်း မျက်နှာတွင် မကျေမနပ် ကျဉ်းကျပ် စိတ်ညစ်ရိပ်များက အဆမတန် လျှံထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ကျွန်တော်က အဲသလောက်ကြီး ဇယားအတိ အကျလုပ်ဖို့ လိုအပ်မှာလည်း အန်တီ၊ ကျွန်တော် နေမြဲ တိုင်းလေးနေပြီး စာကို ကြိုးကြိုးစားစား ကျက်သွားရင် မလုံလောက်ဘူးလား"

"အဲသလို တော်ရိလျော်ရိလေး ဘယ်ရမလဲ"

"ဘာလို့လဲ၊ ကျွန်တော် အန်တီ့အုပ်ထိန်းလမ်းညွှန်မှုအောက် မှာနေဖို့ ရောက်လာတယ်ဆိုတာ ခပ်ရိုးရိုးပဲ ရောက်လာ တာပါ၊ ကျွန်တော်က ပျက်စီးနေလို့ အဆမတန် ဆိုးသွမ်း လေလွင့်နေလို့ အန်တီ ခေါ်ထိန်းသိမ်းရတာမျိုး မဟုတ်ပါ ဘူး၊ သာမန်လူလိုပဲ နေထိုင်စားသောက်သွားရင်းနဲ့ ဆယ် တန်းစာကို ဖိဖိစီးစီး ကြိုးကြိုးစားစားကလေး ကျက်မယ်ဆို ရင်ပဲ လုံလောက်နေပါပြီ"

"လုံလောက်တယ် မလုံလောက်ဘူး ဆိုတာက မင်း ဆုံးဖြတ်ရမှာ မဟုတ်ပါဘူးကွာ၊ ငါ ဆုံးဖြတ်ရမှာပါ၊ ငါ့ ရဲ့ဦးဆောင်လမ်းညွှန်မှုကို မင်းအဖေက တောင်းဆိုထားတာ ပါ၊ ငါက တောင်းဆိုပြီး မင်းကို ထိန်းသိမ်းစောင့်ရှောက် ပါရစေလို့ လာတောင်းထားတာ မဟုတ်ဘူး ...

ကိုယ်မရည်ရွယ်ဘဲ ထမ်းဆောင်ဖို့ ကြုံလာတဲ့ တာဝန် တစ်ခုကို လူအပြောလွတ်အောင် ပီပီပြင်ပြင် ငါလုပ်ရမှာ





ပဲ ပေါ်သစ်မင်းရဲ့၊ ငါ့ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ မင်း နည်းနည်းကလေးတောင် ချွတ်ချော်တိမ်းစောင်းသွား တယ်၊ ဟန်ချက်လွဲသွားတယ် ဆိုတာမျိုး နာမည်ပျက်မခံ နိုင်ပါဘူး"

ပေါ်သစ်မင်းသည် သူ့လက်ဖဝါးနှစ်ဖက်ကို သူ ပွတ်တိုက်နေပါသည်။ အားယူ အရှိန်ယူနေပုံရကာ အတန်ကြာ မှ ...

"အန်တီ ကျွန်တော့်ကို ခုလို ခေါ်ယူစောင့်ရှောက် အုပ်ထိန်း ပေးဖို့ သိပ်ပြီး တာဝန်ကြီးနေတယ်၊ ဝန်လေးနေတယ်ဆို ရင်၊ ကျွန်တော့်ကို မေ့ထားလိုက်ပါ၊ ပစ်ထားလိုက်ပါ၊ ရပါတယ်၊ အန်တီ တာဝန်ယူတယ် မယူဘူးကို ဖေဖေ လည်း သိနိုင်တော့တာ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုခုလို ခေါ်ထားပြီး စောင့်ရှောက်ကြည့်ရှုထားရတဲ့အတွက် အန်တီ့ မှာ သိပ်ပြီး တာဝန်တွေကြီးလေးဖိစီးနေမယ်ဆိုရင် ကျွန် တော်လည်း ကိုယ့်ဟာကိုယ် နေမြဲအတိုင်း ပြန်နေပါရစေ"

ထိုစကားကြောင့် မြသင်းသစ် စိတ်တိုခံပြင်းသွားရ ကာ ...

"ဘာလဲ ... မင်းက ငါ့အုပ်ထိန်းမှုကို အလိုမရှိဘူးဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"အလိုမရှိတာ မဟုတ်ပါဘူး။ အမှန်ကတော့ အဖေဆုံးသွားပေမဲ့ အမေရှိနေသေးတာပဲ၊ အမေနဲ့ပဲ ဒီးတူမေါင်ဖက်နေသွားရင်လည်း ရတာပါ၊ ဒါကြောင့်လည်း ကျွန်တော် ဒီကိုလာဖို့ ချက်ချင်းမဆုံးဖြတ်တာပါ၊ နောက်တော့ အမေနားချတဲ့စကားတွေရယ်၊ ဘွားဘွား အကျိုးသင့်အကြောင်းသင့် ပြောပြတာတွေရယ်ကို နားလည်ပြီး ဒီကိစ္စဟာ ကျွန်တော့်ဘဝရဲ့ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးမြင့်ရာ ကြီးမြင့်ကြောင်း ဆိုတာသဘောပေါက်နိုင်လို့ ကျွန်တော် ဒီကို ရောက်လာတာပါ"

အောင်မယ်လေးဟဲ့။ ဆယ်တန်းလေးပေမဲ့ စကားကို ကြီးကြီးကျယ်ကျယ် ပီပီပြင်ပြင် လေးလေးနက်နက်တော့ ပြောတတ်ပေသား။

"ဒီကိုလာဖို့ ဆုံးဖြတ်ပြီးပြီ ဆိုကတည်းက အန်တီ့အုပ်ထိန်းမှုကို အလိုမရှိဘူး ဆိုတာမျိုး မဖြစ်နိုင်တော့ပါဘူး၊ ဒါပေမဲ့ အန်တီ အခုပြောနေတာတွေက လိုအပ်တာထက် ပိုပြီး တင်းကျပ်ကိုင်တွယ်လွန်းနေသလားလို့ပါ"

"မှန်တယ်၊ တင်းကျပ်ရင်လည်း တင်းကျပ်မယ်၊ ဒါပေမဲ့ အဲဒါဟာ ငါ့ပုံစံပဲ၊ ဒီတော့ ငါ့အုပ်ထိန်းမှုအောက်မှာ မင်းနေမယ်ဆိုရင် အဲဒီတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းဖယားတွေကို ကိုက်ညီအောင် လိုက်နာနိုင်အောင်သာ မင်း ကြိုးစားဖို့ ရှိတော့တယ်"





မျက်ခုံးလေးတွန့်ကာ မှုန်နေတဲ့ မျက်နှာသန့်သန့် ဝင်းဝင်းလေးကို မြသင်းသစ်က အကဲခတ်နေလိုက်ပါသည်။ သူ ဘယ်လိုတုံ့ပြန်ဦးမလဲပေါ့။ ဒီကောင်ကလေးလို အရာရာကို ဘယ်သူဘာပြောပြော အလွယ်တကူ လက်သင့်ခံ ခေါင်းညိတ်လိုက်မည်ဆိုတဲ့ စိတ်ဓာတ် ရှိပုံမရဘဲ ကိုယ့်စိတ် ကိုယ့်အတွေး ကိုယ့်ဆုံးဖြတ်ချက်ကလေးနဲ့ဆိုတဲ့ ဗီဇစရိုက် ရှိပုံရတဲ့ ကောင်လေးတစ်ယောက်ကို ကိုင်တွယ်အုပ်ထိန်းဖို့ရာကိုလည်း မြသင်းသစ်က စိတ်ဝင်တစားနှင့် စိတ်ဖောတစ်ခု ထက်သန်နေရပါသည်။

ပေါသစ်မင်းသည် အတော်အကြာကြီး ငြိမ်သက်နေသည်။ သူ နေနိုင် မနေနိုင်ကိုလည်း တကယ် အလေးအနက် စဉ်းစားနေပုံ ပေါ်ပါသည်။ အတော်ကြီးကိုကြာမှပင် ...

"ကောင်းပြီလေ ... ကျွန်တော် အန်တီ့ပုံစံ ဘောင်ထဲမှာ နေကြည့်ပါ့မယ်"

"ငါ့စည်းကမ်းတွေအတိုင်း လိုက်နာမယ်ပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် လိုက်နာကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်နာကြည့်မယ် ဆိုတာက ဘာသဘောလဲ"

"ကျွန်တော် ကြိုးစားပြီးတော့ နေကြည့်ဦးမယ်၊ ကျွန်တော့် အတွက် သိပ်ကိုတင်းကျပ်လေးပင်လွန်းအားကြီးလာရင်တော့ ကျွန်တော် နုတ်ထွက်ပါရစေ၊ ကျွန်တော့်ထိုက် ကျွန်တော့်ကံပဲ ရှိပါစေ၊ အဖေဟာ သူ့မှာ တခြားမိတ်ဆွေ အပေါင်းအသင်းတွေ၊ ဆွေမျိုးညာတိတွေလည်း ရှိတဲ့ကြားက အန်တီ့ကိုမှ ရွေးချယ်ပြီး ကျွန်တော့်ကို အပ်နှံသွားတာဟာ အကြောင်းမဲ့တော့ မဖြစ်နိုင်ပါဘူး၊ အဖေ ယုံကြည်စိတ်ချ အားကိုးရလောက်တဲ့ အရည်အချင်းမျိုး၊ တစ်ခုခုပေါ့၊ အန်တီ့မှာ ရှိနေလို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော် အဲသလိုပဲ တွက်ကြည့်ပါတယ်"

မြသင်းသစ်သည် မျက်နှာပြင်တွေကော ရင်ထဲတစ်နေရာမှာပါ ပူနွေးရှိန်းမြသွားရပါသည်။ စကားကို အတော် အချက်အလက်ကျကျ ပြောဆိုတတ်တဲ့ ကောင်ကလေး။ ခုချိန်ထိ ကိုထင်ဟာ မြသင်းသစ်ကိုမှ ဘာကြောင့် ရွေးချယ်အားကိုး အပ်နှံသွားသလဲ ဆိုတာ ကိုယ်တိုင်လည်း နားမလည်။

အခုလို ပေါ်သစ်မင်း ပြောမှ ကိုထင် ယုံကြည်အားကိုးတဲ့ ငါ့အရည်အချင်းဟာ ဘာပါလိမ့်လို့ တွေးစရာ ဖြစ်လာပါသည်။ တကယ်တမ်း အခု ပေါ်သစ်မင်းကို စည်းတွေကမ်းတွေ





ဘလနားတွေ စသဖြင့် စကားကြီး စကားကျယ်တွေ ပြောနေပေမဲ့ မြသင်းသစ် ကိုယ်တိုင်ဟာ ဘဝကို ခပ်အေးအေး ခပ်မှန်မှန်သာ ဖြတ်သန်းလာခဲ့တဲ့သူ ဖြစ်ပါသည်။

စာတော်ခဲ့ဖူးတာလေး တစ်ခုတော့ ရှိသား။ သို့ပေမဲ့ လူငယ်တွေ စံနမူနာ ယူစေချင်ရလောက်အောင် ထူးချွန်သူလည်း မဟုတ်ခဲ့။ မဟုတ်ခဲ့တဲ့အပြင် အရွယ်မတိုင်မီမှာပင် အချစ်ရေး ကိစ္စနောက်ပြီး ပညာရေးပါ ခါးပြတ်ထက်ပိုင်းကျိုး၍ "သူ့လိုမဖြစ်စေနဲ့"လို့ပင် "ရှောင်ရန်"တစ်ခုအနေနှင့် စံနမူနာပြရမည့်သူမျိုး ထဲကပါ။

ဒီလို မြသင်းသစ်ကိုမှ ကိုထင်က ရွေးချယ်အပ်နှံသွားခဲ့တာဟာ သူ့သား သူ့မယားတို့ကို မြသင်းသစ်တို့ အသိုက်အဝန်းနှင့် ဆက်စပ်နီးကပ်မှု ရှိစေချင်လို့ ဆိုတာမျိုးလည်း ရှိနိုင်သည်။ ဒါကို ဒီကောင်လေး အထင်ကြီးကြီးနှင့် အရည်အချင်းကောင်း အနည်းဆုံး တစ်ခုခုတော့ ရှိလို့ပဲ ဖြစ်ရမည်လို့ ကောက်ချက်ချနေတဲ့အတွက် မျက်နှာတွေ ပူရှိန်းလာတာပင်။

"အဲဒီတော့ အန်တီ့စည်းကမ်းတွေ အချိန်ဇယားတွေကိုသာ ကျွန်တော့်ကို ပြောပြပါတော့"

မြသင်းသစ်က ခပ်တည်တည်နှင့် ...

"အင်း ... ကောင်းပြီ၊ အချိန်ဇယားကို သေချာဆွဲဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်က ထ,ရပ်ဖို့ ပြင်လိုက်သည်။

"တစ်ခုပြောပါရစေဦး အန်တီ"

"ပြော"

"ကျွန်တော့်အတွက် စာသင်ဖို့ ဆရာ,ဆရာမတွေ ဝိုင်းတွေ စသဖြင့် ရွေးချယ်တဲ့အခါ အန်တီ့စိတ်ကြိုက် ရွေးမှာလား၊ ကျွန်တော့်စိတ်ကြိုက် ရွေးရမှာလား"

လုံးဝ မစဉ်းစားထားရသေးသည်ဖြစ်၍ မြသင်းသစ် နှုတ်ဆွံ့သွားပါသည်။

"မင်းက ဘယ်လိုဖြစ်ချင်လို့လဲ"

သူ့မေးခွန်းကို သူ့အပေါ် ပြန်ပစ်တင်ပေးလိုက်လျှင် ...

"ကျွန်တာတွေ အန်တီစီစဉ်ချင်သလို စီစဉ်ပါ၊ အင်္ဂလစ်ရှ် တစ်ခုကိုတော့ ကျွန်တော် တက်လက်စရှိတဲ့ ဆရာမနဲ့ပဲ တက်ပါရစေ"

"အဲဒါ ... ကျူရှင်လား၊ ဝိုင်းလား"

"ဝိုင်းပါပဲ၊ သူငယ်ချင်းတစ်ယောက်အိမ်မှာ ငါးယောက် စုသင်တာပါ"

"တခြားဘာသာတွေရော"





"တခြားဘာသာတွေတော့ ကြိုသလို ကျူရှင်တွေပဲ လိုက် တက်ခဲ့ပါတယ်၊ မနှစ်ကပေါ့၊ ဒီနှစ်အတွက် ဘာမှပြန်မစ, ရသေးပါဘူး"

"မင်း အင်္ဂလိပ်စာ ဆရာမက သိပ်ကောင်းလို့လား"

ပေါ်သစ်မင်းက ခပ်တည်တည် ခေါင်းညိတ်ရင်း "ဟုတ်ကဲ့"ဟုသာ ဖြေလိုက်ပါသည်။ ဆရာမကလည်း ကောင်းတာ တော်တာ အမှန်ပါ။ သို့ပေမဲ့ ဆုပန်တို့အိမ်မှာ သွားတက်နေရတာမို့ အဲဒီကျူရှင်ဝိုင်းက မထွက်ချင်တာက ပို၍အဓိကကျပါသည်။

"ဆရာမက ဘယ်ကလဲ ... ဘယ်အရွယ်လဲ"

"ဆရာမက အင်္ဂလိပ်စာဌာနက လက်ထောက်ကထိကပါ၊ အသက်ကတော့ လေးဆယ်လောက်ရှိတယ် ထင်တယ်"

မေးတာတွေကို အသာတကြည် ရိုရိုသေသေ ပြန်ဖြေနေ၍ မြသင်းသစ်က အနည်းငယ်တော့ သဘောကျ ကျေနပ်သည်။

"ဒါဖြင့်ပြီးရောလေ၊ အိမ်မှာ ကျူရှင်ဝိုင်းလုပ်တဲ့အခါ အင်္ဂလစ်ရှ် မထည့်ဘူးပေါ့"

"အိမ်မှာ ! ... "

"အင်းလေ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … အိမ်မှာ ဝိုင်းကျူရှင်ဆိုရင် အန်တီ အကုန်အကျ တွေ တအားများလိမ့်မယ် ထင်တယ်၊ ကျွန်တော့်အတွက် အဲလောက်ကြီး အကုန်မခံစေချင်ဘူး"

ခပ်တိုးတိုး ပြောသော ထိုစကားကိုတော့ မြသင်းသစ်က ကရုဏာ သက်သွားပါသည်။

"ကြည့်သေးတာပေါ့၊ တစ်ယောက်တည်း မဟုတ်ဘဲ သုံး, လေးယောက် စုလိုက်ရင်တော့ ဒီလောက်ကြီး မကုန်နိုင်ပါဘူး၊ မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ဆယ်တန်းကလေးတွေ ရှိတဲ့သူတွေ၊ ဝိုင်းကျူရှင် စီစဉ်ဖူးတဲ့သူတွေဆီ နည်းနည်းမေးမြန်းကြည့်ရမယ်၊ တကယ်တော့ ဒီဆယ်တန်း ပညာရေးကိစ္စတွေ ငါ ဘာမှသိတော့တာ မဟုတ်ဘူး ပေါ်သစ်မင်း …

ဒါပေမဲ့ ကိုယ့်ကို အားကိုးအပ်နှံသွားတယ် ဆိုတဲ့ အခါမှာ တာဝန်အရပဲဖြစ်ဖြစ်၊ စေတနာအလျှောက်ပဲဖြစ်ဖြစ်၊ ကိုယ်လုပ်ပေးမယ်လို့ လက်ခံတာဝန်ယူ ဆုံးဖြတ်လိုက်ရင်တော့ ကောင်းသော Result ထွက်လာတာကိုပဲ လက်ခံနိုင်မယ်၊ ဒီအိမ်အရိပ်မှာ လာခိုလှုံလိုက်ရတာ ဘာမှလဲ ဒီလောက်ထူးမလာပါဘူး ဆိုတာမျိုးကို မလိုချင်ဘူး …





လုပ်မဲ့လုပ်ပေးပြီ ဆိုရင်တော့ အကောင်းဆုံးဖြစ်အောင်ပဲ လုပ်ပေးချင်တယ်၊ မင်းအနေနဲ့လည်း ဒါကိုသဘောပေါက်ပြီး ကိုယ်ကောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်၊ ယုံကြည်ချက်နဲ့ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ ကျဉ်းကျပ်တယ် သဘောမထားစေချင်ဘူး၊ ပညာရေးတစ်ခုတည်း မဟုတ်ပဲ ကိုယ်ကျင့်တရား၊ လူမှုရေး၊ ကျန်းမာရေးတွေပါမကျန်၊ အားလုံးပါဝင်တယ်လို့ မင်း မှတ်ထားလိုက်ပါ၊ ကဲ … ဒီတစ်ရက် နှစ်ရက်တော့ နေလိုက်ဦးပေါ့"

မြသင်းသစ်က ထိုင်ရာမှ ထရပ်လိုက်ပါသည်။ ပေါ်သစ်မင်းက လိုက်မရပ်။ ထိုင်ကျန်နေရစ်ဦးမည့် ပုံပင်။ ခပ်ရှ ခပ်ငေးငေး လုပ်နေသော ပေါ်သစ်မင်းကို တစ်ချက်ကြည့်ပြီး မြသင်းသစ်က အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ ကိုယ့်အခန်းထဲ ဝင်မည်အပြင် မေမေက သူ့အခန်းထဲက ထွက်လာသည်။ မြသင်းသစ် အခန်းထဲသို့ နောက်မှ လိုက်ဝင်လာကာ …

"သမီးရယ် …၊ ကလေးအပေါ် သမီးစ,ပြီး ကိုင်တွယ်ပုံက နည်းနည်းကြမ်းသလားလို့ကွယ်၊ ညှာညှာတာတာလုပ်ပါ၊ သူ့ခမျာ သမီးမျက်နှာကြည့်ပြီး နေရတော့မဲ့ ကလေးပါ"

"အမယ်လေး … ရင်နာစရာတောင် ကောင်းနေပြီ မေမေရယ်၊ သမီးတစ်ယောက်တည်း မဟုတ်ပါဘူး၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါတာပဲ၊ သူ ဒီအိမ်ရောက်လာရခြင်းမှာ မေမေ့ကြောင့်က ပိုပါတယ်"

"မှန်တယ်လေ၊ ဒါပေမဲ့ ကိုင်တွယ်တော့မှာက သမီးပဲ၊ ဒီကလေးအပေါ် တွေ့တွေ့ချင်း သမီးက အကြင်နာနဲ့မကြည့်မမြင်ဘဲ အငြိုးကြီးတစ်ခုနဲ့လို ဆက်ဆံနေသလားလို့ကွယ်"

မေမေ့ စကားကြောင့် နည်းနည်းတော့ အောင့်သွားပါသည်။ မေမေ ပြောချင်သလိုသာ ပြောပါလေ့စေတော့။ ဒီကောင်လေးနှင့် ပတ်သက်ပြီး မြသင်းသစ် ရင်ထဲမှာ ဘာကိုမှန်းမသိ တစ်ခုခု ထင့်နေကာ ဘာရယ်လို့ မပြောပြတတ်တဲ့ ခံစားချက် အခံတစ်ခု ရှိနေတာလည်း အမှန်ပင် ဖြစ်တော့သည်။





၅

ဆုပန်တို့ ခြံဝင်းကလေးထဲ စက်ဘီးကို အရှိန်မသတ်ဘဲ နင်းဝင်သွားလျှင် ခြံထဲက သပြေပင်အောက်မှာ စုစုရုံးရုံး ရှိနေကြတဲ့ သူငယ်ချင်းတစ်စုကို တွေ့လိုက်ရပါသည်။ စက်ဘီးကို မလှမ်းမကမ်းမှာ မြေပေါ်လှဲချထားရစ်ကာ ပေါ်သစ်မင်းက အုပ်စုဆီ လျှောက်လာသည်။

"ဟယ် ... ပေါ်သစ်"

ဆုပန် ထံက အသံလေးက တအံ့တဩ မြည်တမ်းလိုက်သလို စ,ပြီးထွက်ပေါ်လာပါသည်။ ဘာကိုရည်ရွယ်အံ့ဩမြည်တမ်းလိုက်တယ် ဆိုတာကိုလည်း ပေါ်သစ်မင်း သာမကကျန်တဲ့ တစ်အုပ်စုလုံးသိကာ ပေါ်သစ်မင်းကို အငေးသားပိုင်းကြည့်နေကြပါသည်။

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ၊ နှင့်ဆံပင်တွေ"

ဆုပန်ရဲ့ စကားကြောင့် ပေါ်သစ်မင်းက ငိုချပ်လောက်အောင်ကို ဝမ်းနည်းသွားရပါသည်။

"နှင့်ဘာသာနင် ညှပ်ချင်လို့ ညှပ်ပစ်တာတော့ လုံးဝမဖြစ်နိုင်ဘူး"

ပခုံးထောက်ကာ ပျော့စင်း ဝေ့ဝဲနေသည့် သူ့ဆံပင်တွေကို ပေါ်သစ်မင်း မြတ်နိုးလှတာ ဆုပန်သိသည်။ ထိုဆံပင်ပုံကြောင့် နုနယ်သည့် ပေါ်သစ်မင်း ရုပ်ရည်ကလေးဟာ ကိုရီးယား မင်းသားကလေး တစ်ယောက်လို ခေတ်မီ ခေတ်ဆန်နေတာ။ အဲသလို ဖြစ်နေတာလေးကိုပဲ ဆုပန်ကလည်း ချစ်စနိုး ဖြစ်ရတာ။

ပေါ်သစ်မင်း မျက်နှာပါ စိတ်မကောင်းတဲ့ရုပ်နှင့် ညှိုးငယ်နေတာကို မြင်လျှင် ဖော်ဆက်က စကားကိုလွှဲပစ်ကာ ...

"မင်းကလည်းကွာ၊ ခုမှပဲ ပေါ်လာတော့တယ်၊ မင်း လာမယ်ဆိုတာ ဆုပန်က ယဉ်မင်းကို ဖုန်းဆက်၊ ငါတို့နှစ်ကောင်က ဖုန်းမရှိတော့ ယဉ်မင်းရဲ့ ဦးလေးက ဒီမနက်ရုံးသွားရင်း ငါ့ဆီလာဝင်ပြောသွားရတာ၊ ငါက ဒီကောင်နောင်နောင့်ဆီ တစ်ခါသွားဝင်ခေါ်၊ မင်းနဲ့တွေ့ရဖို့ အရေးကွာ"





"အေးကွာ၊ ငါကလည်း ဒီငါးယောက်လုံး ဆုံချင်တယ်ဆိုပြီး ဆုပန်ကို လှူစုထားဖို့ မှာလိုက်ရတာပါ"

"ငါတို့လည်း တွေ့ချင်တာပေါ့ကွ၊ မင်း ဟိုကိုမပြောင်းခင် တစ်ရက်ကတွေ့ပြီး ထပ်မှ မတွေ့ဖြစ်ကြတာ၊ ဘယ်နှရက်တောင်လဲ"

"ဆယ့်တစ်ရက်"

ဆုပန်က ဝင်ဖြေသည်။

"ခါတိုင်း ငါတို့က နေ့တိုင်း ဆုံနေကြ တွေ့နေကြတဲ့ဟာ၊ အခု ဒီဆယ့်တစ်ရက်က အကြာကြီး ကြာနေတာပေါ့၊ မင်းကို စိတ်တောင်ပူတယ်၊ မင်းအမေကလည်း စစ်ကိုင်းသွားပြီဆိုတော့ ဘာမှမေးလို့ မရနိုင်တော့ဘူး"

"ဆုပန်က လိပ်စာတော့ နင့်အမေဆီက သိတယ်ဆိုပြီး လိုက်ရှာကြည့်ကြမယ် တကဲကဲ လုပ်နေတာ၊ ငါတို့တားနေလို့"

"အေးလေ ... အင်းလျားမြိုင် ဆိုတာ ဒီလောက် အသွယ်သွယ် အလမ်းလမ်းနဲ့၊ လမ်းမြွာတွေ နံပါတ်ခွဲတွေ ပွထနေတာ၊ အစီအစဉ်တကျလည်း မဟုတ်။ မင်းအိမ်နံပါတ်မှာတောင် (F)ဆိုတာပါတယ်၊ တစ်နံပါတ်တည်း ဒီလောက်မွစာကြဲနေမှ ဘယ်ရှာရ လွယ်တော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတို့၏ တစ်ပေါက်တစ်ပေါက် စကားသံတို့ကြားမှာ ပေါ်သစ်မင်း ခပ်ငြိမ်ငြိမ် ပြုံးနေမိပါသည်။

"မင်း ဘာတွေ လုပ်နေလဲ၊ ဘာတွေ အိမ်တွင်းအောင်းနေလဲ"

"ဒီလိုပါပဲကွာ၊ ငါကတော့ ထွက်ချင်တာပေါ့၊ မင်းတို့နဲ့ တွေ့ချင်တာပေါ့"

"ထွက်လို့မရဘူးလား၊ ဒီလောက်တောင်ပဲလားကွာ"

"နောက်ပိုင်းတော့ နည်းနည်းပါးပါး ထွက်လို့ရမှာပါ။ ငါ့အတွက် အချိန်ဇယား ထွက်ပြီလေ"

"အချိန်ဇယား ! ..."

"အေး ...၊ မင်းတို့ သိထားဖို့က ငါက အမေ့အိမ်ကနေ အိမ်တစ်အိမ်ကို ပြောင်းနေလိုက်ရုံ ဆိုတာလေးပဲ မဟုတ်ဘူး၊ အုပ်ထိန်းသူပါ ပြောင်းသွားတာလေ၊ ဟဲ ဟဲ ... အခု ငါ့မှာ Guide ကြီးတစ်ယောက်နဲ့၊ ငါတို့ ဆယ်တန်းတွေ စာကျက်တဲ့ ဂိုက်ဒ်မျိုး မဟုတ်ဘူး၊ ငါ့တစ်ဘဝလုံးအတွက် ဂိုက်ဒ်"

"တစ်ဘဝလုံးအတွက် ဂိုက်ဒ် ဆိုတော့ မင်းနဲ့ပတ်သက်ပြီး အစစအရာရာ သူ့စိတ် သူ့သဘောလား"

"ဆိုပါတော့ပေါ့ကွာ"





သူငယ်ချင်းတွေ မကျေမချမ်းတွေ မဖြစ်ကြစေချင်၍ ခပ်ပေါ့ပေါ့ ပြောဆိုမည်လို့ ရည်ရွယ်လာပေမဲ့ သူ့မျက်နှာကလည်း ကျဉ်းထဲကျပ်ထဲ စိတ်ဆင်းရဲနေတဲ့ရုပ်ကို ပြင်လို့မရ။ သူ့သူငယ်ချင်းတွေ ဆိုတာကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘယ်သူဘာဖြစ်နေတယ် သိနိုင်တဲ့ ရင်းနှီးမှုတွေနှင့်။

ပေါ်သစ်မင်းတို့ သူငယ်ချင်း တစ်စုဟာ တောင်ဥက္ကလာပမြို့နယ် ထဲမှာပင် ရပ်ကွက်သန့်သန့်ထဲ ခြံနှင့် ဝင်းနှင့် တိုက်နှင့် ကားနှင့် နေထိုင်ကြသူတွေပါ။ ယောကျ်ားလေး သုံးယောက်ထဲမှာလည်း တကယ်တော့ ပေါ်သစ်မင်းက မပြည့်စုံဆုံး။ ဇော်ဆက်နှင့် နောင်နောင်က ပေါ်သစ်မင်းထက်တော့ ပြည့်စုံချောင်လည်ကြပါသည်။ ငါးယောက်လုံးဟာ အထက်တန်းကျောင်းတစ်ကျောင်းတည်းမှာ တက်ကာ ရင်းနှီးခဲ့စခင်လာကြတာ နှစ်ပေါင်းကြာပြီ။

ဇော်ဆက်နှင့် နောင်နောင်က လွဲရင် ကျန်တဲ့သုံးယောက်က စာလည်း တော်ကြသည်။ ဟိုနစ်ကောင်ကတော့ လိန်လိန်ပိန်ပိန်နှင့် ကျောင်းတွင်းစစ် စာမေးပွဲ အသေးတွေမှာပင် ကျလိုက် အောင်လိုက် လုံးချာလိုက်နေသည်။

အခု ဖြေထားပြီးတဲ့ စာမေးပွဲမှာ ဇော်ဆက်နှင့် နောင်နောင်ဟာ အောင်ရင်လည်း အောင်မည်၊ ကျရင်လည်းကျ



www.burmeseclassic.com

www.burmeseclassic.com



မည်။ မရေမရာ။ ယဥ်မင်းကတော့ ဂုဏ်ထူးအနည်းဆုံး သုံးခု လောက် မှန်းနိုင်လောက်အောင် ဖြေနိုင်သည်။ ဆုပန်ကတော့ သင်္ချာနေ့က တော်တော်ကြီး မရ၍ နောက်တစ်နေ့ကိုလည်း စိတ် ဓာတ်ကျကာ သိပ်မဖြေနိုင်တော့လို့ ဆိုပြီး နောက်ဆုံးနေ့ကို ပေါ်သစ်မင်းလိုပဲ ခြစ်ချလိုက်ပါသည်။

ဒါကို ကျန်တဲ့သူတွေကတော့ ကျီစယ် စကားနာ ထိုးပါသည်။

“ပေါ်သစ် လုံးဝမရဘူး၊ ခြစ်ချမယ်ဆိုလို့ နင်လည်း လိုက်ခြစ်ချတာ နေမှာပါ ဆုပန်ရယ်” ... တဲ့။

“မဟုတ်ပါဘူးနော်၊ တစ်ခုတော့ ရှိတယ်၊ ပေါ်သစ်တောင် သူလိုချင်သလောက် မရနိုင်လို့ ခြစ်ချရတာပဲ၊ ငါလည်းခြစ်ချ ရဲရမယ် ဆိုတဲ့ အဖော်ရှိလို့ ခြစ်ရဲတဲ့အားတော့ပါတယ်၊ ငါလည်း အောင်ရင်တောင် ရိုးရိုးကလေး အောင်လာတော့မှာ မလိုချင်ပါဘူး၊ ငါက ဆရာဝန်ဖြစ်ချင်တာ”

ဆုပန်က ဤသို့ ချေပသည်။

ဒီတော့ သူတို့ထဲမှာ နောက်နှစ် ဆယ်တန်းပြန်ဖြေ ရမှာ သေချာနေတဲ့သူက နှစ်ယောက် ဖြစ်ပါသည်။ နောင်နောင် ကတော့ သူလည်းကျမှာ သေချာသလောက်ပါပဲလို့ ဆိုသည်။ အတိအကျတော့ မပြောနိုင်ပါ။





“မင်းကို ကျူရှင်တွေ စ,ပြီလား”

“စ,တော့မယ်၊ အင်္ဂလစ်ရှ်ကတော့ ဆုပန် အိမ်မှာ တက် နေတာမို့လို့ ငါက ဝိုင်းလုပ်ရင် အင်္ဂလစ်ရှ် မထည့်ဖို့တော့ ပြောထားတယ်”

“ဟင် ... ဒါဆို နင် ငါတို့အိမ်ပဲ ဆက်တက်မှာပေါ့”

“အေး”

ဆုပန်က ဒီတစ်ခုကို ကျေနပ်ကာ ပြုံးသွားပါ သည်။

“ကျန်တာတွေက အိမ်မှာပဲ ဝိုင်းမယ်ပြောတယ်၊ အဲဒီကို လည်း ဆုပန်ရော၊ နောက်တက်ချင်တဲ့သူရော ဝင်တက်လို့ ရတယ်၊ သုံးလေးငါးယောက် လက်ခံမယ်တဲ့”

“နင်တို့အိမ် လာတက်ဖို့ အဖေကြီး၊ မေမေက ပြောလို့ ရချင်မှ ရမှာဟ”

“ရအောင် ပြောဟာ၊ နင် ပါရင် နည်းနည်းစိတ်ချမ်းသာ စရာ ရှိဦးမယ်”

“ပေါ်သစ်တို့ကတော့ အပြောကောင်းပြီပေါ့၊ ဆုပန် တစ် ယောက်လည်း ဒါလေးတွေကိုပဲကျုပြီး လိုက်တောင်ခြစ်ချ ရတဲ့ဘဝ ရောက်ရော”

ယဥ်မင်းက ပြုံးမဲ့မဲ့လေး ဝင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း မသေချာရင် ဝင်တက်နေပါလား နောင်နောင်ရ၊ ပြီးတော့မှ အောင်တော့လည်း ပြန်ထွက်ပေါ့"

နောင်နောင်က ခေါင်းကုတ်နေသည်။ ဖော်ဆက်က ...

"ငါပါ ဝင်တက်နေရင် ကောင်းမယ်ထင်တယ်၊ မဖော်တဆ ဖွ ... မပြောကောင်း ပြောကောင်း ကျနေရင် စာနောက်ကျနေမယ်၊ အောင်နေရင် ထွက်လိုက်ရုံပဲ"

"အေး ... အဲဒီလို နင်တို့နှစ်ယောက်ပါ ဝင်တက်နေမယ်ဆိုရင်တော့ ငါ မေမေ့ကို ပြောအားရှိတယ်ဟ၊ တစ်အုပ်စုလုံး ပေါ်သစ် အိမ်မှာ သွားတက်ကြမဲ့သဘောပေါ့၊ နင်တို့က တခြားမှာတက်ပြီး ငါတစ်ယောက်တည်း ပေါ်သစ်အိမ်ကို လိုက်တက်မယ်ဆိုရင် မေမေက ဝေးတယ်၊ ဘာတယ်နဲ့ ဂျီကျနေမှာ သေချာတယ်"

ပေါ်သစ်မင်းသည် မတွေ့ရတာ ဆယ့်တစ်ရက်များကောင်ကြာတဲ့ ဆုပန်ရဲ့ မျက်နှာဖူးဖူး သန့်သန့်လေးကို ငေးစိုက်ကြည့်နေမိသည်။ မျက်လုံးဝိုင်း၊ နှာတံစင်းကလေးနှင့် ကျောင်းမှာရော ရပ်ကွက်ထဲမှာပါ ချစ်သူ ကြိုက်သူ လိုက်သူ များလှတဲ့ ဆုပန်ဟာ ထိုသူတွေအပေါ်တော့ မာနကြီးတတ်လှပြီး ပေါ်သစ်မင်းအပေါ်ကိုဆိုလျှင် မာနမရှိ ဆက်ဆံတတ်မြဲ ကောင်မလေး။





ပေါ်သစ်မင်းက သူ့ကို သံယောဇဉ် ကြီးလှသလို သူကလည်း ပေါ်သစ်မင်းကို သံယောဇဉ် ကြီးလှတာ အားလုံးသိ အကြောင်းသိတွေက သူတို့နှစ်ယောက်ကို ယှဉ်တွဲ၍ကြကြလည်း ဆုပန်က အပြုံးမပျက်။ ဟုတ်လို့ငြိမ်နေသလိုပင် ငြိမ်နေသည်။

"နင် ဘာလို့ ငိုင်နေတာလဲ ပေါ်သစ်"

ဆုပန်က တိုးတိုးမေးလိုက်၍ သူ ခေါင်းခါလိုက်ပါသည်။

"မဟုတ်ပါဘူး၊ ဦးဦး ဆုံးတာတောင်မှ နင်ဟာ ဝမ်းနည်းတဲ့အခါ နည်းပေမဲ့ တက်တက်ကြွကြွပါပဲ၊ ဒီလောက်မညှိုးဘူး၊ ဟိုအိမ်ကို မသွားတဲ့ ဆယ့်တစ်ရက်အတွင်း ညှိုးလျှော်ပြီး ပုံပြောင်းလာလိုက်တာ၊ လူတောင်ပိန်သွားသလိုပဲဟာ"

"အေးကွ၊ ပိန်တာတော့ မဟုတ်ဘူးပေါ့၊ ကိုယ်ရည်စစ်ပြီး သွားမှာလေ... အိပ် မစားဘူးလား"

"[illegible]

အိပ်ပါတယ်၊ စား လည်း စားတာပါပဲကွာ"

"ဟဲ့ ... နင် ဟိုမှာ အလုပ်တွေ ဘာတွေ ကူလုပ်ရသေးလား"

www.burmeseclassic.com



ချမ်းသာကြွယ်ဝလွန်းသော သူဌေးအိမ်ကြီး တစ်အိမ်က သူ့ကို ခေါ်ယူမွေးစားတဲ့သဘော ဆိုတော့ ခိုင်းရော ခိုင်းသေးလား ယဥ်မင်းက သိချင်သည်။

"ဘာမှ ကူမလုပ်ရဘူး၊ ကိုယ့်ထမင်းပန်းကန်တောင် ကိုယ်မဆေးရဘူး၊ အဝတ်လည်း လျှော်ခြင်းထဲ ပစ်ထည့်ရုံပဲ"

"ဒါပေမဲ့ နင်ကြည့်ရတာ မပျော်ဘူးမို့လားဟင်"

"အေး ... ပျော်တော့ မပျော်ဘူးဟ၊ စိတ်ညစ်တယ်"

စိတ်ထဲက ခံစားချက် လွတ်ထွက်သွားပါသည်။

"ဘာတွေ စိတ်ညစ်ရလဲဟင်"

"အများကြီးပေါ့ဟ၊ အသေးစိတ်တွေ၊ ဥပမာ ... ငါအခု ငါ့စက်ဘီးကို ဒီလိုလဲချထားတာမျိုး ထားလို့မရဘူး"

"ဘာလို့လဲ"

"စည်းကမ်းမရှိလို့တဲ့၊ ဂိုဒေါင်ထဲ သွားထားရတယ်"

"ဟင်း မဆိုင်ပါဘူး၊ စည်းကမ်းမရှိလို့မှ မဟုတ်တာ၊ စိတ်လွတ် ကိုယ်လွတ်သဘောနဲ့ ခဏထားတာပဲ"

"အေး ... မရဘူး၊ ဘာကိုမှ စိတ်လွတ် ကိုယ်လွတ် မလုပ်ရဘူး"

"ဟွန်း"





ဆုပနက်က နှာခေါင်းကိုရှုံ့၍ နှာခေါင်းမှ လေထုတ်သံနှင့် မနှစ်သက်တဲ့ အမူအရာ ပြသည်။ ပြောလက်စနှင့် ပေါ်သစ်မင်းသည် သူငယ်ချင်းတွေကို ရင်ဖွင့်ချင်လာကာ ..

"ထမင်းဆိုရင်လည်း ကိုယ်ဆာတဲ့အချိန် စားပြီး၊ မဆာရင် မဆာသလို နေလို့မရဘူး၊ အချိန် အတိအကျ စားရတယ်၊ အထူးသဖြင့် ညစာပေါ့၊ မနက်ဘက်ကျတော့ သူက ဆိုင်ကို သွားနေတော့ ဘွားဘွားကတော့ ငါ မစားချင်လည်း ဘာမှ မပြောဘူး၊ သူ မရှိရင်တော့ ကိုယ်ကြိုက်သလို နေလို့ရတယ်"

"သူ ဆိုတာက"

"သူ ဆိုတာ ဒေါ်မြသင်းသစ်လေ"

"ဩော် ... မင်းအဖေ ဆုံးတဲ့နေ့ကလာတဲ့ တအားလှတဲ့ အစ်မကြီးမို့လား"

"ဘယ်က အစ်မကြီးလဲကွ၊ ငါ့အမေထက် နှစ်နှစ် သုံးနှစ်ပဲ ငယ်တယ်၊ အသက်သုံးဆယ့်ငါး ပြည့်ပြီးပြီ၊ သုံးဆယ့်ခြောက်ဘဲမှာ"

"ဟာ ... တအားနုတယ်လေ၊ ငါက နှစ်ဆယ့်ခုနစ် ရှစ်လောက် ထင်တာ၊ ငါတို့ထက် ဆယ်နှစ်လောက်ကြီးမှာ ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ နေတာ၊ မင်းကိုတောင် မွေးမယ်ဆို မွေးလို့ရအောင် အသက်ကြွာတယ်"

"မင်းကလည်းကွာ၊ ဘယ်သိမလဲကွ၊ သူက အပျိုကြီးလား"

"အင်း ... အပျိုကြီး"

အပျိုကြီး အရမ်းလှ အရမ်းနု ဆို၍ မမြင်ဘူးသော ဆုပန်က စိတ်ဝင်စားလှတဲ့ မျက်လုံးတွေနှင့် ...

"နင်က သူ့ကို ဘယ်လိုခေါ်ရလဲ"

"အန်တီပေါ့"

"အန်တီ ခေါ်တော့ သူက ကြိုက်ရဲ့လား"

"ဘာလို့ မကြိုက်ရမှာလဲ၊ သူ ကိုယ်တိုင်ကလည်း ငါ့ကို မင်းနဲ့ ငါပဲ စကားပြောတာ၊ သူက ဆရာမကြီး သိပ်လုပ်ချင်တာ၊ သူ့ကို လူကြီးသူမသဘော ရိုသေမြှောက်စားလေ၊ သူက ကြိုက်လေ"

"သူက ဘာလုပ်တာလဲဟင်"

"စိန်တိုက်ဖွင့်ထားတာ၊ တခြားကျောက်မျက်ရတနာတွေ မပါဘူး၊ စိန်ထည်ပဲရောင်းတဲ့ စိန်ဆိုင်ပေါ့ဟာ"

ဆုပန်က ပခုံးကို တွန့်ရင်း ...

"သိပ်လည်းလှတယ် ဟုတ်လား"





"အင်းပေါ့၊ သိပ်လှတယ်ပဲ ပြောရမှာပဲ၊ လှတာကလည်း လှတာ၊ သူ့ကိုကြည့်လိုက်ရင် သူ့ဆီက ဘာအရောင်တွေ လျှံထွက်နေမှန်း မသိအောင် တောက်ပအရောင်ထွက်နေတာကလည်း ပါတယ်၊ မျက်နှာထားကလည်းမြင့်၊ အသန့်ကလည်းကြိုက်၊ သူ လှတာက လျှမ်းလျှမ်းတောက် လှနေတာ"

ဆုပန်က မျက်နှာပုပ်သွားပါသည်။ ဘယ်လောက်အသက်အရွယ် ရနေတဲ့ မိန်းမတစ်ယောက်ပဲဆိုဆို ပေါ်သစ်မင်းနှုတ်က ချီးမွမ်းခန်းတွေ ဖွင့်နေတာကို ဆုပန် မကျေနပ်နိုင်ပေ။

"ဒီလောက်ဖြစ်နေရင် မာနလည်း သိပ်ကြီးမှာပဲနော်"

"အင်း ... ကြီးတဲ့ပုံပါပဲ"

"နင့်အပေါ်ကိုကော သူက ဘယ်လိုဆက်ဆံလဲ"

ပေါ်သစ်မင်းက နှုတ်ခမ်းတစ်ဖက် တွန့်တက်ရင်း ...

"ငါ့ကိုလား၊ အရေးမပါတဲ့ ပုစိညှပ်တောက်ကောင်၊ သူ့ မြေတောင်မြှောက်ပေးမှပဲ လူတစ်လုံး သူတစ်လုံး ဖြစ်ရတော့မဲ့ကောင်၊ မနေတတ် မစားတတ် လူရေးလူရာမဝင်တဲ့ မသိနားမလည်ကောင်၊ သူ့အမိန့်အောက် ဘာမှ ကလန်ကဆန်မရှိ ပြားပြားဝပ် နေကိုနေရမဲ့ကောင် ဆိုတဲ့ အမြင်နဲ့ ဆက်ဆံတာပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ..."

ဆုပန်သည် တကယ် မခံမရပ်နိုင်ဖြစ်ကာ ဘရှုံ့ရှုံ့နှင့် အသက်ရှူသံတွေပါ ပြင်းထန်လာကာ မျက်နှာပင် နီမြန်းလာသည်။

"သူက မဆိမဆိုင် နင့်ကို ဘာလို့ ဒီလောက်တောင် အာဃာတပိုင်ရမှာလဲ"

"ဒါတော့ အဖေ့ကိုကလည်း သူ့ကို ဘာအထင်ကြီးမှန်းမှ မသိတာ"

"နင့်အဖေနဲ့က ဘာမှလဲ မတော်ဘဲ ဘယ်လိုပတ်သက်လို့လဲ၊ အရင်ကလည်း နင့်အဖေ ရှိကတည်းက သူ့ကိုမမြင်ဖူးမကြားဖူးပါဘူး"

"အဖေ့ရဲ့ ငယ်ချစ်ဦး ... တဲ့"

"ဟင် ... သူ ပြောပြတာလား"

"သူက ဘယ်ပြောမလဲ၊ အမေ ပြောပြတာ"

"ဟင် ... နင့်အဖေကလည်းဟယ်၊ အမေရင်း တစ်ယောက်လုံး ရှိရက်နဲ့ သူ့ငယ်ချစ်ဦးလက် အပ်သွားရတယ်လို့ ... ကျွတ်"

"သူ ယုံကြည်လောက်စရာ တစ်ခုခုရှိလို့ ဖြစ်ပါလိမ့်မယ်၊ ငါ အဲသလိုပဲ တွေးပြီး၊ စိတ်ကို ခုံးခုံးချ နေကြည့်လိုက်





တာပဲ၊ သူ့အမိန့်တွေက ငါ့အတွက် ကျဉ်းကျပ်လွန်းပေမဲ့ ငါ ကောင်းဖို့ဘက်ကို ဦးတည်ပါတယ်လို့ နားလည်ပြီး ရအောင် လက်ခံနေကြည့်တယ်"

"ဆံပင်တောင် သူ့အကြိုက် ညှပ်ရတာပေါ့နော်၊ နင့်ဘာသာ ညှပ်တာတော့ လုံးဝမဖြစ်နိုင်တာ ငါတို့ သိတယ်"

"ဟုတ်တယ်၊ ဆံပင်သွားညှပ်ရတဲ့နေ့က သူပါလိုက်တာ၊ ဘေးကနေ ညှပ်တဲ့လူကို သူက ပုံစံပြောတာ၊ အမှန်တိုင်း ပြောရရင် ငါကြိုက်တဲ့ ငါ့ဆံပင်ပုံလေးကို ရှိရှိနဲ့ ဖြတ်ချနေတုန်း ငါ ငိုတောင် ငိုချင်တာ၊ ယောကျ်ားလေးမို့လို့ ငိုလို့ မကောင်းလို့သာ ကျိတ်ခံနေလိုက်ရတာ၊ ကြည့်ပါလား၊ ဒီလောက် တိုတက်နေတဲ့ပုံစံ ငါ ဘယ်တုန်းက ထားခဲ့ဖူးလို့လဲ၊ သူ့စိတ်ကြိုက်ပေါ့ဟာ"

ဆုပန်သည် ပေါ်သစ်မင်းကို သနားကာ အသံလေးတုန်တုန်နှင့် ...

"ငါတောင် သူ့ကို မုန်းလိုက်တာဟာ"

ပေါ်သစ်မင်းက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ခုလည်း ငါ ဒီကိုလာတာ ဘွားဘွား ဆီပဲ ခွင့်တောင်းလာတာဟ၊ သူ့ကို ပြောနေရင် ရစ်နေမှာ သေချာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလကားနေ အပြင်ကို လျှောက်လည်မနေရဘူးလို့ ပြောထားတယ်"

"နင်က ယောကျ်ားလေးလေ၊ မိန်းကလေးတစ်ယောက်လို လာအုပ်ထိန်းနေလို့တော့ ဘယ်ရမလဲ"

ပေါ်သစ်မင်းက ခပ်မဲ့မဲ့ ပြုံးနေလိုက်ပါသည်။ အသေးစိတ်လွှန်း၍ ပြောပြလို့ မရတာတွေ ရှိပါသေးသည်။ သူ့မျက်စိရှေ့အောက် ပေါ်သစ်မင်း ရှိနေလျှင် ခေါင်းဖျား ခြေဆုံး အသေးစိတ် စေ့စေ့စပ်စပ် ဟိုကြည့်ဒီကြည့် ကြည့်ရှုအကဲခတ်နေတာမျိုးက လူကို အသက်ရှူကျပ်စေသည်။ ကိုယ့်ဟာကိုယ် နားအေးအောင် အခန်းအောင်းနေလျှင် ခေါ်ထုတ်ကာ ဟိုဟာမေး ဒီဟာမေး လုပ်သေးသည်။ သူ့မျက်စိရှေ့မှ ရှောင်နေလို့မရအောင် ခေါ်ယူပြီး အကြောင်းရှာ ပြောဆိုလျက် အမြဲ အကဲခတ်နေတတ်ပါသည်။ အရင်က ဖျတ်လတ်တက်ကြွ သွက်လက်လှပြီး မျောက်ရှုံးတဲ့ ကောင်လေးတစ်ယောက်ပုံစံ ရှိခဲ့သော ပေါ်သစ်မင်းဟာ ခုတော့ လှောင်အိမ်တစ်ခုအတွင်းမှာ ဆယ်ရက်သာသာနှင့်ပင် အသွင်ပြောင်း အပိုးချိုးခံလိုက်ရပြီ။





၆

မြသင်းသစ်က ညှော်သည်နှစ်ယောက်အတွက် ကော်ဖီမုန့်လုပ်ဖို့ နောက်ဖေးကို လှမ်းခိုင်းလိုက်ပြီး ဦးနိုင်မိုးဆွေနှင့်ပါလာသည့် ကလေးမလေးကို ပြုံးပြုံးကလေး အကဲခတ်ကြည့်နေမိသည်။

"ဒါ ... ကိုယ့်မိတ်ဆွေ ဦးသက်ထူး သမီးလေးလေ၊ သဉ္ဇာသက်ထူးတဲ့၊ ဟိုးတစ်နှစ်က ငါးဘာသာ ဂုဏ်ထူးနဲ့ ဆယ်တန်းအောင်ထားတာ"

"သြော် ... တော်လိုက်တာနော် သမီးလေးက"

"ဂုဏ်ထူးငါးခု ထွက်ပေမဲ့ သဉ္ဇာက ကွန်ပျူတာပဲ ဝါသနာပါလို့ ကွန်ပျူတာ ယူထားတယ် သစ်သစ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ဦးနိုင်ရဲ့၊ ခုခေတ်က ကွန်ပျူတာ သိပ်အရေးပါ ကျယ်ပြန့်လာတဲ့ ခေတ်ပဲ၊ ကွန်ပျူတာမှာ အိတ်စ်ပါ့ထ် ဖြစ်ထားရင် သူများရှေ့ကပဲ"

"သဉ္ဇာရေ ... ဒါ ဦးနိုင် ပြောနေကျ ဒေါ်မြသင်းသစ်"

"အန်တီ့ အကြောင်း ဦးနိုင်က အမြဲပြောနေတာ အန်တီ၊ အိမ်မှာ ဖေဖေနဲ့ မေမေဆို နားတွေညည်း အလွတ်တွေကို ရလို့၊ အန်တီက ဦးနိုင် ခြယ်မှုန်းထားတဲ့ စကားတွေထဲက ထက်တောင် ပိုလှတာပဲနော်၊ အန်တီလို့ ခေါ်ရတာတောင် အားနာပြီး ပါးစပ်မရဲချင်စရာ ဖြစ်နေပါတယ် အန်တီ"

ကောင်မလေးက အသွက်ပင်။ အသွက်လည်း အသွက်၊ အချောလည်း အချော။

"အမယ်လေး သမီးရယ်၊ သမီးက ခုမှ အလွန်ဆုံးရှိ ဆယ့်ရှစ်နှစ်ပေါ့"

"ဟုတ်ပါတယ် အန်တီ"

"သမီးအသက် နှစ်ဆပါကွယ်၊ အန်တီခေါ်ဖို့ မရဲစရာမရှိပါဘူး"

"နှစ်ဆလို့မှ မထင်ရတာ အန်တီ၊ သုံးဆယ်ပြည့်ပြီလို့ကို မထင်မိပါဘူး"

"အမယ်လေး ... ကဲ ... ကဲ ... မုန့်စားပါဦး သမီး၊ သမီးတို့မိသားစုက ဦးနိုင်နဲ့ အရင်းနှီးဆုံးမိသားစု ဆိုတော့





အန်တီ့ကိုလည်း လူရင်းမိတ်ဆွေပဲ သဘောထားပေါ့၊ အိမ်လည်း ဝင်ထွက်ပါ၊ သမီးမာမီကိုလည်း ပြောပြပါ၊ စိန်လေး ဘာလေး ဝယ်ချင် ဈေးချင်ရင်လည်း အန်တီ့ဆိုင်ဘက် အားပေးပါဦးလို့၊ ဝယ်နေကျ ဆိုင်တွေထက် အစစ သာရပါစေ့မယ်လို့"

"အဟင်း ...၊ မေမေကတောင် ဦးနိုင် အဖော်ခေါ်ပြီး အန်တီ့ဆိုင် ပို့ပေးဖို့ ဖေဖေ့ကို ပူဆာနေတာ၊ တီဗီကြော်ငြာကလည်း အရမ်းမိုက်တော့ စိတ်ဝင်စားနေတာပါ အန်တီ"

ဤ သွက်လက် ထက်မြက် ချောမောလှပသည့် ဆယ်ကျော်သက်လေးကို ကြည့်ကာ မြသင်းသစ် သက်ပြင်းလေး တစ်ချက် ခိုးရှိုက်လိုက်ပါသည်။ ဦးနိုင်မိုးဆွေ ဘာအတွက် ရည်ရွယ်ခေါ်လာသည်ကို သဘောမပေါက်၍ပင်။

"သဉ္ဇာက ဒီနေ့ ကိုယ့်အင်တာနက်ကဖေးကို လိုက်လေ့လာတာ၊ တစ်နေ့ကုန်ပဲ ဆိုပါတော့၊ ဒါနဲ့ အပြန် ပြန်ပို့ပေးရင်း ဒီခဏ လှည့်ဝင်လာတာလေ"

"သြော် ... အတော်ပဲ၊ ဦးနိုင် ဟိုတစ်နေ့က ပြောတဲ့ စာအုပ်ဟာ ဒီစာအုပ်လား၊ ခဏလိုက်ကြည့်ပါဦး ဦးနိုင်၊ စာကြည့်ခန်းထဲကို ခဏလေး၊ သမီးရေ မုန့်စားနေဦး ခဏလေးနော်"

"ရပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်က ရှေ့က ထွက်ကာ တံခါးဖွင့်ထားတဲ့ စာအုပ်ခန်းထဲ ဦးဆောင်ဝင်ခဲ့သည်။ နောက်က ဦးနိုင်မိုးဆွေ။ ထိုအခန်းဟာ စုဆောင်းသိမ်းဆည်းထားတဲ့ စာအုပ်ဗီရို စာအုပ်စင်တွေရှိရာ အခန်းလည်းဖြစ်၍ လောလောဆယ်တွင် ပေါ်သစ်မင်းတို့ရဲ့ စာသင်ခန်း လုပ်ထားပါသည်။

နဂိုကတည်းက စာကြည့်ခန်း စာဖတ်ခန်းဖြစ်၍ လင်းလင်းချင်းချင်း အရှိဆုံး အခန်းဖြစ်ရာ တမင်ပင် ဒီအခန်းမှာ *စာသင်စားပွဲ ထားလိုက်တာပါ။ ဆရာမ လာချိန်နီးပြီမို့ စာသင်*ခန်းထဲမှာ ပေါ်သစ်မင်းတို့ လေးယောက်လည်း ထိုင်နေကြကာ မြသင်းသစ်တို့ ဝင်လာတာကို မသိမသာ အကဲခတ်နေကြပါသည်။

မြသင်းသစ်က တကယ်လည်း ပြဖို့ရည်ရွယ်ထားတဲ့ စာအုပ်တစ်အုပ်ကို ဗီရိုမှ ထုတ်ပြကာ ...

"ဒါလေ ... ဦးနိုင် ဟိုတစ်လောက ပြောတဲ့ ..."

"ဪ ... ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုယ်ပြောတာ အဲဒါပဲ၊ အဲဒါကို ကိုယ့်တူကလေးက သူ့ Thesis အတွက် အသည်းအသန် ရှာနေတာ"

"ဒါဖြင့် ငှားမယ်လေ၊ ယူသွားလိုက်တော့"

"သင့်ခ်ယူးပဲ သစ်သစ်ရေ၊ ဒီကောင် ရှာမရဖြစ်နေတာ ဝမ်းသာသွားမှာပဲ"





"ဦးနိုင် ... သဉ္ဇာ့ကို ပေါ်သစ် အတွက် Guide လုပ်ဖို့ ရည်ရွယ်ခေါ်လာတာလား"

"ဟုတ်တယ် သစ်သစ်၊ ဟိုတစ်ရက်က သစ်သစ် ဂိုဒ်ရှာနေတယ်ဆိုလို့လေ"

သဲ့သဲ့စကားသံထဲ သူနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း ပါလာ၍ ပေါ်သင်မင်းက နားစွင့်လိုက်ပါသည်။ ဆုပန်သည်လည်း ပေါ်သစ်မင်းလိုပင် စကားသံတွေကို စိတ်ဝင်တစား နားစွင့်သည်။

"သဉ္ဇာက စာသိပ်တော်တယ်၊ အဲဒီအပြင် သူ ဂိုက်ဒ်လုပ်ပေးနေတဲ့ ဆယ်တန်းကလေးလည်း နှစ်ယောက်ရှိပြီးသား၊ ဟိုတစ်နှစ်က သူ ဖြေပြီးကတည်းက စ,လုပ်နေတာ"

"သိပ် အားနာတယ် ဦးနိုင်ရယ်၊ ဦးနိုင် ပြောပြီးဆိုပြီးဖြစ်နေပြီလားဟင်၊ သစ်သစ် သဉ္ဇာ့ကို ဂိုက်ဒ်အဖြစ် မလိုချင်ဘူး"

ဦးနိုင်မိုးဆွေက အံ့သြသွားပုံနှင့် ...

"ဘာဖြစ်လို့လဲ သစ်သစ်၊ အသွင်အပြင် ကြည့်လိုက်တော့ နုငယ်နေလို့လား၊ ဒီကောင်မလေးက သူ ဂိုက်ဒ်လုပ်ခဲ့သမျှ အိမ်တွေမှာလည်း နာမည်ကောင်း ရတယ်"

"ဦးနိုင် ဘယ်လိုပြောထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာမှမပြောထားသေးဘူး၊ သစ်သစ် သဘောကျ မကျ မြင်ရအောင် ဒီနေ့ အဆင်လည်းပြေနေလို့ ခေါ်လာပြတာ၊ သစ်သစ်က အိုကေဆိုမှ Request လုပ်မှာ ဆိုပြီးတော့ ..."

"အမယ်လေး၊ ဒါဖြင့် တော်ပါသေးရဲ့၊ ဦးနိုင် ကြားထဲက မျက်နှာပျက်ရမှာလည်း အားနာနေတာ၊ သစ်သစ် သူ့ကို မခေါ်ချင်ဘူး သိလား ဦးနိုင် ... နော်၊ ဘာမှမပြောနဲ့တော့"

"အင်းပါ ... ရပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ"

"သဠာက အရမ်းကို သွက်လက်ထက်မြက်ပြီး ချောလှနေတယ် ဦးနိုင်"

"ဟင်"

ဦးနိုင်မိုးဆွေက ပြုံးကျဲကျဲ ဖြစ်သွားပါသည်။

"သိတဲ့အတိုင်း အိမ်ကဟာက ကောင်လေး၊ ဖြစ်သော်ရှိ မဖြစ်သော်ရှိပေါ့၊ ရည်းစားကိစ္စ ရှုပ်ရှုပ်ယှက်ယှက် ဒီကလေးကို အဖြစ်မခံနိုင်သေးဘူး၊ မဖြစ်နိုင်ပါဘူး ပြောလို့မရဘူး ဦးနိုင်"

ပေါ်သစ်မင်းသည် တိုးတိတ်ပေမဲ့ ရေရေရာရာ ကြားလိုက်ရတဲ့ စကားကြောင့် မျက်ခုံးကြီးရှုံ့ကာ မျက်မှောင်ကြီး ကုတ်၊ မျက်နှာကြီးပုပ်ဖြစ်သွားပါသည်။ သူ့ကိုများ စာကျက်





စာမေး လာလုပ်ပေးမဲ့ ဂိုက်ဒ်မိန်းကလေးနဲ့တောင် မယှံသက်ာ စိတ်ပူနေလိုက်တာ။ သူက ပေါက်တတ်ကရ အစားထဲကမှတ်လို့။ ဂိုက်ဒ်ကို သွားကြိုက်မှာစိုးလို့ ဆိုတဲ့သဘောဖြစ်၍ သိက္ခာကျလှသည်။

"ဟုတ်ပါတယ်၊ ကိုယ် သဘောပေါက်ပါတယ်၊ မဖြစ်နိုင်ဘူး မပြောနိုင်တဲ့ ကိစ္စပါ"

"ဒါဖြင့် ဦးနိုင် တခြားက စုံစမ်းလို့ရဦးမယ် ဆိုရင် ယောကျ်ားကလေးပဲ လိုချင်တယ် သိလား"

"အိုကေ ... အိုကေ ... ကိုယ် သဘောပေါက်ပြီ"

ဆုပန်က ထိုင်ရာမှထ,ကာ အခန်းပြင် ခပ်သုတ်သုတ် ထွက်ဖို့ပြင်သည်။ မြသင်းသစ်သည် ဆုပန်ကို မျက်ခုံးတွန့်ကြည့်တာ ...

"ဘယ်လဲ ဆုပန်"

"သမီး ရေသောက်ချင်လို့ ရေပုလင်း သွားယူမလို့"

ဆုပန်က ဖြေလည်းဖြေ ပြေးလည်းထွက်။ မြသင်းသစ် တားမရလိုက်တော့။ ဒီကောင်မလေးလည်း သိပ်ကြည့်လို့ကို မရပါဘူး။ ပျာပျာပျာပျာနှင့် ရုပ်ကလည်း နှုတ်သီးကောင်းလျှာပါးနဲ့။ ပေါ်သစ်မင်းကိုလည်း အရေးလည်းလုပ်၊ ဆရာလည်းလုပ်တော့သည်။ ပြိုင်ပြင်းရင် သူ အနိုင်ယူလိုက်တာချည်း။

www.burmeseclassic.com



သူသည်လည်းပဲ လှတီးလှတ။ ဒါပေမဲ့ ဒီဝိုင်းမှာ လာတက်မည်ဆိုပြီး သူ့သူငယ်ချင်း နောက်ထပ်သုံးယောက် စုခဲ့သည်ဆိုတော့ ဤမျှထိ သူ့သူငယ်ချင်းတွေနှင့်ပါ အဆက်တပြတ် မပေါင်းရ မသင်းရ မလုပ်လို၍ ကိုယ့်ဟာကိုယ် လူမရွေးမစတော့ဘဲ ပေါ်သစ်မင်း ခေါ်ထည့်လာတာတွေကိုသာ လက်ခံကြည့်ဖြူ လိုက်တာပါ။

ရောက်လာတော့ ယောကျ်ားလေး သုံးယောက် အလယ်မှာ မိန်းကလေးက ဆုပန် တစ်ယောက်တည်း။ အဲဒီ ဆုပန်ဟာလည်း ကြည့်လိုက်သည်နှင့် ကျန်နှစ်ယောက်နှင့် သိပ် သံယောဇဉ်မကြီးဘဲ ပေါ်သစ်မင်းနှင့်မှ သံယောဇဉ် ပိုကြီးနေဘာ အသိအသာကြီး။

ဆုပန် ရေပုလင်းနှင့် ပြန်ဝင်လာတာကို မျက်မှာ တည်တည်ကလေးနှင့် ကြည့်ပြီးမှ မြသင်းသစ်နှင့် ဦးနိုင်မိုးဆွေတို့ စည့်ခန်းသို့ ပြန်ထွက်သွားကြပါသည်။

"နှင် တော်တော်ကဲ"

နောင်နောင်က ဆုပန်ရဲ့ နဖူးကို ကော်ပေတံနှင့် လှမ်းထောက်ရင်း ဆိုသည်။

"ဘာကဲလို့လဲ၊ ပေါ်သစ်ရဲ့ ဂိုက်ဒ်အဖြစ်တောင် လက်မခံ ချင်ရအောင် အဲဒီအစ်မကြီးက ဘယ်လောက်တောင် လှ လဲလို့ သွားကြည့်တာပဲဟာ"





"လှလား"

"အေး... လှတယ်ဟဲ့၊ ပေါ်သစ်တော့ တော်တာပဲ ... အဟိ"

မြသင်းသစ်က ဒီဂိုက်ဒ်ကို မခေါ်ဘူးဆို၍ ဆုပန် သဘောကျ ကျေနပ်နေပါသည်။ ခေါ်မည်ဆိုလျှင် သူ သဝန်တို နေဦးမှာ။

"ဒီအမျိုးသမီး ကြည့်ရတာ ပေါ်သစ်ကို ခပ်တိုတိုဟ၊ ဂိုက်ဒ်တောင် လှနေလို့ မခေါ်ဘူးဆိုတော့ ..."

"ဟဲ့ ... ပေါ်သစ်၊ ခုနက ဦးလေးကြီးကကော ဘယ်သူလဲ"

"ဦးနိုင်မိုးဆွေတဲ့၊ သူ့ရည်းစား"

"ဟယ် ... ဟုတ်လား"

"ရည်းစားပဲ ပြောရမှာပေါ့၊ သူတို့ လက်ထပ်ဖို့ ရည်ရွယ် ထားကြတယ်၊ နောက်ဖေးက ဒေါ်ဟိုးတို့ ပြောပြတာပဲ"

"သူတို့ လိုက်တယ်ဟဲ့နော်၊ ဒီလူကြီးကလည်း သန့်ပြီးခန့် နေတာပဲ"

ဆုပန် ကတော့ ကျေနပ်ပြီးရင်း ကျေနပ်ရင်းနှင့် ဆိုနေ့အဖို့ ပြုံးဖြီဖြီ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကို ချလိုက်လျှင် သူ့ကိုစိုက်ကြည့်နေသော မြသင်းသစ်နှင့် မျက်နှာချင်း သွားဆိုင်မိလျက်သား ဖြစ်နေ၍ ရှိုးတိုးရှန့်တန့် ဖြစ်သွားပါသည်။ သူနှင့် ရင်ဆိုင်လိုက်ရလျှင် ဘာကြောင့်မှန်း မသိ၊ ပေါ်သစ်မင်းသည် ကိုယ့်ကိုယ်ကိုယ် အကောင်သေးသေးလေးတစ်ကောင် ဖြစ်သွားရတဲ့အလား ခံစားရသည်။

ဒေါ်မြသင်းသစ်ဟာ ကြီးမြတ်နေ၍ ကိုယ်က ဘယ်လောက်မှ မဟုတ်တဲ့အရာကို သိသိသာသာ ခံစားရစေပါသည်။ သူ့ရဲ့ မျက်လုံးအကြည့်တို့ဟာ ဤမျှ စူးရှစိုးမိုးနေတာပင်။ မနေတတ် မထိုင်တတ်သလို ချောင်ထဲထိုးရတော့မလို ဖြစ်ရသည်။

"လာဦး"

ပေါ်သစ်မင်းက သက်ပြင်းတစ်ချက်ချကာ သူ့ရှေ့အရောက်သွားရပါသည်။ "ပေါ်သစ်မင်းရေ ... ခဏ" ဆိုတာမျိုး ညင်းပျောင်းချိုသာ ဘယ်တော့မှ မရှိ။ တစ်အိမ်လုံးအပေါ် ကြည်လင်ပျော့ပျောင်းသော မြသင်းသစ်သည် သူ့အပေါ်တွင် ဘာကြောင့်တိုပြတ်မာဆတ်နေတတ်ပါသနည်း။





"ဘယ်ကဖုန်းလဲ"

"သူငယ်ချင်းဆီက"

သူကလည်း တုံးတိတိပဲ ဖြေသည်။

"ဘယ်သူငယ်ချင်းလဲ၊ နာမည်ပြော"

"ဆုပန်"

"နေပါဦး၊ အဲဒီကောင်မလေးက မင်းဆီကို ဖုန်းဆက်ရလုချည်လား"

သူ ဘာမှမဖြေမိ။ စိတ်ညစ်ကျဉ်းကျပ်နေသည်။

"တခြားသူငယ်ချင်းကောင်လေးတွေ နှောင်နှောင်တို့၊ နောက်ဘယ်သူ ... ဇော်ဆက်တို့တောင် ဖုန်းမဆက်ပါဘူး၊ သူက ချည်းနေ့စဉ်နဲ့အမျှ ဆက်နေတာ"

"တစ်ရက်ခြားပါ"

"မင်း ကတ်သီးကတ်သတ် စောဒကမတက်နဲ့၊ မင်းတို့တစ်တွေ စနေ တနင်္ဂနွေကလွဲရင် ငါးရက်လုံး နေ့စဉ်နဲ့အမျှ တွေ့နေရတာ၊ တွေ့တုန်းလည်း စကားတွေ ပွတ်ကျွတ်ပွတ်ကျွတ်နဲ့ ပြောနေကြတဲ့ကြားက ဒီလောက်ကြီး ဖုန်းပြောစရာ ဘာလိုသေးလဲ"

ပေါ်သစ်မင်း ဘာမှမပြော။ လက်နောက်ပစ်၍ ငြိမ်ရပ်နေပါသည်။

www.burmeseclassic.com



"အခု ငါ နာရီကြည့်ထားတယ်၊ နာရီဝက်တောင်ကြာတယ်"

သူ နံရံက နာရီကို တစ်ချက်ကြည့်မိသည်။ ဟုတ်ပါသည်။ နာရီဝက်လောက် ဖြစ်သွားပါသည်။

"အောင်မယ် ... နာရီကို လှမ်းကြည့်မနေနဲ့၊ ငါပိုမပြောဘူး၊ မင်းက နှစ်ဆယ့်ကိုးမိနစ်ပါလို့ ဆင်ခြေတက်ချင်လို့လား"

သူ ရှုပ်ပုပ်ကာ ...

"မတက်ပါဘူး"

"ဘာတွေ ဒီလောက် ပြောနေလဲ၊ ဒီကောင်မလေးက မင်းကို ဘာစကားတွေ ဒီလောက်တောင် ပြောနေလဲ၊ ယောကျ်ားလေးကပဲ ဆက်ရတယ် မရှိဘူး၊ သူကချည်း ဆက်တာ၊ ခုနစ်နာရီခွဲဆိုရင် ဖုန်းကလာပါပြီ ပုံမှန်"

ဒါကတော့ ရှစ်နာရီမှာ သူ့အချိန်စာရင်းအရ စာတစ်ချိတ်စ်မောင်း ကျက်ရတော့မည် နီးပြီမို့ ဆုပန်က ခုနစ်နာရီခွဲမှာ ဆက်တာပါ။

"သူကချည်း ဆက်တယ်ဆိုတာက ကျွန်တော်က ဆက်ရင် ဒီဘက်က အန်တီ့ဖုန်း ဘီလ်တက်မှာစိုးလို့ ကျွန်တော့်ကို ညှာပြီး သူချည်းဆက်တာပါ"

"အောင်မယ်"





မြသင်းသစ်က ပခုံးကိုပုတ်၍ မဲ့ရွဲ့လိုက်ပါသည်။ သူကလည်း အလကားကြီး။ ခပ်ရွဲ့ရွဲ့ ဖြေတတ်သား။ သို့သော် ... ဒီက မြသင်းသစ် ဖြစ်၍ ကိုယ့်ကို ကလန်ကဆန်သဘော ရည်ရွယ်ပြောလျှင် တစ်စက်လေးမှ ငြိမ်မခံချင်ရကား ...

"ဒီမယ် ... မင်းကို တစ်လကျူရှင်ခတွေ သောင်းတွေချီ အကုန်အကျခံပြီး စာကျက်တဲ့ ဝိုက်ဒ်ကို နှစ်သောင်းခွဲတန် ငှားပေးထားတာ၊ မင်း ဖုန်းပြောလို့ကျမဲ့ ပါချီပါချက် ကျပ်ငွေကလေးကျမှ ငါက နှမြောနေလို့ ဆက်စေချင်မှာ မဟုတ်ဘူး ထင်နေသလား"

ပေါ်သစ်မင်းသည် အထွန့်တက်စရာ မရှိတော့ဘဲ ငြိမ့်မဲ့အောင် ခံလိုက်ရပါသည်။

"မင်း ဖုန်းပြောမှာကို ဘီလ်တက်မှာကြောက်လို့ မပြောစေချင်တာ မဟုတ်ဘူးဟေ့၊ မင်း သိဖို့က၊ အေး ... ပြောစရာကိစ္စရှိလာရင် စာဆွေးနွေးဖို့ တိုင်ပင်ဖို့ လိုလာရင် မင်းက ဆက်ပြီး တစ်နာရီပြောပြော နှစ်နာရီပြောပြော၊ နော် ...၊ မလိုလားအပ်တဲ့ စကားတွေ အချိန်ပုပ်ခံပြီး ပြောနေတာ အကျိုးယုတ်လို့၊ ဟိုဘက်က ဆုပန်က သူ့ဟာသူ သူ့ဖုန်းဘီလ်တက်ခံ ဆက်ပေမဲ့ မင်းအတွက် အကျိုးယုတ်မယ်ဆိုရင် ငါက တားရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကျိုးမရှိဘူး ဆိုရင်တော့ ဖြစ်နိုင်ပါတယ် အန်တီ၊ အကျိုးယုတ်တယ်တော့ မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်နိုင်မှာလဲ"

"ဒါ ကျွန်တော့် အားလပ်ချိန်ပါ၊ Time table မှာ ခဏ နားချိန်ပါ၊ အချိန်ဇယားကို မပျက်စေပါဘူး"

"ခဏနားချိန်မှာ စိတ်အား လူအား ပေါ့ပေါ့ပါးပါး မင်း မနားရတော့ဘဲ အနားမရဘဲ ဟိုကပြောသမျှ နားထောင် ပေးနေရတာဟာလည်း အကျိုးယုတ်တာပေါ့၊ တကယ်ဆို ဒီအချိန်မှာ မင်း ခဏတဖြုတ် လဲလျောင်းလို့ ရတယ်၊ ကစားခုန်စားလုပ်လို့ ရတယ်၊ ခြံထဲ လေကောင်းလေသန့် လေးရှူ လမ်းလျှောက်လို့ရတယ်"

တော်ပါပြီ။ ပြိုင်ပြောရင် မနိုင်နိုင်၍ ပေါ်သစ်မင်း က ပြိုင်မပြောချင်တော့ပါ။ ဆုပန်ကို ကိုယ်တိုင်ကလည်း လိုလို လားလား စကားပြောချင်သည်ဖြစ်၍ သူနှင့် စကားပြောနေရ၊ သူ့အသံကြားနေရလျှင် ကိုယ်ပါ စိတ်ပေါ့ပါးကြည်လင် ပျော်ရွှင် ပါသည်လို့ ဓာဒကတက်လျှင်လည်း ဒါဟာ အစွဲ့တိုက်ပြောတဲ့ ဓာဒကသက်သက်ပဲလို့ အန်တီက စွပ်စွဲပါလိမ့်မည်။

"သူက ဘာတွေ ဒီလောက်ပြောနေလဲ၊ ငါ့ကို ပြောပြစမ်း"





ပေါ်သစ်မင်းသည် တအားစိတ်ညစ်လာပါသည်။ ဒီမေးခွန်းမျိုးကို ဘယ်လိုလုပ်ပြီး ဖြေလို့ရပါ့မလဲ။ ဘာအကြောင်း ရယ်လို့ ခေါင်းစဉ်တပ်လို့မရသော စကားမျိုးတွေချည်းပေါ့။ အရေမရ အဖတ်မရ စကားတွေ ဖြစ်သည်ဆိုတာ ဝန်ခံပါသည်။ ဒါတွေကို ဘာတွေပါ၊ ဘာတွေပါလို့ ဘယ်လိုမှ အစကောက်ပြီး ဖြေလို့မရနိုင်။

"ဖြေလေ"

"ဘာမှ မဟုတ်ပါဘူး"

"ဘာမှ မဟုတ်ဘူးလို့တော့ ဘယ်ဟုတ်မလဲ၊ ဒီလောက် တောင် ဆက်တိုက်ပြောနေတာတွေထဲက တစ်စတစ်ခုထုတ် ပြီး ပြောပြလို့တောင် မရဘူးလား"

"ပြောပြလို့ မရဘူး အန်တီ၊ ပြောပြလို့ မရဘူးဆိုတာ မသိစေချင်လို့ ဖွင့်ပြောလို့ မရဘူးဆိုတဲ့ အဓိပ္ပာယ်မဟုတ် ဘူး၊ ပြောလို့ကို မရတာ၊ ဘာရယ်လို့ကို ခေါင်းစဉ်တပ် လို့မရတာ"

"အရေမရ အဖတ်မရ ဝေလေလေတွေပေါ့"

"ဟုတ်ကဲ့"

ဝန်ခံလိုက်တော့ အေးရော။ သို့သော် မအေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို အကျိုးမရှိတဲ့ စကားမျိုးတွေကို တစ်ရက်ခြား တစ်ကြိမ် ပြောနေစရာ မလိုဘူး ပေါ်သစ်မင်းရေ၊ ပြောပေါ့ တစ်ခါတစ်ရံ၊ သူပြောတိုင်း ကိုယ်က အချိန်ပေးနားထောင် နေလို့ ရပါ့မလား၊ ဒီကောင်မလေးကို စကားများတာ၊ စာသင်တုန်းလည်း ကောင်လေးတွေ အသံမထွက်ရဘူး၊ သူပဲ စာစာ စာစာ အသံထွက်နေတာပဲ၊ ငါ ဒီကောင်မ လေးကို ကြည့်လို့ကို မရဘူး"

တကယ်ကို ကြည့်မရတာ အမှန်ပင်။ မြသင်းသစ် မျက်စိထဲ၌ ဆုပန်ကို အတော့် ခရော်စ် ဖြစ်နေပါသည်။ ပေါ်သစ် မင်းနှင့် ဆုပန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ရှုတဲ့အကြည့် တွေ၊ အဓိပ္ပာယ်ပါတဲ့ အပြုံးကိုယ်စီတွေ၊ မခို့တရို့ ကယုကယင် အမူအရာလေးတွေဟာ မြင်လိုက်ရတိုင်း မြသင်းသစ်ကို သွေးတိုး နှုန်း မြန်စေကာ စိတ်တိုလာစေတဲ့ မြင်ကွင်းတွေ ဖြစ်သည်။

ဒီဘက်က အကောင်ကလည်း ခပ်ပါပါ။ ပေါ်သစ်မင်း ကို မြသင်းသစ်က ခြေဆုံးခေါင်းဖျား ကြည့်လိုက်ပြန်ပါသည်။ ဖြူဝင်းသန့်ပြန့်နေသော ရုပ်ကလေးနှင့် ဆံပင်လေးကို တိုထောင် ထောင်လေး ညှပ်ထားပုံလေးဟာ မြသင်းသစ် မျက်စိထဲတော့ အရမ်းကို လိုက်ဖက်နေသည်။

ဆံပင်တိုသွား၍ ရုပ်ကပိုသန့်ကာ စည်းစနစ်ကျနစွာ ပုံသွင်းထားသော လူကြီးလူကောင်းသားသမီး ရုပ်ကလေး



ထွက်နေသည်။ ရှပ်ကျယ်ချိုင်းပြတ် ဟာပြဲကြီးတွေ ဝတ်ခွင့်မပြု၍ အိမ်နေရင်း ဝတ်ထားတဲ့ တီရှပ်ဖြူလေးဟာလည်း လူကို ပိုသန့် ပြန့်စေသည်။

ဘောင်းဘီရှည် ဝတ်ချင်ဝတ်၊ စကောစက ဟိုမကျ ဒီမကျ မရှည်မတို ဒူးသရီးကွာတား ဘောင်းဘီမျိုးတွေလည်း မဝတ်ရဘူး ဆိုထား၍ ပေါ်သစ်မင်းက မြသင်းသစ် အပုံလိုက် အထပ်လိုက် အသစ်ဝယ်ပေးထားတဲ့ ပုဆိုးခပ်မှောင်မှောင်နက်နက် ကလေးတွေထဲက တစ်ထည်ကို မတိုမရှည် သပ်သပ်ရပ်ရပ် ဝတ် ထားပါသည်။

ဘယ်လောက် ကြည့်ကောင်းတဲ့ ကောင်ကလေးလဲ။ မြသင်းသစ်ရဲ့ အုပ်ထိန်းမှုအောက်က လူရည်သန့်ကလေး။ စာက လည်း ကြိုးစားနေသည်။ စာမေးပွဲကို ဂုဏ်ထူးတွေနှင့် အောင်ဦး မည်။ အထက်အမြင့်သို့ တက်ရိပ်တလူလူနှင့် ကောင်ကလေး။

မျက်စိအောက်၌ပင် တစ်စစ အသွင်ပြောင်းကာ တောက်ပြောင်ထွန်းလက် လာနေသော ဤကောင်ကလေးကို မျက်နှာသာ မပေးပေမဲ့ အမြဲတမ်း အရိပ်တကြည့်ကြည့် ရှိမိတာ ကိုယ့်ဟာကိုယ် မြသင်းသစ် အသိဆုံး။ တစ်ရက်ပြီး တစ်ရက် တိုးတက်လာသမျှကို အကဲတခတ်ခတ်နှင့် ကိုယ့်အရောင်တင်မှုကြော သူ့အရောင်ထွက်မှုတိုကော ကျိတ်၍ ကျေနပ်ဘဝင်ခိုက်ကာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤလို အရိပ်ကြည့်နေရတဲ့ ကောင်လေးကို နီးနီး နားနားရှိတဲ့ တော်ရိလျော်ရိ ကောင်မလေးမျိုးတွေနှင့် နီးစပ်မှု အခွင့်အရေးတွေ ပေးလွှတ်မထားနိုင်ပါဘူး။

"နေစမ်းပါဦး၊ အဲဒီဆုပန်က မင်းနဲ့ သူငယ်ချင်းလား၊ ရှည်းစားလား"

ပေါ်သစ်မင်း မျက်နှာရဲရဲကို ပုပ်ကာ ...

"သူငယ်ချင်းပါ"

"သူကကော မင်းကိုများ ကြိုက်နေလား"

"မကြိုက်ပါဘူး"

"အေး ... မကြိုက်ရင်ပြီးရော၊ မင်း စောစောစီးစီး နီးရာ တွေ့ရာ မိန်းကလေးမျိုးနဲ့ ကောက်ကြိုက်မပစ်ရဘူး၊ နားလည်လား"

"ဆုပန်က တွေ့ကရာ မိန်းကလေးတော့ မဟုတ်ပါဘူး အန်တီ၊ ကျွန်တော့်ထက်ဆိုရင် အဆများစွာ အဆင့်မြင့်ပါတယ်၊ သူ့ဌေးသမီးပါ၊ အဖေက အရိုးအကြောအထူးကု ဆရာဝန်ကြီးပါ"

"ဒီတော့ ဘာဖြစ်သလဲ"

"ဒီတော့ ကျွန်တော့်ထက် အပုံကြီးမြင့်တာပါ၊ သူနဲ့ ကျွန်တော် နီးစပ်ရင် နာချင်းနာ သူ့ဘက်ကလူတွေ နာရမှာပါ၊ ကျွန်တော့်ဘက်က လူတွေက နာဖို့မရှိလှပါဘူး"





"အောင်မာ ...၊ ဒီစကားမျိုးများ ပြောလို့၊ နင်က နီးစပ်ရင် နင်က မြတ်တယ်တောင် ထင်ပြီး ပျော်နေရတာပေါ့လေ"

"ကျွန်တော် ပြောတဲ့ထဲမှာ မြတ်တာ ရှုံးတာတွေ မပါပါဘူး"

"သူ့ဘက်က နာတာတော့ ပါတယ်လေ၊ ဘာကိစ္စနဲ့ သူ့ဘက်က နာစရာရှိသလဲ၊ မင်းက ဒေါ်စိန်တင်တင်ရဲ့ မွေးစားမြေး၊ ဒေါ်မြသင်းသစ်ရဲ့ မွေးစားသားပါဟဲ့၊ မင်း အခု လောလောဆယ် ရောက်နေတဲ့အဆင့်က သူ့အဆင့်ထက် အများကြီး သာတယ်၊ ယောက်ျားဖြစ်ပြီး ဆုတ်နစ်တဲ့စကား နှိမ်ချတဲ့စကား မပြောစမ်းပါနဲ့"

"ဒါက ခဏပဲဟာ အန်တီကလည်း၊ တကယ်အစစ်က ကျွန်တော်က ကွယ်လွန်သူ ဦးထင်ပေါ် ဒေါ်လေးမြိုင်တို့ရဲ့ သားပဲ"

မြသင်းသစ်သည် ဘာကြောင့်မှန်းမသိ ဒေါတွေ အကြီးအကျယ် ပွမိပါသည်။ ဒီကဖြင့် သူ့အတွက် ဘဝတစ်ဆုံး ခြေတောင်မြှောက်ဖို့ တွေးလို့အားမရ။ သူက ကိုယ်တွေကို ခဏ ဖြတ် ခိုလှုံရာထက်ပိုပြီး စာရင်းမသွင်း။ မျက်နှာကြီး တအား ကြော၊ လက်ဖျားတွေ တုန်ယင်လာသည့် မြသင်းသစ်ကို ပေါ်သစ်မင်းက တအံ့တဩ နားမလည်နိုင်စွာ ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်းက ဒီလို ပြောတယ်ပေါ့နော်၊ အေး ... လုပ်ပေးနေရကျိုးနပ်ပါ့ ပေါ်သစ်မင်းရယ်၊ ငါတို့သားအမိက ဘယ်စာရင်းထဲမှ မပါ၊ မင်း အသိအမှတ်ပြုတဲ့ထဲ ချောင်တောင်မကပ် ..."

"အန်တီ ... အန်တီ ...၊ ကျွန်တော် ဒီသဘောပြောတာ မဟုတ်ဘူး၊ ကျွန်တော်က ဘွားဘွားနဲ့ အန်တီ့ကို ကျေးဇူးရှင်စာရင်း သွင်းထားပြီးသားပါ၊ ကိုယ့်ကို မြေတောင်မြှောက်ပေးနေတဲ့ ကျေးဇူးရှင်ကို အသေအချာ သိပြီးသား၊ ရိုသေပြီးသားပါ၊ ကျွန်တော် ပြောတာက ကျွန်တော် ကြီးလာလို့ ဆရာဝန်ကြီးတစ်ယောက် ဖြစ်လာလည်း ကျွန်တော့်မိဘက ဒီအဆင့်အတန်းကပဲ၊ ဆုပန်တို့လို မွေးကတည်းက အဆင့်အတန်းမြင့်မြင့် တခမ်းတနား အသိုင်းအဝိုင်းက မဟုတ်တဲ့အကြောင်း"

"တော်စမ်း ... ထစ်အ, ထစ်အနဲ့ ဘာပြောလို့ ဘယ်အရာရောက်မှန်းလည်းမသိ၊ တရှည်တလျား တွေးမနေနဲ့၊ လောလောဆယ် ဆုပန်ထက် မင်းက သာသွားပြီ၊ ဒါပဲ ခေါင်းထဲထည့်ထား၊ မင်းဟာ "ရွှေနန်းသုံး"စိန်တိုက်ပိုင်ရှင်ရဲ့ မွေးစားသား ... ဒါပဲ"





"အဲဒါက ..."

"မင်း စောဒကမတက်နဲ့၊ မရှည်နဲ့။ မင်းဟာ ခုနေခါ မင်းသုံးချင်ရင် ငွေကို သိန်းချီပြီး ပိုးခနဲ ပက်ခနဲ သုံးနိုင်တဲ့ ပြည့်စုံကြွယ်ဝမှုမှာ ရှိတယ်၊ နားလည်လား၊ တော်ရုံမိန်းကလေးမျိုးတွေနဲ့ မင်းကို ငါ သဘောတူလိမ့်မယ်လည်း မထင်နဲ့"

ပေါ်သစ်မင်းသည် ဘာဆက်ပြောရမည် မသိ၍ ခေါင်းကို ကုတ်နေမိပါသည်။ ဒီစိန် ဒီရွှေ ဒီအမွေတွေ ကိုယ်ရမှာကျလို့။ ဒီလိုပြောလိုက်လျှင် မျှော်မှန်းရာ စိတ်ကူးယဉ်ရာကျမှာ ရှက်လှ၍ ဖွင့်မပြောရဲပါ။ သူနဲ့ ဒါတွေ ဘာဆိုင်လို့လဲ။ ကဲပါ ... ဘယ်လိုပဲ ဖြစ်ပါစေထား။ ဆုပန်ကို သူဟာ ငယ်သံယောဇဉ်နှင့် တိတ်တိတ်ကလေး မြတ်နိုးလာတာပါ။ ချမ်းသာဆင်းရဲတွေနဲ့လည်း မဆိုင်ပါ။

"စကားက တောရောက် တောင်ရောက်နဲ့၊ အဓိက,က ဒီကောင်မလေးကိုမှာထား၊ ခဏခဏ အလကား အားအားယားယား ဖုန်းဆက်မနေစေနဲ့၊ မင်း ဖီဖီစီးစီး မပြောရင်၊ ငါ ကိုယ်တိုင် ဖွင့်ပြောရလိမ့်မယ်၊ ငါတားရရင် ကောင်မလေးက ကြိုက်မှာမဟုတ်ဘူး၊ မင်းဟာမင်းတား၊ ယို့ကောင်လေးတွေတောင် မဆက်ဘဲနဲ့၊ တကူ့တဲ့မှပဲ ..."



www.burmeseclassic.com

ပြီးတော့နော် ... မင်း စွဲမှတ်ထားဖို့က မင်းတို့ ငါတို့ဟာ ဆုံဖို့ ရေစက်ကို ပါလာလို့ ခုလို လာပြီးပတ်သက်ဆုံစည်းရတာ၊ ငါရော မမေရော မင်းကို စေတနာထားပြီး ဖြစ်ထွန်းစေချင်တာ၊ မင်းက မဖြစ်ညစ်ကျယ်မာနတစ်ပဲသားနဲ့ လာပြီး ဟိုဟာမသုံးချင် မစွဲချင်၊ ဟိုဟာကုန်ကျမှာစိုး၊ ဒီဟာ အားနာတာမျိုး ကိုယ်နဲ့ပဲ မထိုက်တန်သလို သိပ်အပိုတွေ အိုက်တင်မများနဲ့"

"ကျွန်တော် ဘွားဘွားနဲ့ အန်တီ့ကျေးဇူးကို သိပါတယ်၊ ဘွားဘွားကိုဆို ညအိပ်ရာဝင်တိုင်း အမြဲကန်တော့တာပါ"

"ဟင် ... ငါ့ကျ ဘာဖြစ်လို့ မကန်တော့ပဲ ချန်ထားလဲ"

ပေါ်သစ်မင်းက ကိုယ်ကို အနေခက်စွာ လိမ်တွန့်ရင်း ...

"အန်တီက ... ငယ် ... နေလို့ပါ"

မြသင်းသစ်ရဲ့ မျက်စောင်းကြီးက ပေါ်သစ်မင်းထံ အင့်ခနဲ မြည်လောက်အောင် ခုန်ပျံဝင်လာသည်။





## ၇

မနက် ကော်ဖီဝိုင်းမှာ ပေါ်သစ်မင်းကို မမြင်လျှင် မြသင်းသစ်က ခပ်တည်တည်နှင့် ချောချောတို့ ဒေါ်တိုးတို့ကို ကြည့်ကာ ...

"ဟိုကောင်လေးကော"

စားပွဲ၌ မုန့်ဟင်းခါး စားနေသော မမေက ဝင်ဖြေ ...

"စားသွားပြီ ၂ါပြီ သမီးရယ်၊ ကော်ဖီလည်း သောက်ပြီးပြီ၊ မုန့်ဟင်းခါး၂ည်း စားပြီးပြီ၊ စောစော လာစားသွားလို့ပါ"

"သူက ဘာလို့ လူကြီးတွေကိုတောင် မစောင့်နိုင်ရတာလဲ"

မမေသည် သက်ပြင်းကို ရှိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"စောနိုးလို့ စောစားသွားတာ ဘာဖြစ်လဲ မြသင်းသစ်ရယ်
ဝမ်းချင်းဆုံတာမှ မဟုတ်ဘဲ၊ အားလုံးဟာ အချိန်ကိုက်
ပြီး မိနစ်မလွဲ အတူတိုက်စားဖို့ မလိုပါဘူး၊ ဘာဖြစ်
အလကားနေ တင်းတင်းကျပ်ကျပ် အပြစ်ရှာချင်နေရတာ
တုံးကွယ်"

"သူတို့အရွယ်တွေက တင်းကျပ်ပေးမှ၊ နို့မို့ရင် ကလ
ကဆန်က လုပ်ချင်တယ် မေမေရဲ့၊ ဒီလောက် သူ့ကိုတ
တင်း ဆက်ဆံတာတောင် ဆင်ခြေဆင်လက် အထွန့်တ
က ဘယ်လောက်လာသလဲ မေမေ တွေ့တယ်မဟုတ်လ
ရုပ်ကိုက ခံတန့်တန့် ပေကတ်ကတ်က လုပ်ချင်သေးတယ်

"မြသင်းသစ် ... သမီးရယ်၊ သမီးဟာ ကောင်းသောအလု
ကို လုပ်နေတာပါ၊ စိတ်လေးကြည်ကြည်လင်လင်နဲ့ ကုသို
အပြည့် ယူပါကွယ်၊ ခများကို ချစ်ချစ်ခင်ခင် နွေးနွေးထ
ထွေး ဆက်ဆံရင် သူ့ခများလည်း ဘယ်လောက်ပျော်
စိတ်ချမ်းသာမလဲ ...

ညည်း မေတ္တာစေတနာ မထ ူးတာလည်း မဟု
ညည်း ပေါ်သစ်မင်း အပေါ်မှာ အောင်မြင်စေချင်
ဖြစ်ထွန်းစေချင်စိတ် စေတနာတွေ ဘယ်လောက်များ
တယ်ဆိုတာ အေးကနေ ငါ မြင်နေရတာပါ"





"အို ... ဒါ တာဝန်အရပဲ၊ ကိုယ်လုပ်တဲ့အလုပ် ကောင်း
တာလေး ထွက်လာစေချင်တာမျိုးပဲ"

"မဟုတ်ပါဘူး ... ညည်း ဒီကောင်လေးကို စေတနာထား
တယ်၊ သံယောဇဉ်လည်း ဖြစ်တယ်၊ ဒါဘာဖြစ်သလဲ၊
ညည်း ဘာဖြစ်နေသလဲ ဆိုတော့ ထင်ပေါ် သားမို့လို့
ချစ်ရ သံယောဇဉ်ဖြစ်ရမှာကို အပြစ်ရှိမလို ရှက်နေတယ်"

"မေမေ"

မြသင်းသစ်သည် ချက်ကောင်းထိ၍ ရှက်မျက်နှာ
သွားကာ မျက်နှာတစ်ခုလုံး ပုပ်သိုးလျက် ကလေးဆိုးကြီး တစ်
ယောက်လို ဖြစ်သွားပါသည်။

ဒေါ်တင်တင်သည် မြသင်းသစ်ကို စိုက်၍ကြည့်ကာ
င်ထဲတွင် ပြောချင်သည့်စကားများကို စီကာနေသည်။ ဒီလူငယ်
ယောက်ကို ခွဲခဲ့တာလည်း သူပါပဲ။ အဲဒီအရွယ် အဲဒီအချိန်က
တော့ ဒေါ်တင်တင်ဟာ "စိန်တင်တင်"ဆိုတဲ့ နာမည်တစ်လုံးနဲ့
င်မတန်မှ လျှမ်းလျှမ်းတောက် အောင်မြင်ငွေဝင်နေခဲ့ချိန်။
က်သို့းညွှန်ရာ ရေဖြစ်ခဲ့တဲ့အချိန်။

သူ့ရဲ့ မျှော်လင့်ချက် သူ့ရဲ့တန်ဖိုးအထားဆုံး
ခဦးတည်းသော သမီးကလေးဟာ ကြိုက်မဲ့ကြိုက်တော့ အိမ်က
လီရဲ့တူ။ ထင်ပေါ်ဟာ သူ့ဘကြီး မာလီထံသို့ ကြီးမှရောက်
တာ ဖြစ်ပါသည်။ နယ်မှာ နေလာခဲ့ရင်း အမေကဆုံး၊ အဖေ



www.burmeseclassic.com

www.burmeseclassic.com



က ဘုန်းကြီးဝတ်၍ ကျောင်းပညာတစ်ပိုင်းတစ်စနှင့် ကျန်ရစ်သော ထင်ပေါ်ကို သူ့ဘကြီးက ဒေါ်တင်တင်ထံ ခေါ်ယူခွင့်တောင်းပြီး ခေါ်ယူကျောင်းထားပေးခဲ့တာ။

တစ်ခြံထဲ ဟိုးနောက်က တန်းလျားလေးမှာနေတာ။ မြသင်းသစ် ထက် ထင်ပေါ်က ငါးနှစ်လောက် ကြီးပေမဲ့ အတန်းတော့ တစ်တန်းပဲ ပိုသည်။ ဒီလိုကောင်ကလေးမျိုးနှင့် ချစ်ကြိုးသွယ်ရကောင်းလားရယ်လို့ ရင်ထုမနာ ဆတ်ဆတ်ခါဖြစ်ခဲ့ရတာကို ဒေါ်တင်တင် မမေ့ပါ။

ထင်ပေါ့်ဘကြီးဟာ မာလီလို့ ဆိုရပေမဲ့ ဒေါ်တင်တင့်မိဘများ လက်ထက်ကတည်းက တပည့်လက်သား လွှယုံသဘောမို့ ဒေါ်တင်တင့် လက်ထက်မှာလည်း ဆက်လက်ကြည့်ရှု အလုပ်ပေးထား၍သာ တခြားရာထူးမရှိတော့ မာလီရယ်လို့ ဖြစ်နေတာ။ ထင်ပေါ့် ဘကြီး ဦးဆန်းကို ဒေါ်တင်တင် ကိုယ်တိုင် သံယောဇဉ်ကြီးတာပါ။

ထင်ပေါ့်ကိုလည်း မာလီ ဘကြီးဆန်းရဲ့တူ ဆိုပြီး အလုပ်ခိုင်းထားတာမျိုး မရှိခဲ့။ ထင်ပေါ်ဟာ အမြင်မတော်တာလောက်သာ သူ့ဟာသူ ဟိုလုပ် ဒီလုပ် ကူညီပေးရင်း ကျောင်းသားသက်သက်သာ ဖြစ်ခဲ့ပါသည်။ လူရည်လေးကလည်းသန့်ရှပ်ရည်ကလေးရှိတော့၊ စိတ်သဘောနူးညံ့ပျော့ပျောင်းသည့် မြသင်းသစ်နှင့် သံယောဇဉ်တွေ ပိုရာက ချစ်ကြိုးသွယ်မိကြပါသည်။





ဒေါ်တင်တင် သိရှိသွားချိန် မြသင်းသစ်ကို အိမ်ပေါ်က ခြံထဲပင် ဆင်းခွင့်မပေးဘဲ သိမ်းပစ်လိုက်တဲ့ နောက်မှာ ကလေးနှစ်ယောက်ဟာ မျက်ကန်းတောတိုး၊ ခိုးရာလိုက်ပြေးသွားခဲ့ကြပါသည်။ မြေလှန် တောနင်းရှာသကဲ့သို့၊ လူအင်အားနှင့် ဖြန့်ကာ ပိုက်စိပ်တိုက် ရှာရဖွေရ ပြန်သိမ်းရ ခွတ်ခွဲရ။ အို ... ထိုအချိန်က အဖြစ်အပျက်တွေဟာ ပြန်တွေးလျှင် နှလုံးသည်းအူ တုန်စရာ။ စိတ်ဆင်းရဲစရာတွေချည်းပါ။

ပြန်မတွေးချင်တာတွေ ဒေါ်တင်တင့် ဘဝမှာ အများကြီး။ သူ့ဟာသူ ကြမ်းစဉ်က ကြမ်းခဲ့ပြီး နောင်တဖြည်းဖြည်းသွေးအေးတဲ့အခါ သူ့လုပ်ရပ်တွေအပေါ် သူကိုယ်တိုင် ကြောက်ဖွယ်လိလိ ရင်နာမိပါသည်။

မြသင်းသစ်ကို သူ သဘောတူသူ တစ်ဦးနှင့်ဖွတ်အတင်း ပေးစားဖို့ ကြံစည်ခဲ့သေးသည်။ မြသင်းသစ်မှာ တငိုငိုတရယ်ရယ်။ ရူးမတတ် ဖြစ်နေခဲ့တဲ့ သမီးရဲ့ဖြစ်အင်ကို ခုလိုစိတ်ထားတွေ ပျော့ပျောင်း တရားရလာချိန်မှာ ပြန်တွေးတော့ သနားမဆုံးနိုင်ပေ။ ဒီတုန်းကတော့ မြသင်းသစ် အိမ်ထောင်ကျ ရင်ကျ၊ ဒါမှမဟုတ်ရင် ထင်ပေါ် အိမ်ထောင်ကျသွားမှ စိတ်အေးမည် ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နို့မဟုတ်ပါက သင်းတို့နှစ်ဦး အပြီးအပြတ် မကွဲမှာကို ဘယ်လိုမှ လက်သင့်မခံနိုင်။ တစ်ချိန်ချိန် ပြန်ဆက်မိမှာကို စိုးကြောက်လှသည့်ဖြစ်ခြင်း။ မာန်ဂုဏ်တွေ မောက်လွှားလွန်းချိန်ဖြစ်၍ သမီးဖြစ်သူ မေတ္တာရှိတဲ့ လူရိုးလူကောင်းကလေးပဲလေလို့ ဘယ်လိုမှ ဖြေသိမ့်နားလည်မပေးနိုင်ခဲ့။

ကွဲကို ကွဲမှ။ ငါ့သမီးလို အဖူးအညွန့်ကို တက်ချိုင်တဲ့ ဒီလိုအကောင်စားလက် ငါ့သမီးကို ဘယ်နည်းနှင့်မျှ မအပ်နိုင်ဆိုတဲ့ မာန်မာနနှင့် သူကိုယ်တိုင် ပူလောင်ပြင်းပြ ဆင်းရဲခြင်း ဆင်းရဲခဲ့ရသည့် နေ့ရက်တွေ။

တကယ်တော့ ခုချိန်ထိ မြသင်းသစ် မသိခဲ့သည်မှာ ထင်ပေါ်ကို မလေးမြိုင်နှင့် ယူဖြစ်အောင် လုပ်ခဲ့တာလည်း သူပါပင်။ မလေးမြိုင်ဘက်ကလည်း သူ ကြိုးကိုင်လို့ရသည့် အနွယ်တွေ ဖြစ်နေသည်။ ငွေလည်း ပေးခဲ့သည်။ ထင်ပေါ်ကိုလည်း ခြိမ်းခြောက်ခဲ့ပါသည်။ ထင်ပေါ်မှ မလေးမြိုင်ကို မယူလျှင် မြသင်းသစ်ကို သူ သဘောတူသူနှင့် ဇွတ်အတင်းအကျပ် ပေးစားတော့မည်ကို သိသောအခါ ထိုသူကိုလည်း မြသင်းသစ်က ခါးခါးသီးသီး ဘယ်လိုနည်းနှင့်မှ မပေါင်းဖက်ချင်သည်ကို သိသောအခါ နောက်ဆုံးတော့ ထင်ပေါ်သည် မလေးမြိုင်ကို လက်ထပ်ပါမည်ဟု လက်ခံသဘောတူကာ မလေးမြိုင်ကို လက်ထပ်ယူဖြစ်သွားခဲ့တာပင်။



တစ်ယောက်မဟုတ် တစ်ယောက် အိမ်ထောင်ပြုပါမှ အပီအပြင် ကွဲတော့မည်ကို ဒေါ်တင်တင် စိတ်ချနိုင်မည်ဖြစ်၍ မြသင်းသစ် ဆန္ဒမရှိသူနှင့် အိမ်ထောင်မပြုဘဲ ငြင်းခွင့်ရပါစေတော့ ထင်ပေါ်က သူသာ အိမ်ထောင်ပြုလိုက်သည် ဆိုတဲ့ လမ်းကို ရွေးချယ်ခဲ့တာပင်။

ထင်ပေါ် မလေးမြိုင်ကို ယူခဲ့သည်မှာ ဒေါ်တင်တင် ကြောင့်သာဆိုတာ ခုချိန်ထိ မြသင်းသစ် မသိရှာ။ သမီး မသိအောင် လူကြမ်းမကြီး လုပ်ခဲ့ဖူးသမျှ ခုတော့လည်း တရားသဘောနှင့် ဆင်ခြင်ကာ မိမိလုပ်ရပ်တွေကို မိမိ ကြောက်တတ် ရှက်တတ်ပေပြီ။

ဒေါ်တင်တင်ကား နဂိုဗီဇသဘော ဆိုးလှသည် မဟုတ်ရကား ထင်ပေါ်နှင့် မလေးမြိုင်တို့ကို ခုချိန်ထိ သူတို့ပိုင်ဆိုင်နေထိုင်သည့် တောင်ဥက္ကလာပမှအိမ်လေး လုံးချင်းတစ်လုံးကို သူပင် ဝယ်ခြမ်းထူထောင်ပေးလိုက်တာပါ။ ထို့ကြောင့်လည်း သူတို့လင်မယား ဘဝအစဟာ စုတ်စုတ်ပြတ်ပြတ် မရှိခဲ့။

ဟိုအကြောင်းပြ ဒီအကြောင်းပြတို့နှင့် ထောက်ပံ့ပေးကမ်းခဲ့သည်များလည်း တစ်ပုံကြီးပင်။ ထင်ပေါ် ဆိုတဲ့ လူရိုးလေးခမျာ သစ္စာရှိရှာပါသည်။ သူ့ဘဝသူ တည်ဆောက်ရှုကာ မြသင်းသစ်နှင့်တွေ့ဖို့ လုံးဝမှ မကြိုးပမ်းရှာပါ။ ဒေါ်တင်တင်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်လည်း သူတို့ ချစ်ခြင်း ခွဲလေခြင်းရယ်လို့ မလိုမုန်းထား အာဃာတမရှိ။ တွေ့ဆုံလျှင် တရိုတသေ ရှိခဲ့မြဲ။ တလေးတစား ဆက်ဆံမြဲ။

ဒေါ်တင်တင့် စကားကိုလည်း လိုက်နာနာထောင် ရှာပါပေသည်။ ထို့ကြောင့်လည်း ဒေါ်တင်တင် ပို၍စိတ်မကောင်း ဖြစ်ရသည်။ သင်းတို့လင်မယားစုံတွဲကလေးကား သူ ထားသလိုနေ သူစေသလိုသွား၊ သူစီစဉ်ရာ နာခံကြသည့် လင်မယားပင်တည်း။ ဤအတွက်ကြောင့် မေတ္တာစေတနာ ပိုရသလို နှောင်တရတဲ့အခါ ကျတော့လည်း ဖိဖိစီးစီး လေးလေးနင့်နင့် မမေ့နိုင် မဖြေနိုင်အောင် နောင်တရရပါသည်။

သမီးဖြစ်သူ မြသင်းသစ်ဟာတော့ ထင်ပေါ် လက် ထပ်သွားပြီးကတည်းက သူ့ရဲ့ အပူသောက ရင်ကွဲနာတို့ကို အဖတ်ဆယ်လာနိုင်ခဲ့ပါသည်။ မြသင်းသစ် စိတ်တွင် ငါကတော့ မေမေ သဘောတူသူနှင့် လုံးဝမယူဘဲ သတ်သေမလောက် ဆန္ဒပြ အာခံဆန့်ကျင်ထားပါလျက် ထင်ပေါ် ဘက်ကကျတော့ နောက်တစ်ယောက် ကောက်ယူသွားရက်သည်ရယ်လို့ နာကြည်းမှု ကလေး ဝင်မှာပင်။

မြသင်းသစ် တဖြည်းဖြည်း အနည်ထိုင်လာဖို့မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါသည်။ နှစ်သက်ရာ တစ်ဦးဦး ရွေးချယ်





ပြီး အိမ်ထောင်ရေးကို စဉ်းစားဖို့ရာ အသက်အစိတ်လောက်က တည်းက တိုက်တွန်းလှသော်လည်း သူ့မှာ မရှာနိုင်ခဲ့။ ဦးနိုင်မိုးဆွေ ဆိုတဲ့သူ ပေါ်ပေါက်လာသည်မှာ မြသင်းသစ် အသက်သုံးဆယ်ပတ်လည်ရှိမှပင်။

စီးပွားရေးလုပ်ကိုင်ရင်း တစ်ဆင့် တစ်ဆင့် ခင်မင်ရာ ခင်မင်ကြောင်း ပတ်သက်သိကျွမ်းခဲ့ရပုံမျိုးမို့ ဒေါ်တင်တင့် ပယောဂ မပါဝင်။ ဒေါ်တင်တင်ကား တဖြည်းဖြည်း မာန်စွယ်တွေကျ၊ တရားတွေရကာ စိန်လောကထဲ၌ပင် စိတ်ဝင်တစား စီးပွားမရှာချင်တော့အောင် ခပ်အေးအေးသာ နေချင်တော့သည်မှာ နှစ်တိုတို အတွင်း ပြောင်းလဲသွားခြင်းပင်။

မြသင်းသစ် လက်လွှဲအပ် စိတ်ချနိုင်ပြီ ဆိုသည်နှင့် ဒေါ်တင်တင် စီးပွားရေး အလုပ်ခွင်တွင် မပါဝင်တော့တာပါ။ ဘာကိုမှလဲ တက်ကြွထက်သန်သည် မရှိလှတော့ဘဲ ခပ်အေးအေး ပင် လောဘ ဒေါသ မောဟ နည်းနည်းနှင့် နေချင်တော့သည်။ စီးပွားရေးထဲသာမက မြသင်းသစ်ရဲ့ လူမှုရေးထဲလည်း ဝင်မစွက် တော့။

နိုင်မိုးဆွေ ဆိုတဲ့ လူဟာ မြသင်းသစ် သူ့စိတ် သူ့ သဘောနှင့် လက်ခံဆက်ဆံနေသူသာ။ မြသင်းသစ်ထက် ဆယ်နှစ် ကြီး၍ ကလေးငယ် မကျန်ရစ်သော မုဆိုးဖိုတစ်ဦး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဇနီးနှင့် လေးနှစ်နီးပါးသာ ပေါင်းလိုက်ရပြီး ဇနီးကွယ်လွန်သွားခဲ့တာ နှစ်ပေါင်းကြာပြီဖြစ်၍ လူပျိုကြီးတစ်ဦးကဲ့သို့ ပြန်ဖြစ်နေပါသည်။

မြသင်းသစ်ကိုလည်း ချစ်ရှာသည်။ အနှံ့တာ ခံရှာသည်။ ဘွင်းဘွင်းသမား မြသင်းသစ်ကလည်း သူ့ဘဝ သူ့အဖြစ်တွေကို သူ အိတ်သွန်ဖာမှောက် တစ်လုံးမကျန် ဖွင့်အံ အသိပေးထားပြီးသားဖြစ်၍ အဖြစ်မှန်အတိုင်း သိရှိလက်ခံ ကြည်ဖြူမြတ်နိုးနိုင်သူမျိုးဖြစ်၍ နိုင်မိုးဆွေ အတွက် ဒေါ်တင်တင် ဘာမှ ပြောစရာမရှိပေ။

မြသင်းသစ် အတွက် စိတ်ပူစရာ မရှိတော့လို့ပင် ယုံယုံကြည်ကြည်နှင့် သူတို့ဘာသာ ရွေးချယ်ဆုံးဖြတ်မည့် မင်္ဂလာသတင်းကိုသာ မျှော်လင့်နားစွင့်ထားတော့တာ ဖြစ်သည်။

အခြေအနေတွေ ငြိမ်သက်အေးချမ်းနေရာမှ မမျှော်လင့်ဘဲ ထင်ပေါ် ကွယ်လွန်သွားခဲ့တာ အတွက်လည်း ဒေါ်တင်တင် စိတ်မကောင်းပါပေ။ သူ နေလို့ရပါသေးသည်။ အရက်က သတ်သွားသည် ဆိုနိုင်တာမို့ ထိုအရက်ရဲ့ ကျေးကျွန်ဖြစ်ရခြင်းအကြောင်းဟာ (ဘယ်သူမပြု မိမိမှု ဆိုတာ ရှိပေမဲ့) ဒေါ်တင်တင်ရဲ့ ပယောဂလည်း မကင်းတာမို့ အတော်ကြီး စိတ်မကောင်းဖြစ်ရပါသည်။





ပေါ်သစ်မင်း။

ဒီ ... ပေါ်သစ်မင်း ဆိုတဲ့ ကလေးကိုတော့ ဒေါ်တင်တင်က အားလုံး အားလုံး အတွက် အတိုးချ မေတ္တာထားမိသည်။ ချစ်ကိုလည်း ချစ်မိသည်။ စေတနာ သဒ္ဓါတရားမနည်းလှတဲ့ လူတစ်ဖက်သားကို ကြင်နာတတ်တဲ့ အားလုံးနှင့် အလိုက်တသင့် ချစ်ခင်ပေါင်းသင်း တတ်လှတဲ့ မြသင်းသစ်၊ ပေါ်သစ်မင်း အပေါ်ကိုမှ ကွက်ကြားမိုး ရွာနေရသည်မှာ ဘာကြောင့်ဖြစ်မည်နည်း။

ဒီကလေးအတွက် မြသင်းသစ်သည် အကောင်းဆုံးတွေကိုသာ လုပ်ကိုင်ဆောင်ရွက်ပေးနေကာ တစ်ချိန်တည်းမှာ ဤအကြောင်းရင်းကို တာဝန်တစ်ခုကြောင့်လို ကြွေးကြော်အယောင်ပြနေပါသည်။ ပေါ်သစ်မင်းကို မြသင်းသစ် ဆက်ဆံပုံသာမက ကြည့်ပုံရှုပုံတွေကအစ အသေးစိတ် မြင်နေသော ဒေါ်တင်တင်သည် မြသင်းသစ် ရင်ထဲမှ တစ်နေ့တခြား လေးနက်လှိုက်လှဲလာသော သံယောဇဉ်မေတ္တာဓာတ်ကို မြင်နေရပါသည်။

သို့သော် မြသင်းသစ်ဟာ ထိုမေတ္တာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဟန်ပန်မူရာကိုသာ ပြကာ ပေါ်သစ်မင်း အပေါ် စိမ်းစိမ်းကားကား တင်းတင်းမာမာ ဆက်ဆံသည်။ လိုတာထက်ပို၍ ချုပ်ချယ်တင်းကျပ်ကာ မျက်နှာသာ မပေးမှုကို



www.burmeseclassic.com

www.burmeseclassic.com



ပြသသည်။ ဤအတွက်ကြောင့် ကလေးလည်း စိတ်ပင်ပန်း သူလည်း စိတ်ပင်ပန်းရသည်ကိုသာ ဒေါ်တင်တင် မြင်နေသည်။

တကယ်တော့ တစ်နေ့သောအခါကျရင် အမှန်တရားဟာ ...။

"မေမေ"

မြသင်းသစ် အသံက ကတုန်ကယင် ဖြစ်နေသည်။

"မေမေ သမီးကို သက်သက် နှိပ်ကွပ်တဲ့ ချိုးဖဲ့တဲ့စကား ပြောတာပဲ"

"မဟုတ်ဘူး သမီး၊ သမီးကို မြင်နေရတာ ဒီအတိုင်းပဲ၊ တကယ်ရှိတဲ့ဟာကို မပြောဘူး၊ ချစ်တဲ့ ခင်တဲ့ သံယောဇဉ် တွယ်လာတဲ့ သမီးကိုယ်သမီးလည်း ဖုံးဖိလိမ်ညာနေတာပဲ၊ ဒီကလေးအပေါ် စေတနာတွေ မျှော်လင့်ချက်တွေ အောင်မြင်ဖြစ်ထွန်းစေချင်တဲ့ စိတ်တွေ ရင်ထဲအပြည့် ဖြစ်နေသလောက် အပြင်ဘက်ကျတော့ အလုပ်ရှုပ် အလုပ်ပိုတွေလို မဖြစ်လို့သာ လုပ်နေရ၊ ငြီးငွေ့နေသလို ခံစားပြနေတယ် ...

ကိုယ့်မေတ္တာကို ဖုံးကွယ်ချင်တော့ နေရင်းထိုင်ရင်း အပြစ်ရှာ မနှစ်သက်သလို အမြဲလုပ်နေတယ်၊ သေးလူတောင် မှ အနေကျပ်ပါတယ်အေ"





"ကိုထင့် သားမို့ ချစ်ရမှာ သံယောဇဉ် ဖြစ်ရမှာ အပြစ်ရှိမလို ရှက်နေတယ် ဆိုတဲ့ စကားက သူများကြားလို့ကောင်းပါ့မလား မေမေ၊ သမီးကို ဘယ်လိုထင်ကြမလဲ၊ ပေါ်သစ်မင်း ကြားသွားရင်ကော ..."

"သူ ကြားလည်း ဘာမှ မဖြစ်ပါဘူး၊ သူကလည်း သိပြီးသားပဲ"

"ဘာကိုလဲ မေမေ"

"သမီးဟာ သူ့အဖေရဲ့ ငယ်ရည်းစား ဆိုတာပေါ့"

"ဟင် ... မေမေ သွားပြောပြတယ်ပေါ့၊ သမီးကို အလေးစားလျော့အောင် ဒီစကား ပြောစရာလား မေမေရယ်"

"သူ့ဟာသူ သိပြီးသားပါ၊ သူ့အမေက ပြောပြထားတယ်"

မြသင်းသစ်သည် စိတ်ပျက်လက်ပျက်နှင့် ခုမှ [illegible]တကယ်ရှက်နိုးသွားပါသည်။ မလေးမြိုင်ကလည်းနော်၊ အလကား [illegible]ကျိုးမရှိ ဘာကြောင့်များ ဒီစကား ဒီကောင်လေးကို ပြောပြထားရ [illegible]ပါလိမ့်။ ရှက်စရာကောင်းလိုက်တာ။ ဒီကောင်လေးဟာ [illegible]ကြောင့် သူ့အပေါ် မကျေမချမ်း ဂျစ်ကန်ကန်ပုံစံ ဆန်နေတာပေါ့။

သူ့အမေရင်းထက်တောင်မှ သူ့အဖေက ယုံကြည် [illegible] အားကိုးသွားတဲ့ အဖေ့ရဲ့ ငယ်ချစ်ဟောင်းဆိုတဲ့ မကြည်လင် [illegible]စိတ်က ရှိနေပါပေမည်။ အို ... ရှိလည်းရှိရှိ။ ဂရုစိုက်မနေနိုင် [illegible] တကယ်တော့ မျက်နှာခပ်ပူပူ၊ ခပ်ရှိန်ရှိန် ရှိသွားသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကိုကိုယ် မြသင်းသစ် ရှုတ်တင်းကာ ဂရုမစိုက်သလိုသာ တွေးလိုက်တာပါ။ စိတ်ထဲ ညစ်နောက်နောက်နှင့် အနေခက်သွားတာတော့ အမှန်ပင် ဖြစ်ပါသည်။

ဆွေမျိုးမတော် ဘာမတော်၊ ငယ်ချစ်ဟောင်းရဲ့ စကားကို လက်ခံနားထောင်ပြီး သူ့သေတဲ့နောက် သူ့သားကို ခေါ်မွေးစားတဲ့ မိန်းမတစ်ယောက်အဖြစ် ပေါသစ်မင်း သူ့အပေါ် ဘယ်လိုများ ယူဆမလဲ။ ဘယ်လိုထင်မလဲ။ အထင်အမြင်မှ ရှင်း ပါ့မလား။

တကယ်ဆိုတော့ သူဟာ ပေါသစ်မင်းရဲ့ ယုံကြည် ခြင်း၊ လေးစားခြင်း၊ အထင်ကြီးခြင်း၊ အားကိုးခြင်းတို့ကို လိုလို လားလား လက်သင့်ခံယူချင်နေမိတာပါလား။ အုပ်ထိန်းသူကောင်း တစ်ယောက် အဖြစ်နှင့်လည်း ဖြူစင်စွာ သူ့ ဂုဏ်ယူချင်နေမိတာ ပါလား။

မြသင်းသစ်သည် ခန္ဓာကိုယ်မှ သွေးများ တရှိန်ရှိန် ပူနွေးလာသလို ခံစားရရင်း ...

"သူ ဘယ်လောက်တောင် သိတာလဲ မေမေ"

"မလေးမြိုင်က သူ့အဖေရည်းစားဦး ငယ်ချစ်ဟောင်း ပြောတယ်လို့ ပြောတာပဲ"

"နောက်ကော"

"ဒါပဲ နေမှာပေါ့"





"ဒါပဲက,ပါ့မလား မေမေ၊ သမီးကို သူ့အဖေနဲ့ ရက်ပိုင်းလောက် နီးရာလိုက်ပြေးဖူးတဲ့ မိန်းမတစ်ယောက် ဆိုတာပါ သူသိရင် သူ့စိတ်ထဲ လေးစားပါတော့မလား မသိဘူးနော်"

ဒေါ်တင်တင်က မြသင်းသစ် ခံစားမှုကို နားလည်စွာ သက်ပြင်းတစ်ချက်ချရင်း ...

"တချို့ကိစ္စတွေကို စစ်စစ်ပေါက်ပေါက်နဲ့ အရှည်ကြီးလိုက်တွေး မနေပါနဲ့သမီးရယ်၊ အချိန်တန်တော့လည်း သူ့အလိုအလျောက် နားပိန်ကုန်ပါလိမ့်မယ်"

"မေမေ့စကားက ဘာကို ဆိုလိုတာလဲဟင်၊ အချိန်တန်တော့ နားပိန်ကန်မယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘာဖြစ်လာစရာရှိလို့လဲဟင်"

ဒေါ်တင်တင်က မြသင်းသစ်ကို ကြင်နာစွာကြည့်ရင်း ...

"ပေါသစ်မင်းကို သမီး စေတနာရှိတယ် မဟုတ်လား၊ သမီး မေတ္တာလည်း သူ့အပေါ် သက်ရောက်မှုရှိတယ် မဟုတ်လား၊ သူ့စိတ်ထဲမှာ အခုနေ ဘယ်လိုရှိနေနေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျတော့ သမီးဟာ သူ့ဘဝအတွက် ကြီးမြတ်တဲ့ အရေးပါအရာရောက်တဲ့ တန်ဖိုးကြီးတဲ့ ကျေးဇူးကြီးတဲ့ မိန်းမတစ်ယောက်ဆိုတာ အလိုအလျောက် နားလည်လာမှာပဲ ...

www.burmeseclassic.com



သမီးစိတ်ထဲမှာလည်း ဒီအတိုင်း လက်ခံနားလည် ထားရမယ်၊ သမီးဟာ ဒီကလေး ဘဝအတွက် အရေးပါ အရာရောက်သော ကျေးဇူးမမေ့နိုင်စရာ တန်ဖိုးမဖြတ်နိုင် စရာ မိန်းမတစ်ယောက် ဖြစ်ကို ဖြစ်ရမယ်၊ သူ့ဘဝအခြေ အနေကို အထွန်းလင်းဆုံး အရောင်တင်ပေးနိုင်တာ ခုချိန်မှာ သမီးတစ်ယောက်ပဲ ရှိတယ်၊ ဒါဟာ အမှန်တရားပဲ"

မြသင်းသစ်က မေမေ့ကို ခပ်ငေးငေး စိုက်ကြည့်နေ မိသည်။ သူဟာ တကယ်ပဲ ပေါ်သစ်မင်း အတွက် အင်မတန် အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုမှာ ရောက်ရှိနေသလား။ ဧဝေ ဇဝါ ဖြစ်မိပေမဲ့ သူ့ရင်ထဲ၌ အလိုအလျောက်ပင် အဲဒီအတိုင်း ထင်ယောင်ခံယူနေမိပါသည်။ အဲသလို ထင်နေမိလို့လည်း ကိုယ့် ကိုယ်ကိုယ် အတော် အထင်ကြီးနေမိသလားလို့ ခဏခဏ ထပ် စဉ်းစားမိသည်။

ဒီဂျစ်ပေပေကောင်ကလေးကို အမြင်ကတ်သည့် ကြားကပင် မျက်နှာစ,မြင်ရသည့် အချိန်ကစ,လို့ သံယောဇဉ်တင်း ပြီး စေတနာပေါက်ခဲ့မိတာဟာ အံ့သြစရာ ကောင်းသည်။ မဆီ မဆိုင် ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ယောက်ကို မြင်မြင် ချင်း ဒီလောက်ထိအောင် မေတ္တာစေတနာ ထားမိတာကို ကိုယ့် ကိုယ်ကိုယ် နားမလည်ချင် လက်မခံချင်အောင် ဖြစ်ကာ ဒါကို





ဖုံးကွယ်ရာ ရောက်သည့် ကိုယ့်အတွက် အရေးမပါလှတဲ့ သူ့လိုလို ခံစားချက်မျိုးကိုလည်း ပျိုးထောင်ထားမိပါသည်။

"ဒီလောက်တောင်ပဲ သမီးက ပေါ်သစ်မင်း အတွက် အရေးပါနေတာ အမှန်ပဲလား မေမေ"

"အမှန်ပဲပေါ့"

မြသင်းသစ်က မျက်လွှာချလိုက်ရင်း ...

"ဒီကောင်လေးကို မေတ္တာစေတနာတွေ အများကြီး ထား မိတာ ဝန်ခံပါတယ်"

"ဝန်ခံရအောင် ဒါ အပြစ်တစ်ခုမှ မဟုတ်ဘဲ သမီးရဲ့၊ ကောင်းသော အဖြစ်အပျက်ပဲ"

"ဒီလောက်လည်း ဘာမှ သံယောဇဉ် ဖြစ်နေစရာ မလိုဘူး မဟုတ်လား၊ သူ့ကို ခပ်တင်းတင်း ဆက်ဆံမိတာကတော့ ဘာကြောင့်မှန်း သမီးလည်း မသိဘူး၊ ကိုယ့်ကိုယ်ကိုယ် လည်း သိပ်နားမလည်ဘူး မေမေ၊ ဒါပေမဲ့ မေမေ ပြော သလို ကိုထင့်သား အဖြစ်နဲ့ သံယောဇဉ် ဖြစ်တာကို ပြ ရမှာ ရှက်လို့တော့ မဟုတ်ဘူး ...

ဒါ ဘာကြောင့် သေချာသလဲဆိုတော့ သူ့ကိုသမီး က ကိုထင့်သား မို့လို့ဆိုပြီး ချစ်ခင်သံယောဇဉ်ဖြစ်တာ မဟုတ်လို့ပဲ၊ ကိုထင့် အပေါ်လည်း သံယောဇဉ်မကင်းဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မလေးမြိုင် အပေါ်လည်း သံယောဇဉ်မကင်းဘူး ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဒီလောက်နဲ့တော့ သူတို့ရဲ့သားကို ခုလောက် မေတ္တာစေတနာ ထားမိဖို့ မလိုပါဘူး ...

ဒီကလေးကို ချစ်တာ စေတနာရှိတာဟာ သူ့ချည်း သက်သက်ပဲ၊ ဘာကြောင့်နဲ့ ပတ်သက်လို့မှ မဟုတ်ဘူး၊ ဒီကောင်လေးမှာ အစွမ်းတစ်ခု ရှိနေသလိုပဲ မေမေ၊ အဲဒါ ဘာလဲမသိဘူး၊ သမီးဘာမှ သေချာမပြောတတ်တော့ဘူး၊ အံ့သြစရာ ဖြစ်နေတာကိုပဲ သိတယ်"

တွေးတွေးငေးငေး တစ်လုံးချင်း ပြောနေသော မြသင်းသစ်ကို ဒေါ်တင်တင်က ပြုံး၍ ငေးစိုက်ကြည့်နေမိပါသည်။

"သူကပါ သူ့အဖေအပေါ် မကုန်တဲ့ သံယောဇဉ်နဲ့ ခုလောက် လုပ်ကိုင်ဆောင်ရွက်ပေးနေတယ်လို့ ထင်ရင် မှားမှာပဲ၊ ကိုထင်နဲ့ ပတ်သက်တဲ့ ခံစားချက် ဆိုတာမျိုးက ခုချိန်မှာ ဘာမှရှိတော့တာ မဟုတ်ပါဘူး၊ သူ့သီးသန့်ကို သာ သံယောဇဉ်အသစ် ဖြစ်နေတာ၊ ထူးဆန်းတယ်မေမေ"

ဒေါ်တင်တင်က ဖြည်းဖြည်း ခေါင်းညိတ်နေမိပါ သည်။





# ၈

"အန်တီ"

မြသင်းသစ်က ထုံးစံအတိုင်း အလုပ်စားပွဲထိုင်ကာ စိန်တစ်ထုပ်ကို အကောင်းအသန့် အလတ်အညံ့ ရွေးချယ်ခွဲထုတ် နေရာ ခေါင်းကိုငုံ့ပြီး မှန်ဘီလူးမြင်ကွင်းထဲ အာရုံစိုက်ထားရာမှ လန့်၍တောင် သွားပါသည်။ ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ဘာလဲ"

"အန်တီ့ကို ခွင့်တောင်းချင်တာတစ်ခု ရှိလို့"

ပေါ်သစ်မင်းက လက်နှစ်ဖက် နောက်ပစ်ကာ မလှမ်း ကမ်းမှာ ရပ်နေသည်။ ပေါ်သစ်မင်းသည် စားပွဲပေါ်က ကျွေပါ အနက်ခင်း လင်ပန်းထဲက စိန်တစ်ပုံကို တအံ့တသြ ဖြစ်နေမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိန်အလုံးတွေကို ဒီလောက်များများ သူ ဒီတစ်ကြိမ်ပဲ မြင်ဖူးပါသည်။ ဒီလောက်များများဆိုလို့ နည်းနည်းပါးပါးကိုတော့ မကြာမကြာ မြင်ဖူးသည်ထင်လျှင် မှားပါလိမ့်မည်။

သူ စိန်တွေကို အပုံလိုက် တစ်ခါမှ မမြင်ဖူးတာပါ။ ဘွားဘွားတို့ အန်တီမြသင်းသစ်တို့ဟာ အရမ်းကို ချမ်းသာပါကလား။ အစကတည်းကတော့ ချမ်းသာကြွယ်ဝကြတာကို သိပြီးသားပါ။ ဒါပေမဲ့ ဒီအိမ်ရောက်ပြီးမှ နေထိုင်စားသောက်ပုံတွေ၊ သူ့တစ်ကိုယ်တည်းအတွက်ပင် အကုန်ခံပေးနေပုံတွေဟာ ကြောက်ခမန်းလိလိ။

ငွေကြေး စည်းစိမ်ဥစ္စာ ချမ်းသာတို့ကို မမှုဘူး စိတ်မဝင်စားဘူး ဆိုပေမဲ့လည်း ဤအရှိန်အဝါဟာ သူ့ကိုသိမ်ငယ်စေတာတော့ အမှန်ပင်။ သူဟာ တကယ်တော့ မဆီမဆိုင် မိသားစုတစ်စု၊ အိမ်တစ်အိမ်မှာ ကပ်ရပ်ခိုလှုံပြီး သူတို့ငွေကြေး သူတို့အကုန်အကျတို့နှင့် ရပ်တည် လူလုပ်နေရသည် မဟုတ်ပါလား။

"ဟဲ့ ... ဘာလဲ ... ပြောလေ ... ဘာဖြစ်နေတာလဲ"

ပေါ်သစ်မင်းက သတိဝင်လာကာ ...

"ကျွန်တော် အန်တီ့ကို ခွင့်တောင်းစရာ"

"ဘာလဲ ... ပြော"





စကားပင် မဆုံးသေး ဖြတ်မေးလိုက်၍ နှုတ်တွန့်သွားကာ ...

"ဟို ... မနက်ဖြန်ကျရင် ကျွန်တော် ညနေခံပွဲတစ်ပွဲ သွားချင်လို့"

"ဘယ်က ညနေခံပွဲလဲ၊ ဘယ်သူက ဖိတ်တာလဲ"

"ယဉ်မင်း ပါ"

"ယဉ်မင်း ဆိုတာ ဘယ်သူလဲ"

"ယဉ်မင်း ဆိုတာ အန်တီ့ကို ပြောဖူးပါတယ်၊ ကျွန်တော်တို့သူငယ်ချင်း အုပ်စုထဲက ဆယ်တန်းအောင်တဲ့ သူငယ်ချင်းမ,ပါ"

ဇော်ဆက်ရော နှောင်နှောင်ပါ နှစ်ယောက်လုံး စာမေးပွဲကျသည်ဖြစ်ရာ ပေါ်သစ်မင်းရဲ့ ဝိုင်းမှာ လာတက်နေမိကြတာ တော်သေးသည် ဆိုရပါမည်။

"အင်း ... အင်း၊ နာမည်တွေ ဘာတွေတော့ ငါမမှတ်မိပါဘူး၊ အဲဒါ သူက ဘာဖြစ်လဲ ... မွေးနေ့လား"

"မွေးနေ့ မဟုတ်ဘူး၊ သူ ဂုဏ်ထူးလေးဘာသာနဲ့ စာမေးပွဲအောင်လို့ သူ့အမေက ကွန်ဂရက်ကျူလေးရှင်းပါတီ လုပ်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ကွန်ဂရက်ကျူလေးရှင်းပါတီ ! ...၊ တစ်ခါမှ တောင် မကြားဖူးပါဘူး၊ မင်းတို့ ချာတိတ်ကလေးတွေများ ထွင်လိုက်ကြတာ"

"သဘော်ကတော့ သူ့သမီးကို သူ့မိဘက ဂုဏ်ပြုချီးမြှင့် တဲ့ပွဲပါပဲ အန်တီ၊ အဲဒါ ..."

"အဲဒါ ဘာဖြစ်လဲ"

အဲဒါ ဘာဖြစ်ရမလဲ။ သွားဖို့ပေါ့။ ပေါ်သစ်မင်းသည် တမင်တကာ နဝေတိမ်တောင် လုပ်နေသော မြသင်းသစ်ကို အသည်းယားလှပါသည်။ ဘုတောလိုက်ချင်သော်လည်း ဘွားဘွား ရဲ့ ဆုံးမစကားတွေကြောင့်ရော သူ့ဟာသူသိသော ကျေးဇူးတရား ကို ထောက်ထားခြင်းကြောင့်ရော ဘုတောလို့ မရပါ။

ဘွားဘွားက အန်တီမြသင်းသစ်ဟာ အပြင်ပန်းမှာ ဘယ်လိုမာရေကျောရေရှိရှိ ပေါ်သစ်မင်း အပေါ်မှာ ရင်ထဲအသည်း ထဲက လှိုက်လှဲသော စေတနာ ထားရှိရှာကြောင်း စကားကြုံတိုင်း ပြောတတ်သည်။ သူ့အပေါ် မြသင်းသစ်ဟာ အလွန်ပင် ဖြစ်ထွန်း စေချင်လှပါသတဲ့။ ဒါဟာ သူ့အဖေ ဦးထင်ပေါ် ကြောင့်ရော သူ့အမေ မလေးမြိုင် ကြောင့်ရော မဟုတ်ဘူးတဲ့။

ပေါ်သစ်မင်း အပေါ် မြင့်မြင့်ချင်း ပေါက်ဖွားတဲ့ စေတနာမေတ္တာတွေကြောင့်သာ တဲ့။ မြသင်းသစ် ဘယ်လိုပြောဆို





ဆက်ဆံသည်ဖြစ်စေ သူ့ရင်ထဲက မေတ္တာစေတနာကို နားလည် ပါ၊ မစော်ကားမိပါစေနဲ့တဲ့။

ဒီအမျိုးသမီးဟာ သူ့ကို ပြတ်ရေတောက်ရေ ဆက် ဆံပေမဲ့ စေတနာ မသေးတာကိုတော့ ဦးနှောက်ရှိသူ ဖြစ်၍ သူ အလိုလို ခံစားသိသည်သာပင်။ ဘာကြောင့် သူ့ကို ဒီလောက် စေတနာထားသလဲ သူ နားမလည်သလို၊ အဲဒါနှင့်ထပ်တူ နားမ လည်နိုင်တာ နောက်တစ်ခုကား ... သူ့ကိုယ်သူပင်။

ပေါ်သစ်မင်း အံ့ဩဆန်းကျယ်မိသည်မှာ သူ့အပေါ် မာရေကျောရေ ဘုခပ်တောတော မျက်နှာထားတင်းတင်း ရှိလှတဲ့ ဒေါ်မြသင်းသစ်ကို သူသည် အမြင်ကတ်သလိုလိုနှင့် ချစ်ခင်စိတ် ပေါက်မိခြင်းပင်။ တစ်ခါတစ်ခါ ဒေါ်မြသင်းသစ် အပေါ် စိတ်တို မိတာ အမြင်ကတ်မိတာတွေ ရှိသော်လည်း ရှိတာက တခြား၊ ထိုအမျိုးသမီးကို သူ ယုံကြည်လေးစား နှစ်လိုမိတာကတခြားပင်။

ဒေါ်မြသင်းသစ်၌ ဘာအရှိန်အဝါ အစွမ်းအစတစ်ခု ရှိမှန်းမသိ။ သူ့ကို ပေါ်သစ်မင်း အနေနှင့် မတွန်းလှန်ချင် မဆန့် ကျင်ချင်ပဲ သူ့စကား သူ့ဆန္ဒကို (အောင့်သက်သက်နဲ့ပဲ ဖြစ်ဖြစ်) ထာဝစဉ် လိုက်နာခေါင်းညိတ်မိလိုက်မြဲပင်။

သူ့ရဲ့အင်အားတစ်ခုဟာ ပေါ်သစ်မင်း အပေါ် ခေါင်းမှခြေဖျားအထိ လွှမ်းမိုးဖုံးအုပ်ထားတော့ကာ ဤအင်အား



www.burmeseclassic.com

www.burmeseclassic.com



စွမ်းအင်တစ်ခုရဲ့ ညှို့ငင်ခြင်းကို ခံနေရတဲ့သူလို မကျေနပ်တာ သဘောမတူချင်တာတွေကိုပင် မငြင်းဆန်မိပဲ၊ နောက်ဆုံး၌ လိုက်နာလက်ခံလိုက်မိသည်ချည်း ဖြစ်သည်။

သူ ပြောသမျှ ကိုယ်က ဆန့်ကျင်လိုရင်တောင် စိတ်က နာယူလိုသည်။ သူ လုပ်ပေးသမျှဟာ ကိုယ့်အတွက် အကောင်းချည်း ဖြစ်လိမ့်မည်ဟုပင် ယုံကြည်နေမိကာ ကလန်ကဆန် လုပ်ချင်တဲ့ စိတ်ကူးမျိုး ပေါ်လာလျှင်လည်း တစ်ခဏနှင့် ငုပ်လျှိုးပျောက်ပျက်ရသည်။

မျက်စိရှေ့မှာ သာမန်မိန်းမတစ်ယောက်သာ ဖြစ်နေသော ဒေါ်မြသင်းသစ်ကို သူသည် အထူးကြီးကျယ် မြင့်မြတ်သော မိန်းမတစ်ယောက်လို အလိုလို ထင်စားနေမိပါသည်။ ရှားရှားပါးပါး သူ့ရှေ့မှာ ဒေါ်မြသင်းသစ် လှစ်ခနဲ တစ်ချက်လောက် ယောင်ယမ်းမေ့လျော့ ပြုံးလိုက်မိလျှင်ပင် သူသည် မပြီးနိုင်အောင် တစိမ့်စိမ့် ကျေနပ်မြင်ယောင်ကာ တိတ်တဆိတ် ပျော်ရွှင်နေလေ့ရှိတဲ့ အထိပင်။

"ကဲ ... ပြော ... ပြော ... ပေါ်သစ်မင်းရေ၊ ငါက အားတာ မဟုတ်ဘူး"

"အဲဒါ ဘွားဘွားကိုတော့ ပြောပြီးပါပြီ၊ ဘွားဘွားက အန်တီ့ဆီ ခွင့်တောင်းလိုက်ဦး ဆိုလို့"





"ဘာကိုလဲ"

"သွားဖို့ခင်ဗျာ"

စိတ်ပေါက်ပေါက် စိတ်ကောက်ကောက်နှင့် ခပ်ငေါ့ငေါ့ ဖြေမိသည်။

"ဪ ... အဲဒီပွဲကို မင်း သွားဖို့"

သူ မှန်တေတေ ဖြစ်လာကာ မြသင်းသစ်ကိုသာ စိုက်ကြည့်နေပါသည်။

"မနက်ဖြန် ဟုတ်လား"

"... ... ..."

"ဟုတ်လားလို့ မေးနေတယ်"

"ဟုတ်တယ်ခင်ဗျ"

"ဘယ်အချိန်လဲ"

"ညနေဘက် ခြောက်နာရီလောက်ကနေ ကိုးနာရီလောက်ထိ"

"ဪ ... ညပွဲပေါ့၊ ဘယ်ညနေ ဟုတ်မလဲ"

"ဟုတ်ကဲ့ ... ညပွဲပဲ ဆိုပါတော့"

"မင်းက နက်ဖြန် ကျူရှင်တွေ မရှိပေမဲ့ စာကျက်ဖို့ Study Guide လာမယ်လေ"

"ဟုတ်ပါတယ် ... အဲဒါကို ဖျက်ချင်လို့ပါ"

www.burmeseclassic.com



"အမယ်လေးလေ၊ ခြောက်နာရီက ကိုးနာရီထိ သုံးနာရီကြီးများတောင် Study Guide ကို ဖျက်မယ် ! ..."

ပေါ်သစ်မင်းက မဖြေ။ ဖြေစရာလည်း မရှိ။

"စာမေးပွဲ ဝေးသေးလို့ Study Guide က စနေ တနင်္ဂနွေ နှစ်ရက်ပဲ တစ်ပတ်မှာရှိတာ၊ တစ်လမှ ရှစ်ရက် နှစ်သောင်းခွဲ ပေးရတာနဲ့ တစ်ရက်ကို သုံးထောင်ကျော်ကျတယ် ဆိုတာ မင်းသိရဲ့လား၊ လေးနာရီမှ စ,လာတာ၊ မင်း ပြင်ဆင်မှာနဲ့ဆိုရင် အဲဒီနေ့အဖို့ တစ်နာရီလောက်ပဲ စာကျက်ချိန်ရှိတော့မှာပေါ့"

"စာကတော့ မနက်ပိုင်းတွေလည်း ကျွန်တော် တစ်နေကုန် ကျက်နေတာပဲ။ မနက်ဖြန်က သူ့ဆီ စာပြန်ရမဲ့နေ့ပါ။ ကျွန်တော် ခြောက်နာရီထိ သူနဲ့စာပြန်မယ်၊ ခြောက်နာရီမှ ထွက်မယ်လေ အန်တီ၊ ခြောက်နာရီခွဲ ဟိုရောက် ပြစ်ပါတယ်"

"နေပါဦး ... အဲဒီ ယဉ်မင်းနဲ့ မင်းက သိပ်ရင်းနှီးတာလား"

အစက ပြန်ကောက်နေ၍ ပေါ်သစ်မင်း စိတ်ညစ်ညူးရှာ ...





"ကျွန်တော်တို့ ငါးယောက်အုပ်စုတွဲတာ အန်တီ၊ သူပဲ အောင်မှာ သေချာလို့ ကျူရှင်လာပေါင်းမတက်လို့ အန်တီ မမြင်ဖူးတာပါ၊ သိပ်ခင်ပါတယ်"

"ကဲ ... သွားတယ်ပဲ ထားပါဦး၊ ကိုးနာရီထိအောင်လား"

"ဟုတ်ကဲ့"

"သိပ်ကြာတာပေါ့ ...၊ အချိန်ပုပ် အလုပ်ပျက်တယ်ကွာ၊ ဟိုကတော့ အောင်တဲ့သူ၊ အားနေတော့ ပွဲလုပ်နိုင်တာပေါ့၊ မင်းတို့က အားတဲ့ဟာတွေမှ မဟုတ်တာ၊ အချိန်နဲ့အမျှ တစာစာနဲ့ 'စာ'နေနိုင်မှ ဆယ်တန်းဆိုတာ တော်ကာတန်ကာကျတာ"

ရစ်ပြီ ...။

သိသည်။ သူ့ကိုပြောရင် ရစ်မည်ဆိုတာ သိသည်။ ဒါကြောင့် မပြောချင်။ တော်ရုံလောက်ဆိုရင် "မသွားတော့ဘူး ခင်ဗျာ"လို့ လှည့်ထွက်လာခဲ့ပြီ။ ခုတော့ သူက သွားချင်သည်။ သူငယ်ချင်းတွေ ဟိုတုန်းက သိကျွမ်းဟောင်းတွေ ဆရာ ဆရာမ တချို့တို့နှင့် ပြန်ဆုံတွေ့ရမှာ။

သူ့မှာ ဒီရောက်ကတည်းက အပျော်အပါး အလည်အပတ် ဆိုတာမျိုး သွားရတာ မရှိသလောက်ပါပင်။ တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက တမင်ဖန်တီးပြီး သူ့ကို "ဘွားဘွား ဈေးဝယ်ချင်တာလေးတွေရှိလို့၊ သား အဖော်လိုက်ပေးစမ်း"ဆိုပြီး ဒဂုံစင်တာတွေ ဘလေဇွန်တွေ ခေါ်သွားလေ့ရှိပါသည်။

တကယ်တမ်း သူ့ကို အဖော်ပြုစေချင် အထုပ်ဆွဲပေးစေချင်တာထက် ပေါ်သစ်မင်း အပြင်ထွက်ဖြစ်ပြီး စိတ်အပြောင်းအလဲဖြစ်အောင်၊ လူလန်းအောင် ခေါ်ထုတ်သွားတတ်တာဆိုတာ ပေါ်သစ်မင်း နားလည်သည်။

ခုဟာက ... ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ စိတ်လွှတ်လက်လွှတ် ပျော်ရွှင်ရမည့်ပွဲ ဖြစ်သည်။ ယဉ်မင်းရဲ့ မိဘတွေသာမက ဦးလေးလူပျိုကြီးတွေကလည်း အင်မတန် ပျော်တတ်သည်။ ကလေးတွေကိုလည်း နားလည်မှုရှိရှိနှင့် ပျော်ရွှင်ခွင့်ပေးသော မိသားစုမျိုး ဖြစ်သည်။ ခုပွဲမှာ ကာရာအိုကေ ဆိုဖို့တွေ ဘာတွေပါ စီစဉ်ခင်းကျင်းပေးထားပြီး တစ်ယောက်ပြီးတစ်ယောက် ပွဲတောင်းကြ၊ ထွက်ဆိုကြနှင့် ပျော်စရာကောင်းအောင် လုပ်ပေးထားသည်။

တခြား ဘာတွေ မပါ မပါ၊ သူငယ်ချင်းအရင်းတွေ စုထိုင်ပြီး စိတ်လွှတ်လက်လွှတ် စကားပြောဆို အော်ဟစ်ရယ်မောရလျှင်ကိုပင် အတော်ပျော်စရာ ကောင်းလှပြီ ဖြစ်ပါသည်။

"သမီးရေ"





ဘွားဘွား အနားကပ်လာတာကို မြင်လျှင် ပေါ်သစ်မင်းက စိတ်ထဲက ကျိတ်ပြီး အားတက်သွားပါသည်။ ဘွားဘွားက ခွင့်ပြုပြီးသား၊ "မင်း အန်တီကိုတော့ ထပ်ခွင့်တောင်းလိုက်ဦးသား"ဆို၍ ဒေါ်မြသင်းသစ်ကို လာပြောနေရတာ။

မြသင်းသစ်က သူ့အမေကို ခပ်ရွှုံ့ရွှုံ့လေး လှည့်ကြည့်သည်။

"ပေါ်သစ်မင်း သွားပါစေ၊ တစ်ခါတလေပဲကွယ်၊ တစ်ညတလေ စာကျက်ပျက်တာပါ၊ ငါ့မြေးခမျာ တစ်ချိန်လုံး စာချည်းကြိုးစားနေရှာတာပါ၊ ခုဟာက ဖိတ်တဲ့လူကလည်း ဖိတ်၊ သွားချင်မှာပေါ့၊ သူများဂုဏ်ထူးတွေရတဲ့ပွဲကို ကိုယ်က သွားဂုဏ်ပြုထားမှ ကိုယ် ဂုဏ်ထူးတွေရတဲ့အခါကျလည်း သူများက ပြန်ဂုဏ်ပြုနိုင်မှာပေါ့ ...

ငါ့မြေး ဂုဏ်ထူးတွေ အများကြီးနဲ့ ဒီနှစ်အောင်ရင် ငါတို့လည်း သူ့ကို ဂုဏ်ပြုပွဲ ကောင်းကောင်းလုပ်ပေးရမယ် မြသင်းသစ်ရဲ့၊ ကြားလား ... ဘွားဘွားက ခမ်းခမ်းနားနား လုပ်ပေးဦးမှာ၊ သားကသာ ဂုဏ်ထူးများများ ယူပေး"

"ဂုဏ်ထူးများများရအောင်တော့ ကျွန်တော် ကြိုးစားမှာပါ၊ ဒါပေမဲ့ ခုလို ပွဲကြီးတော့ မလုပ်ချင်ပါဘူး ဘွားဘွားရဲ့၊ ဘွားဘွားတို့ ပိုက်ဆံအပို ကုန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ပလေစေ"

အောင်မယ်။ အတိုင်အဖောက်ညီလို့ ...။ မေမေ့ရဲ့ ပေါ်သစ်မင်း အပေါ် ထားသော စိတ်စေတနာကို မြသင်းသစ်က မကြည်ဖြူတာလည်း မဟုတ်ဘဲ ခပ်မဲ့မဲ့လေးတော့ လုပ်မိပါသေး သည်။

"ခွင့်ပြုလိုက်စမ်းပါအေ ... မြန်မြန်၊ ကလေးက ဒီနားရပ် ပြောနေရတာနဲ့ကို မနည်းဘူး၊ အချိန်ပုပ်လှပြီ"

'အချိန်ပုပ် စကား' ပြောလွန်းတဲ့ မြသင်းသစ်ကို မေမေ ငေါ့တာပင်။

"အင်းပါ မေမေရယ်၊ ခွင့်တော့ ပြုရမှာပေါ့၊ ဒါပေမဲ့ သိပ် ကြာလားလို့"

"ဒါတော့ သူများပြန်ချိန်မှ သူလည်း ပြန်ချင်တော့မ ပေါ့"

မြသင်းသစ်သည် အစကတည်းက တားမြစ်ဖို့ ရည်ရွယ်ရင်း မရှိပေ။ နောက်ဆုံး၌ ခွင့်ပြုလိုက်မှာကိုပဲ နည်းနည်း ကွန့်နေ ထွန့်နေတာ ဖြစ်သည်။

"အင်းလေ ... သွားပေါ့၊ ဦးစံကို အကြိုအပို့ လုပ်ခိုင်း မယ်"

"ကျွန်တော် စက်ဘီးနဲ့ပဲ"





"အမယ်လေး ... ဒီကနေ တောင်ဥက္ကလာပကို စက်ဘီးနဲ့ လေး ဘာလေး လုပ်မနေနဲ့၊ ကားနဲ့သွား ကားနဲ့ပြန်၊ ဒါပဲ၊ လူကြီးက ခွင့်ပြုနေပြီဟာကို နည်းနည်းလေးဖြစ်စေ အထွန့် တက်မနေပါနဲ့"

ဒေါ်တင်တင်က ကြားက ဝင်က ...

"အေးပေါ့ သားရယ်၊ ကားနဲ့ပဲ သွားပေါ့၊ ပြီးတာပဲ၊ စက်ဘီးနဲ့ ဒီခရီးက ဝေးပါတယ်"

ပေါ်သစ်မင်းက ခေါင်းညိတ်ပြီး လှည့်ထွက်မည် ပြုစဉ် ...

"ဟိုး ... ကြာပြီ ... ငါ ဝယ်ပေးတဲ့ Espirit စပို့ရှပ်လက် ရှည်ဖြူဖြူလေး ဝတ်ကိုမဝတ်ဘူး၊ အဲဒါနဲ့ အဲရိုးဘောင်းဘီ အနက်လေးနဲ့ ဝတ်သွား၊ ပွဲလမ်းဆိုတာ သူနဲ့ သင့်တင့် လျော်ကပ်ရာ ကောင်းကောင်းမွန်မွန် ဝတ်ရစားရတယ်၊ သူ့လမ်းနဲ့သူ ရွေးချယ်ဝတ်ဆင်တတ်မှလည်း အဆင့်အတန်း ရှိတဲ့လူ ပီသတာ ကြားလား"

၊ အဝတ်ကအစ ရွေးပေးပြန်ပြီ။ ဒေါ်မြသင်းသစ် ပြောတဲ့ အဝတ်တွေဟာ ပေါ်သစ်မင်း အတွက် သူ တစ်ပုံတစ် ခေါင်း ဝယ်လာပေးတာတွေထဲက တစ်ကြိမ်မှ မဝတ်ဖူးသေးတာ တွေ။ မဝတ်ဖူးဆို တအားအကောင်းစားကြီးတွေ ဖြစ်နေလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဒါတွေ ဝတ်စားသွားရမှာကို ပေါသစ်မင်း ရှက်ရွံ့စိတ်အိုက်လှသည်။

"ဟဲ့ ... ကြားလားဆို"

"ဟုတ်"

ခွင့်ပြုတာတော့ပ်မှ သူ ဝတ်ခိုင်းတာ ဝတ်ဖို့တော့ ဝက်အူရစ်လိုက်သေးသည်။ ပေါသစ်မင်းက မပွင့်တပွင့် ရှုအုံ့အုံ့နှင့် မဖြေချင့်ဖြေချင် ဖြေသည်။

"ကြားရင် ပြီးရော ... သွား"

လှည့်ထွက်သွားတဲ့ ပေကတ်ကတ်ပုံစံကို မြသင်းသစ်က မျက်စောင်းထိုးပြီး ကိုယ့်အလုပ်ဘက် ကိုယ်ပြန်လှည့်လိုက်သည်။

မြသင်းသစ်က မီးတွေလင်းထိန်ကာ ဂီတသံတွေ ဆူညံနေတဲ့ ခြံဝင်းကလေးရှေ့ ကားကိုရပ်လိုက်ပါသည်။ လိပ်စာကို လိုက်ပို့ခဲ့တဲ့ ဦးစံထံက တောင်းယူမေးမြန်းပြီး သူကိုယ်တိုင် အကြိုထွက်ခဲ့တာကို သူ့ဟာသူပဲ အံ့ဩနေမိသည်။





တောင်ဥက္ကလာပမြို့နယ်ထဲက ရပ်ကွက်တစ်ခုရဲ့ မကျဉ်းမကျယ် ဤလမ်းကလေးထဲမှာ အိမ်ကောင်းတွေ များပါသည်။ ကိုယ့်ဝင်း ကိုယ့်ခြံလေးတွေနှင့်။ ဤခြံသည် မကျယ်လှ သော်လည်း ခြံထဲ၌ ခုံလေးတွေ ဖိုးဖိုးဖျောက်ဖျောက်နှင့် တီဗီကြီးတွေ အသံချဲ့စက်တွေချပြီး ကာရာအိုကေဆိုဖို့ ခင်းကျင်းထားဖို့ရာတော့ လုံလောက်ကာ အတော်ပင်။

ကားပေါ်ကဆင်းကာ မြသင်းသစ်က ခြံထဲလှမ်းကြည့်လိုက်သည်။ လူကြီးတွေ သိပ်မရှိတော့။ သူတို့အရွယ်လေးတွေချည်းသာ များတော့သည်။ ရှိသလောက် လူကြီးတချို့ဟာလည်း အိမ်ရှင်တွေ ဆွေမျိုးရင်းတွေပဲ ဖြစ်လိမ့်မည်။ မြသင်းသစ်ကြည့်နေစဉ် မိန်းကလေးတစ်ယောက်က ထွန်းအိန္ဒြာဗို သီချင်းတစ်ပုဒ် ဆိုနေပါသည်။

"တံခါးလေး စေ့ရုံပဲလား
ရင်ထဲက အာသည်နှလုံးကို
ဟန်ဆောင်သော့လေး ခတ်လို့ထားရင်
အမြဲတမ်း လုံခြုံနိုင်မလား
သူငယ်ချင်းလေး ရှေ့ကိုစဉ်းစား
ဒီကတော့ မိန်းကလေးမို့
အစဉ်အလာတွေရဲ့ စည်းဝိုင်းထဲမှာ
ရင်ခုန်စွာ တံခါးစေ့ရုံပဲ"

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်ကလေးတွေများ ဘာကောက်လုပ်လုပ် ဖြစ်နေတော်နေ အရည်အချင်း ရှိနေကြတာပဲ။ ခုလည်း သီချင်းဆိုနေလိုက်တာ ဖြောင့်နေသည်။ အသံလေးကသာသာ။ အောင်မယ် ကြည့်စမ်း။ အဲဒါ ဆုပန်ပဲ။ ဆိုနေတဲ့ သီချင်းကလည်း အရိပ်အယောင်ပြ အထာပေးတဲ့သီချင်း။

ဒါဟာ ပေါသစ်မင်း ကိုကလွဲလို့ ဘယ်သူ့ကို ရည်စူးဆိုနေတာ ဖြစ်ရဦးမှာလဲ။ သူကတော့ မလုံခြုံတဲ့တူတူ သော့မခတ်ဘူး၊ တံခါးစေ့ထားရုံပဲ။ မင်းသာ တွန်းဖွင့်ဝင်လာခဲ့တော့ပေါ့လို့ လမ်းမကြောင်းရုံတစ်မယ် အဓိပ္ပာယ်အပြည့်ရှိတဲ့ သီချင်းကိုမှ ဒီကောင်မလေးကလည်း ရွေးဆို,ဆိုတတ်လွန်းရဲ့။

အင်း ... ဒီကောင်မလေးဟာ ပေါသစ်မင်း အပေါ်ယိုင်ကို ယိုင်ပါတယ်။ ပေါသစ်မင်းကကော။ အင်း ... အိမ်ကအကောင်ကလည်း ခပ်ပါပါပဲ ထင်ပါရဲ့။ ဘယ်မလဲ ပေါသစ်မင်း။ ဪဟာ ... ဟိုးရှေ့နားလေးမှာ ပလတ်စတစ်ခုံဖြူပေါ် လက်ပိုက်ထိုင်လို့ ဆုပန်ကို ပြုံးပြီး ငေးကြည့်နေတဲ့ သင်းကလေး မျက်နှာဟာ ပီတိတွေ ယိုစိမ့်လို့လေ။

မီးရောင်ထဲမှာ ဝင်းပသန့်စင်ပြီး အရောင်ထွက်ကာ မှိုကောင်းဖခင် သားသမီးရုပ်လေး ထွက်လျက် အဆင့်မြင့်မြင့် ကျက်သရေရှိနေတဲ့ ကောင်လေး။ သူ့အဖေ အသွင်ကို မြသင်းသင်





ရောက်သွားတုန်းက မြင်ရတဲ့ ရုပ်ရည်ပုံစံနဲ့ တခြားစီပဲ။ ဟိုတုန်းကတော့ ရုပ်ကလေးရှိတာ မှန်ပေမဲ့ လူကြားထဲမှာ မထင်မပေါ် ရောနှောပျောက်နေတဲ့ ရုပ်ဆင်းသဏ္ဌာန်နဲ့လေ။

ခုတော့ ဆံပင်ပုံ ဝတ်ပုံစားပုံကအစ ကိုယ်ဟန်မူရာပါ ပြောင်းလာခဲ့ပြီ။ သူရောက်ရှိနေထိုင်ရတဲ့ အဆင့်တစ်ဆင့်နဲ့ လိုက်ဖက်တင့်တယ်သော အံဝင်ခွင်ကျသော နေပုံထိုင်ပုံ ပြောပုံဆိုပုံလေးနဲ့။ မျက်စိအောက်တင် အရည်တက်လာတာကို တစိမ့်စိမ့် မြင်နေရသည်မှာ ကြည်နူးပီတိ ဖြစ်စရာ ကောင်းလိုက်တာ။

ဂုဏ်ယူချင်စရာလည်း ကောင်းလိုက်တာ။

မိတ်ဆွေသူငယ်ချင်း အသိုင်းအဝိုင်းတို့ကြားတွင် တက်ပိတ်နေလျှင် သူတို့သိနိုင်တာ မဟုတ်သည့်ကိစ္စကို အလကား နေရင်း မဲ့ကာရွဲ့ကာ ဟန်လေးနှင့် ...

"အိမ်က မွေးစားသားလေ၊ သူ့ဖို့ဝယ်ရတာ"

"မွေးစားသားတစ်ယောက် ကောက်ရပြီးကတည်းက အိမ်စောပြန်ဖြစ်နေလို့ပါ-မမရယ်၊ အိမ်မှာ ကျူရှင်ဝိုင်းတွေနဲ့ စာမှသေချာလုပ်ရဲ့လား နောက်ဆံတင်းရတယ်"

တစ်ခုခု ဝယ်ခြမ်းတဲ့အခါ သွားဖို့လာဖို့ တစ်ခုခုကို ငြင်းဆန်ရတဲ့အခါ စသဖြင့် အိမ်က မွေးစားသားကို ထည့်မပြော



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ပါလျက် အရသာလေးခံလျက် ပြောဖြစ်နေမိတာ ကိုယ့်ဟာကိုယ် သတိပြုမိတဲ့အခါလည်း ပြုမိ၊ မပြုမိတဲ့အခါလည်း မပြုမိ။

ပေါ်သစ်မင်း စာကျက်အံနေတဲ့ အသံခပ်တိုးတိုး သည်ပင် အိမ်ကြီးထဲ၌ ပျံ့လွင့်နေပုံမှာ ကျက်သရေမင်္ဂလာရှိလှ သည်ထင်မိသည်၊ ရေချိုးခေါင်းလျှော်ပြီး ဒီကောင်လေး ထွက်လာ လျှင် ဆံပင်ရေစို တိုထောင်ထောင်ကလေးများ ပြောင်ရွှဲနက်မှောင် နေတာလေးကိုက မျက်စိထဲ ဘယ်လိုကြည့်ကောင်းမှန်း မသိ။

"ဟင်း"

မြသင်းသစ်က သက်ပြင်းတစ်ချက် ချလိုက်မိပါ သည်။ ခြံအပြင်မှာ သူ့လိုပဲ ကားတချို့ရပ်ထားတာ ရှိသည်။ သို့ပေမဲ့ တချို့ကားတို့က မှန်ပိတ်ကာ လူမရှိ။ တချို့ကားတို့မှာ တော့ ဒရိုင်ဘာ စောင့်နေသည်။ သူ့လို မိန်းမတစ်ယောက်တည်း ရပ်စောင့်နေတာတော့ မရှိပေ။

ဘာကြောင့်မှန်း မသိ လာကြိုချင်စိတ်ပေါက်မိကာ ဦးစံကို မကြိုစေဘဲ ကိုယ်တိုင် အကြိုထွက်လာမိခဲ့သည်မှာ အံ့သြ စရာ။ ဒီညနေတွင် မြသင်းသစ်သည် ဦးနိုင်နှင့် ကော်ဖီဆိုင်တစ် ဆိုင်မှာ ရှိနေခဲ့တာ ဖြစ်ပါသည်။ ငါးနာရီလောက်တွင် အိမ်ပြန် တော့မည်လို့ တကြွကြွ ဖြစ်နေခဲ့မိသည်။





"တခြားကိစ္စလည်း ဘာမှမရှိဘဲနဲ့ သစ်သစ်ရယ်၊ နေပါဦး၊ အေးအေးဆေးဆေးပေါ့"

ဦးနိုင်က တားသည်။ ပထမတော့ ဘာမှမပြောဘဲ ပြန်ဆက်ထိုင်နေလိုက်မိပေမဲ့ ငါးနာရီခွဲလောက် ရှိလာတော့ အတော်ပြန်ချင်ပြီ။ ဘာကြောင့် ဒီလောက်တောင်များ ပြန်ချင်နေ ပါသလဲ။ ပေါ်သစ်မင်း အိမ်က မထွက်ခင် ပြန်ရောက်ချင်နေတာ ကိုယ့်ကိုယ်ကိုယ် သိပါသည်။

ဘယ်နနာရီ လာကြိုမယ်၊ ကားကိုထွက်ကြည့်၊ ကြားလား ... စသဖြင့် ပိုင်စိုးမိုင်နင်း ငေါက်တီငေါက်ငမ်း မှာ လိုက်ချင်သေးသည်။ ဘယ်လိုပုံစံနှင့် အိမ်ကထွက်သွားမလဲကိုပင် သိချင်နေပါသည်။ ကိုယ်စီစဉ်ပေးတဲ့အတိုင်း ဝတ်စားဆင်ယင်ရင် တော့ သင်းဟာ အတော်ပဲ ကြော့မော့သန့်ပြန့်နေလိမ့်မည်။

အိမ်ရောက်ပြီးမှ ဒီလို ပွဲလမ်းသဘင်မျိုး၊ ဒီလိုည ဘက်မျိုး၊ ဒီတစ်ကြိမ် ပထမဦးဆုံး ထွက်တာဖြစ်၍ ဒီဘာမဟုတ် တာကိုပဲ ထူးထူးခြားခြား အဖြစ်တစ်ခုလို မြသင်းသစ် စိတ်ဝင် စား လှုပ်ရှားနေမိတာ ဖြစ်သည်။

"ပြန်ကြရအောင် ဦးနိုင်၊ အိမ်မှာ ကိစ္စတစ်ခုရှိသေးလို့"

"ဘာကိစ္စလဲ သစ်သစ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်မိုးဆွေ ကားနှင့် လာကြတာမို့ အပြန်လည်း သူပြန်ပို့ရမှာပင်။ သူပါ အိမ်ပါလာမှာမို့ လိုးလွဲပြောမနေတော့ပဲ ...

"အိမ်က ပေါ်သစ်မင်းလေ၊ သူ ခြောက်နာရီလောက်ကျ အပြင်သွားမလို့"

"အဲဒီတော့ ! ..."

မြသင်းသစ် စကားဆက်စရာ မရှိ၍ အတော်စဉ်းစားရသည်။ ဦးနိုင်ရဲ့ "အဲဒီတော့ ! "ဟာ မြသင်းသစ်ကို ဖြေရခက်စေသည်။

"သွားမှာက ညဘက်ညှော်ခံပွဲ၊ အဲဒါ အပြန်နောက်မကျဖို့ရယ် ..."

"သူက သူ့ဟာသူ ပြန်လာမှာလား"

"အဲ ... ဦးစံ ကြိုမှာပါ"

"ဦးစံ ကြိုမှာပဲဟာ၊ သွားကြိုရင် ပါလာမှာပေါ့၊ နောက်မကျဖို့ မှာစရာ လိုသေးလား သစ်သစ်ရဲ့"

"မှာတော့ မှာရမယ်၊ ကားက ရောက်ပေမဲ့ သူက ထွက်မလာရင် ဘယ်လိုလုပ်မလဲ၊ ဒီကောင်လေးက ဂျစ်ပေပေရယ်"





"အဲဒါမှာဖို့လောက်များ အိမ်ကို အခုဖုန်းလှမ်းဆက်လိုက်လို့ ရနေတာ သစ်သစ်ရယ်၊ ကိုယ်နဲ့ သစ်သစ် ခုလိုအေးအေးဆေးဆေး အပြင်မထွက်ဖြစ်ကြတာ ကြာပြီလေ၊ ကိုယ် သစ်သစ်နဲ့ ထိုင်နေချင်သေးတယ်"

"သြော် ... ဦးနိုင်ကလည်း၊ အိမ်ကျ မပြန်သေးဘဲ ခြံထဲဆက်ထိုင်လည်း ရပါသေးတယ်၊ ဦးနိုင် ကြိုက်တဲ့ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းနဲ့ ရေနွေးကြမ်း ကျွေးမှာပေါ့"

"အင်းပါ ... အဲဒါလည်း ထိုင်စားဦးမှာပေါ့၊ အခု ခဏနေပါဦး၊ ဖုန်းဆက် မှာလိုက်ဦးလေ"

"ပြန်လိုက်တာပဲ ကောင်းပါတယ် ဦးနိုင်ရယ်၊ ဘာဝတ်ဘာဝတ်နဲ့ မှာထားခဲ့တာလည်း ဝတ်မဝတ် သိချင်သေးတယ်"

"ဟင် ... ဘာလို့ သူ့ဝတ်မှာကို သစ်သစ်က ရွေးပေးရတာလဲ၊ ဒီကောင်လေး အသက်ပဲ ဆယ့်ခုနစ်နှစ် ရှိပြီမို့လား"

"အမယ်လေး ... သူ့နေရာနဲ့သူ လူတောတိုးတိုး ဝတ်စားတတ်တာမှ မဟုတ်ပဲ၊ သူများညှော်ခံပွဲဆိုတော့ ခန့်ခန့်ထည်ထည်လေး ပတ်စားသင့်တာပေါ့၊ သူ့သဘောသာဆိုရင် တီရှပ်နဲ့ ချည်ပုဆိုးနဲ့လည်း သွားရင်သွားမှာ၊ စွပ်ကျယ်နဲ့ ဘောင်းဘီစက,တောင် မဝတ်ရဘူး မှာထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ဝတ်ပစေပေါ့၊ စွပ်ကျယ်နဲ့ ဘောင်းဘီစက ဆိုတာ သူတို့အရွယ် ချာတိတ်တွေ ဝတ်နေကျပဲ၊ လမ်းမှာ တွေ့နေတာပဲ"

"အို ... ဒါပေမဲ့ ဖရိုဖရဲနဲ့ ကလေကချေ ဆန်ပါတယ်၊ သစ်သစ်က သန့်ပြန့်သပ်ရပ် ခန့်ညားတာကိုပဲ ကြိုက်တယ်၊ အဲဒါကြောင့် ဝတ်ဖို့ကို မှာခဲ့တာ၊ ဒီကောင်လေးက သစ်သစ် မရှိဘူးဆိုပြီး သူဝတ်ချင်ရာ ဆွဲဝတ်ရင် ဝတ်သွားမှာ"

ဦးနိုင်မိုးဆွေက မျက်ခုံးမသိမသာလေးပင့်ပြီး မြသင်းသစ်ကို စိုက်ကြည့်နေပါသည်။ ခဏနေမှ ထိုအကြည့်ကို လွှဲလိုက်ရင်း ...

"သူ ဝတ်ချင်တာ ဝတ်တာလောက်နဲ့တော့ ကောင်လေးကို ဖွတ်မကန့်ကွက်သင့်ပါဘူး သစ်သစ်ရာ၊ ဒီအရွယ် ချာတိတ်တွေမှာ သူတို့စိတ် သူတို့သဘောဆိုတာ ရှိတတ်သေးတယ်"

"မရှိရပါဘူး၊ ကိုယ့်အုပ်ထိန်းမှုအောက် ရောက်မှတော့ ကိုယ့်စိတ်ကြိုက်ပေါ့၊ ကိုယ့်စကားပဲ တည်ရမှာပဲ"

"သစ်သစ်ကို ကြည့်ရတာ ဒီကောင်လေးအပေါ် သိပ်ပြီး အလေးအနက် အာရုံထားလွန်းနေတယ်"





မြသင်းသစ်က သူ့ကို ဘာသဘောနှင့် ပြောတာပါလိမ့် ဆိုတဲ့ အကြည့်နှင့် မျက်ဆန်ကို ထောင့်ကပ်ကြည့်သည်။ မနှစ်မြို့တဲ့ စကားလားလို့ သံသယ ဝင်သည်။

"တချို့တလေကျတော့ အာရုံထဲ သိပ်မထည့်ဘဲ လွှတ်ထားပေးလိုက်ပါ သစ်သစ်ရဲ့၊ သူလည်း နေသာထိုင်သာ ချောင်ချိတာပေါ့"

ကိုယ် သံသယဝင်တဲ့ လမ်းကြောင်းပေါ် မဟုတ်ဘဲ ပေါ်သစ်မင်း ဘက်က တွေးပေးတာဖြစ်၍ မြသင်းသစ်က စိတ်ပြေသွားကာ ...

"ဟင့်အင်း၊ သူ မချောင်ချိလည်းနေ၊ သစ်သစ်က အာရုံစိုက်မှာပဲ၊ တမင်လိုက်စိုက်နေတာမှ မဟုတ်ဘဲ၊ အလိုလို အဲသလို ဖြစ်နေတာ၊ ဒီကောင်လေးကိုလည်း နည်းနည်းလည်း အမြင်ကတ်တယ်၊ ဒါပေမဲ့ ဘာကြောင့်လဲ မသိဘူး၊ သိပ်သံယောဇဉ် ဖြစ်တာပဲ ဦးနိုင်"

သူ့ထုံးစံအတိုင်း မြသင်းသစ်က ဘွင်းဘွင်းပဲ ပြောစလိုက်ပါသည်။ ဦးနိုင်ကို မြသင်းသစ် ချစ်မိသည်မှာ ဦးနိုင်ဟာ ယောက်ျားတစ်ယောက် ပီသလွန်းစွာ သဘောထား သိပ်ကြီး၍ မြသင်းသစ် အပေါ် ယုံကြည်နားလည်လွန်းလှတဲ့အတွက် ဖြစ်သည်။ မြသင်းသစ်သည် သူ့ရဲ့နောက်ကြောင်းကို ဦးနိုင် ထံတွင် နှမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



စေ့စားတောင် မထိန်ချန်ခဲ့။ အဆိုးဆုံး ဖြစ်ရပ်များကိုပင် ဖွင့်ပြောခဲ့သည်။

ဒါကြောင့်လည်း ဦးနိုင်က ပိုပြီး ယုံကြည်မှု ထားသလား မပြောတတ်။ ဦးနိုင်နှင့် ခုချိန်ထိ လက်မထပ်ဖြစ်ကြသေးခြင်းမှာလည်း မြသင်းသစ် ဘွင်းဘွင်း ဖွင့်ဟဝန်ခံထားသော ...

"သစ်သစ် ကလေးမမွေးရဲဘူး ဦးနိုင်၊ လက်ထပ်ကြရင် ဦးနိုင်လည်း ကလေးလိုချင်မယ်၊ သစ်သစ် နားလည်တယ်၊ သစ်သစ်က မမွေးချင်ဘူး ... ကြောက်တယ်"

... ... ဆိုတဲ့ အကြောင်းပြချက်ကြောင့် ဖြစ်သည်။

နားလည်တတ် ခွင့်လွှတ်တတ်တဲ့ ဦးနိုင်မိုးဆွေကို မြသင်းသစ် ချစ်မြတ်နိုး အားကိုးပါသည်၊ သို့ပေမဲ့ ချစ်သူသက်တမ်း သုံးနှစ်ခွဲကာ အသက်တွေကလည်း လွန်နေပြီ ဖြစ်သည့်တိုင်အောင် ခုချိန်ထိ လက်မထပ်ဖြစ်ကြသေးပေ။ ဦးနိုင်ကတော့ လက်ထပ်ချင်ရှာသည်။

"ဒါပေမဲ့ ကိုယ်တွေ့တာတော့ သစ်သစ် သူ့ကို သိပ်ဟောက်တာပဲ"

"ဟုတ်တယ်၊ အဲသလိုကို ဖြစ်နေတာ၊ ဘာဖြစ်လို့လဲမသိဘူး၊ ဟောက်မဲ့သာ ဟောက်နေတာ၊ ရင်ထဲကတော့





ပေါ်သစ်မင်းကို ကရုဏာလည်း သက်တယ်၊ ချစ်လည်း ချစ်ပါတယ်၊ အကောင်းဆုံး ဖြစ်စေချင်တဲ့ စေတနာလည်း ရှိတယ်၊ အဲဒီသဘောထားတွေ ရှိနေမိတာလည်း အံ့သြစရာပဲ"

ဦးနိုင်မိုးဆွေက ခပ်ညှင်းညှင်း ရယ်ပါသည်။

"အဲဒါ ဘာလဲ သိလား"

"မသိဘူး"

"အဲဒါ သစ်သစ်ကသာ လက်မထပ်ချင်သေးဘဲ အပျိုကြီးလုပ်နေ၊ ရင်ထဲက မိန်းမပီသသဘာဝက မိခင်စိတ်ဝင်တဲ့အရွယ် ရောက်ပြီး အလိုအလျောက် မိခင်တစ်ယောက်ရဲ့ မေတ္တာအကြင်နာမျိုး ထုတ်လွှတ်ပေးနေလို့ သူ့ကို ကိုယ်မွေးမြူအုပ်ထိန်းရတဲ့ ကလေးတစ်ယောက်လို သဘောထားထားဖြစ်နေတာ"

"ဟုတ်လား ဦးနိုင်၊ ဦးနိုင်က သိပ်တော်တာပဲ၊ သစ်သစ် ဒီလို တစ်ကြိမ်မှ မတွေးမိသေးဘူး"

ဦးနိုင်ရဲ့ အဖြေထုတ်ချက်ကို မြသင်းသစ် တကယ် နှစ်သက်သဘောကျမိသည်။ သူ့အတွက် ဤစကားဟာ ဂုဏ်ယူချင်စရာလည်း ဖြစ်နေသည်။ "မိခင်စိတ်"တဲ့ ...။ ဂုဏ်ကျက်သရေကြီးမြတ်ပှတဲ့ စကားလုံးလေး။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို သစ်သစ် ခုလို ချစ်ခင်စေတနာထားတာ ဂရုစိုက်တာတွေဟာ သစ်သစ် အတွက်တော့ ကောင်းသောပေးဆပ်မှုတွေပဲ၊ ဒါပေမဲ့ လိုတာထက် နည်းနည်းပိုသွားတဲ့အခါကျရင် ဒီချာတိတ်အတွက် လေးလံတဲ့ ဖိစီးတဲ့ သက်ရောက်မှုမျိုးကို ဖြစ်စေမယ် သစ်သစ်ရဲ့"

အဲဒီတုန်းက ဦးနိုင်ဟာ မြသင်းသစ်ကို အလိုလိုက်ပြီး ထ,ပြန်ဖြစ်ခဲ့ကြပေမဲ့ အိမ်ကို ပြန်ရောက်တော့ ပေါ်သစ်မင်းကို မမိတော့ပါ။ ပေါ်သစ်မင်းက ခုတင်ပဲ အိမ်ကထွက်သွားပြီ။

"သူ ဘာဝတ်သွားလဲ မေမေ"

"ညည်း ဝတ်ခိုင်းတဲ့ ဝတ်စုံကိုပဲ မလွဲမသွေ ဝတ်သွားပါတယ်အေ"

ဘယ်လောက်များ သန့်ကြော့နေလိုက်မလဲ။ မမြင်လိုက်ရတာ ကသိကအောက် ဖြစ်စရာပင်။ အဲဒီနောက် ဦးနိုင်နှင့် ခြံထဲမှာ အတူထိုင်ကာ ငါးရံ့ခြောက်ဖုတ်နှင့် ရေနွေးကြမ်းသောက်နေကြပါသေးသည်။ ဦးနိုင်က ပေါ်သစ်မင်းနှင့် ပတ်သက်၍ စိတ်ဝင်တစား ဆွေးနွေးမှတ်ချက်ချ စကားတွေ ပြောသည်။

ခုခေတ် လူငယ်တွေတချို့နဲ့ ယှဉ်ရင် ပေါ်သစ်မင်းဟာ လိမ္မာနာခံတယ် ဆိုရမှာဖြစ်တဲ့အကြောင်း။ ရိုကျိုးမှု ယဉ်ကျေးမှုလည်း ရှိကြောင်း။ စာလည်းတော်ကြောင်း။ (ပေါ်သစ်မင်းအတွက် စာကျက်ဖို့ စာမေးဖို့ Guide ဆရာငယ်ငယ်လေးဟာ ဦးနိုင်ပဲ ထပ်ရှာငှားလာပေးတာ ဖြစ်သည်။)





ပေါ်သစ်မင်း အပေါ် ချီးမွမ်းစကားတွေ ကြားရတာကို ကိုယ်ပဲ ချီးမွမ်းခံနေရသလောက်နီးနီး နားထဲ ပီတိစိမ့်နေမိပါသည်။ အဲဒီနောက်တော့ ခြံထဲမှာလည်း မှောင်ရီပျိုးကာ ခြင်လည်းကိုက်လာပြီမို့ ခဏနေတော့ ဦးနိုင်မိုးဆွေ ပြန်သည်။

သူ ပြန်ပြီးတဲ့နောက် မြသင်းသစ်ဟာ အိမ်ထဲမှာ ဟိုလျှောက် ဒီလျှောက် ထိုင်ချည်ထချည် ဟိုအခန်းဝင် ဒီအခန်းထွက်နှင့် ဂနာမငြိမ် ဖြစ်နေခဲ့ပါသည်။ ဒီလိုညဦးပိုင်း မြသင်းသစ်လည်း အိမ်မှာရှိနေတဲ့ အချိန်မျိုး ပေါ်သစ်မင်း အိမ်မှာမရှိဘူးဆိုတာ တစ်ကြိမ်မှ မရှိခဲ့သေးပါ။ စိတ်ကလည်း ဘာကိုမှန်းမသိ ပူစရာမရှိ ပူနေပါသည်။ မိန်းကလေးမိဘတွေ ကျင်းပတဲ့ပွဲမျိုးဖြစ်လို့ မဟုတ်မဟတ် မကောင်းမကမ်းတွေတော့ ပါမှာမဟုတ်ပါ။ အရက်သေစာ ဘီယာ စတာတွေလည်း ဒီလိုကလေးတွေပွဲမှာ လူကြီးတွေက ထည့်စီစဉ်မှာ မဟုတ်ပါ။

ဒါကိုသိရက်နှင့် ဘာကိုပူသည်မသိ ပူနေသည်။ ခဏအကြာတွင်တော့ မြသင်းသစ်သည် ကားသော့ကို သွားဖြုတ်ယူလိုက်ကာ တီဗီကြည့်နေသည့် မေမေ့အား ...

"မေမေ ... သမီး ပေါ်သစ်မင်းကို သွားကြိုလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက လှည့်ကြည့်ကာ ...

"ဪ ... ဦးစံနဲ့ လိုက်သွားမလား"

"လိုက်သွားမှာ မဟုတ်ဘူး မေမေ၊ သမီးပဲ မောင်းသွားပြီး ကြိုလိုက်မှာ၊ ဟိုပွဲရဲ့ အနေအထားလည်း မြင်ချင်အကဲခတ်ချင်သေးတယ်"

"အေး ... အေး ... သွားကြိုလေ၊ ကောင်းသားပဲ၊ ကားဂရုစိုက်မောင်း"

မေမေက အသာတကြည်ပင်။ လုပ်ရိုးလုပ်စဉ်လိုပင်။ မြသင်းသစ်မှာသာ သူ့ရဲ့ပူပန်အာရုံစိုက်လွန်းမှုဟာ လွန်ကဲနေမလား၊ ဇဝေဇဝါ တွေးနေမိတာ ...။

"မေမေရဲ့သား နိုင်တယ်
အဲ့ရှုရာယ်တွေ ရင်ဆိုင်နွှတ်ငြင်း
မေမေရဲ့ အားမာန်တွေ
သားလေးရဲ့ သွေးထဲကို စီးဝင်
အရှုံးပွဲရဲ့ တွေ့ဖို့ရာ အကြောင်းမမြင်
အားလုံး ... အောင်ပွဲဆင်"

ဟင် ... ကြည့်စမ်း။ ပေါ်သစ်မင်း။ ပေါ်သစ်မင်း ဆိုနေတာပဲ။ ပျံ့လွင့်သွားသော စိတ်အတွေးအာရုံတွေကို စုစည်းမိချိန်မှာ ပေါ်သစ်မင်းဟာ ကာရာအိုကေ သီချင်းတစ်ပုဒ်





အားနဲ့ မာန်နဲ့ သီဆိုနေသည်။ ရုတ်ကြည်ချိုပြီး ကောင်းလှတဲ့အသံ။ ဆုဝန် အတွက် ချိတ်တိတ်တိတ် "သူငယ်ချင်းသီချင်း"မျိုး ပြန်မဆိုတာကိုတော့ မြသင်းသစ် ကျေနပ်လှသည်။

သူ့သီချင်းက အမေကို တိုင်တည်ဂုဏ်ပြုတဲ့သီချင်း၊ မြသင်းသစ်သည် မလေးမြိုင်ကို မြင်ယောင်ကာ ရင်ထဲတွင် နင့်တင့်တင့်နှင့် မနာလိုခြင်းကြီးစွာလို ခံစားလိုက်ရပါသည်။

အမေ့ရဲ့ အားတွေ မာန်တွေ သူ့သွေးထဲ စီးဝင်ပြီး လောကကြီးကို အံတုယှဉ်ပြိုင် ရင်ဆိုင်နိုင်တယ်လို့ ဟစ်ကြွေးတဲ့တေး။ ကြည့်စမ်း ... အမေဖြစ်ရတဲ့သူ ဘယ်လောက်တောင် ဂုဏ်မောက်နိုင်ခွင့်ရတဲ့ တေးလည်းဆိုတာ။ ဆိုနေတဲ့သားက အားနဲ့ မာန်နဲ့ ခံစားချက်နဲ့။ ဒီသီချင်းဟာ အမေတစ်ယောက်ရဲ့ နှလုံးသွေးတွေကို ဘယ်လောက်တောင်များ ဆူပွက်ပူနွေးလာစေနိုင်လောက်တယ်၊ ဂုဏ်ယူပီတိတွေနဲ့ ဘယ်လောက် ကြည်နူးစရာကောင်းလှတယ် ဆိုတာ မလေးမြိုင်သာ နားဆင်ခွင့်ရလျှင်တော့ ဘယ်လို ခံစားရမည်မသိ။

မြသင်းသစ် ခန္ဓာကိုယ်ထဲ ရင်ထဲ သွေးထဲတွင်တော့ ပူနွေးရှိန်းမြလို့ ကြက်သီးထ,နေမိပေသည်။ အဲဒါနဲ့ တစ်ပြိုင်နက်တည်း မလေးမြိုင်ကို မနာလိုလိုက်တာဆိုတာ။ ညနေက ဦးနိုင် အဖြေထုတ် အသိဉာဏ် ဖွင့်ပေးသွားလိုက်တဲ့အတွက် ကိုယ့်ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်ကိုယ် ရိပ်မိခဲ့ရတဲ့ မြသင်းသစ်မှာ ကိုယ့်ကိုယ်ကိုယ် နားလည်ပေပြီ။

ဒီကောင်လေးကို သူ ချစ်ကို ချစ်တာ။ အမေတစ်ယောက်လို သားတစ်ယောက်ကို ချစ်သလို ချစ်တာ။ ဤသည်မှာ အမှန်တရားပဲ။ ဒါပေမဲ့ တကယ်တမ်း ကိုယ့်ဘဝက မပိုင်နိုင်၊ မပိုင်ဆိုင်တဲ့ ဘဝ။ ဘာမှမဆိုင်တဲ့ အခြေအနေ။ အခု ပေါ်သစ်မင်း ဆိုနေတာဟာလည်း သူ့အမေကို။ မလေးမြိုင်ကို။ ကိုယ့်ကို မဟုတ်။

မြသင်းသစ်သည် ခြံပြင်မှ ထီးထီးရပ်ကြည့်နေရင်း ရင်ထဲ ဝမ်းနည်းသလိုလို ကြေကွဲသလိုလို ဖြစ်လာပါသည်။ မခံချင်သလိုလိုလည်း ဖြစ်လာပါသည်။

ကိုယ့်ကိုယ်ကိုယ်လည်း နှစ်သိမ့်ဆုံးမပါသည်။ အို ကိုယ်နဲ့ တော်တော် မတော်တော် ဆိုင်ဆိုင် မဆိုင်ဆိုင် စေတနာဟာ စေတနာပဲပေါ့။ ဖြူစင်ရမှာပေါ့။ ကိုယ့်ဘက်က စေတနာ မေတ္တာ အပြည့်အဝထားမိတာ ဘုရားသိပါတယ်။ ဒီစိတ်ဓာတ်ဟာ ကျက်သရေမင်္ဂလာ ရှိပြီးသားပါ။ သူ့အမေကိုသာ တ,နေတဲ့ သားတစ်ယောက်လို့ ဘာလို့ စိတ်ကွက်ရမှာလဲ။

သူ့အမေကို သူချစ်မှာက သဘာဝတရားပဲ။ ကိုယ့်စေတနာ ကိုယ့်မေတ္တာတွေကို သူ နားလည်ရင် ကိုယ့်ကိုလည်း





ချစ်မှာပါ။ မလေးမြိုင်လောက် မဟုတ်တောင် နည်းနည်းပါးပါးပေါ့။ စိတ်ကောင်းရှိစမ်းပါ မြသင်းသစ်။ မနာလိုဝန်တိုခြင်း မရှိပါနဲ့။

မကြာလှသော အချိန်တစ်ခုတွင် ပေါ်သစ်မင်းသည် ခြံတံခါးဝဆီ ထွက်လာကာ ဟိုဟိုဒီဒီကြည့်ရင်း မြသင်းသစ်ကို မြင်လျှင် အံ့အားသင့်သွားပါသည်။

"အန်တီ"

"အေး ... ပြန်ရအောင်လေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ပေါ်သစ်မင်းက တစ်ခါတည်း ပြန်ဖို့မဟုတ်ဘဲ ကားထွက်ကြည့်တာဖြစ်ရာ ခြံထဲကို လေးငါးလှမ်း ပြန်ပြေးပြီး ပါးစပ်ဝမှာ လက်ဖဝါးနှစ်ဖက် ဖြန့်ကာလျက် ...

"ငါပြန်ပြီဟေ့"

အထဲထိ သွားမပြောတော့ဘဲ ကြားရုံလှမ်းအော်ကာ ပြန်ပြေးထွက်လာသည်။

"ဘယ်သူ့ပြန်ပို့ပေးရဦးမလဲ၊ မင်းပို့ချင်တဲ့သူရှိရင် ပို့ပေးမယ်လေ"

"မရှိဘူး အန်တီ၊ သူတို့ဘာသာပဲ ပြန်ကြလိမ့်မယ်၊ အဆင်ပြေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် ... တက် ..."

ပေါ်သစ်မင်းက ကားတစ်ဖက်အောက်ကို ပတ်ကာ ...

"ကျွန်တော် ရှေ့ခန်းမှာ ထိုင်ရမှာလား"

"ထိုင်ပေါ့ ... ရှေ့ခန်းပဲ ထိုင်ပေါ့၊ ဘာလို့ မေးရတာလဲ"

"အန်တီ မကြိုက်မှာစိုးလို့ပါ၊ နောက်မှာထိုင်ရင်လည်း ဒရိုင်ဘာနဲ့ စီးသလို ဖြစ်နေတယ်၊ ရှေ့မှာဆိုရင် အန်တီ့အေး ထိုင်ရမှာဆိုတော့"

"ဒါဖြင့်ရင် မင်း ဘယ်ကလိုက်မယ် စိတ်ကူးလဲ၊ ခေါင်မိုး ပေါ်ကလား"

နောက်ပြောင်စကားလို့လည်း ထင်မိသော်လည်း မြသင်းသစ် မျက်နှာက ခပ်တည်တည်ပဲမို့ ပေါ်သစ်မင်း မရယ်ရဲပေ။ ရှေ့ခန်းတံခါးကိုပဲ ဆွဲဖွင့်ကာ ဝင်ထိုင်လိုက်ပါသည်။

"ကိုးနာရီတောင် ခွဲတော့မယ်"

ကားပေါ်ရောက်ကြသည်နှင့် မြသင်းသစ်က ကား ထဲကနာရီကို ကြည့်ရင်း ပြောသဖြင့် ပေါ်သစ်မင်းက မဝံ့တဝံ့ နှင့် ...

"ခုနတစ်ကြိမ် ထွက်ကြည့်ပါသေးတယ်၊ ကိုးနာရီမထိုးခင် လေးကပါ၊ ကားမရောက်သေးတော့ ပြန်ဝင်သွားပြီး ပြန် ထိုင်နေလိုက်တာပါ၊ ပြီးတော့ ကျွန်တော်က ဦးစံပဲ ကြို မယ်ထင်လို့"



"ဘယ်သူပဲ ကြိုကြိုပေါ့၊ ကိုးနာရီဆိုရင် ကိုးနာရီမှာ ထွက် ရပ်နေပေါ့ကွ၊ မင်းက သီချင်းတွေ ဘာတွေ အေးအေးဆေး ဆေး ဆိုနေလိုက်သေးတယ်"

"သူများတွေက ဆိုဖို့တောင်းလို့ပါ"

မြသင်းသစ် သိသည်ဆို၍ ပေါ်သစ်မင်း ရှက်သွားမိ ပါသည်။

"ဘာပဲဖြစ်ဖြစ် မင်း ရွေးချယ်ပြီးဆိုတဲ့ သီချင်းက အမေနဲ့ ပတ်သက်တဲ့ သီချင်းမျိုးဆိုတော့ တော်သေးတာပေါ့၊ ဟို ကောင်မလေး ဆုပန် ဆိုသွားတဲ့ သီချင်းဆိုရင် ရှက်ဖို့ တောင် ကောင်းတယ်၊ သူငယ်ချင်းတွေ ဆုံတဲ့ပွဲမှာ သူငယ်ချင်း ကောင်လေးတစ်ယောက်ကို ရေလာမြောင်းပေး လုပ်တဲ့ သီချင်းမျိုးဆိုတော့ ဘယ်လာ ကောင်းနိုင်ပါ့မလဲ"

"အဲဒါက သူများတွေက ဒီသီချင်းဆိုဖို့ သူ့ကို ဝိုင်းတောင်း ကြလို့ပါ"

မြသင်းသစ်က ပေါ်သစ်မင်းကို ငဲ့ကြည့်ရင်း ...

"အမယ်လေး ... မင်းကလည်း ဆုပန် အတွက်ဆိုရင် ရှေ့ က ကာဆီး ကာဆီးနဲ့ သိပ် Cover လုပ်ချင်တယ်၊ အဲဒီ ကောင်မလေးနဲ့ မင်းကကော ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲပါဘူး၊ သူငယ်ချင်းပဲပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်း ပြေစမ်းပါ၊ လေသံက ဂျစ်ကန်ကန်နဲ့၊ မင်း ဆယ်တန်းအောင်ပြီးမှ ... အင်း ... အဲဒါလည်း ယေ့သေးတယ်၊ ဘွဲ့ရပြီးမှ ဟုတ်တယ်၊ ဘွဲ့ရမှ ရည်းစားထားရမယ် ... ကြားလား"

"ဟား ..."

"ဘာ ဟားလဲ"

ပေါ်သစ်မင်းက လက်ပိုက်၍ စူပုပ်ပုပ် ထိုင်နေပေမဲ့ စိတ်ထဲက ရယ်ချင်နေပါသည်။ ဆယ်တန်းအောင်ပြီးမှလို့ ပြောလိုက်ပြီးမှ သူ့ဟာသူ နည်းသေးသည်ထင်ကာ ဘွဲ့ရပြီးမှလို့ အချိန်ကို ထပ်တိုးလိုက်ပုံက ရယ်ချင်စရာ ကောင်းတာကိုး။

မြသင်းသစ်က သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

"ဟုတ်တယ် ပေါ်သစ်မင်း ... အန်တီ ဆိုရင် ငယ်ငယ်ရွယ်ရွယ်နဲ့ အချစ်ရေးကို ဦးစားပေးခဲ့တယ်၊ ကံကောင်းလွန်းလို့ ဘဝပျက်မသွားပဲ ခုလို ဣန္ဒြေရရ ပြန်ရပ်တည်နိုင်ခဲ့တာပါ၊ ပြီးတော့ မင်းကို အန်တီ အမျှားကြီး မျှော်မှန်းထားတယ်"

ဤစကားသံ တိုးတိုးကြောင့် ပေါ်သစ်မင်း ရင်ထဲ နွေးထွေးမှုကို ခံစားမိသည်။





၉

ကိုတင် အကြောင်းမကြားဘဲ ရုတ်တရက် မလေးမြိုင် ရန်ကုန်ကို ရောက်လာတာမို့ ပေါ်သစ်မင်း မပြောနှင့် မြသင်းသစ်တို့ပင် ဝမ်းသာကြရပါသည်။ မလေးမြိုင် ရောက်လာသည်နှင့် ပေါ်သစ်မင်း မျက်နှာဟာ ဝင်းသွားကာ ပီဘိကလေးငယ်လေးတစ်ယောက်နှယ် ရုပ်လေးက ပေစိစိလေး ဖြစ်သွားပါသည်။

"အမေကလည်း လာလည်း မလာဘူး၊ ဘယ်နှလရှိပြီလဲ၊ ဖုန်းတောင်မှ မဆက်ဘူး၊ စာလည်းမရေးဘူး၊ ဘာမှန်းမသိဘူး၊ သူ့ကိုယ်သူ လူလွတ်ကြီး ကျနေတာပဲ၊ ကိုယ့်သားလည်းကိုယ် သတိရပုံ မပေါ်ဘူး ... နေနိုင်လွန်းတာ"

www.burmeseclassic.com



တရစပ် ရန်တွေ့သလို စက်သေနတ် ဖောက်နေပေ
သည်မှာ ရယ်စရာ ချစ်စရာလည်း ကောင်းလှပါသည်။ မလေးမြိုင်
သည် သူ့သားကို ဆံပင်မှ သပ်ကာ သပ်ကာ မျက်ရည်တလည်
လည်နှင့် ...

"သတိရတာပေါ့ ငါ့သားရယ်၊ အမေ လွမ်းတာပေါ့၊
ကြည့်ပါဦး ... ငါ့သားက မမသစ်တို့ လက်ထဲရောက်တော့
ခန့်ချောကြီး ချောတက်လာတာ၊ လူကြီးလူကောင်းရုပ်နဲ့
တော့၊ အမယ်လေး ... ပုံတွေ ပြောင်းလို့ကွယ်၊ ချောလိုက်
တာ"

မြသင်းသစ် သွင်းထားတဲ့ပုံကို မလေးမြိုင်က အံ့သြ
ချီးမွမ်းမဆုံး ဖြစ်နေ၍ မြသင်းသစ်မှာလည်း ပီတိတွေ ဖြစ်နေပါ
သည်။ မြသင်းသစ်သည် မလှမ်းမကမ်း ဆက်တီပေါ်ထိုင်ကာ
နှစ်ယောက်ထိုင် ဆက်တီပေါ်မှ သားအမိ အပူးအတွဲကို ကြည့်
ရင်း ဝမ်းသာဝမ်းနည်းကြီးလည်း ဖြစ်နေသည်။

"အလကားပါ ... အမေက စာလေး ဖုန်းလေးတော့ ရေး
သင့် ဆက်သင့်တယ်"

"အမေက စာတစ်စောင် ဘယ်လိုလုပ်ပြီးဖြစ်အောင် ဖွဲ့နွဲ့
ရေးတတ်မလဲကွယ်"

"ဖွဲ့နွဲ့စရာ မလိုပါဘူး"





"ပြီးတော့ အမေက မင်း အဘွားရဲ့ ချောင်မှာပဲနေတာ၊
ဖုန်းဆက်ရလည်း ခက်တယ်ကွယ့်၊ တကူးတက သွားဆက်
မှရမှာ၊ သိတဲ့အတိုင်း အဘွားဆရာလေးကလည်း သိပ်မှာ
တာမဟုတ်ဘူး"

"မလေးမြိုင် အမေက အခုကော ဘယ်လိုနေလဲ"

"အမေက ပန်းနာရင်ကျပ်လည်းရှိ၊ နှလုံးရောဂါလည်းရှိ
သတဲ့ မမသစ်ရဲ့၊ ရုတ်တရက် ဘာမှ မဖြစ်လောက်ပေမဲ့
ပြုပြုစုစု လုပ်နေရတာ"

"မလေးမြိုင်ရော ... နေကောင်းရဲ့လား၊ လူတော့ ဝလာတယ်၊
အသားတော့ နည်းနည်းညိုသွားတယ်နော်"

"ဟုတ်ကဲ့ ... ကျန်းမာတော့ နေကောင်းပါတယ်၊ ဒါပေမဲ့
လူကသွေးဆုံးကိုင်ချင်သလား မသိဘူး၊ တစ်ခါတစ်ခါတော့
နေလို့မကောင်း ထိုင်လို့မကောင်း မအီမသာနဲ့"

"အို ... ဘယ့်နှယ်လဲ၊ မလေးမြိုင် လေးဆယ်တောင်
မပြည့်သေးတာ"

"ဟုတ်ကဲ့ ... သုံးဆယ့်ကိုးထဲတော့ ရှိပြီလေ မမသစ်၊
အမေကလည်း စောစော သွေးဆုံးခဲ့တာပဲ၊ ဒါမျိုးက
အမေ မျိုးရိုးလိုက်တယ် ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဒါပေမဲ့ ...စောပါသေးတယ် မလေးမြိုင်ရယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ထဲ မတင်မကျ ရှိရင်တော့ ရန်ကုန် ရောက်တုန်း အိုဂျီဆရာဝန်ပြသွားပါဦးလား"

"ဟုတ်ကဲ့"

"အမေ ... ကြာကြာနေနော်"

ပေါသစ်မင်း လက်ဖဝါးကို သူ့လက်နှစ်ဖက်နှင့် မလေးမြိုင်က ထွေးဆုပ်ထားသည်။ သူ့ကြည့်ရတာလည်း ဝမ်းနည်း ဝမ်းသာ ကတုန်ကယင်။ ဒီလောက် ချစ်စရာ ကောင်းတဲ့ သားကို ခွဲခွာနေရတာ သူ့လည်း လွမ်းတ,မှာပင်။ သားအတွက် ကောင်းဖို့ရယ်လို့ စိတ်ဒုံးဒုံးချထား၍သာ ခွဲနိုင်လိုက်တာ ဖြစ်ပါမည်။

"ခုတလော အမေလည်း နည်းနည်းထူထောင်တုန်း၊ သားနဲ့လည်း တွေ့ချင်လို့ရော၊ ကြီးကြီးတို့ မမသစ်တို့ရော သားနဲ့ အဆင်ပြေကြရဲ့လား ဘာလား ... လာချင်တာနဲ့ ကောက်လာလိုက်တာပါပဲ၊ အရင် တောင်ဥက္ကလာထဲက မိတ်ဆွေတစ်ယောက် စစ်ကိုင်း လာတုန်း ချောင်ကိုလည်း ရောက်လာလို့ တွေ့ရတယ်၊ သူက ကျွန်မတို့အိမ်ကို ပိတ်ထားတာမို့လို့ ငှားချင်စိတ်၊ ရောင်းချင်စိတ် မရှိဘူးလားလို့လည်း မေးတာနဲ့ ကြီးကြီးတို့ မမသစ်တို့နဲ့လည်း တိုင်ပင်ရအောင်"





"မရောင်းပါနဲ့ အမေကလည်း၊ ငှားလည်းမငှားနဲ့"

ပေါသစ်မင်းက ဝင်ကန့်ကွက်သည်။ ဩော် ... သူဟာ တစ်နေ့သောအခါ သူ့အိမ်ကလေးကို သူ ပြန်ရဦးမှာဆိုတဲ့ အတွေးအသိ ရှိနေပါကလားရယ်လို့ မြသင်းသစ်က ဝမ်းနည်းချင်မိပါသေးသည်။ မလေးမြိုင် ရောက်လာတာ မြင်လိုက်ပြီးကတည်းက ဘာတွေ ဝမ်းနည်းသွားမှန်းမသိ ဝမ်းနည်းနေသည်။

"ဟုတ်ပါတယ် လေးမြိုင်ရယ်၊ ငှားလည်း ဘာရမှာမို့လဲ၊ အလုပ်ရှုပ်တာပဲ ပိုတယ်၊ ရောင်းလည်း မရောင်းပါနဲ့၊ ပစ်ထားပေါ့၊ ဘာဖြစ်တုန်း၊ ညည်းလည်း ငွေလိုတာမှ မဟုတ်ဘဲ၊ ခုတိုင်းပဲ ငါလည်း လစဉ်မှန်မှန် ထောက်ပံ့မယ်"

"အဲဒါလည်းလေ ကြီးကြီးငွေ တင်တင်ပို့နေတာ များပါတယ်၊ ကြီးကြီးတို့မှာ ပေါသစ်မင်း တာဝန်ကလည်း တိုးလာသေး၊ ကျွန်မကိုလည်း လှမ်းထောက်နေ၊ ချောင်မှာက ဘာမှ ကုန်ကျစရိတ်အပို မရှိပါဘူး"

"မရှိရှိပေါ့၊ သရာလေးလည်း လျှုရတာပေါ့၊ ညည်းအမေနဲ့ ငါက ညီအစ်မလို နေကြတာပါအေ၊ ဘာမှ အားနာမနေနဲ့၊ ပေါသစ်မင်း စရိတ်ကကော ဘာဖြစ်တုန်း၊ ငါ့တို့ တခြား ဘယ်သူ့အတွက် ကုန်စရာ ရှိတာလိုက်လို့"



www.burmeseclassic.com

www.burmeseclassic.com



မလေးမြိုင်ထံ မေမေ ငွေမှန်မှန်ပို့နေတာ မြသင်းသစ်ပင် အလုံးစုံ မသိ။ တစ်ခါတလေ ပေးကမ်းထောက်ပံ့တာလောက်ထင်မိတာ။ ပေါ်သစ်မင်းလည်း သိပုံမရ။ ကလေးလို မျက်လုံးလေးကလည်းနှင့် သူ့အမေတစ်လှည့် မေမေ့ကိုတစ်လှည့် လှမ်းကြည့်နေသည်။

"ခု ... ညည်း အထုပ်အပိုးတွေကော"

"ရထားက ဆင်းကတည်းက ဟို တောင်ဥက္ကလာပအိမ်တန်းပြီး ..."

"ဟဲ့ ... ဘယ့်နှယ် အဲဒီအိမ် တန်းသွားရလဲအေ့၊ အဲဒီမှာ ဘယ်သူများရှိလို့လဲ၊ ညည်းသားက ဒီမှာဟာကို၊ ရန်ကုန်လာရင် ဒီမှာပဲ နေရမှာပေါ့၊ ညည်းက ဆရာလေးဆီလည်း သွားပြုစုနေချင်တယ် ဆိုလို့သာ၊ နို့မဟုတ်ရင် ညည်းကိုပါ ဒီမှာပဲ ခေါ်ထားမှာပေါ့ လေးမြိုင်ရဲ့၊ ညနေကျ မောင်စံနဲ့ ကားနဲ့သွားပြီး အထုပ်တွေ ဒီကို သယ်ပြောင်းခဲ့ချည်၊ ဒီမှာပဲနေ"

"ဟို ... ကျွန်မက ခဏပဲ ... ဆယ်ရက်လောက်"

"ဆယ်ရက်နေနေ ဆယ်သက်နေနေပေါ့အေ့၊ ဒီမှာသာလာနေ၊ ပေါ်သစ်မင်းကလည်း ညည်းနဲ့တွေ့ချင်ဦးမှာပေါ့"





မလေးမြိုင်က ခေါင်းတင်တင့်ကို ကျေးဇူးတင်သော တောက်ရွှန်းသော မျက်လုံးကြီးတွေနှင့် လှမ်းကြည့်သည်။ ဗိဇကိုက ကျိုးနွံတတ်လှတဲ့ မလေးမြိုင်ဟာ အိမ်ရှင်စိတ်ငြိုငြင်ရမည့် ညှိသည်မျိုး မဟုတ်ပါ။ ရွှေညှိသည်မျိုးသာ ဖြစ်ပါသည်။

မြသင်းသစ်သည် ပေါ်သစ်မင်းကိုသာ ပိုပြီး အာရုံစိုက် အကဲခတ်နေမိပါသည်။ ပေါ်သစ်မင်းဟာ သူ့အမေ မလေးမြိုင်ကို အရိပ်တကြည့်ကြည့်နှင့် ဟိုကလှည့် အကဲခတ် ဒီကလှည့်အကဲခတ်၊ ဟိုကြည့် ဒီကြည့် ကြည့်မဝ ဖြစ်နေသလိုပါပင်။ မလေးမြိုင်ကလည်း ဒီအတိုင်းပါပင်။

ပေါ်သစ်မင်းကို လက်လေးဆုပ်ထားလိုက် ဆံပင်လေးသပ်၊ ကျောလေးသပ် ပီတိဖြစ်တဲ့အကြည့်၊ မျက်ရည်လည်တဲ့အကြည့်။ အင်း ... ရင်နင့်စရာပင် ကောင်းလို့နေပြန်ပါသည်။ သူ့အမေနှင့် သူ့သားဟာ ခွဲခွာလို့ နေချင်ပါ့မလား။

အမေကလည်း သား သူ့လက်ထဲမှာထက် ပိုပြီး ထွန်းကားကောင်းစားမှာမို့။ သားကလည်း အဖေမှာခဲ့တဲ့အတိုင်း လူကြီးတွေ စီမံရာမို့။ ဒီအသိကိုယ်စီနှင့် ခွဲနေကြရတာ ဖြစ်မှာပင်။ ကိုယ်သာဆိုရင်။ အင်း ... ကိုယ်တိုင်သာဆိုလျှင် ကိုယ့်မှာ သားကလေးတစ်ယောက်သာ ရှိရင် မြသင်းသစ် အဖို့တော့ ကိုယ့်သားကလေးနဲ့ ခွဲခွာပြီး မနေနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မလေးမြိုင်က ဒီမှာ ကြာကြာ မနေနိုင်ဘူးလား"

မလေးမြိုင်က မြသင်းသစ်ကို ငေးခနဲကြည့်ရင်း ...

"ဟိုမှာလည်း အမေတစ်ယောက်တည်း သိပ်မမာတော့"

"ဒီမှာ အမြဲနေတဲ့ နေရပ်သဘောမျိုး နေပြီး စစ်ကိုင်းချောင်ကို တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ် စသည်ဖြင့် သွားရင်ကော"

"မမသစ် ဘာလိုအပ်တာ ရှိလို့လဲဟင်"

"ဪ ... သစ်သစ် ဘာမှ မလိုအပ်ပါဘူး မလေးမြိုင်ရယ်၊ ပေါ်သစ်မင်းကို သူ့အမေနဲ့လည်း နေခွင့်ရစေချင်တာပါ"

"သူ လိမ္မာရဲ့လား မမသစ်"

မြသင်းသစ်က သူ့စကားကို မျှော်လင့်နေသည့် ပေါ်သစ်မင်းကို တစ်ချက်ကြည့်ကာ ...

"တစ်ခါ တစ်ခါ စကားပြောတာ ဆိုတာ ဂျစ်တာစ်တစ် ဖြစ်ချင်တာကလွဲရင် လိမ္မာပါတယ်"

"ဂျစ်ကန်ကန်လုပ်ရင် ရိုက်သာ ရိုက်လိုက်ပါ မမသစ်ရယ်"

"အို ... မရိုက်ပါဘူး၊ ဘယ့်နှယ် သူများသားသမီးကို"



"သူများသားသမီးရယ်လို့လည်း သဘောမထားပါနဲ့ မမသစ်၊ သားကလည်း ဟော့ဒီ မမသစ်ကို အမေလိုပဲ သဘောထားရမှာ၊ သိလား၊ မမသစ်ဟာလည်း မင်းရဲ့အမေပဲ၊ ဒါက အဘွားပဲ၊ ကြားလား"

မြသင်းသစ်က ဤစကားအတွက် ရှက်စနိုး ဖြစ်မိသည်။ ကြိုက်သလိုလို မကြိုက်သလိုလို။

ထိုညနေတွင် တောင်ဥက္ကလာပအိမ်၌ ထားရစ်သည့် သူ့အထုပ်အပိုး, အိတ်တို့ မလေးမြိုင် ပြန်အယူ ပေါ်သစ်မင်းကလည်း ခွင့်တောင်းကာ လိုက်သွားသည်။ သားအမိနှစ်ယောက်ထဲ နှစ်ကိုယ်ကြား ပြောချင်တာမျိုးလည်း ရှိကောင်း ရှိနိုင်မှာပေါ့လေ။ သူတို့သားအမိ ကားနောက်ခန်းထဲ ယှဉ်တွဲပါသွားတာကို မြသင်းသစ်က ခန်းဆီးစ,တစ်စ အသာလှပ်ကာ ငေးကျန်ရစ်ခဲ့သည်။

အတော်နှင့် ပြန်ပေါ်မလာကြ၍ မြသင်းသစ် ထိုင်ချည်ထချည် ဖြစ်ကာနေသည်။ အထုပ်ယူ ပြန်လာဆိုရင်တော့ အစောကြီးကတည်းက ရောက်ပြီ။ အိမ်မှာပဲ အရင်အချိန်တွေ တမ်းတလွမ်းဆွတ်ကာ ခပ်ကြာကြာ နေနေကြသလား။ ဒါမှမဟုတ် တစ်နေရာရာပဲ ဝင်နေကြသလား။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဟာ ခုချိန်မှာ "ဟိုအိမ်မပြန်ချင်တော့ဘူး အမေ၊ ဒီမှာပဲ အမေနဲ့ ပြန်နေချင်တယ်" ဆိုတာမျိုး ပြောနေမလား။ မြသင်းသစ် တစ်ယောက်ဟာ ခက်ထန်ကြမ်းတမ်းသည်လို့ပဲ အတင်းပြောနေမလား။

မြသင်းသစ်ရဲ့ ယောက်ယက်ခတ်နေမှုကို အလည်ရောက်လာသော ဦးနိုင်မိုးဆွေက ရိပ်မိသွားပါသည်။ မြသင်းသစ်ကလည်း စိတ်ထဲရှိနေသမျှတွေ တတွတ်တွတ် ဖွင့်ချနေမိသည်။ ကိုယ်ထင်မိတွေးမိတာတွေ။ ဦးနိုင်က မြသင်းသစ်ကို မေးထောက်ကာ စိမ်ပြေနပြေ ငေးစိုက်ကြည့်၍ နားထောင်နေသည်။

"ဦးနိုင်ကလည်း ပါးစပ်ကြီးပိတ်ပြီး ငြိမ်နေတာပဲနော်၊ သစ်သစ်ကို စကားတောင် မထောက်ဘူး"

"သစ်သစ် ဘာတွေ စိတ်ပူနေမှန်းကို တွေးမရလို့ပါ၊ သစ်သစ်က ကောင်လေး ဒီကိုပြန်မလာမှာ စိုးနေတာလား။ ဘယ်ဖြစ်နိုင်မလဲ၊ ဟိုးပထမကတည်းက သူတို့ဘာသာ ဆုံးဖြတ်ပြီးတော့ ကောင်လေးအဖေ စကားအတိုင်း သူ့အမေက သစ်သစ် လက်ထဲ အားကိုးပြီးအပ်တယ်၊ ကောင်လေးကလည်း ရိုက်လွှတ်ရတာ မဟုတ်ဘဲ သူ့ဟာသူ လာနေဖို့ ဆုံးဖြတ်ပြီးနေတာလေ ..."





ခုလို ဒီမှာ ကျူရှင်တွေတက် စာတွေသင်၊ အပိုးကျိုးကျိုးလေး တိုးတက်လာပြီး တစ်ဝက်တစ်ပျက်ကြီးကျမှ မနေတော့ဘူးဆိုပြီး ပြန်မလာတော့ဖို့က ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

"အင်း ... ဒါတော့ ဟုတ်ပါတယ်"

"ဟုတ်တယ်လေ ... သစ်သစ်ရဲ့ အတင်းပြောမှာကိုလည်း စိုးနေရသေးတယ်လို့၊ ပြောလည်း ပြောလေ၊ သူ့အမေကိုတော့ သူ့သားက ကောင်းတာရော မကောင်းတာရော စကားတွေ တစ်ဝပြောမှာပဲ၊ အဲဒီထဲ ကိုယ့်မကောင်းကြောင်းလိုမျိုးပါလည်း ဂရုစိုက်စရာ မရှိဘူး၊ သစ်သစ်က ပေါ်သစ်မင်း အပေါ် အင်မတန်ကောင်းတဲ့ စိတ်သဘောထားထားရှိပြီးသား ဆိုတာ သစ်သစ် ကိုယ်တိုင် အသိဆုံး"

"ဦးနိုင် ပြောလိုက်ရင်ဖြင့် စိတ်ချမ်းသာဖို့ချည်း"

"ဟင် ... ဘာကများ စိတ်ဆင်းရဲဖို့ ဖြစ်နေလို့လဲ"

"ပြန်လည်း မလာကြသေးဘူးလေ ... ကြည့်"

"မှောင်တောင် မမှောင်သေးဘူး၊ လာမှာပေါ့ သစ်သစ်ရဲ့"

"သတ်မှတ်ထားတဲ့ ထမင်းစားချိန် နီးပြီ"

"သစ်သစ် စည်းကမ်းကြီးတာ ပေါ်သစ်မင်း သိတာပဲ၊ လာမှာပါ၊ နောက်ကျလည်း နည်းနည်းပါးပါးပေါ့၊ ပစ်စလက်ခတ်တော့ ဘယ်လုပ်မလဲ၊ သားအမိ ပြန်တွေ့တဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဝိစ္စလေးတွေ ရှိဦးမှာပေါ့၊ သူ့အမေနဲ့များ ဘုရားတက်နေမလား"

"အို ... မလေးမြိုင် ဘုရားသွားချင်ရင် သစ်သစ် ပို့ပေးနိုင်တာပဲ"

"အေးလေ ... ဒါက သစ်သစ် စိတ်ထဲ ရှိတာလေ"

"နောက်ကိုကျတယ်"

"ဩော် ... သစ်သစ်ရယ်"

"ဘာလဲ"

ဦးနိုင်က ပြုံးတုံ့တုံ့ လုပ်နေပါသည်။

"သစ်သစ်ဟာ ပေါ်သစ်မင်းကို သူ့အမေနဲ့တောင် သဝန်တိုနေတာပဲနော်"

"အဲသလို မဟုတ်ပါဘူး"

"ဟုတ်တယ် သစ်သစ်ရဲ့၊ သစ်သစ် ဒီချာတိတ်ကို ဖြစ်နိုင်ရင် မျက်စိအောက်က အပျောက်တောင် မခံချင်ဘူး သဘောမျိုး ဖြစ်နေတာ"

မြသင်းသစ်က မျက်လွှာချရင်း ...

"အဲဒီသဘော တကယ်ပဲ ဖြစ်နေသလား ... ဟုတ်လား ဦးနိုင်"

"ဟုတ်တယ်၊ ပေါ်သစ်မင်းကို သစ်သစ် အင်မတန်ချစ် အင်မတန်သံယောဇဉ်ကြီးနေတာပဲ၊ တကယ်တော့ ဒီကောင်





လေးနဲ့ သစ်သစ် ဆုံစည်းကြတာ လအနည်းငယ်ပဲ ရှိသေးတာ"

မြသင်းသစ်က ဦးနိုင်မိုးဆွေကို ဝံ့ဝံ့စားစားလေး ကြည့်ရင်း ...

"အဲဒါ သူ့အဖေ ကိုထင့်ရဲ့သားမို့လို့ ကိုနိုင် ပြောချင်တာ မဟုတ်ဘူး မို့လားဟင်၊ ကိုထင့် သားမို့ ဖြစ်နေတာ လုံးဝ လုံးဝ မဟုတ်ဘူး"

"အဲဒါ ကိုယ် သိပါတယ်၊ အဲဒါကြောင့်လည်း ထူးဆန်းနေတာပေါ့"

'ကိုထင်ပေါ်'ဆိုတဲ့ လူတစ်ယောက်အကြောင်း ဦးနိုင်မိုးဆွေ အလုံးစုံ သိပြီးသားပင်။ မြသင်းသစ် ကိုယ်တိုင် ဖွင့်ဟပြောပြထားတာ။ ငယ်စဉ်က ငယ်ချစ်ဦး ဖြစ်ခဲ့ပြီး ပတ်သက်မှုအခန်းကဏ္ဍတွေ ရှိခဲ့လျက် နောင်တော့ တဖြည်းဖြည်း ရေးတေးတေး မှိန်တိန်တိန် ဖြစ်ခဲ့ကာ ခုတော့ ကွယ်လွန်ပြီဖြစ်တဲ့လူမျိုး တစ်ယောက်နှင့် ဦးနိုင်မိုးဆွေကလည်း သဝန်တိုစရာ ကသိကအောက် ဖြစ်နေစရာအကြောင်း မရှိပါ။ မြသင်းသစ် အတွက် မေ့မသွားတာ တစ်ခုသောက် ရှိတာ။

တစ်ချိန်က မြသင်းသစ်နှင့် ဦးနိုင်မိုးဆွေ တွဲကာမင် ကိုထင်ပေါ်နှင့် လမ်းပေါ်မှာ ဆုံဖူးပါသေးသည်။ မြသင်းသစ်ကပဲ မိတ်ဆက်ပေးဖူးပါသည်။ ထို့ကြောင့် ထိုသူကို ဦးနိုင်မိုးဆွေ

www.burmeseclassic.com



တစ်ကြိမ် မှတ်မှတ်ရရ မြင်ဖူးလိုက်ပါသည်။ လူရိုး လူအေး လူဖြောင့်။ အာဃာတမာန်မာနတွေ နားလည်တတ်ပုံမရတဲ့ ခင်မင်ဖွယ် လူတစ်ယောက်ပင်။ အဲဒီအခေါက်တွေ့စဉ်က အဲဒီလူမျက်နှာဟာ အရက်ဒဏ်နှင့် အနည်းငယ် ပွယောင်းယောင်း နိုင်ချင်တာကို ကြည့်ပြီး မြသင်းသစ် တဖျစ်တောက်တောက် စိတ်မကောင်းဖြစ်ခဲ့သည်ကိုပင် ဦးနိုင်မိုးဆွေက နားလည်ခံစားနိုင်သူ ဖြစ်သည်။

"သဝန်တော့ မတိုပါဘူး၊ မလေးမြိုင်ကလည်း သနားစရာကောင်းပါတယ်"

"ဘာကို သနားနေမြန်တာလဲ၊ သူလည်း သူ့ဘဝသူ အဆင်ပြေနေတဲ့သူ တစ်ယောက်ပဲ"

"နုံတုံတုံနဲ့"

ဦးနိုင်က ရယ်ပါသည်။

"ပေါ်သစ်မင်း အတွက် အမေတောင်မှ အကောင်းစားအမေမျိုး ပိုင်ဆိုင်စေချင်တဲ့ အားမလို အားမရမှုမျိုးပဲ"

မြသင်းသစ်ပါ မနေနိုင်တော့ဘဲ ဦးနိုင်နှင့် ရောရှယ်မောမိတော့သည်။

"ဟိုဘဝက ရှေးရေစက် ဆိုတာမျိုးကို ယုံရတော့မှာပဲ ထင်တယ်"

"ဟုတ်တယ်နော် ဦးနိုင်ရဲ့၊ ဟိုဘဝက သစ်သစ်နဲ့ သင်းနဲ့ သားအမိများ တော်ခဲ့သလား မသိဘူး"



"ဟော … ဟိုမှာ … ခင်ဗျား သားတော်မောင် ပြန်လာပြီဗျာ"

ခြံထဲဝင်လာသော ဦးစံ မောင်းတဲ့ကားကို မြသင်းသစ်က အိမ်တံခါးဝအထိ ထွက်ရပ်ကြိုသည်။ သားအမိနှစ်ယောက်ကို အကဲခတ်သည်။

"စိတ်ပူနေတာ မလေးမြိုင်ရဲ့"

"ဟိုအိမ်မှာ အိမ်ကပိတ်ထားတော့လေ၊ ဖုန်နဲ့ ပင့်ကူမြွေးနဲ့၊ ကျွန်မ သန့်ရှင်းရေးပါ လုပ်နေလိုက်လို့ မမသစ်ရဲ့၊ ကြာသွားတာ"

"သြော် … ဘယ်များ ဝင်နေကြသလဲ ထင်နေတာ"

"မဝင်ဘူး မမသစ်၊ အိမ်ကိုပဲ တံမြက်လှည်းကြမ်းတိုက်၊ တချို့ကို ရေဖတ်သုတ်နဲ့၊ အချိန်ကုန်လို့ ကုန်မှန်းမသိဖြစ်သွားတာ"

"ထမင်းစားဖို့ စောင့်နေတာလေ၊ အပြင်တစ်နေရာရာများ လည်ကြ စားသောက်ကြ လုပ်နေသလား၊ ထမင်းစားစောင့်ရမလား မစောင့်ရဘူးလား တွေးနေတာ မလေးမြိုင်ရဲ့"

"ပိုက်ဆံကုန်ခံလို့ မစားပါဘူး မမသစ်ရယ်၊ သားကလည်း ပြောတယ်၊ ညနေဘက် ညဘက်တွေ ဘယ်မှမလည်ရဘူးတဲ့၊ အန်တီ မကြိုက်ဘူးတဲ့၊ ထမင်းလည်း အိမ်မှာစားမှ အန်တီက ကြိုက်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ်မင်းက လူကြီးတစ်စုရှေ့မှ ခါးကို မသိမသာ ညွတ်ကာ သူ့အမေအိတ်တွေ သယ်ဝင်သွားပါသည်။

"ခုလည်း ထမင်းစားချိန် တန်ပြီတဲ့၊ အန်တီက စည်းကမ်းကြီးတယ်၊ အချိန်နဲ့ စားပါကတဲ့၊ ခုပြန်မယ် ... ခုပြန်မယ် လောလို့ လက်စသတ် ထွက်ခဲ့ရတာ မမသစ်ရဲ့"

မြသင်းသစ် မျက်နှာက ပြုံးလဲ့၍ နေပါသည်။

ရောဂါဝေဒနာရယ်လို့ ဘာမှ ခံစားနေရခြင်း မရှိသော်လည်း အသက်ငယ်ငယ်နှင့် သွေးသားမမှန်ကန် ဖြစ်နေသော မလေးမြိုင်ကို မပြန်ခင်အတွင်း မြသင်းသစ်က သားဖွားမီးယပ် အထူးကုနှင့် လိုက်ပြပေးပါသည်။

"ပြထားတော့ မမှားဘူးပေါ့ မလေးမြိုင်ရဲ့၊ အသက်က လေးဆယ်တောင် မရှိသေးဘူး၊ သွေးဆုံးရှယ်မှ မဟုတ်သေးပဲ၊ ဖြစ်လိုက် မဖြစ်လိုက်၊ နည်းလိုက် များလိုက်နဲ့ ပုံမှန်မဟုတ်ဘဲ ဖြစ်နေတာ ပြထားတော့ တစ်ခုခုရှိရင်လည်း သိရတာပေါ့၊ ဘာမှ မဖြစ်ဘူးဆိုလည်း စိတ်ရှင်းရတာပေါ့"

မြသင်းသစ်သည် မလေးမြိုင်ကို အိမ်မှာရှိစဉ် တာယူတယနှင့် ဂရုတစိုက် လုပ်မိသည်။ ဟိုးအရင်က မလေးမြိုင်နှင့်





သူဟာ သံယောဇဉ်ကြီးလောက်အောင် မခင်ခဲ့ပါ။ သူတို့သားအမိ ခြံထဲမှာ ပြန်လာနေကြတော့ ကိုယ့်ထက် အသက်ကြီးပြီး အတန်းငယ်နေတဲ့ မလေးမြိုင် ကိုယ်တိုင်ကလည်း မရဲမဝံ့နှင့် သူ့အခန်းလေးထဲပဲ ကုပ်နေပြီး မြသင်းသစ်ကို သူငယ်ချင်းပေါင်း မပေါင်းရဲခဲ့ရာ တအားမရင်းနှီးလိုက်ရ။

ထုံထုံကြောက်ကြောက် ယောင်ယောင်မှားမှားနှင့် မလေးမြိုင်ဟာ မြသင်းသစ်ကိုလည်း ရှိန်လှသည်။ မေမေနှင့်မှ ခေါ်ပြောရင်းနှီးသေးသည်။ ကျောင်းသွားကျောင်းပြန် လုပ်နေတာ တစ်ခါတစ်ရံလည်း မြင်သည်။ တစ်ခါတစ်ရံတော့ သူ့ခြံထဲမှာ ရှိနေတာကိုပင် မြသင်းသစ် မေ့နေလောက်အောင် မလေးမြိုင်က အနေအေးသည်။

မပြောမဖြစ် စကားပြောဖြစ်လျှင်ပင် လက်ကလေးပိုက်တတ်သေး၍ လက်မပိုက်ဖို့ ပြောရတာကိုပင် သတိရသည်။ ခုမှပဲ မလေးမြိုင်ကို တရင်းတနှီး ပြောဆိုဆက်ဆံဖြစ်တာ။

"ဒီညနေ ဘွတ်ကင်လုပ်ထားတာနော်၊ ညနေငါးနာရီလောက် ဆေးခန်းသွားမယ် သိလား ... မလေးမြိုင်၊ ကျွန်မ စောပြန်ခဲ့မယ်"

မြသင်းသစ် စကားကို ပေါ်သစ်မင်းက ဝင်ကာ ...

"အန်တီ ... နည်းနည်းနောက်ကျသွားလို့ မရဘူးလား၊ ကျွန်တော် လိုက်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျုရှင်ချိန်နှင့် တိုက်နေ၍ ဖြစ်သည်။ မြသင်းသစ်က မျက်ခုံးကိုပင့်ကာ ...

"နောက်ကျသွားရင် ဆရာဝန် ဘယ်ရှိတော့မလဲ၊ သူတို့က အချိန်နဲ့ ထိုင်တာလေ၊ မင်းပါရင်လည်း အကြောင်းမထူးပါဘူး ပေါ်သစ်မင်းရယ်၊ အပြင်မှာပဲ နေရမှာပဲ၊ မင်းလူပျို လူရွယ်လေးဟာကို ဘယ်အိုဂျီက အခန်းထဲ သွင်းမှာလဲ၊ ကျုရှင်သာ အေးအေးဆေးဆေး တက်ပါ"

"အမေ ဘာဖြစ်လဲ သိချင်လို့ပါ"

"မင်းကို ပြန်ပြောပြမှာပေါ့"

ပေါ်သစ်မင်းက စောဒက ဆက်မတက်တော့ပါ။

ဆေးခန်းရောက်တော့ အိုဂျီဆရာဝန်မကြီးသည် လူနာများလှ၍ တစ်ကြိမ်မှာ နှစ်ယောက်သွင်းပါသည်။ တစ်ယောက်ကို လက်ထောက်က အရင်မေးမြန်း စာအုပ်မှာရေး၊ ဆရာဝန်မကြီးဆီရောက်တော့ အချက်အလက် ကြည့်ရှုတော့ပြီး စမ်းသပ်ရုံပင်။

မလေးမြိုင်ရဲ့ ရှေ့တစ်ယောက်ကလည်း အမျိုးသမီး နှစ်ယောက်နှင့် ယောကျ်ားတစ်ယောက် သုံးယောက်ပူးဝင်သွား၍ အခန်းထဲမှာ ဆရာဝန်က နှစ်ယောက်၊ နာ့စ်ကတစ်ယောက် ရှုပ်ယှက်ကျပ်သပ်နေရာ ...

"ကျွန်မ လိုက်မဝင်ခဲ့တော့ဘူး ,မလေးမြိုင်၊ အခန်းဝမှာ ရှိမယ်၊ သေချာ ပါးစပ်နဲ့လည်း မေးမြန်း၊ မှတ်ခဲ့နော်"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

မလေးမြိုင် ခဏနှင့် ပြန်ထွက်လာကာ အာလ်ထရာဆောင်းရိုက်ဖို့ သွားတန်းစီရပြန်ပါသည်။ အဲဒီကရိုက်ပြီး အဖြေရမှ ဆရာဝန်မကြီးအခန်း တစ်ခါပြန်ဝင်ပြ။ ဤတစ်ကြိမ် ဝင်အပြမှာတော့ မြသင်းသစ်လည်း လိုက်ဝင်လိုက်ပါသည်။

ရှေ့လူကနှစ်ယောက်။ အခန်းထဲမှာ ထိုင်စရာမရှိဘဲ ရပ်စရာတောင်မှ ချေး၍လွတ်လွတ်လပ်လပ် ဖြစ်အောင် ရပ်ရပါသည်။ မလေးမြိုင်ရဲ့ အာလ်ထရာဆောင်း၏ အဖြေစာရွက် ဓာတ်ပုံတို့ကိုကြည့်ရင်း ...

"ဟုတ်ပါတယ် ... ညီမသားအိမ်မှာ အလုံးကလေးရှိနေတယ်၊ မိုင်အိုးမားပေါ့၊ ကြီးကြီးမားမား မဟုတ်သေးဘူး၊ သေးသေးပဲ ရှိသေးတယ်၊ သံပရာသီးအရွယ်လောက်ပဲ ရှိမှာပေါ့"

မြသင်းသစ်က ဝင်ကာ ...

"ခွဲဖို့လိုပါသလား မမ"

"ခွဲထုတ်လိုက်ချင်လည်း ရပါတယ်၊ မခွဲချင်သေးပဲ ကိုယ်အဆင်ပြေတဲ့အချိန် စောင့်ခွဲမယ်ဆိုလည်း ရပါသေးတယ်၊ ဆိုးဆိုးဝါးဝါး အလုံးကြီးတော့ မဟုတ်သေးဘူး၊ ခွဲမယ်ဆိုရင်တောင် ဒီညီမက သွေးတိုးနေတာကိုတော့ ကျချအောင်ချရဦးမယ်၊ ငယ်ငယ်ပဲ ရှိသေးတယ်၊ ပရက်ရှာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်များတယ်၊ အခုကိုပဲ တိုးနေတယ်၊ သူကသာ ဘာမှ မဖြစ်ဘူး၊ မမူးဘူးတဲ့"

*"မမ အကြံပေးတဲ့အတိုင်း လုပ်ပါ့မယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ မမ"*

မြသင်းသစ်က မေးသည်။

"အင်း ... ထားရင်လည်း ထားလိုက်ပါဦး၊ မဲ့နဲ့ဇရေးရှင်း တစ်ခါတလေ လကျော်တာလောက်၊ မမှန်တာလောက်ပဲ ရှိသေးပြီးတော့ လုံးဝ အနာအကျင်မရှိ၊ ဗိုက်မအောင့်၊ လူကို ဒုက္ခမပေးသေးဘူး ဆိုတော့ ထားထားလိုက်သေးတဲ့ အတွက်ကြောင့်လည်း အန္တရာယ်တော့ မရှိပါဘူး၊ လောလောဆယ်တော့ ဆေးတော့တိုက်ထားမယ်၊ ပရက်ရှာကို ချပေးထားမယ်"

"နောက်တစ်ကြိမ် ဘယ်တော့ ပြန်လာပြရမလဲ မမ"

"နောက်တစ်လလောက်နေရင် တစ်ကြိမ် ပြန်ကြည့်ရအောင်"

"ကျွန်မက နယ်မှာနေပါတယ် ဒေါက်တာရယ်၊ ဒီထက် အချိန်ခြားပြီးတော့မှများ ပြန်ပြလို့ ရနိုင်မလား မသိဘူး"

မလေးမြိုင် စကားကြောင့် ဆရာဝန်မကြီးက ...

"ရပါတယ်၊ ကျွန်မ ပြောပြီးပြီပဲ၊ သူ့ဟာက အိုဘောရီယန် ဆစ်စ် ... ရေအိတ် မဟုတ်ဘဲ မိုင်အိုးမားလို့ ခေါ်တဲ့





အသားလုံးလေးပဲ ဖြစ်တဲ့အတွက် မခွဲဘဲ ထားသေးလည်း ဘာအန္တရာယ်မှ မပေးနိုင်သေးပါဘူး၊ စောစောခွဲထုတ်ထားတော့လည်း ရှင်းသွားတာပေါ့နော်၊ ဒါပေမဲ့ ရှင့်မှာက လောလောဆယ်လည်း ခွဲမရပါဘူး၊ သွေးတိုးနေတယ်၊ ခုလောလောဆယ် အချိန်ပိုင်းမှာပဲ တိုးနေတာလား၊ သွေးတိုးသမားလား ဆိုတာလည်း သိဖို့လိုတယ်၊ ဒီသွေးတိုးကို ချရမယ်၊ အရင်ကကော သွေးတိုးဖူးသလား"

"ဟုတ်ကဲ့ ... မကြာမကြာတော့ ခေါင်းကိုက် ခေါင်းမူး စက်ကြောတက် ခေါင်းအုံ ဖြစ်တတ်ပါတယ်၊ ဆေးခန်းပြရင် ချိန်ကြည့်ရင် သွေးတိုးနေတတ်ပါတယ်၊ ကျွန်မက အငန်၊ ငါးပိ၊ ငါးခြောက်လည်း အစားများပါတယ် ဒေါက်တာရယ်"

"အစားများလို့ မရဘူးလေ၊ လျှော့ပေါ့၊ သိပ်ငန်တာစားလို့ ဘယ်ရမလဲ၊ ကဲ ... ဒါဖြင့် မခွဲပါနဲ့ဦး၊ အခြေအနေကြည့်သေးတာပေါ့၊ တစ်လ သို့မဟုတ် နှစ်လပေါ့၊ ရှင်လာနိုင်တဲ့အချိန် ပြန်လာ၊ ဒီကြားထဲ အငန်လျှော့၊ သွေးတိုးကျအောင်လည်း ဆေးတိုက်ထားမယ်၊ ဒါပေမဲ့ သွေးတိုးအတွက် ဆရာဝန် သီးသန့်ပြရင် ပိုကောင်းပါတယ်"

မြသင်းသစ်နှင့် မလေးမြိုင်တို့ ဆေးခန်းမှ ပြန်လာတဲ့ အခါ ပေါ်သစ်မင်းသည် အိမ်ဝအထိ ပြေးထွက်လာပြီကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... ဘာဖြစ်တာတဲ့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး သားရဲ့၊ သားအိမ်ထဲမှာ အလုံးသေးသေးလေး တွေ့တယ် ဆိုတာပဲ"

"ခွဲရမှာလားဟင်"

"ခွဲစရာ မလိုပါဘူးတဲ့၊ ဘာအန္တရာယ်မှ မရှိဘူးတဲ့"

မလေးမြိုင်က အပြင်က ဝယ်လာသော မုန့်ထုပ်တွေကို တစ်အိမ်လုံးစားရန် ပြင်ဆင်ထည့်ဖို့ မီးဖိုထဲ တန်းဝင်သွားပါသည်။ ပေါသစ်မင်းသည် အပေါ်ထပ်တက်ဖို့ဆဲဆဲ မြသင်းသစ်အနားကပ်လာ၍ မြသင်းသစ်က ငဲ့ကြည့်လိုက်လျှင် မျက်စိသူငယ်နှင့် သူ့ကို အကဲခတ်ကြည့်နေ၍ ...

"ဘာတုန်း ... ပေါသစ်မင်း"

"ဟို ... အမေ့ရဲ့ အလုံးဆိုတာ ဘာလဲဟင် အန်တီ၊ ကင်ဆာလား၊ ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပါ အန်တီ"

မြသင်းသစ်က ပြုံးမိပါသည်။

"ဟဲ့ ... ဘယ်က ကင်ဆာရမှာလဲ ပေါသစ်မင်းရယ်။ အမှန်တိုင်း မပြောစရာ မရှိပါဘူး၊ ဒါအမှန်အတိုင်းပဲ၊ ဘာမှ အရေးမကြီးပါဘူးတဲ့၊ ခွဲလည်းရတယ်၊ မခွဲလည်းရှိတယ်၊ လူကို အန္တရာယ်မပေးဘူး၊ ဘာမှ မစိုးရိမ်ရပါဘူး။ ဒါမျိုးတွေ အမျိုးသမီးတွေမှာ ဖြစ်တတ်ပါတယ်"

ပေါသစ်မင်းကို နှစ်နှစ်ကာကာ ပြုံးပြလိုက်ရင်း ...





"အရေးကြီးတာ စိုးရိမ်ရတာဆိုရင် မင်းကို အန်တီပြောပြမှာပါ"

ကျေနပ်သွားတဲ့ မျက်လုံးလက်လက်လေးကို မြသင်းသစ် တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ပုံစံတူလေးတွေ ထုပ်ပိုးချည်နှောင်ထားသော လက်ဆောင်ထုပ်ကလေးများကို အထပ်လိုက် စာသင်ခန်းထဲ သယ်ယူလာကာ ခါးတစ်ဝက်ပြတ် စာအုပ်ဗီရိုနိမ့်လေးပေါ်တင်ရင်း မြသင်းသစ်က ...

"ဆုပန်ရေ ... မင်းက မိန်းကလေးမို့ မင်းကို ဦးတည်ပြီး အန်တီ မှာထား အပ်ထားမယ် ... သိလား"

"ဟုတ်ကဲ့ ... ဘာလဲ အန်တီ"

"ဒီမှာလေ ... ခရစ်စ်မတ်စ် လက်ဆောင်ထုပ်လေးတွေ ဆရာ ဆရာမတွေ အားလုံးအတွက် သိလား၊ ဒီတစ်ထုပ်က English ဆရာမအတွက် ဆိုတော့ သမီးအိမ်ကိုသယ်သွားလိုက်၊ နက်ဖြန် သမီးအိမ်က အားလုံး အင်္ဂလစ်ရှ်လာတက်တဲ့အချိန်မှ ပေးလိုက်ပေါ့ ...





ဒီနေ့ရယ် နက်ဖြန်ရယ် နှစ်ရက်အတွင်း ဘာသာစုံ ဆရာ ဆရာမတွေ လှူစေအောင် ပေးလိုက်နော်၊ ဒီနေ့ဆို ဒီမှာ ဘိုင်အိုဆရာမ မရှိဘူး၊ သင်္ချာဆရာလည်း မရှိဘူး၊ နက်ဖြန်မနက်မှ ပေးရမယ်၊ နားလည်တယ်နော် သမီး"

"ဟုတ်ကဲ့ ... အန်တီ"

"သန်ဘက်ခါကျတော့ ခရစ်စ်မတ်စ်နေ့ ဆိုတော့ ဆရာတွေ ဆရာမတွေ ပိတ်မှာ၊ လာမှာ မဟုတ်ဘူးနော်၊ သဘောပေါက်လား"

"ဟုတ်"

"ဒီနှစ်ရက်အတွင်း လှူစေအောင်ပေး၊ သမီးက ဦးဆောင်ပြောပြီးပေး၊ ဒါ ... ပေါ်သစ်မင်း တစ်ယောက်တည်းက ပေးတာမဟုတ်ဘူးနော်၊ မင်းတို့ လေးယောက်လုံးက ပေးတာဆိုပြီး အန်တီ စီစဉ်ထားတာ"

"အန်တီ ... သမီးတို့လည်း ပိုက်ဆံဝေပုံကျ ထည့်မယ်လေ"

"မထည့်ရပါဘူး၊ မလိုပါဘူး ဆုပန်ရယ်၊ အန်တီ ဝယ်ခြမ်းစီစဉ်ပြီးပြီ၊ လေးယောက်လုံး ပေးတာလို့ သတ်မှတ်တယ်နော်၊ ပေါ်သစ်မင်းကပဲ တစ်သီးပုဂ္ဂလပေးသလို မဖြစ်စေနဲ့ ...

အန်တီက သွားစရာတွေ ရှိသေးတော့ ဆရာ ဆရာမတွေနဲ့ ဆုံမှာမဟုတ်ဘူး၊ ဒါကြောင့် သမီးကိုအပ်ပြီး တာဝန်ပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ် ထွက်သွားရာကို အားလုံး ခေါင်းလည်ကာ ကြည့်ရင်း ကျန်ရစ်ခဲ့ကြပါသည်။ ဆုပန်ကတော့ မိန်းကလေးမို့ အပြာနု အဝါနု ရောစပ်ထားတဲ့ အရောင်ခပ်လွင်လွင် အပျော့စကလေး ဝမ်းဆက်ဝတ်ထားသည့် မြသင်းသစ်ရဲ့ အလှအပကို စေ့စေ့စပ်စပ်ပင် လိုက်ကြည့်နေမိကာ ...

"အန်တီက လှတော့ အတော်ကို လှတာဟဲ့"

"လှတော့ အတော်လှတယ် ဆိုတော့ ... ဘာတော့မဖြစ်ဘူးလဲ"

နောင်နောင်က ဝင်မေးပါသည်။

"တစ်ခါတလေ တည်တာ တင်းတာ ထန်တာ တွေကျတော့ ကြောက်စရာကြီးပေါ့၊ ခပ်ပြတ်ပြတ်လည်း ပြောတတ်သေးတယ်၊ ဒီတော့ ခင်မင်အဖွဲ့ကျလို့ကတော့ မရဘူး၊ ဒါပေမဲ့ စိတ်ကောင်းလည်း ရှိပုံရတယ်၊ ဘယ်လိုလဲ မသိဘူး"

"အေးဟ ... ဟုတ်တယ်၊ ဟိုတစ်နေ့က ငါတို့နှစ်ယောက်ကိုပါ ဂုဏ်ထူးလုံးဝမပါဘဲ ရိုးရိုးအောင်တာ လုံးဝမဖြစ်စေရဘူး၊ လက်မခံနိုင်ဘူး၊ အနည်းဆုံး တစ်လုံးတော့မပါမနေ ပါရမယ်လို့ ခပ်တင်းတင်း ပြောသေးတာ၊ သူကပြောတော့ လွယ်တာပေါ့၊ ငါတို့လည်း လိုချင်တာပေါ့၊ ဒါပေမဲ့ ကိုယ်လိုချင်တိုင်း အလွယ်ကလေးရမှာမှ မဟုတ်တာ"



"ရအောင် ကြိုးစားပေါ့ဟဲ့၊ နင်ကလည်း စစ်မရောက်ခင် မြားကုန်လိုက်တာ"

"ကြိုးစားတာကတော့ ကြိုးစားနေတာပဲလေ၊ မနှစ်ကထက်လည်း စာတော့ ပိုရနေတာပဲလေ၊ ဒါပေမဲ့ ဂုဏ်ထူးရချင်မှ ရမှာပေါ့"

"ရရမယ် ဆိုပြီး ဆုံးဖြတ်ချက်နဲ့ လုပ်ပေါ့"

"နင်ကတော့ ပြောအားရှိတာပေါ့၊ လေးငါးလုံးရမဲ့သူကိုး"

"မဆိုင်ပါဘူး၊ နင်လည်း ငါ့လောက်ကျက်ရင် ငါ့လောက်ရမှာပဲ၊ နင်တို့ ယောကျ်ားလေးတွေ ဉာဏ်ကောင်းသားနဲ့ စာကျက်ပျင်းတာပါဟာ၊ ပေါ်သစ်ဆိုရင် ပျင်းလို့က မရတော့ တစာစာ လုပ်နေရတော့ ဉာဏ်ကလည်း ငါ့ထက်ကောင်းသေးတော့ ငါ့ထက်တောင် စာတွေရသေး ပိုင်သေးတယ် ...

ပေါ်သစ်က နင်တို့လို ဟိုလည် ဒီလည် အပြင်ထွက် လက်ဖက်ရည်ဆိုင်ထိုင်တွေမှ မလုပ်တာ"

"မလုပ်ရတာပါ၊ အန်တီကမှ ခွင့်မပြုဘဲ"

"အဲဒါ သူ့အတွက်တော့ ကောင်းနေတာပဲ မဟုတ်လား၊ နင်တို့လည်း ကိုယ့်အသိနဲ့ကိုယ် လုပ်ပေါ့"

"ကိုယ့်အသိနဲ့တော့ ကိုယ်မလုပ်တတ်ပါဘူး၊ အန်တီလိုအားက ဝက်အူရစ်ပြီး တင်းကျပ်နေမဲ့ သူတစ်ယောက်လောက် ရှိရင်တော့ ဖြစ်ရင် ဖြစ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ကြောက်စရာ စိတ်ကျဉ်းကျပ်စရာ ကောင်းပေမဲ့ အဲလိုဖြစ်နေတာဟာ ပေါ်သစ် အတွက်တော့ အကျိုးဖြစ်ထွန်းတယ်ဟ"

ကျူရှင်ခန်းထဲမှာ မြန်မာစာဆရာ မလှခင် သူတို့ ထိုင်စောင့်နေကြခိုက် ဖြစ်ပါသည်။ ဒီမနက် ရောက်ရောက်ချင်း သူတို့ကိုကျွေးသည့် ပူတင်းနှင့် အအေးကို သူတို့စားပြီးကြပြီ။ ဒီနေ့လို သုံးဘာသာလောက် ဆက်တိုက်နေ့မျိုးတွင် ဆုပန်တို့ အားလုံး နေ့လယ်ထမင်းကို ဒီမှာပဲ စားကြရပါသည်။ မြသင်းသစ်က ထမင်းဘူး ထည့်ယူလာတာကို မကြိုက်ပါ။

တစ်ချိန်နှင့် တစ်ချိန်ကြားလည်း သူ့အချိန်အခါနှင့် သူ သင့်တော်ရာ စားစရာ စီစဉ်ပေးသေးသည်။ ကျူရှင်ဆရာ ဆရာမတွေကိုလည်း စပါယ်ရှယ်ကျွေးမြဲ။ နေကြာစေ့ ကြိုက်လှတဲ့ ဆုပန်တို့ အုပ်စုအတွက် နေကြာစေ့လှော်တွေကို လေလုံဖန်ပုလင်း တစ်တောင်လောက်ကြီးထဲ အမြဲဖြည့်ပေးထားသည်။ လက်တစ်ဆုပ် နှိုက်စားလိုက် လက်တစ်ဆုပ် နှိုက်စားလိုက်၊ တစ်ဝက်လောက် ကျိုးရင် အပေါ်အောက်လှန်ကာ ဖြည့်ထည့်လိုက်။ ကုန်တယ် မရှိ။

ခုလည်း စာမသင်ခင် နေကြာစေ့ တဖြောက်ဖြောက် စားနေကြပါသည်။ ပေါ်သစ်မင်းကတော့ မစား။ စာအုပ်တစ်အုပ် ဖွင့်လှန်ကာ အသံတိတ် ဖတ်နေသည်။





"ဟော့ကောင် ပေါ်သစ် ... မင်းကလည်း လွန်လွန်းတယ်၊ ငါတို့ စကားပြောနေတာတောင် စာထုတ်ကျက်နေတယ်"

"မကျက်ပါဘူး၊ ဖတ်ကြည့်နေတာပါ"

ဆုပန်က ပေါ်သစ်မင်းကို အကဲခတ်ရင်း ...

"သူ ဖတ်သာ ဖတ်နေတာ၊ စိတ်မပါပါဘူး ဖော်ဆက်ရဲ့၊ စိတ်က ဟိုရောက်ဒီရောက်မို့ စစည်းနေတာပါ၊ ငါသိတယ်၊ ပေါ်သစ် တစ်ခုခု ဖြစ်နေတယ်"

"ဟာ ... မဖြစ်ပါဘူး"

"ဘာမှန်းသာ မသိတာ၊ တစ်ခုခု ဖြစ်နေမှန်းတော့ သိပါတယ်နော်၊ နင့်ကို ငါက အမြဲအကဲခတ်နိုင်တာပါ"

"အမယ်လေး ... အဲဒီ ဆုပန်ကလည်း အရေးထဲ ဝင် အသားယူနေပြန်ပြီ၊ ငါတို့လည်း ရိပ်မိပါတယ်နော်၊ တစ်ပတ်လောက်ရှိပြီ၊ ပေါ်သစ် စကားနည်းပြီး တစ်မျိုးဖြစ်နေတယ်"

"နင် ဘာဖြစ်နေလဲ ပေါ်သစ်"

"မဖြစ်ပါဘူး ဆုပန်ရာ"

"နင့်အမေ ခပ်ကြာကြာနေပြီး ပြန်သွားလို့လား၊ လွမ်းနေတာလား"

"မဟုတ်ပါဘူးဟ၊ အမေ ပြန်တာပဲ တစ်လလောက်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင်က ခုတလောမှ ဖြစ်နေတာ၊ သိသာတယ် နော်၊ ဘာမှ စကားသိပ်မပြောဘဲ ခပ်ငိုင်ငိုင် ဖြစ်နေတာ"

"မဖြစ်ဘူး ထင်ပါတယ်ဟာ"

"အန်တီ ဆူသေးလား"

"ထူးပြီး မဆူပါဘူး၊ ဆူစရာလည်း မရှိဘူး၊ သူ့ဟုံးစံအကိုင်း ဘောက်ဆတ် ဘောက်ဆတ်ပဲ ပုံမှန်ပြောဆိုနေတာပဲ ရှိတယ်"

"အိမ်မှာ ဘာထူးတာရှိလဲ၊ တစ်ခုခုတော့ ထူးကို ထူးရမယ်"

"မထူးပါဘူး"

"အန်တီက ခုတစ်လော နည်းနည်းလေးတောင် ပိုပျော့ ပျောင်းလာသလားလို့ ထင်ရသေးတယ်၊ နင့်ကို ပြဿနာ လုပ်မဲ့ပုံလည်း မရှိပါဘူး"

"ပြဿနာ မလုပ်အားပါဘူး၊ သူ့ဟာနဲ့သူ ရှုပ်နေမှာ"

ဆုပန်က အံ့အားတသင့်နှင့် ...

"ဘာတွေ ရှုပ်နေလို့လဲ"

"မသိပါဘူး"

"ဦးနိုင် ဆိုတဲ့ လူကြီးတော့ ခုတစ်လော ညနေတိုင်းလိုလို တွေ့ရတယ်နော်"

"အဲဒါပဲ ရှုပ်နေတာလေ"





ပေါ်သစ်မင်း အသံက ဆတ်တောက်တောက် ဖြစ် နေသည်။

"အဲဒါက ဘာရှုပ်တာလဲ၊ နှစ်ယောက်လုံး ပြုံးတပျော်ပျော်ပဲ မြင်ရတာပါ"

"ပျော်မှာပေါ့ ... ပြုံးမှာပေါ့ဟာ"

"ဘာလို့လဲ"

ပေါ်သစ်မင်း မျက်နှာကတစ်မျိုး။ ဆုပန်သည် လွန် ခဲ့သော သုံးရက်လောက်က ခြံထဲမှာ ဦးနိုင်မိုးဆွေနှင့် ဒေါ်မြသင်းသစ် တို့ စကားပြောနေကြတဲ့အထဲမှာ ဟိုတယ်နာမည်တွေနှင့် အစား အသောက် အမျိုးအစားတွေ၊ ဘူဖေးဈေးတွေ ပါဝင်နေတာကို ဖျတ်ခနဲ သတိရသွားပြီး ရုတ်တရက် ဉာဏ်လင်းပွင့်လျက် ထိုး ထွင်းတွေးလိုက်မိကာ ...

"ဟဲ့ ... သူတို့ ယူကြတော့မလို့လား"

ပေါ်သစ်မင်း မျက်နှာ ဖျတ်ခနဲ တစ်မျိုးဖြစ်သွား ကာ ...

"နင် ဘယ်လိုလုပ် သိလဲ"

"ဟုတ်လား"

"နင် ဘယ်ကသိလဲ၊ နင့်ကို ဘယ်သူပြောလဲ၊ ဘွားဘွား လား၊ ဘွားဘွားကို နင်က ပွတ်ကျွတ် ပွတ်ကျွတ်နဲ့ သွား ပြီး စကားကပ်ပြောနေတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ဘာမှမပြောဘူး၊ ငါ့ဟာငါ ထင်တာ၊ ဟုတ်တယ် မဟုတ်လား"

ပေါ်သစ်မင်းက ငြင်းမနေတော့ဘဲ …

"ဟုတ်တယ်"

ဆုပန်က ဘာမှမပြောဘဲ ပေါ်သစ်မင်းကို တအံ့တသြသာ အကဲခတ် ကြည့်နေမိပါသည်။ ဟုတ်တယ်ဆိုတဲ့ ဖြေသံမှာကိုက စိတ်လက်မကြည်သာခြင်းက သိသိသာသာ ပေါ်လွင်ပါဝင်နေတာ။ အန်တီမြသင်းသစ် လက်ထပ်တော့မှာကို ပေါ်သစ်မင်း တစ်စုံတစ်ရာ ခံစားနေရတာသေချာသည်။ ဖော်ဆက်ကသာ စိတ်ဝင်တစားနှင့် …

"ဟုတ်လား … နီးပြီလား"

"အင်း … နီးပြီ"

"ဘယ်တော့လဲ … ရှေ့လလား"

"အဲလောက်တော့ မနီးပါဘူး၊ ငါတို့ စာမေးပွဲတွေပြီးမှ ထင်တယ်၊ ငါ ဆယ်တန်းဖြေဖို့ကို သူ အာရုံလျော့သွားမှာ စိုးတယ်လို့ ပြောတယ်"

"ယောက်ျားယူသွားရင် ကောင်းတာပေါ့ကွ၊ အပျိုကြီးမို့လို့ ပစိပစပ် များနေတာ၊ ယောက်ျားယူလိုက်ရင် သူ့ယောက်ျားနားကပ်ပြီး အချိန်ကုန်နေရမှာနဲ့ မင်းကို အရင်ကနေလာတဲ





စိတ်ပါလက်ပါနဲ့ လိုက်ချုပ်ချယ် ဘောင်ခတ်နေဖို့ အချိန်အားမှာ မဟုတ်တော့ဘူး၊ မင်းကိုလည်း သိပ်စိတ်ဝင်စားတော့မှာ မဟုတ်ဘူးကွ"

အင်း … အဲဒါကိုပဲ သူလည်းတွေးနေမိတာပါ။ ဆယ်ကျော်သက် ယောက်ျားလေးတစ်ယောက် အနေနှင့် ဟိုမသွားရ ဒီမလာရ၊ လက်ဖက်ရည်ဆိုင် မထိုင်ရ၊ ညမှောင်ရင် လမ်းမထွက်ရ၊ စာပဲကျက်ကျက် … ကျက် … နှင့် တင်းကျပ်လွန်းတဲ့ စည်းကမ်းကလနားတွေ ချုပ်ချယ်မှုတွေ ကြားထဲမှာ စိတ်အလိုမကျကျဉ်းကျပ်ခဲ့ရတာ အမှန်ပဲဖြစ်သည်။

ဒါတွေကိုစိတ်ညစ်ညစ်ညျူးညျူး မလိုတမာနှင့်ပဲလိုက်နာနေခဲ့ရတာလည်း အမှန်ပင်ဖြစ်သည်။ နည်းနည်းကြာလာတော့ ဤကျဉ်းထဲကျပ်ထဲမှာ အထာကျလာကာ ရိုးလာသလိုတော့ရှိသည်။ ဒါပေမဲ့လည်း သူငယ်ချင်းတွေနှင့် လက်ဖက်ရည်ဆိုင် ဟိုဆိုင်ဒီဆိုင် မထိုင်ချင်ဘူးလား ဆိုတော့ ထိုင်ချင် သွားချင် လာချင်တာပါပဲ။

အခွင့်ရလျှင် ပျော်ရမည် ဆိုတာကို သိနေတာကသတ်သတ်၊ အခွင့်မရလျှင်လည်း နေတော့ နေနိုင်နေပြီပင်။ အသားတကျတော့ ဖြစ်လာပြီ။ ဤစည်းဘောင်တွေဟာ အန်တီယောက်ျားယူသွားလျှင် အထိုက်အလျောက် အနည်းနဲ့အများ လျော့သွားလိမ့်မယ်လို့ ယူဆမိတာလည်း အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူ ဒီထက် လွတ်လပ်ကောင်း လွတ်လပ်မှု ရလာမည်ဖြစ်သည့် အခြေအနေတစ်ခု ဖြစ်ထွန်းလာမှာကို ကျိတ်ပြီး ဝမ်းပမ်းတသာ ဖြစ်မနေမိဘဲ တစ်မျိုးခံစားနေရတာ ဘာကြောင့်များပါလိမ့်။

သူ့ကို ဒီထက် ဂရုအစိုက် လျော့သွားနိုင်သည်။ ဒါကို သိသည်။ ဒါကို ဝမ်းသာဖို့ထက်၊ ဝမ်းနည်းဖို့ဘက် သူ ထက်သန်နေသည်။ သူ့ကိုသာ အရိပ်တကြည့်ကြည့် မျက်စိဒေါက်ထောက်ကြည့်ကာ တတွတ်တွတ် ကြပ်မတ်နေမည့် အန်တီမြသင်းသစ်ရဲ့အပြုအမူတွေ လျော့နည်းဆုံးရှုံးသွားမှာကို သူ နှမြောနေသည်။

သူဟာ သူ့ကို ချုပ်ချယ်ကန့်သတ်ထားသည့် ဘောင်ကြီးတစ်ခုကို နှစ်ခြိုက်မက်မောနေသလို ဖြစ်နေပြီ။ သူ့ကိုယ်သူလည်း နားမလည်။ အန်တီ ယောကျ်ားယူဖို့ နီးလာပြီဆိုတာ သိတာလေးတစ်ခုနှင့် သူ့စိတ်တို့ မပေါ့မပါး မလွတ်မလပ်နှင့် မပျော်သလို မရွှင်သလို လေးလံထိုင်းမှိုင်းသွားခဲ့ပါသည်။

"အေးလေ ... သူတို့ကလည်း ကြီးပဲ ကြီးနေပါပြီ၊ ယူသင့်တာကြာပြီ၊ ခုမှ စီစဉ်ကြတယ်လို့ နောက်တောင်ကျနေသေးတယ်"

"ဟိုလူကြီးက လောလို့ကွ၊ တကပ်ကပ်နဲ့ နှူးပြီး အန်တီခေါင်းညိတ်အောင် လုပ်တာ"





"ညိတ်ပဲစေပေါ့ကွ၊ သူတို့အသက်တွေပဲ ကြီးလှပြီ၊ မင်းအန်တီက ခုဆို သုံးဆယ့်ခြောက်လောက် ရှိရောပေါ့၊ ဘာလို့များ ခုမှ ယူမှန်းမသိဘူး"

"အန်တီကိုက ယောကျ်ား သိပ်မယူချင်တာ နေမှာပေါ့၊ ဦးနိုင်နဲ့က ကြိုက်နေကြတာ လေးငါးနှစ်လောက်တောင် ရှိတော့မယ်တဲ့၊ ဘွားဘွား ပြောတယ်"

"မယူချင်ဘဲနဲ့တော့ ဘယ်သူက ယူပါ့မလဲ၊ သူ ချစ်လို့ သူ ယူတာပေါ့၊ ဘာလဲ ... မင်းပုံကြီး ကြည့်ရတာ၊ မင်းအန်တီဘက်က ဝင်နှမြောနေသလိုပဲ၊ မကြည်ဖြူသလို ဖြစ်နေတယ်"

"အေးလေ"

ဆုပန်က မျက်စောင်းလေးနှင့် ဝင်ထောက်ခံကာ ...

"နင်က ဘာလို့ သူ့ကို ဒီလောက် တိုနေရတာလဲ"

"တိုတာ မဟုတ်ပါဘူး"

"တိုတာ မဟုတ်လို့ ဘာလဲ၊ ဒါဖြင့်ရင် နင်ဘာဖြစ်နေတာလဲ၊ သူ ယောကျ်ားယူလေ နင် နားအေးလေပဲ ဥစ္စာ၊ နင်ဒီကိုရောက်စတုန်းကလေ နင်ပဲ ပြောတာ၊ သိပ်ပိကျိပိကျိလုပ်တယ်၊ ဆူတယ်၊ ကြိမ်းတယ်၊ နားညည်းတယ်ဆို၊ ဘာလို့ အပျိုကြီး လုပ်နေလဲ မသိဘူးဆို၊ ယောကျ်ားမြန်မြန်ရသွားရင် ကောင်းမှာပဲဆို"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ်မင်း တကယ်ပင် ထိုစကားတွေ ပြောခဲ့ဖူးပေသည်။ ရောက်ကာစ အထာမကျစဉ်က မြသင်းသစ်ကို အမြင်ကတ်ကတ်နှင့် အလိုမကျစွာ ထိုစိတ်ကူးမျိုး တကယ်ပေါက်ခဲ့သည်။ သူပဲ နေရာတကာ လိုက်ဆွနေတာ၊ ယောက်ျားရပြီး သျှောင်နောက်ဆံထုံးပါသွားပါစေဗျာလို့ မလိုမလာ၊ တွေးဖူးပါသည်။

"အခုက ရောက်စမှ မဟုတ်ဘဲ၊ ကြာလာပြီလေဟာ"

"ကြာလာတော့ နင်က ဘာဖြစ်လာလို့လဲ"

ပေါ်သစ်မင်းက ပြောရခက်ခက်နှင့် ငြိမ်နေသည်။ ဆုပန်က မကျေမနပ်နှင့် ...

"ခုတော့ ကြာလာတော့ နင်က သူ့ကို ချစ်လာပြီပေါ့လေ၊ သဝန်တိုလာပြီပေါ့လေ"

ပေါ်သစ်မင်းသည် ဆုပန်ကို အမြင်ကတ်သွားမိပါသည်။

"အဲဒီတော့ ဘာဖြစ်လဲ"

သူ့ကို ဘုတော လိုက်၍ ဆုပန် နှုတ်ခမ်းစူပုပ်သွားသော်လည်း ဘာဆက်ပြောရမည်တော့ မသိတော့ပါ။ ဆုပန်သည် မြသင်းသစ်ကို တစ်ခါတလေ သဘောကျ၊ တစ်ခါတလေ သဘောမကျသော်လည်း လေးစားစိတ်တော့ ရှိသည်။ ချီးမွမ်းလေးစားလောက်တဲ့ အမျိုးသမီးတစ်ယောက် ဆိုတာလောက်တော့ နားလည်သည်။





"အဟိ"

ဆုပန် နှုတ်ဆိတ်သွားပုံကို နောင်နောင်က ဝင်လျှောင်၍ ဆုပန်က စိတ်တိုသွားသော်လည်း၊ ချေပစရာ စကားလည်း စဉ်းစားမရပေ။ မေးကလေး ထော်ကာ ...

"ဟဲ့ ... အန်တီနဲ့ ငါတို့နဲ့ ဘယ်သူ့ပိုချစ်လဲ"

"ဟာ ... ဘာတွေ လာမေးနေတာလဲဟာ၊ ကျွတ်၊ ပြဿနာပဲ"

"ဖြေ ... မရဘူး ... နင်ဖြေ"

"ဖြေလို့ရမလားဟ၊ ယှဉ်လို့ရော ရမလား၊ နင်တို့က ငါ့ သူငယ်ချင်းတွေ၊ သူငယ်ချင်း ချစ်၊ အန်တီကကျတော့ ငါ့ အုပ်ထိန်းသူဆိုတော့ လေးစားအားကိုးတာက ပိုတာပေါ့"

"သူက မိန်းမတစ်ယောက်ပဲ၊ နင် ဘာမှ အားကိုးစရာ အကြောင်းမရှိဘူး"

"မိန်းမဖြစ်တော့ ဘာဖြစ်လဲ၊ ငါ့ထက်လည်း အသက်နှစ်ဆ ကြီးတယ်၊ အမေ့ကိုဆိုလည်း ငါ အားကိုးတာပဲ၊ အမေဆိုရင် ဦးဆောင်ဦးရွက် ပြုနိုင်တဲ့ အရည်အချင်းမျိုး နည်းတယ်၊ တစ်နေ့ ငါကတောင်ပြန်ပြီး ဦးဆောင်ရမယ် လုပ်ကျွေးရမယ်လို့ သိထားပေမဲ့ အမေကိုလည်း ငါ အားကိုးတာပဲ၊ ကိုယ်ကာယအားဖြင့် အားကိုးတာ မဟုတ်ဘူး၊ စိတ်ပိုင်းမှုအားဖြင့် အားကိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက အမေပဲ၊ အန်တီမြသင်းသစ်က အမေမှ မဟုတ်တာ"

ပေါ်သစ်မင်းသည် ငိုချင်ရက် လက်တို့သလို စိတ်ထဲပိုပြီး ညစ်နောက်ဝမ်းနည်းလာကာ ခေါင်းကို ငုံ့ချလိုက်ရင်း...

"ဒါပေမဲ့ ... သူ့ကို ငါ လိုအပ်တယ်၊ ငါ့ဘဝအတွက် လိုအပ်တယ်"

ခပ်တိုးတိုး ပြောချလိုက်ပါသည်။





# ၁၁

ပေါ်သစ်မင်းတို့ရဲ့ ဝိုင်းကျူရှင်ဆရာတွေက ဒီဇင်ဘာလကုန်ပြီးသည်နှင့် နှစ်လပြတ် အနီးကပ် ကျူရှင်ဝိုင်းတို့ စပါသည်။ သူတို့ ကျူရှင်ခန်းမှာ ဖွင့်တာဖြစ်ပြီး များသောအားဖြင့် သူတို့ရဲ့ ဝိုင်းကျူရှင်ကျောင်းသားများ လာပြန်စုတက်ကြသည်။ အိမ်ကဝိုင်းလို လူနည်းနည်းမဟုတ်ဘဲ တစ်ချိန်မှာ လူလေးဆယ်လောက်တော့ ရှိသည်။

တခြားဘာသာရပ်တွေကို အနီးကပ် ပြန်ထပ်တက်ဖို့ မလိုသော်လည်း သင်္ချာကိုတော့ သီးသန့်သင်နေတာအပြင် နောက်တစ်ခေါက် ပြန်နွှေးတွက်ချင်တာမို့ ပေါ်သစ်မင်းတို့ လေးယောက်လုံး သင်္ချာဆရာရဲ့ အနီးကပ်ကျူရှင်မှာ ပြန်ဝင်တက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝိုင်းနှင့်ကိုယ်လည်း စာသင်ချိန်တွေ ရှိနေသေးတဲ့အတွက် သူတို့ဟာ မနက်အစောပိုင်း အနီးကပ်ကျူရှင်ချိန်ကို ရွေးလိုက်ကြပါသည်။ နံနက်ခုနစ်နာရီမှ ကိုးနာရီအချိန်။ မနက်ဆိုရင် ဦးစံသည် ပေါ်သစ်မင်းကို ခြောက်နာရီလေးဆယ့်ငါးလောက်မှာ ကျူရှင်လိုက်ပို့ရပါသည်။ ရှစ်နာရီခွဲလောက်မှာ တစ်ခါပြန်ကြို။

ပေါ်သစ်မင်း ကြိုပြီး ပြန်လာမှ မြသင်းသစ်က သူ့ရဲ့စိန်တိုက်ကို သွားပါသည်။ အဲဒီကျူရှင်က အပြန်တွင် ဆုပန်၊ နောင်နောင်နှင့် ဖော်ဆက်တို့ အတူပါလာတတ်တာ များသည်။ ပေါ်သစ်မင်း အိမ်ကဝိုင်းကို သူတို့ ဆက်တက်ရဦးမှာ ဖြစ်သည်။

ဗုဒ္ဓဟူးနေ့လို နေ့လယ်နှစ်နာရီမှ အိမ်ကဝိုင်း,စမည့်နေ့မျိုးဆိုရင်တော့ ကိုယ့်အိမ်ကိုယ် ပြန်ကြကာ နေ့ခင်းမွန်းလွဲမှ ပေါ်သစ်မင်းတို့အိမ်ကို ပြန်လာကြပါသည်။

ပေါ်သစ်မင်းတို့ရဲ့ အနီးကပ်ကျူရှင်မှာ လူလေးဆယ်လောက်ဖြစ်ရာ၊ လူမျိုးစုံ လူဗျောက်သောက်။ စာကြိုးစားတဲ့ စာရတဲ့လူတွေ ပါသလို သိပ်မကြိုးစား၊ သိပ်မရလှဘဲ အိမ်ကထင်လွှတ်လို့ ထပ်လာတက်ရတဲ့ သူမျိုးတွေလည်းပါသည်။





အဲဒီထဲက အုပ်စုတစ်စုဟာ လမ်းသူရဲဆန်ဆန်၊ ပေါ့လားဟားလား အုပ်စုဖြစ်ကာ ကျူရှင်မှာ အကျိုးရှိရှိ စာရဖို့ထက်၊ လူလေးဆယ်ထဲက ဆယ်ယောက်မျှသော မိန်းကလေးအနည်းစုကို ရိသဲ့သဲ့လုပ်၊ နောက်ကာ ပြောင်ကာ ဗရုတ်ကျတဲ့အုပ်စုပင်။

သူတို့အုပ်စုဟာ ကျူရှင်စ,ကတည်းက နှစ်ရက်သုံးရက်မျှ မိန်းကလေးတွေကို ကြည့်ရှုသုံးသပ် အကဲခတ်ပြီးသော်၊ ဆုပန်ကို ထိုအတန်းရဲ့ Queen ဘွဲ့ကို သူတို့ဘာသာ ရွေးချယ်တင်မြှောက်လိုက်ကြပါသည်။ အဲဒီအုပ်စုထဲက တစ်ယောက်ဟာ ဂိုက်ဆိုက်ကလည်းများများ၊ လေကလည်းကြွားကြွား၊ အောက်ခြေလွှတ်နေတဲ့ သူဌေးသားဖြစ်ပြီး၊ သူ့ကားသူမောင်းကာ အုပ်စုလိုက်တင်လာပြီး လာတက်သူပင်။

ကိုးတန်း ဆယ်တန်းကို ဘယ်နနှစ် ဆက်ဖြေထားသည် မသိဘဲ၊ အသက်တွေကလည်း ဆယ့်ကိုး နှစ်ဆယ်။ သူတို့ထက်ကြီးတဲ့အရွယ်။ "မင်းကုဋေ"ဆိုတဲ့ ထိုကောင်ကလေးက ဆုပန်ကို (ဤမျှ စာမေးပွဲနီးကပ်နေချိန်မှာ) စိတ်တွေ ဝင်စား၊ စကားပြောဖို့ ကြိုးစား၊ နောက်လိုက် ပြောင်လိုက်နှင့် သနျာမရွေ့ဘဲ ဆုပန် အတွက်သာ ရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုပန်ကလည်း မင်းကုဋ္ဌေကို လုံးဝကြည့်မရ၊ မျက်မှန်းကျိုးလှ၍ ဆတ်ဆတ်ထိမခံ။ အပြန်မှာ ပေါ်သစ်မင်းနှင့် အတူပြန်ဖြစ်ကြတာ များသော်လည်း အလာမှာ ဆုပန်အိမ်က လိုက်ပို့တာမို့ ကျူရှင်ခန်းမ အဲပေါက်ဝမှာ စုထိုင်နေတတ်သော သူတို့အုပ်စုရှေ့မှ ကပ်ဖြတ်၍ ဆုပန် တစ်ယောက်တည်း အခန်းထဲ ဝင်လာရတတ်သည်။

ဤအချိန်တွေမှာပဲ မင်းကုဋ္ဌေက အခွင့်အရေးယူ စကားပြော၊ စာပေးနှင့် အနှောင့်အယှက် ပြုတတ်ပါသည်။ ဤ အနှောင့်အယှက် ပြုမှုကြောင့်ပဲ ပေါ်သစ်မင်းတို့ အုပ်စုနှင့် မင်းကုဋ္ဌေတို့အုပ်စု တစ်ကြိမ် စကားများပြီးပါပြီ။ အုပ်စုလိုက် မကြည်မလင် ပြောဆိုဖြစ်ကြတာ ဖြစ်သော်လည်း ပေါ်သစ်မင်းက ဦးဆောင်ပြောသလို ဖြစ်သွားတာရယ်၊ မင်းကုဋ္ဌေတို့ မျက်စိထဲမှာ ကိုက ဆုပန်ဟာ ပေါ်သစ်မင်းနှင့် အနီးစပ် အပတ်သက်ဆုံး အခင်မင်ဆုံးလို ဖြစ်နေတာကြောင့် မင်းကုဋ္ဌေက ပေါ်သစ်မင်း အပေါ် ပို၍ကြည့်မရ။

ထိုသို့ စကားအခြေအတင်များရတဲ့ အဖြစ်ကို အဲဒီနေ့က အိမ်ပြန်ရောက်လာကြတဲ့ သူတို့အုပ်စုရဲ့ ကြွက်စီကြွက်စီ စကားသံတွေထဲကနေ မြသင်းသစ် သိလိုက်ရပါသည်။



"ပေါ်သစ်မင်း ... မင်းကို အန်တီ တင်းတင်းကျပ်ကျပ် မှာထားပါရစေ၊ လုံးဝ ဒီအချိန်မှာ ခိုက်ရန်ဖြစ်ပွားမှု မဖြစ်ပါစေနဲ့၊ စာမေးပွဲကြီးက ကပ်နေပြီ၊ ရန်ဖြစ်မှုနဲ့ ပြဿနာတစ်ခုခု အထစ်အငေါ့ တစ်ခုခု ဖြစ်သွားမှာမျိုးကို ငါ လက်သင့်မခံနိုင်ဘူး"

အားလုံးရဲ့ရှေ့မှာ ဤသို့ သတိပေးသော်လည်း အဲဒီည ပေါ်သစ်မင်း သူငယ်ချင်းတွေ မရှိတော့ချိန်မှာတော့ ...

"မင်း လုံးဝရန်မဖြစ်နဲ့နော်၊ ဘာကိစ္စနဲ့မှ ရန်မဖြစ်ဘူး ဆိုတာ ငါ့ကို ကတိပေးစမ်းပါ"

"ကျွန်တော်ကတော့ စမဖြစ်ပါဘူး"

"မင်းက မစလည်း သူများကစ,လို့ ကိုယ်က တုံ့ပြန်ရင် ရန်ဆိုတာ ဖြစ်သွားနိုင်တာပဲ၊ စာမေးပွဲကပ်မှ အမှုအခင်း ဖြစ်တာမျိုးတွေ ဘာတွေ ငါလက်သင့်မခံနိုင်ဘူး၊ တစ်ဖက်က ရန်စ,ရင်တောင် ရန်ရှောင်လိုက်စမ်းပါ၊ မင်းတို့က ယောက်ျားလေးတွေဆိုတော့ ရန်ရှောင်ရမဲ့ အလုပ်မျိုးကို သတ္တိနည်းရာ ကျတယ်လို့ ထင်ချင်ထင်မယ်၊ အဲသလို အထင်ခံရမှာ စိုးရင်လည်း စာမေးပွဲပြီးမှ ချိန်းပဲရိုက်ကြိုက်၊ စာမေးပွဲ မတိုင်ခင်တော့ ဘာမှ မဖြစ်စေနဲ့

www.burmeseclassic.com



ပြီးတော့ ... ရန်ဖြစ်ရတဲ့ ကိစ္စထဲမှာ မိန်းကလေးကိစ္စကြောင့် ရန်ဖြစ်ရတယ်ဆိုတာ သိက္ခာအကျဆုံးပဲ၊ ဖြစ်ရတဲ့ ယောက်ျားနှစ်ယောက်လုံး အလကား လူပေါ်ဖြစ်တယ်"

"အဲဒါက မိန်းကလေးတစ်ယောက်က ကြားက ဟိုလည်းရှုပ် ဒီလည်းရှုပ် လုပ်ထားပြီး ယောက်ျားလေးချင်း ပြဿနာတက်ရမှ ရှက်စရာ ကောင်းတာပါ အန်တီ၊ ကိုယ့်သူငယ်ချင်း မိန်းကလေးကို တခြားကောင်လေးက နှောင့်ယှက်စော်ကားလို့ ဝင်တားဆီး ကာကွယ်တာကတော့ ရှက်စရာ မကောင်းပါဘူး၊ ဘာမှ မလုပ်ရဲဘဲ ငြိမ်နေရင်သာ ရှက်စရာကောင်းရင် ကောင်းမှာ"

အောင်မယ် ... သူကလည်း ချက်ကျလက်ကျ အချက်နဲ့ အလက်နဲ့ ပြောဆိုဆင်ခြေတက်သည်။ သူပြောတာလည်း မှန်သလိုမို့ မြသင်းသစ်က ရုတ်တရက် ဘာပြန်ပြောရမည်မှန်း မသိအောင်ပင် အချိန်ခြားသွားရပြီးမှ ...

"ဒါတော့ ဒါပေါ့ဟဲ့၊ ဒါပေမဲ့ ဒီမိန်းကလေးတစ်ယောက်ကြောင့် ဒီယောက်ျားလေး နှစ်ယောက် ရန်ဖြစ်ကြပါပြီဆိုတာပဲ လူကသိတာ၊ ဘာကြောင့် ဘယ်လိုဆိုတာ တစ်ယောက်မကျန် လိုက်ရှင်းပြလို့ ရတာလည်း မဟုတ်ဘူး ဘုမသိ ဘမသိ ရန်ဖြစ်တဲ့ နာမည်ထွက် နာမည်ပျက် ဖြစ်သွားမှာက အရင်ဟဲ့ ...





ဒါပေမဲ့ ဒါတွေက နောက်ကိစ္စတွေ၊ လူတွေထင်တာမြင်တာ ဆိုတာ နောက်မှလာတာ၊ အရင်ဆုံးက ရန်ဖြစ်လိုက်ရမှာ၊ အဲဒီ ရန်ဖြစ်လိုက်ခြင်းကိုပဲ ငါ အလိုမရှိတာ၊ ရန်ဖြစ်ပြီး ဘာပြဿနာမှ မရှိရင် တော်သေးတယ်၊ နောက်ဆက်တွဲ ပြဿနာ ပါလာပြီး မင်းဘဝ မင်းတက်လမ်းတွေ အညွန့်ကျိုးသွားမှာကို မခံနိုင်တာ ...

ဒါကြောင့် ... လုံးဝ ရန်မဖြစ်နဲ့၊ ဒါပဲ ... တစ်ခွန်းပဲ ပြီးပြီ"

ဘာပဲဖြစ်ဖြစ် မြသင်းသစ်ရဲ့ စိုးရိမ်ပူပန်မှုကို ပေါ်သစ်မင်း နားလည်သဘောပေါက်သည်။ ထို့ကြောင့် မင်းကုဋေတို့ရဲ့ ထိုးနှက်ရန်စမှုတွေကို မကြားချင်ယောင်ပဲဆောင်ကာ ... ဆုပန်ကိုသာ ...

"ဆုပန် ... သူတို့ ဘာပြောပြော နင်လည်း မကြားချင်ယောင်သာ ဆောင်ပါဟာ၊ နင်က ရန်ပြန်ထောင်၊ သူတို့က ပိုတရားလွန်နဲ့ အချီအချတွေဖြစ်တော့ ငါက မပါဘဲ မနေနိုင် ဖြစ်တယ် ...

ငါ ရန်ဖြစ်ရမှာလည်း မကြောက်ဘူး၊ ဘာမှ ဂရုမစိုက်ဘူး၊ ဒါပေမဲ့ အန်တီက ငါ့ကို ရန်မဖြစ်ပါနဲ့လို့ တင်းတင်းကျပ်ကျပ် မှာထားတယ်၊ တတ်နိုင်သလောက်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရင် အကောင်းဆုံးပဲ၊ ငါ ရန်ဖြစ်ချင်စိတ် မပေါက်မိအောင် နင်လည်း သူတို့ကို ဂရုမစိုက်တဲ့နည်းပဲ ကျင့်သုံးနော်"

ဆုပန်ကလည်း ပေါ်သစ်မင်း စကားကို အတတ်နိုင်ဆုံး နားထောင်ပါသည်။ တုံ့ပြန် ရန်ထောင်မနေဘဲ မသိချင်ယောင်ဆောင်၊ မကြားချင်ယောင်ဆောင်နေလိုက်တာပင်။ သူတို့ အဲဒီလို ပြဿနာရှာကြတဲ့အခါ မင်းကုဋေက ပေါ်သစ်မင်းကို ဦးတည်၍ ပိုပြီး ထိုးနက်တိုက်ခိုက်လာပါသည်။ ဒါကတော့ ဆုပန်ရဲ့ အမူအရာထဲမှာ ပေါ်သစ်မင်းကို ပိုပြီးအားကိုးအားထားသသော ပေါ်လွင်နေလို့ ဖြစ်သည်။

တခြားကိစ္စ မရှိတော့၊ ပေါ်သစ်မင်းကို ဘယ်လိုက ဘယ်လို နောက်ကြောင်းစုံစမ်းလာသည် မသိဘဲ၊ ရွှေနန်းသုံးစိန်တိုက်ရဲ့ မွေးစားသားရယ်လို့ သိလာပါသည်။ မင်းကုဋေ ကိုယ်တိုင်က နာမည်ကျော် ရွှေဆိုင်တစ်ဆိုင်ရဲ့သား ဖြစ်ပါသည်။ သူတို့ဆိုင်ကမှ ဆိုင်ခွဲတွေနှင့် ပို၍တောင် လူသိများပါသေးသည်။

ပထမဦးစွာ မြသင်းသစ်ရဲ့ စိန်ဆိုင်တံဆိပ်ကြော်ငြာထဲက မင်းသမီးရဲ့ အမူအရာ နည်းနည်းပဲများပြီး အိုတာဖြစ်နေတာလေးကို အမူအရာလုပ်ပြ၊ ကြော်ငြာသီချင်းပါ ဖျက်ဆိုပြပြီး မင်းကုဋေတို့အုပ်စုက ပေါ်သစ်မင်းကို လှောင်သည် ရှိသည်။



ဒါကို မကြားသလို ကိုယ်နှင့်မဆိုင်သလို ပေါ်သစ်မင်း လျစ်လျူရှုပါသည်။ မြသင်းသစ် စကားအတိုင်း ရန်မဖြစ်လို၍ ရှောင်ခြင်းပါ။ ဒါကိုပို၍ သူတို့ အသည်းယားကာ ပို၍ထိုးနက်သည်။

"အေးပေါ့ကွာ၊ မင်းက ရွှေဆိုင်သား၊ သူက စိန်တိုက်ရဲ့သား ဆိုတော့ ကောင်မလေးက စိန်တိုက်ဘက်ကို ပိုအလေးသာတော့မပေါ့"

"နားစမ်းပါကွာ၊ ငါက စိန်ရွှေရတနာဆိုင်ရဲ့ သားစစ်စစ်၊ သူက သားလိုလိုတော့ နာမည်ခံပါရဲ့၊ ဒါပေမဲ့ မွေးစားသား၊ သား'အင်'ကြီး၊ အတု ... အတု ...၊ မစားရ အညှော်ခံသား"

အဆင့်အတန်း မမြင့်သော စကားတွေနှင့် ရိသဲ့သဲ့ လုပ်သည်။ မဆီမဆိုင် ပြောသည်။ မွေးစားသား မကလို့ ကပ်ရပ်စားနေတဲ့ သားလို့ပဲပြောပြော ပေါ်သစ်မင်း ရှက်လည်းမရှက်၊ နာလည်းမနာ။ ဂရုမစိုက်ပဲ မကြားသလိုသာ နေပါသည်။ ရွှေဆိုင် စိန်ဆိုင်တို့ အချင်းချင်း၌လည်း ပတ်သက်ရာ ပတ်သက်ကြောင်းတော့ ရှိကြပြီး အချင်းချင်း အပြိုင်အဆိုင် မနာလိုတာတွေ ယှဉ်ပြိုင်တာတွေလည်း ရှိကောင်းရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



"စိန်တွေ 'အင်'မဖြစ်ရင် ပြီးတာပဲပါကွာ။ မင်းတို့အမေတွေ အဒေါ်တွေလည်း သူတို့ဆီက စိန်အထုပ် မှာရတယ် မဟုတ်လား၊ တော်ကြာ 'အင်'ထိလာဦးမယ် ... စစ်ယူဦး"

မြသင်းသစ်က စိန်ကို ကုန်သည်သဘောနှင့် ဖြန့်ချိရောင်းချတာကိုလည်း ပေါ်သစ်မင်း ကြားဖူးပါသည်။ မင်းကုဋေမိဘအိုးဘွားတွေဆိုင် ပါမပါတော့မသိ။ သူတို့ပြောပုံအရ သူတို့လည်း ပါပုံရတာကို သိရသည်။

လူကိုဘယ်လိုဖိပြောပြော နာဟန်မပြတော့ အန်တီရဲ့ဆိုင်၊ အန်တီ့ရဲ့ လုပ်ငန်းကို အပုပ်ချပြောသည်။ ပေါ်သစ်မင်း စိတ်တိုပေမဲ့ ရန်မလိုသေးပါ။ ဒီကောင်တွေရဲ့ စကားတွေဟာ အဆင့်လည်းမရှိ၊ ပညာသားလည်းမပါ ဆိုတာ ကြားတဲ့သူတိုင်းလည်း သိနိုင်သည်ပင်။

အဲဒီရက်အတွင်း နှစ်သစ်ဦးကို ကြိုဆိုတဲ့အနေနှင့် မင်းကုဋေတို့ ဆွေမျိုးစု ရွှေဆိုင်များက ကံစမ်းမဲတွေ လုပ်ပါသည်။ ဘယ်လောက်ဖိုး ဝယ်ယူလျှင် မဲနှိုက်၊ ပေါက်မဲထဲမှာ ရွှေထည်လေးတွေ ပါသည်။

အကြိမ်ကြိမ် ရန်စ,နေတာ၊ အမနာပ ပြောနေတာတွေကို ငြိမ်ခံနေရတာ မအီမလည် ဖြစ်လာပုံရသော ဖော်ဆက်က





တစ်နေ့မှာ ထိုက်စွနှင့် ပတ်သက်ပြီး ကဲ့ရဲ့ပြောဆိုပါသည်။ အန်တီမြသင်းသစ်ရဲ့ဆိုင်နှင့် စိန်တွေ စိန်ထည်တွေကိုပါ နေရင်းထိုင်ရင်း ထိနိုက်ပြောလာတာကို မခံချင်စိတ်နှင့် သူတို့ရဲ့ ရန်စ,စကားမျိုး အလားတူ ခပ်ဆင်ဆင်သဘောမျိုး အတန်းထဲမှာ အော်ကျယ်အော်ကျယ်နှင့် ...

"ဟော့ ... ဘယ်ဆိုင်ကလည်း မသိဘူးကွာ၊ ကံစမ်းမဲပေးတဲ့ ရွှေလက်စွပ်က ဘယ်လောက်ပါးလဲဆို ငါတို့အေးအိမ်က မိန်းမကြီး အဲဒီလက်စွပ် စွပ်ထားရင်း လက်သီးဆုပ်လိုက်တာ လက်သူကြွယ်ကို မားနဲ့လှိုးသလို ရှပ်ခနဲကိုပြတ်တာ၊ ခုတော့ လက်စွပ်ချွတ်ပြီး ပလာစတာပဲ စွပ်ထားရတယ်၊ ဟီးဟီး"

"ရွှေလော့ကက်ကလည်း လော့ကက်ချိတ်တဲ့ကွင်းက မျှင်လွန်းပါးလွန်းလို့ ကြိုးကနေ ဘယ်အချိန်က ပြုတ်ကျသွားမှန်းတောင် မသိလိုက်ရဘူးတဲ့"

ထိုအခါ မင်းကုဋေသည် တရှူးရှူး တရှားရှား မခံချင်ဖြစ်ကာ သူတို့ထဲက လူကောင်အသေးဆုံး နောင်နောင့်ထံ ပြေးကာ အင်္ကျီစ ဆုပ်ဆွဲလျက် ...

"ဟေ့ကောင် ... မင်း ဘာစကားပြောတာလဲ၊ ထပ်ပြောစမ်း၊ သတ္တိရှိရင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းကုဋေ၊ ငါတို့ပြောနေတာတွေ မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းကို ပြောတာမှ မဟုတ်တာ၊ ရွှေလက်စွပ် ရွှေလော့ကက်တွေ ပါးတဲ့ဆိုင်ကို ပြောတာ"

ထိုစဉ်က ကံစမ်းမဲ ပေးနေသည့် ဆိုင်တွေဟာလည်း လေးငါးဆိုင်မကမို့ မင်းကုဋေ ဘာမှဆက်ပြောလို့မရ။ သူ့သူငယ်ချင်းတွေကလည်း မင်းကုဋေကို လာဆွဲခေါ်ကာ လူချင်းခွဲသွားပါသည်။ ဒီလိုနှင့် ရန်ဖြစ်ကြဖို့ တဲတဲလေးအလိုတွင် နှစ်အုပ်စုဟာ တင်းမာရန်စောင်နေကြပါသည်။

နောက်တစ်ပတ်လောက် အကြာမှာတော့ ထိုကျူရှင်ခန်းတွင် သတင်းတစ်ခု တီးတိုးပျံ့လွင့်သည်။ ကြားလူဖြစ်သည့် တချို့ကျောင်းသားကျောင်းသူတွေ ထိုသတင်းကို စကားလုပ်၍ တီးတိုးဆေဖန် တွတ်ထိုးနေကြတာကို ဆုပန်က ကြားလာခြင်း ဖြစ်ပါသည်။ မိန်းကလေးမို့လည်း ထိုသို့ တီးတိုးအတင်းစကားမျိုးကို လျှို့လျှို့ဝှက်ဝှက်ကြားမှ ကြားတာပင်။

သူ့ကို ပြန်ဖောက်သည်ချသည့် ကောင်မလေးကို ဒါ ဘယ်သူပြောတာလဲဟု ဆုပန်က မေးတော့ ဘယ်သူက ဘယ်သူကနှင့် တစ်ဆင့် တစ်ဆင့် အဆုံးတွင် ထိုသတင်းစကားကို စတင်ဖြန့်ဖွသူမှာ မင်းကုဋေ ဖြစ်နေတာ သိရလေသည်။ ဆုပန် ထိုစကားအတွက်နာကာ ပထမတော့ ဖော်ဆက်နှင့် နောင်နောင်ကိုပဲ ပြောပြရာမှ နောက်ဆုံးတော့ သုံးယောက်လုံး ပေါ်သစ်မင်း





ကိုလည်း ပြောပြမည်ဟု ဆုံးဖြတ်ကာ ဖွင့်ပြောပြလိုက်ကြပါသည်။

"မင်းကုဋေက အန်တီ့ကို သွားပုပ်လေလွင့် တအားကို ပိုးစိုးပက်စက် ပြောနေတယ်ဟာ၊ နင် ကြားရင် ဒီတစ်ခါ ရန်ဖြစ်တော့မှာပဲလို့ ငါ ပြန်မပြောသေးတာ၊ ထပ်ထပ် သတင်းဖွနေတော့ ငါ မနေနိုင်တော့ဘူး ပေါ်သစ်၊ နင့်ကို အရမ်း ဖွင့်ပြောပြချင်လာတယ်"

"ဘာတဲ့လဲ ... အန်တီက စိန်အတုတွေ ရောင်းတယ်ဆိုတာမျိုး ပညာမဲ့ အတင်းမျိုး ပြောတာလား"

"ဟင့်အင်း ... အဲလိုဟာမျိုးဆိုရင် အာရုံထဲတောင် မထားဘူး၊ ခုဟာက"

"ဘာပြောတာလဲ ဆုပန်"

"အန်တီဟာတဲ့ ... ငွေကြေးဂုဏ်ဒြပ် အရှိန်အဝါနဲ့ သူ့ဘဝရဲ့ အပျက်အစီး အမည်းစက်တွေကို ဖုံးကာထားတာတဲ့၊ ပျက်စီးထားဖူးတာတဲ့"

"ဘာ"

"အဲသလောက်ကြီး ဒေါ်မပွနဲ့ဦး၊ နားထောင်ဦး၊ အန်တီဟာ အစုသာ အဖျိုကြီး အမည်ခံထားပြီး ပိပိရိရိ အပျိုလုပ်နေတာတဲ့၊ အဖေမပေါ်တဲ့ ကလေးတစ်ယောက်ကို မွေး ... မွေးဖူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ပေါ်သစ်မင်း ဝုန်းခနဲ ခုန်ထလိုက်၍ ဆုပန်ရော ဇော်ဆက်နှင့် နောင်နောင်ပါ လန့်ဖျပ်သွားပါသည်။ ကျူရှင်မစသေးခင် ဆရာ မလာသေးချိန်လေးဖြစ်၍ နှစ်မိနစ် သုံးမိနစ်အတွင်း ကျူရှင်စ,တော့မည့်အချိန်။

"ဟော့ကောင် ... မင်း အဲလောက် ဒေါသမကြီးနဲ့၊ ဒီလို သွားပုပ်လေလွင့် ပြောနေတာကို မင်းလည်း သိပြီးတော့ ဒီကောင့်ကို မဟုတ်တာ လျှောက်မပြောဖို့ အေးအေးဆေးဆေး ပြောလို့တားလို့ရအောင် ငါတို့က ..."

"ဒီလိုကောင်စားမျိုးကို ဘာမှ အေးအေးဆေးဆေး တားနေလို့ အရာထင်မှာ မဟုတ်ဘူး၊ နောင်မပြောဖို့ထက် အခုပြောပြီးသား နာမည်ဖျက်မှုအတွက် ဆုံးမရမှာကွ"

ပေါ်သစ်မင်းက ဒေါသတကြီး အံကြိတ်ပြောကာ ခုံတွေကို ကျော်လွှားကာ အခန်းထောင့်ဝနားက မင်းကုဋေတို့အုပ်စုထံ လွှားခနဲပင် ရုတ်တရက်ရောက်သွားပါသည်။ မျက်နှာတစ်ပြင်လုံး နီရဲကာ လူပါ ဆတ်ဆတ်တုန်နေရင်း ဘာမပြော ညာမပြောနှင့် မင်းကုဋေကို သုံးလေးချက်ဆင့်ကာ ဆွဲထိုးပစ်လိုက်ပါသည်။

ဝရုန်းသုန်းကား လဲပြို ရှုပ်ယှက်ခတ်သွားကာ မင်းကုဋေကလည်း လဲနေရာမှ ပြန်ဆောင့်ကန်ရင်း နှစ်ဖက်ဆွဲလွဲကာ လူချင်းခွဲလိုက်သည်နှင့် ...





"ဟော့ကောင် ... မင်း ငါ့ကို ဘာကိစ္စ ထိုးရတာလဲ"

"မင်း ဘာဖြစ်လို့ ငါ့အန်တီကို မဟုတ်ကဟုတ်က သွားပုပ်လေလွင့် အသရေဖျက်တဲ့ စကားတွေ ပြောသလဲ၊ အန်တီ့ကို ဘာဖြစ်လို့ ပက်ပွက်စက်စက် ယုတ်ယုတ်မာမာ မင်း ပြောရတာလဲ"

"ဟုတ်တာပြောတာ ဘာဖြစ်လဲကွ"

"မဟုတ်ဘူးကွ ... မင်း ... မင်း ..."

နှစ်ယောက်လုံးဟာ ချုပ်ဖက်ထားသူတွေ လက်မှ လွတ်ထွက်ကာ အချင်းချင်း သူသေကိုယ်သေ အသားကုန်တီးကြပါသည်။ အော်ဟစ်သံ တားဆီးသံ၊ ခုံရွေ့သံ လဲသံတွေ ဆူညံဝုန်းဒိုင်းကြကာ နှစ်ယောက်လုံးလည်း မျက်နှာတွေ စုတ်ပြတ်သတ်ကွဲကာ သွေးတွေ ရဲကုန်သည်။

"မဟုတ်ဘူး ... ငါ့အန်တီကို မင်း မိုက်ရိုင်းပြီး စော်ကား မပြောနဲ့"

"ဟုတ်တယ်ကွာ ... ဟုတ်လို့ပြောတာ ဘာဖြစ်လဲ"

"လုံးဝမဖြစ်နိုင်ဘူးကွ"

"ငါ့ဦးလေးမိန်းမနဲ့ မင်းအန်တီက တစ်ကျောင်းတည်း ဆယ်တန်းဖြေလာတာနော်၊ စာမေးပွဲလည်းပြီးရော လိုက်ပြေးသွားတာ၊ အားလုံးသိတယ်၊ မင်း မသိတိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်တွေကလည်း အော်ဟစ်ပြောဆိုရင်း ရိုက်နှက်သတ်ပုတ်နေကြသည်မှာ ခုံတွေလဲ ပစ္စည်းတွေပြုတ်ကျ၊ စာအုပ်တွေ ကျောပိုးအိတ်တွေ အလွင့်ပစ်ခံရ၊ တစ်ခန်းလုံး အဝီစိပွက်သကဲ့သို့ ဖြစ်နေသည်။ ဆွဲလို့တားလို့လည်း မရကြတော့။

"လုံး၀ မဟုတ်ဘူး၊ မင်းပါးစပ်ကို ပိတ်ထား ခွေးကောင်၊ လူယုတ်မာ"

"လုံး၀ဟုတ်တယ်၊ စုံစမ်းလိုက်၊ လင်မရှိဘဲ ကလေးတောင်မွေးလိုက်ရသေးတာ"

ပေါ်သစ်မင်း မျက်လုံးတွေပြာကာ ဘာမှမမြင်တော့။ မည်းမည်းမြင်ရာ ရမ်းသမ်းရိုက်နှက် ဆွဲထိုးရင်း သွေးရူးသွေးတန်းကို ဖြစ်နေသည်။ ဘာပြောပြော အောင့်အည်းသည်းခံခဲ့ပေမဲ့ အန်တီ့ကို ဒီလိုမှိုချိုးမျှစ်ချိုး ပြောတာကိုတော့ ဘယ်နည်းနဲ့မှ သည်းခံနိုင်စိတ် မရှိတော့ပေ။

မင်းကုဋေရဲ့ မိုက်မိုက်ရိုင်းရိုင်း စကားတွေက သူ့နားထဲကို သံရည်ပူနှင့် လောင်းချခံရသလို ဖြစ်နေသည်။ ဘယ်သူ့မှ သူတို့ကို ဆွဲမရ။ ကျောင်းစာရေး အစ်ကိုကြီးလည်း တားမရ၊ ဆွဲမရ။ ရုတ်တရက် ဆရာရောက်လာကာ ...

"ဟေ့ကောင်တွေ ... ဘယ်လိုဖြစ်နေကြတာလဲ၊ ရပ်ကြစမ်း၊ အခု ရပ်စမ်း"

"ဆရာလာပြီဟေ့ ... ဆရာလာပြီ"





ဆရာရောက်လာပြီး အတင်းလူချင်းဆွဲခွဲ နားရင်းတစ်ချက်လောက်စီ အုပ်လိုက်မှ နှစ်ယောက်သား ရပ်တန့်သွားကြသည်။

"မင်းတို့ ဘယ်လိုဖြစ်ကြတာလဲ၊ ကျောင်းသားချင်း ရန်မဖြစ်ရဘူး ငါပြောထားတာ မင်းတို့ နားမလည်ဘူးလား၊ နှစ်ကောင်လုံး ရဲစခန်း ဆွဲပို့ပစ်မယ်၊ သွား ... ကိုယ့်နေရာကိုယ်သွားကြ၊ ခုံတွေပြန်စီ"

ကိုယ့်လူကိုယ် ဆွဲခေါ်ကာ ကြားထဲက မဆီမဆိုင်သူတို့က ခုံတွေ ဘာတွေ ပြန်ရွှေ့ကြ စီကြသည်။

"ဘာဖြစ်တာလဲ ပြောစမ်း၊ မင်းကုဋေနော် ... မင်းတို့တွေ အပြင်မှာ ခဏ ခဏ ရန်ဖြစ်တာ ကြားရလို့ ငါ့စာသင်ခန်းမှာ ဘာပြဿနာမှ မရှိရဘူး မှာထားပြီးသား၊ ထိခနဲဆို မင်းပဲ၊ မင်းမိဘတွေက ငွေထုပ်နဲ့ လိုက်နိုင်တိုင်း မင်းသိပ်ရမ်းကားမနေနဲ့၊ ခု ဘာဖြစ်တာလဲ"

ဆရာက နှာမည်ဆိုးရှိသော မင်းကုဋေကို ဦးစားပေးဟောက်သည်။

"ဒီကောင် လာ,စထိုးတာ ဆရာ၊ သူ ရန်စ,တာ"

ပေါ်သစ်မင်းသည် ဘာမှ မပြောပေ။ မျက်နှာတွင် သွေးချင်းချင်းနှင့် လူက အသားဆတ်ဆတ်တုန်ဆဲ။ အံကိုကြိတ်၍ မင်းကုဋေကို ဆွဲဖြိုပစ်ချင်သလို ကြည့်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် … ပေါ်သစ်မင်း၊ မင်းက စ,ထိုးတာဆို၊ မင်း ဘယ်လိုဖြစ်တာလဲ၊ မင်းကို လိမ်လိမ်မာမာ အပိုးကျိုးကျိုး ကောင် မှတ်နေတာ၊ ဘာကိစ္စ မင်းကုဋေကို အရင်စ,ရန် ပြုရတာလဲ”

ပေါ်သစ်မင်းက မဖြေ။ ဘယ်လိုမေးမေး မဖြေ။ နာလောက်စရာ ဖြစ်သွား၍ သည်းမခံနိုင်အောင် ပေါက်ကွဲကာ သွားပြေးထိုးတာကိုတော့ သိရသည်။ မင်းကုဋေကလည်း နာလောက်အောင် တစ်ဖက်သားကို သူ ဘာပြောလိုက်လဲ ဖွင့်မပြော။ ဆရာသည် မပြောရင် ရဲစခန်းပို့မည် ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် မေးမရတဲ့အဆုံး ကိုယ့်တပည့်တွေကိုလည်း စာမေးပွဲကပ်မှ ပြဿနာတက်အောင် မလုပ်ရက်သည်ဖြစ်၍ ဘေးက မဆိုင်သူ သက်သေတွေကိုသာ တစ်ယောက်ချင်းခေါ်၍ စစ်မေးတော့သည်။

မင်းကုဋေဟာ ခပ်ထောင်ထောင်နှင့် အားလုံးချဉ်ပတ်ပွေကြီး ဖြစ်၍ သူ့အုပ်စုမှတစ်ပါး ကျန်အများစုက တစ်ချိန်လုံး ရိသဲ့သဲ့ လုပ်ခဲ့တာတွေကအစ ပြန်ဖော်ကာ ပြောသည်။ ခုပြဿနာကိုလည်း ရန်ဖြစ်ရင်း အော်ဟစ်နေကြသည့် စကားသံထဲမှ အရိပ်အမြွက် သိကြသည်ဖြစ်ရာ သိသလောက် ဖော်ကြပါသည်။

ဆရာသည် သူကိုယ်တိုင် ဝင်ထွက်စာသင်နေရသည့် ကျူရှင်ပိုင်ရှင်ရဲ့အိမ်ရှင် ဒေါ်မြသင်းသစ်ကို သိကျွမ်းနေသူပင်ဖြစ်





ကာ အခင်မင် အကျွမ်းဝင်ကြီး မဟုတ်သော်လည်း ဆက်ဆံပတ်သက်နေရတာမို့ မင်းကုဋေရဲ့ အမနာပ သွားပုပ်လေလွင့်စကားကို ကြားလျှင် မျက်နှာကြီး မည်းမှောင်ကာ …

“ဟော့ကောင် … မင်းကုဋေ၊ သူတစ်ပါးရဲ့ လူကြီးမိဘ အုပ်ထိန်းသူကို မင်း အဲသလို မိုက်ရိုင်းပြီး ပြောစရာလား၊ ဟုတ်တာ မဟုတ်တာ အရေးမပါဘူး၊ မင်းပါးစပ်က အဲသလိုထွက်ပြီး သတင်းဖြန့်တယ်ဆိုတာ မင်းတော်တော် အောက်တန်းကျတဲ့ကောင်ပဲ၊ သူတစ်ပါး ကိုယ်ရေးကိုယ်တာဟာ မင်းနဲ့ဘာဆိုင်သလဲ၊ ဟုတ်ဟုတ် မဟုတ်ဟုတ် မင်းပြောတာ မင်းအလွန်ပဲ၊ ပြီးတော့ ကိုယ့်အမေ ကိုယ့်အဒေါ် အရွယ်၊ မင်း အတော်မိုက်ရိုင်းတဲ့ကောင်၊ အချင်းချင်း ရန်စရင်တောင် ကိုယ့်အချင်းချင်းတွေပဲ ပါပစေပေါ့၊ မင်း ပေါ်သစ်မင်းကို မှီချိုးမျှစ်ချိုး ရှာကြံပြော၊ ဒီလောက်အပြစ် မကြီးဘူး၊ မင်းမိဘကို ထိပါးရင်ကော မင်း ခံချင်မလား”

ဤစကားကို နားထောင်ရင်း ပေါ်သစ်မင်း ဝမ်းနည်းမိသည်။ ဟုတ်သည်။ ကိုယ့်အမေ ဒေါ်လေးမြိုင်ကို ပြောခံရလျှင်လည်း သူ့အဖို့ ဒီထက်နာစရာ မရှိတော့။ အန်တီ့ကို ထိပါး ပြောတာကို အမေ့ကို ထိပါးပြောသလို ထပ်တူနာသည်။

“နောင်တစ်ကြိမ်ဆိုရင် မင်းကို ခွင့်မလွှတ်ဘူး၊ အခုတော့ စာမေးပွဲသိပ်နီးကပ်နေလို့ ငါ အကြောင်းကြောင်းကိုထောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မင်းကို ကျူရှင်က မထုတ်ဘဲ ခွင့်လွှတ်ပေးလိုက်မယ်။ မင်း ဆင်ခြင် ... ဒါပဲ ...

ပေါ်သစ်မင်းကလည်း ဒေါသကို ဘာကြောင့် ဒီလောက် ရှေ့ထားရတာလဲ၊ ကိုယ့်ဒေါသကိုယ် မချုပ်တည်းနိုင်တာလူညံ့ပဲ၊ ဒါ ဒီမှာမို့ပေါ့၊ အပြင်မှာဖြစ်ကြပြီး ရဲစခန်းရောက်ရင် မင်းရဲ့ရှေ့ရေး ဘယ်လိုဖြစ်မလဲ၊ တစ်နှစ်ခြစ်ချပြီးပြီ၊ ဒီတစ်နှစ်လုံး မင်း ကြိုးစားသမျှ ရေထဲမျှောပစ်သလို အလကား အသုံးမကျ ဖြစ်သွားမှာကို မင်း မတွေးဘူး ...

မင်းအန်တီက မင်းကို ဘယ်လောက်မျှော်လင့်ချက်ထားတယ်၊ ဖြစ်စေချင်တယ်ဆိုတာ မင်း အသိဆုံးပဲ၊ ရန်ဖြစ်တယ် ဆိုကတည်းက နှစ်ဦးနှစ်ဖက်လုံး လွန်တာပဲ၊ ငါ နည်းနည်းမှ မကြိုက်ဘူး၊ နောင်ကို ဒါမျိုး လုံးဝမကြားချင်ဘူး၊ ဒီအနီးကပ်ကျူရှင်မှာ မင်းတို့ ဆက်ပြီးအတူတက်နေကြရဦးမယ်၊ ဘာပြဿနာမှထပ်မဖြစ်နဲ့ ... ဒါပဲ”

ထိုနေ့က စာလည်း မသင်ရတော့ပါ။ စစ်ဆေးမေးမြန်းတာ၊ ဆုံးမတာ၊ နှစ်ယောက်လုံးကို မျက်နှာသစ် ရေမွှေးနဲ့ ဆေးကြော၊ ဆေးထည့် လုပ်ပေးနေတာတွေနှင့် အချိန်ကုန်သွားသည်။

မျက်နှာတွေ သန့်စင်လိုက်ပေ၍ပင်။ ဒီပုံတွေအတိုင်း သွေးသံတရဲရဲ အိမ်ပြန်ကြလို့ကတော့ အိမ်ကလူကြီးတွေ မူးမေ့





လဲလောက်သည်။ သွေးထွက်သံယိုကို ဆေးကြောပြီးတာတောင် အဖုအယောင် အကွဲအပြဲတို့က မြင်မကောင်းအောင် ကိုယ်စီကျန်ရစ်ကြပေသည်။

ဦးစံ ကားလာကြို၍ အိမ်ပြန်လာခဲ့ကြရာ လမ်းမှာ အားလုံး တထိတ်ထိတ်မင်။ ဦးစံပါ တထိတ်ထိတ်။

“ဒုက္ခပဲကွယ်၊ ဘာများ ဖြစ်လာကြရတာတုံး၊ သစ်သစ်တော့ အော်တော့မှာပဲ”

ဆုပန်၊ ဇော်ဆက်နှင့် နောင်နောင်မှာ ကိုယ်နှင့်မဆိုင် ကိုယ့်အပြစ် မရှိကြပေမဲ့ အလန့်တကြား ဖြစ်နေကြပါသည်။ ပေါ်သစ်မင်း တစ်ယောက်သာ တင်းမာ၍ တည်ငြိမ်သော မျက်နှာနှင့် ငြိမ်သက်ကာ ပါလာသည်။

အားလုံးထင်တဲ့အတိုင်း ဆင်ဝင်အောက် ကားရပ်၍ ကားပေါ်က ဆင်းကြလျှင်ပင် အိမ်ရှေ့မှာရှိနေတဲ့ မြသင်းသစ်တန်းခနဲမြင်တော့ကာ ရင်ဘတ်စည်တီး အော်ကြီးဟစ်ကြီး ဖြစ်ပါတော့သည်။

“ဘယ်သူနဲ့ ရန်ဖြစ်လာတုန်း၊ ကြည့်စမ်း ငါ့အတန်တာန် ပြောရက်နဲ့ ပေါ်သစ်မင်းရယ်၊ ခု ဘယ်လိုဖြစ်ခဲ့လဲ၊ ဒဏ်ရာဒဏ်ချက်တွေကလည်း မြင်မကောင်း ရှုမကောင်း၊ နင် ဒါ ဘယ်သူနဲ့ ဖြစ်တာလဲ၊ ဘာဖြစ်တာလဲ ... ဟင်၊ ဟင် ... ပြောစမ်း”



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ်မင်း ပခုံးကို ဆွဲကာ ဆောင့်ကာ အော်ဟစ်သည်။ ပေါ်သစ်မင်းသည် နှုတ်ကြီးပိတ်၍ မျက်ရည်တွေလည်ကာ လျှံကျမလိုဖြစ်ရင်း ခေါင်းကြီး ငုံ့ထားပါသည်။

"ပြောလို့ ပြောနေတယ် မဟုတ်လား၊ ဒါ ဘယ်သူနဲ့လဲ၊ ဟိုအကောင်လား၊ ဆုပန်ကိုစ,စ,နေတဲ့ ရွှေဆိုင်သား ဆိုတာ၊ ဟုတ်လား ဖော်ဆက်"

"ဟုတ် ... ဟုတ် ..."

"ဘာ ... မိန်းမကိစ္စ နင့်ကို ရန်မဖြစ်ရလို့ ငါ တင်းတင်းကျပ်ကျပ် သတိပေး တားမြစ်ထားတာ၊ နင် ငါ့စကားကို ဂရုမစိုက်ဘူးပေါ့ ... ဟုတ်လား ပေါ်သစ်မင်း"

ဆုပန်သည် ခါတိုင်းအချိန်ဆိုလျှင် သူ့ကြောင့်လို့ ထင်လိုက်တဲ့ မြသင်းသစ် စကားကို မခံချိမခံသာ ဖြစ်မိမည် မှန်သော်လည်း လောလောဆယ်တွင် သူပါ စိတ်လှုပ်ရှား ထိတ်လန့်ရင်တုန်နေကာ အမှန်လည်း ပြောမထွက်ရဲသေးပဲ ...

"ဟို ... သမီးကြောင့် ဖြစ်တာ မဟုတ်ပါဘူး အန်တီ"

"ဟိုကောင်နဲ့ဆို ..."

"ဟုတ်ပါတယ်၊ အဲဒီ မင်းကုဋေနဲ့ပါ၊ ဒါပေမဲ့ သမီးကို စ,ရင်း နှောင့်ယှက်ရင်း ဖြစ်ကြရတာ မဟုတ်ပါဘူး၊ တခြားကိစ္စပါ"

"ဘာကိစ္စလဲ"





ဆုပန်တို့ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မပြောရဲ မဆိုရဲ ဖြစ်နေကြပါသည်။ မြသင်းသစ်ကား မြန်မြန်မကြားရလေ ဒေါသကြီးလေ။

"ပြောလေ ... ဒီပါးစပ်တွေက ဘာကြောင့် ပိတ်နေကြတာလဲ၊ ပြောစမ်း ... ဘာအကြောင်းကြောင့် ဖြစ်ရတာလဲ"

ဆုပန်သည် အရဲစွန့်ကာ တိုးတိမ်တုန်ချိစွာ ...

"အန် ... အန်တီ့ကြောင့် ..."

မြသင်းသစ် မျက်နှာမှာ ပျက်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ပေါ်သစ်မင်းသည် သူ့အပေါ် အန်တီမြသင်းသစ် ရှောင်ဖယ်ဖယ်နှင့် စိမ်းသွားသည်ကို ခံစားသိရှိနိုင်လေသည်။ ထို့ မနက်က မင်းကုဋေရဲ့ စကားတို့ကို သူ့နှုတ်က ဘယ်လိုမှ ပြန် မထွက်ရက် မထွက်ဝံ့၍ သူက ဘယ်လိုမှမဖြေ။ "ငါ့အကြောင်း ဘာပြောသလဲ"ဟု ဒေါသသံ တုန်တုန်နှင့် ခပ်ဆတ်ဆတ် မေး သည်ကို တုံဏှိဘာဝေ နေသည်။

အန်တီ ဖွတ်အတင်းအကျပ် မေးလေမှ ဆုပန်သည် ခပ်ကြောက်ကြောက် မျက်နှာပူပူနှင့်ပင် မင်းကုဋေရဲ့ အမနာပ စကားကို တုံးတိပြောချလိုက်လေသည်။ အဲဒီတုန်းက အန်တီ မြသင်းသစ် မျက်နှာကို သူ မကြည့်၍ ဘယ်လိုနေသည်ကို တစ် အပ်မမြင်ရ။





သို့သော်မဲ့ ဆုပန်တို့ရဲ့ တစ်ဆင့်စကားဖြင့်တော့ သိရသည်။

"အန်တီ့မျက်နှာကလေ ပထမ နီရဲသွားပြီး ကြက်သေကြီး လို သေနေတာ၊ နီရဲတာမှ သွေးတွေနဲ့ ပက်ထားသလား ထင်ရတယ်၊ တဖြည်းဖြည်းနဲ့ မည်းမှုပ်လာတာ၊ မျက်နှာ ဟာ ဗားင်းလိုက်သမှ သံတုံးလား ထင်ရတယ်၊ အဲသလို မျက်နှာမျိုး ဘယ်တုန်းကမှ ဘယ်သူ့ဆီမှ မမြင်ဖူးသေးဘူး ...

ဒီလောက်လှတဲ့ အန်တီဟာလေ အဲဒီရုပ်ကြီး ဖြစ် သွားတော့ အရုပ်ဆိုးလိုက်တာ ကြောက်စရာကြီး။ အောက် နှုတ်ခမ်းကို အတွင်းသားကိုက်ထားပြီး နှုတ်ခမ်းတို့ ပါးတို့ မျက်ခုံးတို့ တဆတ်ဆတ် တုန်နေတာ၊ ငါလေ ... သူ ဒေါသဖြစ်လွန်းလို့ တက်ချက်သွားမလားတောင် ထင်မိ တယ် ...

မပြောမဖြစ်လို့သာ ပြောလိုက်ရတာ၊ တကယ်တော့ အန်တီ့ အကြောင်း မကောင်းကြောင်းတွေ ဟိုပြောဒီပြော လျှောက်ပြောတာပါ ဆိုတာလောက်ပဲ ခပ်ဖော့ဖော့ ပြော လိုက်မိရင် ကောင်းသား"

"အေးဟ ... အန်တီ ဒေါသလည်းထွက်၊ ရှက်လည်းရှက် သွားတာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရင်က ဆရာမတွေ လာရင် သူရှိရင် ဝင်နှုတ်ဆက်၊ ငါတို့ စာအုပ်တွေယူပြီး ဟိုလှန်ဒီလှန်ကြည့်နဲ့၊ ဒီစာသင်ခန်းထဲ နေ့တိုင်းရောက်တာ၊ အခု လုံးဝမလာတော့တာ ကြည့်ပါလား၊ ငါတို့ကိုပါ စိတ်ဆိုးလား မသိဘူး"

"ငါတို့ကို ဘာလို့ စိတ်ဆိုးရမှာလဲဟာ"

"ဒီလိုစကားမျိုးကို သူ့ပတ်ဝန်းကျင်ကတော့ ဘယ်အတင်းအဖျင်း ပြောရဲမှာလဲဟ၊ အခု သူ့နားထဲ ဒီစကားရောက်ရတာ ငါတို့ ဝန်းကျင်ကြောင့်လေ၊ တကယ်ဆို ပေါ်သစ်နဲ့ မင်းကုဋေ မတည့်လို့သာ မင်းကုဋေက ပေါ်သစ် နာအောင် ပြောတာ၊ တည့်နေရင် သူလည်း ဘာပြောမလဲ၊ ငါတို့ ကျောင်းသားချင်း ပြဿနာဖြစ်ကြ မတည့်ကြ၊ မခံချင်အောင် ပြောဆိုကြတဲ့အထဲ သူက လူကြီးတန်မဲ့နဲ့ နစ်နစ်နာနာ အပြောခံလိုက်ရတော့ ဘာပဲဖြစ်ဖြစ် ငါတို့လည်း သွယ်ဝိုက်ပြီး သိပ်မကောင်းဘူးပေါ့ဟာ"

"အေး … ငါတို့ကိုလည်း အန်ဝီ မုန်းသွားပြီလား မသိဘူး"

"သူကလည်း ဇွတ်မေးနေတော့ ငါလည်း ပြောပြလိုက်မိတာပေါ့ဟာ"



ပေါ်သစ်မင်းက ဆုပန် မျက်နှာငယ်လေးကို ကြည့်ကာ …

"ပြောလိုက်တာ … နင် အပြစ်မရှိပါဘူး ဆုပန်ရာ၊ စိတ်မကောင်း ဖြစ်မနေပါနဲ့"

ဆုပန်ကို နှစ်သိမ့်ရသည်။ သူတို့လေးယောက်လုံး ဒီရက်အတွင်းမှာ ကိုယ်လည်း အပြစ်ရှိတာ မဟုတ်ပါဘဲ အပြစ်ရှိနေသလို မလှုပ်ရဲ အသံမထွက်ရဲ အင်မတန် အပိုးကျိုးကျိုး ဖြစ်နေကြပါသည်။

အဲဒီနေ့ကလည်း ဘာစကားတစ်ခွန်းမှမဆိုဘဲ ချာခနဲ လှည့်ထွက်သွားတဲ့ မြသင်းသစ်ဟာ အဲဒီနောက်လည်း ထိုအကြောင်းနှင့် ပတ်သက်၍ စကားမစ။ ဒီအကြောင်း စကားမစ,တာတင် မဟုတ်။ ဘာစကားမှ ဘယ်သူ့ကိုမှ သိပ်မပြောတော့။

မနက်ဆိုလည်း မသွားခင် အောက်ထပ်မှာ သူ့အမေနှင့် အိမ်ဖော်တွေနှင့် ရောရောနှောနှော ဟိုပြောဒီပြော လုပ်တာမျိုး မရှိတော့။ အောက်မှာ ဦးစံ ကားပြန်ထွက်ဖို့ အသင့်ရှိနေပြီဆိုမှ အပေါ်ထပ်က တဝုန်းဝုန်း ဆင်းလာကာ ကားပေါ်တက်ပြီး တန်းထွက်သွားတတ်သည်။

ညနေ သူ့အလုပ်က အပြင်က ပြန်လာရင်လည်း ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက် မလုပ်ပဲ အပေါ်ကို တန်းတက်



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်သည်ဖြစ်၍ မျက်နှာချင်း တွေ့ရသည့်အချိန်ပင် အလွန်နည်းပါးသွားပါသည်။ မြသင်းသစ် သူ့အပေါ် ထိုသို့စိမ်းကားအေးစက်သွားတဲ့အခါ ပေါ်သစ်မင်း ဝမ်းနည်းကာ နေလို့မရဖြစ်သည်။

ပေါ်သစ်မင်းကြောင့် ထိုစကားမျိုး သူတစ်ပါးဆီက ပြောတာ ခံရသည်ရယ်လို့ သူ့ကိုပါ စိတ်နာသွားသလားလို့ တွေးမိလျှင် စာထဲစိတ်ဝင်စားလို့ မရအောင် စိတ်တွေ ဝေလွင့်၍ ရင်ထဲ တစ်မျိုးခံစားနေရပါသည်။

နောက်ဆုံးတွင် ပေါ်သစ်မင်းသည် ဒီတိုင်း အောင့်၍ ခံစားမနေနိုင်ဘဲ မြသင်းသစ် မရှိသည့် နေ့လယ်တစ်ရက် ဒေါ်တင်တင့်ကို သွား၍ ရင်ဆိုင်စကား ပြောလိုက်ပါသည်။

"ဘွားဘွားကို ကျွန်တော် ပြောစရာရှိလို့"

"ဘာပြောမလဲ သား ... ပြောလေ"

"အန်တီ ကျွန်တော့်ကို စိတ်ဆိုးနေတယ် ထင်တယ်"

ထိုနေ့က ပြဿနာတွင် အနီးနား၌ ဘွားဘွား ဒေါ်တင်တင်လည်း ရှိနေခဲ့ပါသည်။ ပေါ်သစ်မင်း မျက်နှာပေါ်တွင် ပါလာသော ဒဏ်ရာတို့ကြောင့် အပြေးရောက်လာကာ ဘေးကနေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရင်း ဆုပန်ရဲ့စကားကိုလည်း ကြားလိုက်ပါသည်။ မြသင်းသစ် ဖြစ်ပျက်သွားပုံကိုလည်း မြင်တွေ့ပါသည်။





"စိတ်ဆိုးတာထက် စိတ်တောင်နာသွားတယ် ထင်တယ် ဘွားဘွား၊ အခု အန်တီ ကျွန်တော့်ကို စကားမပြောဘူး၊ မခေါ်ဘူး၊ စာသင်ခန်းဆီတောင် ဝင်မလာဘူး"

ဒေါ်တင်တင်က သက်ပြင်းချကာ ...

"သားကိုတင် မဟုတ်ပါဘူး ပေါ်သစ်ရယ်၊ ဘွားဘွားတို့ကိုလည်း စကားဟက်ဟက်ပက်ပက် မပြောပါဘူး"

"အဲဒါ ဘာဖြစ်လို့လဲဟင်၊ အန်တီက အားလုံးကို စိတ်ဆိုးသွားတာလား"

"စိတ်ဆိုးတာ ဟုတ်မယ် မထင်ပါဘူးကွယ်"

"ရှက်ပြီး ဒေါသဖြစ်သွားတာလား ဘွားဘွား"

"အဲဒါမျိုးလည်း ပါရင် ပါမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အဲဒီကောင်နဲ့ မတည့်လို့ အဲဒီကောင်က အန်တီ့ကို ဒီလိုပြောတာပါ၊ ကျွန်တော်နဲ့ ဒီကောင်တည့်ရင် သူ အန်တီ့ကို မှိုချိုးမျှစ်ချိုး ပြောစရာ အကြောင်းမရှိဘူးလေ၊ ကျွန်တော် ရန်မီးမွှားထားမိလို့ ကျွန်တော့်ကို မုန်းလို့ ပြောတာဆိုတော့ ကျွန်တော့်ကြောင့် အန်တီ အပြောခံလိုက်ရတာ ဖြစ်နေတယ်၊ ကျွန်တော် အန်တီ့ကို တောင်းပန်ရမလား ဘွားဘွား"

ဒေါ်တင်တင်က ပေါ်သစ်မင်း ပါးကို လက်ဝါးနှင့် ပွတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သား တောင်းပန်စရာ မလိုပါဘူးကွယ်၊ အတောင်းပန် မတာတ်ရင် သူ့စိတ်ထဲ ပိုထိခိုက်နေပါဦးမယ်"

"ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ၊ အန်တီက ကျွန်တော့်ကို စောင့်ရှောက်အုပ်ထိန်းတဲ့သူဆိုပြီး ကျွန်တော့်ကို မခေါ်ဘူး၊ စကားမပြောဘူး ဆိုတော့ ကျွန်တော် နေရခက်တယ်၊ မနေတတ်ဘူး"

"ဒီတိုင်းသာ ထားလိုက်ပါကွယ်၊ ဒီကိစ္စက ရက်တွေကြာလာရင် သူ့ဟာနဲ့သူ ပြီးသွားမဲ့ ကိစ္စပါ၊ ဒီလိုပြောတာ ခံလိုက်ရ ကြားလိုက်ရတော့ မင်းအန်တီမှာ နားလည်းခါး၊ ရှက်လည်းရှက်၊ မျက်နှာလည်းပူ၊ စိတ်လည်းဆိုးနဲ့ တစ်ယောက်တည်း ယောက်ယက်ခတ် ခံစားရပြီး သူ့ရင်ထဲ နာကျင်နေမပေါ့ ...

ပြီးတော့ မြသင်းသစ်က သားကို တူလို သားလို သံယောဇဉ်ရှိတဲ့သူ ဆိုတော့ ဒီကိစ္စတွေ သားနားထဲရောက်ခဲ့တဲ့ အဖြစ်ကို ယူကျုံးမရနဲ့ ရှက်နေရှာပါလိမ့်မယ် သားရယ်၊ အုပ်ထိန်းသူ လူကြီးတစ်ယောက် အနေနဲ့ သူ့နောက်ကြောင်းက အမည်းစက် အမည်းကွက်ကို သူ အုပ်ထိန်းနေတဲ့ကလေး ကြားသိသွားတဲ့အပေါ် ဘယ်လောက် ခံပြင်းခံစားရမလဲ၊ သား စဉ်းစားကြည့်ပေါ့"

"ဗျာ"





ပေါ်သစ်မင်းသည် မျက်လုံးတွေပင် ပြာကာ ဦးခေါင်းကြီးသွားသလို ခေါင်းကို တူထုခံရသလို မှန်ထူသွားပါသည်။

"အန်တို့ နောက်ကြောင်းက အမည်းစက် ... အမည်းကွက် ! ..."

"အေးပေါ့ကွယ် ... ငယ်ဘဝက အမှားအယွင်းပေါ့၊ အဲသလို အဖြစ်အပျက်မျိုးဟာ မေ့မိန်နေတာ ကြာပြီးမှ တစ်ခါ ပြန်အစဖော်သလို ပေါ်လာတော့ သူ ရင်နာရှာတာပေါ့၊ လိမ်ညာပြီး ဖုံးကွယ်ထားမဲ့ စိတ်ဓာတ်မျိုး မြသင်းသစ်မှာ မရှိပါဘူး၊ ဒါပေမဲ့ တတ်နိုင်သမျှ အစဘယ်ဖော်ချင်ပါ့မလဲ ...

ဒါကို\သူ့ရဲ့ စောင့်ရှောက်အုပ်ထိန်းမှု အောက်က ကလေးဖြစ်တဲ့ သား ကြားသိလာတယ် ဆိုတော့ သူ့စိတ်ထဲ အနာတရ ဖြစ်မှာ မဆန်းပါဘူး၊ ဒါပေမဲ့ ဘာမှလဲ လုပ်ပေးလို့ မရဘူး၊ ရက်ကြာမှ သူ့အလိုလို မေ့မိန်ပြီး ပြန်ပျောက်ကွယ်သွားမဲ့ ခံစားချက်ပဲ သားရဲ့"

"ဒါဖြင့် ..."

ပေါ်သစ်မင်းသည် ရင်ထဲ၌ ဝမ်းနည်းမှုတွေ ယူကျုံးမရမှုတွေ အလိပ်လိုက် မွှေနှောက်ခံရသလို ခုခုခဲခဲ နာကျင်မိကာ အာခေါင်ထဲ တုတ်နှင့်ထိုးစိုက်ထားသကဲ့သို့ ဆို့၍ ကျပ်နေသည်၊ တံတွေးကို မျိုချနေမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အန်တီက တကယ်ပဲ၊ အဲဒီစကားအတိုင်း ဖြစ်ပျက်ခဲ့ဖူးသလား ဘွားဘွား၊ ဒီစကားက ဟုတ်တယ်ပေါ့"

ဒေါ်တင်တင်က ခေါင်းညိတ်ကာ ...

"ဟုတ်တယ် သား"

"ခင်ဗျာ"

ပေါ်သစ်မင်း မယုံချင်။ မယုံနိုင်။

"ဒါကို ဘွားဘွားလည်း ဖုံးထားဖို့ စိတ်ကူးမရှိသလို မြသင်းသစ်ကလည်း တမင် ကာကွယ်လိမ်ညာမှာ မဟုတ်ဘူး၊ ဘွားဘွားကို ပြောပြီးပါပြီ၊ ကောင်လေးကို နားလည်အောင် သင့်တော်သလို ကြည့်ရှုအသိပေးပါတဲ့၊ သူကိုယ်တိုင်တော့ ဘယ်ပြောထွက်ပါ့မလဲကွယ်၊ မလိုအပ်ပဲလည်း စကားလုပ် ပြောမနေချင်သလို လိုအပ်လာရင်လည်း ဟုတ်တာကို ဟုတ်တယ်လို့လည်း ဝန်ခံပြောနိုင်တဲ့ သတ္တိနဲ့ခွန်အား မြသင်းသစ်မှာ ရှိပါတယ်၊ မင်းကိုသာ သူကလူကြီးမိဘမို့ ဝန်ခံပြောပြဖို့ ခက်နေတာပါ"

"အန်တီက ဟိုဒင်း ... ယောက် ...၊ အဲ ... အဲဒီစကားပြော အတိုင်းပဲ အကုန်လား ..."

"မှန်တယ်၊ သူ လော်မာလို့ အကျင့်ပျက်လို့ ဖြစ်ရတာမျိုးတော့ မဟုတ်ဘူး၊ ကံအကြောင်းပဲ ဆိုပါတော့၊ ဒီလိုဖြစ်ဖို့ ပါလာပြီး ဖြစ်ခဲ့ရတယ်လို့ပဲ ဖြေသိမ့်ပါတယ် ...





ကဲ ... သား ကြားခဲ့ရတာ အမှန်ပဲဆိုတာ သိရရင်တော်ရောပေါ့၊ ရှည်ရှည်ဝေးဝေး ချဲ့ချဲ့ထွင်ထွင်တော့ မပြောချင်တော့ဘူးကွယ်၊ တစ်ခုတော့ ရှိတယ် သား၊ မြသင်းသစ်ဟာ လူငယ်ဘဝ ချစ်တဲ့သူနဲ့ ခိုးရာလိုက်ပြေးပြီး ဘွားဘွားက သဘောမတူဘဲ အတင်းခွဲပစ်ခဲ့လို့ နှစ်ပတ်လောက်နဲ့ ဒီလူငယ်နဲ့ ပြန်ကွဲကွာသွားခဲ့ကြတဲ့ အဖြစ်မျိုးပါ ...

ဘွားဘွား ကိုယ်တိုင်လည်း မာန်မာနတွေ ဂုဏ်မောက်မှုတွေနဲ့ ဆတ်ဆတ်ထိမခံ စိတ်ဓာတ်တွေ ရှိခဲ့တုန်းအချိန်ကပေါ့၊ နှစ်ပတ် ဆယ့်ငါးရက်လောက် လက်လွတ်ပြီးသား သမီးကို မရမကခွဲပြီး ပြန်သိမ်းခဲ့တယ်၊ ဖွတ်ပဲဝေးကွာအောင် ဖန်တီးခဲ့တယ်၊ ကိုယ့်စိတ်ကြိုက် ရွေးချယ်ထားတဲ့သူနဲ့ပဲ ဖွတ်စီစဉ်လက်ဆက်ပေးဖို့ လုပ်ခဲ့တယ် ...

ဘွားဘွား မလိမ္မာတာတွေ ပါပါတယ်၊ မင်းအန်တီဟာ ဟိုကောင်လေး ပြောသလို လင်ကောင်မပေါ်ဘဲ ကလေးမွေးရတယ် ရယ်လို့တော့ မဟုတ်ပါဘူး၊ လင်ကောင်က ပေါ်သားပဲ၊ သူ့ချစ်သူပဲပေါ့၊ ဘွားဘွားက မပေးစားတာပါ၊ မိုက်တာပေါ့ ...

ဒီကလေး ပါလာတာကို သူ့ခမျာ ဘွားဘွားကိုဆန့်ကျင်ပြီး မဖျက်မဆီးနဲ့ပဲ ရအောင်မွေးခဲ့ရှာတာပါ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



စာရိတ္တပိုင်း ပျက်စီးလို့ ဒီအဖြစ်မျိုး ကြုံခဲ့ရတာ မဟုတ်ဘဲ ဘွားဘွား အပြစ် အများကြီး ပါပြီးတော့- ခုလိုဖြစ်ခဲ့ရတာပါ၊ ဒါပေမဲ့ ဒီအဖြစ်မျိုးဟာ ဂုဏ်လုပ်ပြီး တတွတ်တွတ် ဖွင့်ပြောနေစရာမှ မဟုတ်ဘဲ၊ သူ မေ့ထားဖျောက်ထားချင်မှာပေါ့ ...

ဒါကို သားက ကြားသိလာတယ်ဆိုတဲ့ အပေါ် သူ နာကျင်ခံစား သွေးပူနေတာပါ သားရယ်၊ မင်းလည်း ဒီကိစ္စကို ဒီထက် ဆက်မခံစားနဲ့တော့၊ စာမေးပွဲက အရှမ်းကို နီးကပ်နေပြီ၊ ဒီလောက် သိရတာနဲ့ပဲ ကျေနပ်နားလည်ပြီး စိတ်ဖြေထားလိုက်တော့၊ နေမြဲတိုင်းနေ၊ စားမြဲတိုင်းစား၊ စာကျက်မြဲတိုင်းကျက်၊ မင်း အန်တီလည်း အချိန်တန်ရင် ပုံမှန်ဖြစ်သွားပါလိမ့်မယ်"

ပေါ်သစ်မင်းသည် ကလိဇာတွေကို ဆုပ်ဆွဲထားသလို နာကျင်ဒဏ်ရာရ၍ ကျန်ရစ်ခဲ့ရပါတော့သည်။ အန်တီ့ကို သနားလိုက်တာ။ လောလောဆယ် အန်တီ ဘယ်လိုခံစားနေရမည်ကိုလည်း သူ ခန့်မှန်းနိုင်ပါသည်။

ဒေါ်တင်တင် အနားမှ ထ,ထွက်လာခဲ့ပြီး အခန်းဝရောက်မှ သူ တစ်စုံတစ်ရာကို သတိရမိကာ ဖျတ်ခနဲလှည့်၍ ...

"အဲဒီကလေးရော ဘွားဘွား"

လွှတ်ခနဲ မေးကြည့်မိသည်။





"သူ့ဆီ အဖတ်မတင်ခဲ့ရှာဘူး သားရယ်"

ပေါ်သစ်မင်း ရင်ထဲ ခပ်နင့်နင့် ခံစားရသည်။

သူ့ခေါင်းထဲ ဒီအတွေးတွေပဲ ဝေ့လည်နေသည်။ အန်တီမြသင်းသစ် အဖြစ်ကို ယူကျုံးမရ။ သနားလှသည်။ အန်တီ သိပ်ခံစားခဲ့ရမှာပဲ။ ဖွတ်အတောင်း မရမက ခွဲပစ်ခဲ့သည် ဆိုသည့် ဘွားဘွား ဒေါ်တင်တင်ကိုပင် (ခုချိန်မှာ သူ့အပေါ် အင်မတန်ကောင်းလှသည့် အဘွားကြီးတစ်ယောက် ဖြစ်ပါလျက်) စိတ်ခုမိပါသေးသည်။

ချစ်သူနဲ့ ခိုးရာလိုက်ပြေးတာတဲ့။

အန်တီဟာ အဖေ့ရဲ့ ငယ်ချစ်ဦးရယ်လို့လည်း သူ သိထားရသည်။ အမေလည်း ပြောဖူးသည်။ ဘွားဘွားလည်း ထောက်ခံဖူးသည်။ အန်တီ လိုက်ပြေးခဲ့တဲ့ ချစ်သူဟာ အဖေလား၊ အဖေ မဟုတ်ဘူးလား။

ဒီလို လျှို့ဝှက်ရှုပ်ထွေးသော အဖြစ်အပျက်မျိုးတွေ တစ်ကြိမ်မှ သူ မတွေးတော့ မစဉ်းစားဖူး၍ ခုလည်း ဉာဏ်မမီလှပေ။ သူ့၌ရှိသော အတွေ့အကြုံ အသိဉာဏ်လောက်နှင့် တွေးကြည့်သမျှတော့ ထိုချစ်သူဟာ အဖေ မဟုတ်လောက်လို့သာ အဖြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ဟာ အဖေကိုရော အမေ့ကိုရော သံယောဇဉ်ရှိသူ ဖြစ်သည်။ မြသင်းသစ်ကိုသာ အဖေဆုံးပြီးမှ သူ တွေ့ကြုံပတ်သက်ရပေမဲ့ ဒေါ်တင်တင်ကိုတော့ သူ ဟိုးအရင် ငယ်ဘဝကတည်းက စ,တင်သိကျွမ်းနေခဲ့တာ ဖြစ်သည်။ သူနဲ့ တွေ့ရ ဆုံရတဲ့ အကြိမ်အရေအတွက်ပေါင်း မများလှပေမဲ့ ဘွားဘွား ဒေါ်တင့်တင်ဟာ သူတို့အိမ်ကို ခပ်ကြဲကြဲ ဝင်ထွက်နေခဲ့သူပါ။

သူနဲ့ ကြုံလိုက်ဆုံလိုက်တာမျိုးက တစ်နှစ်မှ သုံးလေးခေါက်သာ ရှိပေမဲ့ အဖေတို့ အမေတို့ စကားတွေထဲမှာ အမြဲပါနေခဲ့သည့် ဒေါ်တင်တင့်ကို မြသင်းသစ် ကဲ့သို့ သူ မစိမ်းခဲ့ပေ။ အဘွားသိလရှင်ကြီးနှင့်လည်း ဘွားဘွားက ချစ်ခင်ရင်းနှီးသည်ဟု သိခဲ့သည်။

ဒါတွေကြောင့် အန်တီ ခိုးရာလိုက်ပြေးသွားတဲ့ ချစ်သူဟာ သူ့အဖေ ဦးထင်ပေါ် မဟုတ်ဟု သူ ကောက်ချက်ချလို့ ရသည်။ အဖေ့ရဲ့ငယ်ချစ်ဦး ဆိုပေမဲ့ အန်တီက ဒီလောက်ချော ဒီလောက်လှပ၍ ချမ်းသာနေတာ ချစ်သူကြိုက်သူ ဆိုတာတွေဟာ ဝိုင်းဝိုင်းလည်နေခဲ့ပါလိမ့်မည်။

ကြည့်စမ်း ...။ အန်တီဟာ ခုလည်း ဦးနိုင်နှင့် ...။ တစ်သက်မှာ ချစ်သူရည်းစားတွေ ဘယ်နှယောက်တောင်များ ရှိခဲ့ဖူးပါလိမ့်။ ဒါကိုတော့ သူ မနှစ်သက်ချင်သလို မလိုတမာ





မကျေမနပ် တွေးမိသည်။ ဒီအတိုင်းဆို ရည်းစားများထဲ့ အန်တီပေါ့။

ဟွန်း ...။ သူ့အတွေးတွေကို ဤသို့ မကျေနပ်ခြင်းနှင့် အဆုံးသတ်လိုက်ရတာ များသည်။ အန်တီ့ကို သူ ချစ်ခင်သံယောဇဉ်ဖြစ်မိ၍ ဖြစ်မျိုးမဲ့မထင်၊ စင်းလုံးချော၊ စံပြအမျိုးသမီးဖြစ်စေချင်သည့် လောဘမျိုး သူ့၌ ဖြစ်ထွန်းနေတာ။

သူ့စိတ်ထဲ တနုံ့နုံ့ တစိမ့်စိမ့်နှင့် ဟိုလူမကျေနပ်သလို၊ ဒီလူမကျေချမ်းသလို တစ်ယောက်တည်း ပြဿနာတက်နေကာ စာကို အရင်ကလောက် စိတ်ဝင်စားလို့ကိုမရ။ စာကျက်ရင်း စိတ်တွေ ဟိုဒီလွင့်နေ၍ စာသိပ်မရ။

သူ့ရဲ့ Guide လုပ်ထားသော မှတ်တမ်းစာအုပ်ထဲက မှတ်ချက်တို့၌ မင်နီရောင် မှတ်ချက်တွေ ပါပါလာသည်။ ထိုမှတ်တမ်းစာအုပ်ကို အရင်ကတော့ အန်တီသည် နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ လာကြည့်တတ်သည်။ ခုတစ်လောတော့ မကြည့်တာ ကြာပြီ။

တစ်ညမှာတော့ သူ့ရဲ့ Guide ဆရာလေးသည် စာတစ်ပိုဒ်ကို နှစ်ရက်ဆက်တိုက် ကျက်မထားဘဲ မရနိုင်အောင်ဖြစ်နေတဲ့ ပေါ်သစ်မင်းကိုလည်း ဟိန်းဟောက်မြည်တွန်ကာ ... သူ့မှတ်တမ်းစာအုပ်ကို ကြည့်ထားပုံ မပေါ်သော အန်တီ့ကိုလည်း သူကိုယ်တိုင် ကိုယ်တိုင်လက်ရောက် ခေါ်ပြီးပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတစ်လော ... ပေါ်သစ်မင်း စာမရတာ အကြိမ်စိတ်လာပါတယ် အန်တီ၊ တစ်ခါတလေတော့ ထစ်တာ၊ တစ်ခါတလေ ကျက်လို့ကို ပြီးမထားလို့ လုံးဝမရတာ၊ ဒီစာအုပ် အန်တီ မမြင်တာ ကြာပြီထင်လို့ ကျွန်တော် ကိုယ်တိုင်ပြရတာပါ ခင်ဗျာ"

မြသင်းသစ်သည် စာအုပ်ကိုကြည့်ကာ မျက်နှာနီလာသည်။ ပေါ်သစ်မင်းမှာ ဒါကိုပင် စိတ်လှုပ်ရှား၍ ပျော်သလို ဖြစ်နေပါသည်။ အန်တီ သူ့ကို ဆူရတော့မည်လေ။ အကောင်းလည်း မပြော အဆိုးလည်း မပြော၊ စကားကို ဟ,ဟဲ့,မပြောတာထက် စာလျှင် သူ့ကို ကြိမ်းမောင်းဆူမာန်နေတာက ခုချိန်မှာ နှစ်သက်စရာ ဖြစ်နေပါဦးမည်။

သူထင်တဲ့အတိုင်း။ Guide ပြန်သွားလျှင်မြသင်းသစ်သည် ပေါ်သစ်မင်းကို ခပ်ကြမ်းကြမ်း လှမ်းခေါ်လိုက်ပါသည်။ စ,ပြောသည်နှင့် အသံတွေတုန် ဒေါသတအားကြီးနေကာ ...

"မင်း ... ဒါ ဘာလုပ်တာလဲ၊ ငါ့ကို မခန့်လေးစားလုပ်တာလား ပေါ်သစ်မင်း၊ မင်းစာအုပ်ထဲမှာ ဘယ်တုန်းက မင်နီ ပါဖူးလို့လဲ၊ ဒီမှာကြည့်စမ်း၊ ဒီရက်ပိုင်းမှာမှ အနီတွေ အနီတွေ၊ ငါကလည်း မကြည့်မိတာနဲ့ နင်ကလည်း ငါ့ကို ပမာမခန့် သဘောနဲ့ပေါ့လေ ... ဟုတ်လား၊ နင် စာကျက်





ပျင်းတဲ့ကောင် မဟုတ်ဘူး၊ ငါ သိတယ်၊ ခုဟာက သက်သက်မဲ့ ငါ့ကို ပမာမခန့် လုပ်ပြတာ၊ သောက်ဂရုမစိုက်လုပ်ပြတာ၊ မလေးမစား တမင်လုပ်ပြတာ"

"မဟုတ်ပါဘူး အန်တီ"

"ဘာ မဟုတ်ရမှာလဲ၊ နင် တမင်လုပ်နေတာ ငါသိတယ်"

ပေါ်သစ်မင်းသည် ရင်ထဲ လှုပ်ခတ်လာကာ ...

"မဟုတ်ပါဘူး အန်တီ၊ အန်တီ့ကို ကျွန်တော် ပမာမခန့် မလုပ်ပါဘူး၊ ကျွန်တော် စာကျက်ချိန်တိုင်း စာကျက်နေပါတယ်၊ ကျက်မရတာပါ၊ တမင်မကျက်တာ မဟုတ်ပါဘူး"

"ဘာကျက်မရတာလဲ၊ နင် ဒီလောက် ဉာဏ်ကောင်းတာ၊ ငါ့ကို လာမလိမ်နဲ့၊ နင်က ဘာလဲ၊ ဒီမိန်းမကြီး ငါလုံးဝလေးစားနေစရာ မလိုဘူး ဆိုပြီးတော့ ..."

မြသင်းသစ်သည် ပြောလက်စ,စကား တုံးတိရပ်သွားကာ ပါးပြင်ပေါ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ပြုတ်ကျလာသည်။ အန်တီ့ မျက်ရည်တို့ကိုကြည့်ကာ ပေါ်သစ်မင်း ရင်ထဲလည်း ဝမ်းနည်းလှိုက်လှဲလာသည်။ သူပါ ငိုချင်လာသည်။

အန်တီ ဘယ်လိုအတွေးနှင့် ဘယ်လိုခံစားပြောလိုက်တဲ့ စကားလည်းဆိုတာ သူ နားလည်ပါသည်။ ပြောရင်းလည်း အန်တီ ထိန်းမရအောင် ဝမ်းနည်းနာကြည်းပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မဟုတ်လား၊ ဒါ နှင်အချိုးပြောင်းတာလေ၊ အရင်က ဒီအချိုးမျိုးမဟုတ်ဘဲ၊ ငါ တစ်ခွန်းဆိုတစ်ခွန်း၊ ငါ့စကားအတိုင်း တစ်သဝေမတိမ်း နှင် လုပ်ရတာလေ၊ ခုတော့ ဒီလောက်တောင် စာမေးပွဲ တစ်လလောက်ကင်းနေတဲ့ အချိန်ကျမှ နှင် ဇွဲဆိုးဖောက်တယ်ပေါ့ ...

နှင် ငါ့ကို ပမာမခန့်လုပ်လို့ ငါ့မှာ ဘာမှအလုံးအရပ်မလျော့ဘူးဟဲ့၊ ငါ့ စီးပွားလည်း မထိခိုက်ဘူးဟဲ့၊ ထိခိုက်မှာ နှင် ... နှင် ...၊ မနှစ်ကတစ်နှစ်၊ ဒီနှစ်တစ်နှစ်၊ နှစ်,နှစ်ရင်းထားရသမျှ နှင်ရေစုန်မျောပြီး နှင့်ဘဝအပျက် ခံပြီးတော့တောင် ငါ့ကို ပမာမခန့် လုပ်ဝံ့တယ်ဆိုရင်လည်း လုပ်ဟေ့"

မြသင်းသစ်မှာ ဒေါသကြီးလွန်း၍ အသံတွေအက်အောင်ပင် အော်ဟစ်နေသည်။ ပေါ်သစ်မင်းသည် စိတ်မကောင်းဖြစ်လှစွာပင် မြသင်းသစ် ထိုင်နေသောခုံရဲ့ ခြေရင်းကြမ်းပေါ် ဒူးတုပ်ထိုင်ချလိုက်ပါသည်။ သူ့ပါ မျက်ရည်တွေ လည်လာရင်း လက်အုပ်ချီလိုက်မိကာ ...

"ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ အန်တီ့ကို ပမာမခန့်ပြုတယ်လို့ အန်တီ ထင်နေလောက်အောင် ဖြစ်နေရင် ကျွန်တော် တောင်းပန်ပါတယ်၊ အန်တီ့ကို ကျွန်တော် ကန်တော့ပါတယ်၊ အန်တီ့အပေါ် ကျွန်တော် မလေးစားတဲ့ စိတ် မရှိပါဘူး အန်တီ"





သူ တိုးတိုးပြောကာ ဦးချ၍ ကန်တော့လိုက်လျှင် မြသင်းသစ်သည် ငိုင်စိုက်ကြက်သေသေ၍ သူ့မျက်ရည်တွေကိုသာ သူ ဖျတ်ခနဲ ဖျတ်ခနဲ သုတ်လျက်ရှိနေသည်။ အတန်ကြာ စကား ထွက်မလာ။

"ဒါဖြင့် ... မင်း ဘာဖြစ်နေလဲ"

"ကျွန် ... ကျွန်တော် ... စိတ်ကို စုစည်းလို့ကို မရလို့ ကျက်မရတာပါ"

"နှင့် စိတ်တွေက ဘယ်ရောက်နေလို့လဲ ... တောက်"

"ကျွန်တော်က အန်တီ လက်ခံမွေးစား အုပ်ထိန်းစောင့်ရှောက်ထားတဲ့သူပါ အန်တီ၊ ဘွားဘွားလည်း ရှိတယ်ဆိုပေမဲ့ အဓိက,က ကျွန်တော့်ကို အန်တီ တာဝန်ယူထားတာပါ၊ ကျွန်တော်က အန်တီ့မျက်နှာကိုကြည့်ပြီး နေရတာပါ၊ ခုတလော အန်တီက ကျွန်တော့်ကို မခေါ်ဘူး၊ ဂရုလည်းမစိုက်ဘူး၊ စိတ်လည်း မဝင်စားဘူး၊ ကျွန်တော့်ကို ဆက်တာဝန်ယူဖို့ အန်တီ စိတ်မဝင်စားဘူးဆိုရင် ကျွန်တော်လည်း နေရခက်ပါတယ်၊ ကျွန်တော် ..."

"တော်စမ်း၊ ဓာတ်နာအောင် ပလီစီချောက်ချက် လျှောက်ပြောမနေစမ်းနဲ့၊ ငါ ဘာဖြစ်ဖြစ် ကိုယ့်စာကိုယ် ကြိုးစားရမှာ မင်းကာဝန် မဟုတ်ဘူးလား၊ ငါလည်း ငါ့ဟာငါ ငါ့အလုပ်နဲ့ငါ၊ ငါ့တွေးစရာနဲ့ ငါ၊ ငါ့ခံစားချက်နဲ့ငါဟဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါကလူကြီး၊ မင်းကို မခေါ်ဘူး ရှိမလား၊ ဘာမှဆင်ခြေ တွေ လျှာမရှည်နဲ့၊ နင် စာရတာကိုပဲ ငါလိုချင်တယ်၊ ပြောတာ နားလည်လား"

"ဟုတ်ကဲ့"

"ငါ့ကို ကြည့်စမ်း၊ ကိုယ့်ဟာကိုယ် အိမ်ထောင်ပြုဖို့ကိစ္စ တောင် နင့်စာမေးပွဲအပြီးထိ ဆွဲဆန့်ထားတာ နင် မတွေ့ ဘူးလား၊ ဧပြီလဆန်းကျမှ ပွကပွနဲ့ အိုက်ကအိုက်နဲ့ အချိန်ကျမှ ငါတို့မင်္ဂလာဆောင်မဲ့ရက် သတ်မှတ်ထားတာ နင့်စာမေးပွဲကို ငဲ့လို့ဟဲ့ ပေါ်သစ်မင်းရဲ့ ...

ကြားထဲ မင်္ဂလာပွဲကြီးခံပြီး စိတ်များမှာစိုးလို့ စာမေး ပွဲအပြီးကို သတ်မှတ်တာ၊ ငါ့ပါမက ဦးနိုင်ပါ မင်းစာမေး ပွဲကို ငဲ့နေလို့ မဟုတ်ဘူးလား၊ စိတ်ထဲက တကယ့်စေတနာ မေတ္တာကိုသိ၊ ခဏ စကားမပြောလို့ မခေါ်လို့နဲ့ ပုံကြီးချဲ့ မနေနဲ့ ...

မင်း ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ မထားဘဲ လျော့ကြီး လျှ မနေနဲ့၊ ငါ ဂုဏ်ယူချင်တဲ့ ငါ့မွေးစားသားက ဖွံ့ဖွံ့မာ သတ္တိနဲ့ စိတ်ဓာတ်ခွန်အားနဲ့ ယောကျ်ားကောင်းပီသ သူမျိုး၊ ငါ မခေါ်လို့ဆိုပြီး ပူဆွေးဝမ်းနည်းနေမဲ့ အကြော လို ပျော့နဲ့နဲ့ကောင်မျိုး မဟုတ်ဘူး ... နားလည်လာ



မြသင်းသစ် စကားတွေကြောင့် သူ့မှာ ဝမ်းနည်းစိတ် ပျောက်ကာ သဘောတကျနှင့် ပြုံးပြုံးချင်လာမိပါသေးသည်။

"ဒီမယ် ... တစ်ခါတည်း ပြောဦးမယ်၊ ငါ ခုတစ်လော နေမကောင်းဘူး၊ ဗိုက်အောင့်နေလို့ ခုပဲ သမားတော်သွား ပြလာတာ၊ အစာအိမ် အတော်ရောင်နေတယ်၊ ဆေးရုံခဏ တက်ရလိမ့်မယ်"

"ဗျာ"

"အေး ... ဗျာမနေနဲ့၊ တက်ရမှာ လေးငါးရက် တစ်ပတ် လောက်ပဲ၊ ငါ့လက်ကလွှတ်တုန်း ပစ်စလက်ခတ်နေဖို့ စိတ်မကူးနဲ့ ကြားလား၊ ခုကိုပဲ မင်းကို ဒေါသဖြစ်ရ အော်ရဟစ်ရတာ ငါ အူရမ်းကို ဗိုက်အောင့်နေပြီ၊ မင်း ငါ့ကျေးဇူးကို တကယ်သိရင် မင်းကိုယ်မင်း တိုးတက်ဖို့ကို ပဲ ကြိုးစား ပေါ်သစ်မင်း"

မြသင်းသစ် မျက်နှာက ရှုံ့မဲ့လာသည်။ သေချာ မျက်နှာချင်းမဆိုင်ရ မတွေ့ရတာ ကြာ၍ အနံ့တီ ပိန်သွားတာ မျက်နှာရှောင်နေတာတွေကို ပေါ်သစ်မင်း ခုမှပဲ မြင်ပါသည်။ အနံ့တီလည်း သူ့ခံစားချက်နဲ့သူ အိပ်မပျော် စားမဝင် စိတ်ထိ ခိုက်နေတာပဲ နေမှာပါ။ မြသင်းသစ် မျက်နှာကို စေ့စေ့မော့ကြည့် နေရင်း သူ့ စိတ်မကောင်း ဖြစ်နေမိသည်။

မြသင်းသစ်က နှုတ်ခမ်းကို တစ်ချက်တင်းစေ့ရင်း ...

ဓေဝတနာစာပေ

www.burmeseclassic.com



"မင်း သိထားဖို့က တစ်လောကလုံးမှာ ဘာတွေ ပြဿနာ တက်နေနေ၊ ဘယ်သူတွေ ဘာတွေပဲ ဖြစ်နေနေ၊ ငါလိုချင် တာသည် မင်း အနည်းဆုံး ဂုဏ်ထူးငါးလုံးနဲ့ ဆယ်တန်း အောင်ရမယ်၊ ဒါပဲ ပေါသစ်မင်း"

သူသည် မြသင်းသစ်ကို ချစ်ခင်နှစ်လိုခြင်းနှင့် စိုက်ကြည့်နေမိသည်။





## ၁၃

ဆေးရုံပေါ်တွင် အရည်စစ်သောက်ဘဝနှင့် ဒရစ်ပ် ပုလင်းချိတ်နေရသော မြသင်းသစ် ထံသို့ ပေါသစ်မင်း သိပ်သွား ခွင့်မရပါ။ ဆေးရုံတက်တော့လည်း မလိုက်ရ။ ဒုတိယနေ့လည်း မလိုက်ရ။ လိုက်ရအောင်လည်း သူ့၌ အချိန်ပိုရယ်လို့မှ မရှိ။ ကျူရှင်ဝိုင်းက ပြန်လှန်သင်ကြားနေရတာရယ်၊ စာကျက်ဆရာ Guide ကို မြသင်းသစ်က တစ်လအတိအလိုမှာ တောက်လျှောက် အိမ်မှာ အိပ်စားနေထိုင်ဖို့ အပြတ်ခေါ်ထားလိုက်တာရယ်။

ခဏနားချင်လို့ နားရမှာကလွဲလျှင် အချိန်ပိုကိုမရှိ။ ခုဆို စာမေးပွဲက ရက်နှစ်ဆယ်ကျော်ပဲ လိုတော့သည်။ သို့ပေမဲ့ သူ ဆေးရုံကို သွားချင်သည်။ မသေလောက်တဲ့ ရောဂါမှန်းတော့



www.burmeseclassic.com

www.burmeseclassic.com



သိသားပေါ့။ ဒါပေမဲ့ သူနှင့်မဆိုင်သလို တစ်ချက်မှ သွားမကြည့်ရပဲတော့ မနေနိုင်။

ဘွားဘွားကို အတင်းအကျပ် ပြောသည်။ ဘွားဘွားက မြသင်းသစ် တစ်ချက်လှမ်း မှာကြားပြီးဖြစ်၍ ခေါ်မသွားရဲ။ ဤတွင် ပေါသစ်မင်းသည် ဦးနိုင်ထံ သူ့ဟာသူ ဆုံးဖြတ်လျက် ဖုန်းဆက်လိုက်လေသည်။

"ဦးနိုင်လား ... ကျွန်တော့် ပေါသစ်မင်း ပါ"

"ဪ ... အေး၊ ပြောလေကွာ ပေါသစ်မင်း"

မြသင်းသစ်သည် အိမ်မှာ ဒေါ်တင်တင် ရှိသော်လည်း ဒေါ်တင်တင်က ပေါသစ်မင်းကို ညာတာပေးမ၍ မြေးကို အလိုလိုက်သလို လိုက်တတ်သူဖြစ်၍ စိတ်မချနိုင်ကာ ဦးနိုင်ကို နေ့စဉ် အိမ်ကိုတစ်ခေါက် လှမ်းသည်။ ဦးနိုင်သည် အိမ်ကို နေ့လယ်ဖြစ်ဖြစ် ညနေဖြစ်ဖြစ် တစ်ခေါက်လာဝင်ကြည့်၊ Guide နှင့် မေးမြန်းကာ ပေါသစ်မင်း အနေအထားကို သတင်းယူ၊ ပြီးမှ ဆေးရုံကို တစ်ခေါက်သွားကာ မြသင်းသစ်ထံ သတင်းပို့ရသည်။

"ဦးနိုင် ဒီနေ့ အိမ်ကို ဘယ်အချိန်လာမှာလဲလို့ပါ"

"သုံးနာရီလောက် ဝင်ခဲ့မယ်ကွာ၊ အဲဒီကပြီးရင် ဆေးရုံသွားမယ်၊ မင်း ဘာအကြောင်းထူး ရှိလို့လဲ"





"ဘာမှ မဟုတ်ပါဘူး၊ ကျွန်တော် ဦးနိုင် ပြန်ရင် ဦးနိုင်နဲ့ ဆေးရုံလိုက်ချင်တယ် ခင်ဗျ"

"ဟ ... သစ်သစ်က ခေါ်မလာနဲ့ ပြောထားတာ၊ မင်း အချိန်ပုပ်မှာစိုးလို့ပါ၊ သူက ဆေးရုံသာ တက်နေရတာ၊ မင်းကို မပြတ်စိတ်ပူနေတယ်"

"ဘွားဘွားကလည်း မခေါ်ဘူး ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်လည်း ဆေးရုံကို တစ်ခေါက်လောက်တော့ လိုက်ကြည့်ခွင့်ရသင့်ပါတယ်"

"မင်းကလည်းကွာ၊ တစ်ပတ် ဆယ်ရက်လောက်ပဲ ကြာမဲ့ ကိစ္စကို"

"အန်တီ့ကို ကျွန်တော်လည်း တစ်ခေါက်လောက် ကြည့်ပါရစေ ဦးနိုင်၊ အန်တီ တစ်ယောက်ပဲ စိုးရိမ်ပူပန်တတ်တာ မဟုတ်ပါဘူး၊ ကျွန်တော်လည်း စိုးရိမ်ပူပန်တတ်တဲ့စိတ် ရှိပါသေးတယ်"

ဦးနိုင်မိုးဆွေက ခဏစဉ်းစားနေပြီး ...

"အေး ... ကောင်းပြီလေကွာ၊ ဟုတ်တာပေါ့၊ မင်းလည်း မင်းအန်တီကို ကြည့်ချင်မှာပေါ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဦးနိုင်"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့် ဦးနိုင်နှင့်အတူ မြသင်းသစ် တက်နေသော ဓာရှုတော်ဝင်သို့ ပါလာခဲ့ရပါသည်။ ပေါ်သစ်မင်းကို မြင်လျှင် ဓဖတ်မစားရ၍ အားမရှိလှသော မြသင်းသစ်မှာ ငေါက်ခနဲ ဖတ်တိုနိုင်သော ခွန်အားရှိကာ ...

"ဟဲ့ ... မင်းကို ပါမလာရဘူး မှာထားတာ၊ ဘယ့်နှယ် ကြောင့် ပါလာရသလဲ၊ မင်း ခုတစ်လော ငါ့ပြောစကားကို နားမထောင်ချင်ဘူး၊ မျိုးစုံဖီဆန်နေတယ်နော် ပေါ်သစ်မင်း၊ ဟင်း ..."

"သူလည်း သူ့အန်တီကို တစ်ရက်တလေတော့ လိုက်ကြည့် ချင်တာပေါ့ကွာ၊ ဒါကြောင့် ကိုယ် ခေါ်လာတာပါ၊ သူ စာလည်းရပါတယ်တဲ့၊ ရက်နှစ်ဆယ် အလိုမှာ ဖြေဖို့ရယ်ဒီ တောင် ဖြစ်နေပါပြီတဲ့ သစ်သစ်ရယ်"

"ဦးနိုင်ကလည်းနော်၊ သစ်သစ် မခေါ်ခဲ့နဲ့ဆိုရင် မခေါ် ခဲ့နဲ့ပေါ့၊ ဒီမှာ ခဏတဖြုတ် ကြည့်ရတာနဲ့ သူ ဘာအကျိုး ရှိသွားလဲ၊ တစ်ရက် လာကြည့်လို့ ဂုဏ်ထူးတစ်လုံး တိုး ရင်တော့ ညအိပ်ပါစောင့်ပေါ့၊ ခုတော့ ဒီခရီးနဲ့ ဒီခရီး အသွားအပြန် လမ်းမှာ ကုန်တာတင် လေးဆယ့်ငါးမိနစ် တော့ အသာလေးပဲ"





မြသင်းသစ် ဘာပြောပြော လိုက်ခွင့်ရခဲ့ပြီးသော ပေါ်သစ်မင်းက ငြိမ်၍ခံနေပါသည်။ လူကသာ ချောင်ကျသွား သည်။ လေသံက ဘောက်ဆတ်ဆတ်ရှိတုန်း။ သို့သော် သူ့ကို ပြုံး၍ငြိမ်ကာ တိတ်ဆိတ်စွာ ကြည့်နေတဲ့ ပေါ်သစ်မင်းကို လှမ်း ကြည့်ကာ စိတ်ပြေသွားပုံနှင့် မျက်စောင်းချိတ်သည်။

"ဒီတစ်ရက်ပဲနော် ... ပေါ်သစ်မင်း"

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း အန်တီ့ကို မျက်စိနဲ့တပ် အပ်မြင်ချင်သေးလို့ လိုက်လာချင်တာပါ အန်တီ၊ အခုလို ကျွန်တော့်ကို ဆူနိုင် ကြိမ်းနိုင် ဆိုတာ မြင်ရတော့ နောက် ရက် လိုက်မလာတော့ပါဘူး၊ စိတ်အေးသွားပါပြီ"

ပေါ်သစ်မင်း စကားကြောင့် ဦးနိုင်က ပြုံးစိစိ ဖြစ် နေပါသည်။ မြသင်းသစ် အတွက် ကိုယ်တိုင်ကိုယ်ကျ တစ်ခုခု လုပ်ကိုင်ပေးနိုင်ချင်ပေမဲ့ ဆေးရုံမှာ ဘာမှ လိုလေသေးမရှိ၍ ဘာ မှ လုပ်ပေးစရာလဲ မရှိပဲ ငြိမ်၍သာ ထိုင်ငေးကြည့်နေရသည်။ ဖွယ်ဖွယ်ရာရာလည်း ပြောဆိုစရာ စကားမရှိ။ မြသင်းသစ်နှင့် ဦးနိုင်တို့သာ တတွတ်တွတ် ပြောစရာ ရှိနေတာကို သူ ကြားတစ် ချက် မကြားတစ်ချက်။

ဦးနိုင်သည် ကွန်ပျူတာ အရောင်းဆိုင်၊ ပြုပြင်ထိန်း သိမ်းရေးဆိုင်၊ ကွန်ပျူတာသင်တန်းများ၊ အင်တာနက်ကဖေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တို့ ဖွင့်လှစ်ထားသည့် လုပ်ငန်းရှင် ဖြစ်သည်။ သူ့သင်တန်းက ဝန်ထမ်းကလေးတစ်ယောက်ရဲ့ အလွဲသုံးစားမှုအကြောင်း ပြောပြနေပါသည်။

သင်တန်းပြီးဆုံးသွားတဲ့ သူတွေကို နာရီပိုင်းကွန်ပျူတာ အသုံးပြု လေ့ကျင့်ခြင်းကို အခကြေးငွေနှင့် ဆောင်ရွက်နေလျက် သင်တန်းမပြီးဆုံးသေးသူလို စာရင်းပြထားတာတွေ ...။

"ကိုယ့်ကို အဲသလို မလိမ့်တပတ် လုပ်တာ လိမ်တာကို အတော် အထင်သေးသွားတာ၊ သည်းမခံနိုင်အောင် ဖြစ်တာ၊ ဟိုးတလောက ဆိုင်ကဝန်ထမ်းထဲက အဲသလိုဆန်ဆန်ကိစ္စတစ်ခု ဖြစ်ဖူးတယ်၊ ကိုယ်က ပြင်းထန်စွာ သတိပေးခြင်းလို့ပဲ 'အရေးယူ'ခဲ့တယ်လေ ...

အခု ဒီကောင်လေးကို ဖြုတ်မယ်ဆိုတော့ သင်တန်းမန်နေဂျာက ကြားက တောင်းပန်ပေးသေးတယ်၊ လုပ်သက်လည်း ကြာပြီ၊ ပထမအကြိမ်အမှား ဖြစ်ပါတယ်ပေါ့၊ ကိုယ် ဘယ်လိုမှ ခွင့်လွှတ်လို့ မရတာ သစ်သစ်ရေ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကောင်လေးဟာ ကိုယ်ယုံကြည်စိတ်ချမှုလည်းရှိ သံယောဇဉ်လည်းရှိတဲ့ ကောင်လေးမို့ပဲ ...

သူစိမ်းက ကိုယ့်ကို လုပ်တာထက်၊ သံယောဇဉ်ရှိတဲ့သူ၊ ယုံထားတဲ့သူက လုပ်တာ၊ ခံစားရတာချင်း မတူ





ဘူးကွ ... နော်၊ မရဘူး ... စိတ်မကောင်းစွာပဲ ကိုယ်ဖြုတ်လိုက်တယ်၊ သူ့အပြစ်နဲ့ပေမဲ့ သူ့ကို သုံးလစာတော့ ထုတ်ပေးလိုက်ပါသေးတယ်၊ ဒီကောင်လည်း ကိုယ့်ကို တောင်းပန်ပါတယ်၊ ဒါပေမဲ့ မရတော့ဘူး၊ မျှော်လင့်ယုံကြည်ထားတာ ပျက်စီးသွားလို့ထင်တယ်၊ ကိုယ်စိတ်ပျက်စိတ်ကုန်သွားတယ်"

"အင်း ... အဲဒါကြောင့် အရောင်းဆိုင်က ဦးနိုင် မန်နေဂျာ ဒေါ်မြမြခိုင်က ပြောတာ၊ ဦးနိုင်က 'ဟင်'ဆိုရင် မရတော့ဘူး၊ လှည့်ကိုမကြည့်တော့ဘူး၊ မကြိုက်တစ်ရာ ကြိုက်တစ်ရာ အစွန်းရောက်တယ်၊ စိတ်ပြတ်တယ်တဲ့"

ဦးနိုင်က ပြုံးရယ်ရင်း ...

"ဟုတ်လား ... ဒေါ်မြမြခိုင် ဒီတိုင်းပြောလား"

"အင်းပေါ့ ...၊ သူတို့တွေ ဆိုတာများ ဦးနိုင်ကို ဖင်တုန်အောင် ကြောက်ကြ လန့်ကြတာတော့၊ သစ်သစ်ကဖြင့် ဦးနိုင်ကို သဘောကောင်းတယ်၊ စိတ်ရှည်တယ်၊ ခွင့်လွှတ်တတ်တယ်လို့ပဲ သိတာလို့၊ ဦးနိုင် ကြောက်စရာကြီးမှန်း မသိပါဘူး"

ဦးနိုင်က တစိမ့်စိမ့် ပြုံးနေပါသည်။ အဲဒီ ဦးနိုင်ကို ပေါ်သစ်မင်းက လှမ်း၍ အကဲခတ်ကြည့်နေမိသည်။ ဦးနိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်သွင်ပြင်မှာ လူဖြောင့်တစ်ယောက် ဆိုတာက သိသိသာသာ ပေါ်လွင်နေပါသည်။ သူ့ဝန်ထမ်းတို့ အင်မတန် ကြောက်ကြသည် ဆိုသည့် ပုံစံမျိုး မထင်ရလောက်အောင် အန်တီ့အပေါ် တမြတ်တနိုး နူးညံ့ပျော့ပျောင်းတာ အမှန်ပင်။

အန်တီ့ကို ဦးနိုင် ချစ်မြတ်နိုးပါလိမ့်မည်။ အန်တီ မြသင်းသစ်က သူ့ကို ချစ်တာထက်ပင် သူ ချစ်တာကပိုလိမ့်မည်ဟု အားလူအနေနှင့် ထင်မြင်ယူဆရသည်။ ဦးနိုင်ဟာ မုဆိုးဖိုတစ်ယောက်လို့ သူ သိထားသည်။ အန်တီကတော့ အများအသိတွင် အပျိုကြီး။ အန်တီ့ နောက်ကြောင်းရာဇဝင်ကို ဦးနိုင် သိပါရဲ့လား။

ဤအတွေးသည် ပေါ်သစ်မင်း ခေါင်းထဲ ရုတ်တရက် ဝင်၍ ဘယ်လိုမှ ပြန်ထွက်မသွားတော့ပါ။ ကိုယ်တိုင်က ဖြောင့်မတ်၍ ကိုယ့်အပေါ်လည်း ဖြောင့်မတ်မှ ကြိုက်သော ဦးနိုင်မိုးဆွေလို လူတစ်ယောက်သည် သူ ချစ်မြတ်နိုး၍ လက်ထပ်ယူလိုက်သော မိန်းမတစ်ယောက်မှာ တရားဝင်လက်ထပ်ယောကျ်ား မရှိဖူးသော်လည်း ယောကျ်ားတစ်ယောက်နှင့်တော့ ခိုးရာလိုက်ပြေးဖူးကြောင်း၊ ကလေးတစ်ယောက်ကိုပင် ကိုးလလွယ် ဆယ်လဖွားခဲ့ဖူးကြောင်း နှောင်တစ်ချိန်မှ သိလိုက်ရလျှင် ဘယ်လိုများ အရေးယူဆုံးဖြတ်မှာပါလိမ့်။





မျက်စိရှေ့ မြင်ကွင်းထဲမှ ဦးနိုင်နှင့် မြသင်းသစ်ကို စိုက်ကြည့်နေမိကာ ပေါ်သစ်မင်း ရင်ထဲ၌ ဤအချက်ကို စိုးရိမ်ပူပန်နေသည်။ ငါနဲ့ ဘာဆိုင်လို့လဲ ဟုလည်း ကိုယ့်ကိုယ်ကိုယ် သတိပေးကြည့်ပါသေးသည်။ လုံးဝမဆိုင်ဘူးရယ်လို့တော့ ဘယ်လိုမှ သူ စိတ်ကူးမရ။ လက်ထပ်ဖို့က တစ်လလောက် လိုတော့တာ။ သူတို့ စာမေးပွဲပြီးလို့ ဆယ်ရက်ကျော်လောက်မှာ လက်ထပ်ကြတော့မှာပင်။

သတို့သားသတို့သမီး တွဲ၍ပွဲထုတ်သည့် Reception မျိုးမလုပ်တော့ဘဲ ဆီဒိုးနားဟိုတယ် Pool side မှာပင် ဧည့်ခံပွဲလုပ်မည်ဟု စီစဉ်ထားတာ သိရသည်။ ရှေ့အပတ်ထဲကိုပဲ ဖိတ်စာတွေ ရတော့မည်တဲ့။ ရရင်ဝေမည်။ ဝေပြီးရင်တော့ ဘာမှပြင်လို့မရတော့။

"ဟဲ့ ... ပေါ်သစ်မင်း ... ဘာတွေ ဒီလောက် ငိုင်နေတာတုန်း၊ ခေါ်နေတာကို မကြားတော့ဘူး"

"ဗျာ"

"ဗျာ မနေနဲ့၊ ငါ မလာနဲ့ဆိုတာ လာလိုက်ရလို့ ကျေနပ်သွားပြီ မဟုတ်လား၊ ကဲ ... ပြန်ကြတော့၊ ဦးနိုင် ... ပေါ်သစ်မင်းကို ပြန်ပို့ပါဦး၊ ဦးနိုင် ပြန်လာချင်လည်း ညကျမှပဲ အေးအေးဆေးဆေး လာတော့ ... သိလား၊ အခု တော့ ပြန်တော့မှ၊ ဒီကောင်လေး အချိန်တွေ ပုပ်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကို နှုတ်ဆက်တော့ သူ့မျက်နှာက တည်တည်ပဲ လုပ်ထားပေမဲ့ ပေါ်သစ်မင်းကို ဖွတ်လာတဲ့အတွက် ကြီးမားတဲ့ ဒေါသ မကျေနပ်ခြင်းတော့ ရှိမနေတာ သေချာပါသည်။ မျက်ကွင်းလေးတွေ ညိုချင်ချင်၊ ဆံပင်ပွပွနှင့် နှုတ်ခမ်းနီတောင် တစ်စက်မှ မရှိသော မြသင်းသစ်ရဲ့ လုမမာရုပ်ဟာ နှမ်းလျ ကပိုကရိုနိုင်သည့်ကြားက လှပခြင်းကိုတော့ ဖုံးဖိမထားနိုင်။

နေမကောင်းနေတဲ့ အန်တီ့ကို သူက ကလေးတစ်ယောက်၊ ယေသူတစ်ယောက် အနေနှင့်ပင် ကရုဏာသက်နေမိပါသည်။ မြသင်းသစ် အသက်ဟာ သုံးဆယ့်ခြောက်နှစ် ရှိပြီ။ ဒီအချိန်ထိ နေလာပြီးမှတော့ အိမ်ထောင်ပြုလျှင် သာ့ဟာတဲ့အိမ်ထောင်ရေးအဖြစ်သာ တည်မြဲသွားသင့်သည်။ မြသင်းသစ် ဘဝဟာ ဒီအတိုင်းလည်း ပြည့်စုံအေးချမ်းနေသည်။ အိမ်ထောင်ပြုလိုက်မှ အထစ်အငေါ့တွေ ပြဿနာတွေ မဖြစ်စေသင့်ပါ။

အာရှတော်ဝင်မှ ဦးနိုင် ကားနှင့် ပြန်လာကြစဉ် ကားပေါ်တွင် ပေါ်သစ်မင်းသည် ရင်တထိတ်ထိတ်ခုန်၍ တစ်စုံတစ်ရာကို ချိတုံ့ချတုံ့ ဖြစ်နေသည်။ ဦးနိုင် သိပြီးသားလား မသိသေးတာလား။ ဦးနိုင်ဟာ သိလိုက်ရလျှင်လည်း ခွင့်လွှတ်နိုင်တဲ့ သူဖြစ်ဖို့ များပါလိမ့်မည်။ သူကိုယ်တိုင်လည်း မုဆိုးဖိုပဲ။

"ပေါ်သစ်မင်း"





"ဗျာ"

"မင်း ဘာဖြစ်နေလဲ၊ မင်း ကြည့်ရတာ ဂနာမငြိမ်နဲ့၊ ပါးစပ်ကလည်း လှုပ်စိ လှုပ်စိ၊ အမူအရာကလည်း မှန့်စိုးစားတော့မလို့ပဲ"

ပြောရင်း ဦးနိုင်က ရယ်သော်လည်း ပေါ်သစ်မင်းက လိုက်မရယ်နိုင်ဘဲ ...

"ဦးနိုင်"

"အင်း"

"ဦးနိုင်ကို ကျွန်တော် ပြောစရာရှိလို့"

"ဘာပြောစရာလဲ ပြောလေကွာ"

"ကျွန်တော် ဒီကိစ္စကို ပြောတယ်လို့ ဦးနိုင် ဘယ်သူ့မှ မပြောနဲ့နော်"

"ဟင်"

ဦးနိုင်က အံ့သြသွားပုံ စိတ်ဝင်စားသွားပုံနှင့် ...

"အင်း ... ပြောပါဦး"

"ဦးနိုင်နဲ့ အန်တီ ပြေလဆန်းမှာ လက်ထပ်တော့မယ်နော်"

"ဟုတ်တယ်လေ"

"ဦးနိုင် အန်တီ့အကြောင်း ဘာသိလဲ"

ဦးနိုင်မိုးချွေက ပို၍ပင် အံ့သြသွားပြန်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းလဲ"

"အန်တီနဲ့ ပတ်သက်သမျှပေါ့၊ အထူးသဖြင့် အန်တီ နောက်ကြောင်း"

ဦးနိုင်မိုးဆွေက မျက်မှောင်ကုတ်ရင်း ...

"မင်း ဘာပြောချင်တာလဲ ပေါ်သစ်မင်း"

"ဦးနိုင် သိထားသင့်တယ်၊ ထည့်စဉ်းစားထားသင့်တယ် ထင်လို့ပါ၊ ဒီကိစ္စမျိုးက ကြိုသိထားမှ ကောင်းမှာ"

ဦးနိုင်မိုးဆွေက ပေါ်သစ်မင်းကို ဘာမှမပြောဘဲ ငုံ့ကြည့်သည်။

"ကျွန်တော် အတင်းတစ်ခုလို ပြောမှာမဟုတ်ဘူး ဦးနိုင်၊ ဦးနိုင်က ကိုယ် ယုံကြည်စိတ်ချတဲ့၊ သံယောဇဉ်ရှိတဲ့သူမျိုးက ကိုယ့်အပေါ် မရိုးသားရင် ပိုပြီးသည်းမခံနိုင် ဖြစ်တဲ့သူဆိုတာ သိရလို့ပါ၊ အန်တီဟာ ... အန်တီဟာ ..."

"ဘာဖြစ်လဲ ပေါ်သစ်မင်း ... ပြောလေ"

ပေါ်သစ်မင်းသည် ခေါင်းကို ငုံ့ချကာ မြန်မြန်ပြောပြီးအေးရောဟု ကမ္ဘာရှုံးထိုးနှင့် ...

"အန်တီဟာ သူ့ချစ်သူနဲ့ လိုက် ... လိုက်ပြေးဖူးပြီး ကလေးတစ်ယောက်လည်း မွေးခဲ့ဖူးပြီးတော့မှ ကလေးဆုံးသွားတယ် ဆိုတာ ဦးနိုင် ကြိုသိနိုင်အောင်ပါ၊ သိပြီးသား





ဆိုရင် ကောင်းပါတယ်၊ ဦးနိုင် ကြိုသိမထားတဲ့အတွက် တစ်ချိန်မှာ အန်တီ့ကို ခွင့်မလွှတ်နိုင်မှာမျိုး ဖြစ်လာမှာ စိုးရိမ်လို့ပါ"

ဦးနိုင်မိုးဆွေက အတန်ကြာ တိတ်ဆိတ်နေကာ ပေါ်သစ်မင်းကိုလည်း အကဲခတ်နေပြီးမှ ...

"မင်းကို ဒီအကြောင်း ဘယ်သူပြောပြသလဲ"

"ဘွားဘွား ပြောပြပါတယ်၊ ကျွန်တော် တခြားက ကြားပြီး ဟိုတစ်ခေါက ရန်ဖြစ်ခဲ့ရပြီးတဲ့နောက်မှာ ဘွားဘွားက ပြောပြတာပါ"

"ဪ ... ဪ ..."

ဦးနိုင်က ခေါင်းတညိတ်ညိတ်နှင့် ဘာမှတော့ မပြောပေ။ ပေါ်သစ်မင်းသည် ပြောလိုက်ပြီးမှ မှားသွားပြီးလားရယ်လို့လည်း ထူပူစိုးရွံ့နေကာ မမှားဘူးလို့လည်း သူ့ကိုယ်သူ အားပေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မြသင်းသစ်သည် ဘုရားရှိခိုးခြင်း ပြီးဆုံးသွား၍ ဘုရားခန်းမှ ထ,ထွက်လာရင်း ...

"ချောချောရေ"

"ရှင် ... မမသစ်"

"ဟိုတစ်ခါ မလေးမြိုင် နေသွားတဲ့အခန်း အသင့်ပြင်ထား ချည်နော်၊ သူက ဒီကနေ့မဟုတ်ရင် နက်ဖြန်ရောက်မှာ၊ ဒီနေ့ရောက်ရင်တော့ ကောင်းမှာပဲ၊ ညကျတစ်စုတစ်ဝေး ဘုရားလေး ဘာလေး သွားရအောင်၊ ပေါ်သစ်မင်းလည်း ဒီနေ့ပြီးရင် ဝင်ကျွတ်ရှာပြီ"

ဒီနေ့ဟာ ပေါ်သစ်မင်း စာမေးပွဲ နောက်ဆုံးနေ့။ ဖြေပြီးခဲ့သမျှ ဘာသာတွေလည်း အားလုံး အားရစရာ။ ညကို





နာရီပိုင်းပဲအိပ်ပြီး ညလုံးပေါက်တွေနီးပါး စာကျက်တဲ့ ပေါ်သစ်မင်း ကြောင့် မြသင်းသစ်ပါ တစ်ရေးနိုး ထ,မိတတ်၍ ဒီရက်ပိုင်း မြသင်းသစ်ပါ ပင်ပန်းနေပါသည်။

ဖြစ်စေချင်လွန်းတဲ့ ဆန္ဒတွေကြောင့် စိတ်လောက် သာ ပင်ပန်းရတဲ့သူပင် ဒီလိုပင်ပန်းနေတာ၊ ပေါ်သစ်မင်းဟာတော့ အလွန်ပင် ပင်ပန်းနွမ်းနယ်နေမှာပါ။ စာမေးပွဲအပြီး ဘယ်သူနဲ့မှ မလည်ပတ်ရဘူး၊ အိမ်ပြန်နားပြီး နောက်ရက်ကျမှ ထွက်လည်ရ မည်လို့လည်း မှာထားပါသည်။

ဒီနေ့တော့ ကိုယ်တိုင်ပါ စိတ်ခုံးခုံးချလို၍ ဆိုင်ကို ပိတ်၍ သူပါ အိမ်မှာနားသည်။ မလေးမြိုင် ထံမှလည်း စာမေးပွဲ နောက်ဆုံးရက်လောက် ရောက်လာမည်လို့ စာရထားသည် မဟုတ် လား။ မလေးမြိုင်က ဆရာဝန်လည်း ပြန်ပြမည်။ မြသင်းသစ် မင်္ဂလာပွဲလည်း နွှမည်။ စာမေးပွဲပြီးသွားတဲ့ သူ့သားနှင့်လည်း အတူတကွ ခဏနေဦးမည်တဲ့။

ပေါ်သစ်မင်းကို စာမေးပွဲပြီးပြီဆိုပြီး စစ်ကိုင်းခေါ် သွားတာမျိုးတော့ မလုပ်ဖို့ မလေးမြိုင်ကို ပြောရမည်။ ဘာသင် တန်း ညာသင်တန်း တက်ခိုင်းမည်တွေ အကြောင်းပြရမှာပင်။ မလေးမြိုင် နေချင်သလောက် ကြာကြာနေပေါ့။

မြသင်းသစ်သည် ချောချောဝင်သွားသော မလေးမြိုင် အတွက် ဧည့်သည်ခန်းထဲ လိုက်ဝင်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာရေးစားပွဲ အံဆွဲကို ဖွင့်ကိုမဖွင့်မိတာ၊ မလေးမြိုင် စာထဲမှာ ဒီအံဆွဲထဲ သူ ဆေးစာအုပ် စာရွက်တွေ ကျန်ခဲ့သတဲ့၊ နင်တို့ရော ဖွင့်မိရှင်းမိသေးလား"

"မဖွင့်မိဘူး မမသစ်"

မြသင်းသစ်က စာရေးစားပွဲငယ်ဆီ လျှောက်လာကာ အံဆွဲကို ဖွင့်လိုက်သည်။ အံဆွဲရှင်းရှင်းထဲ ဆေးစာအုပ်နှင့် ဆေးစာရွက်တို့သာ အရှင်းသားရှိနေ၍ တော်ပါသေးရဲ့ဟု စိတ်အေးသွားကာ ...

"ချောချောရေ ... အိပ်ရာခင်းအဝါပွင့် အစုံလိုက်လေး ခင်းပါ"

ချောချော ပြင်ဆင်နေတာကို လိုအပ်တာပြောရင်း စာရေးစားပွဲရဲ့ ကုလားထိုင်မှာထိုင်၍ မလေးမြိုင်ရဲ့ ဆေးစာအုပ်ကို ဘာရယ်မဟုတ် အမှတ်တမဲ့ ဖွင့်လှန်ကြည့်လိုက်မိသည်။ ရှေ့ဆုံးစာမျက်နှာမှာ လူနာရဲ့ History ရေးထားတာကို ပျင်းပျင်းနှင့် ဖတ်ကြည့်နေရင်း မြသင်းသစ် မျက်ခုံးကလေး တွန့်သွားရပါသည်။

ထပ်ခါ ထပ်ခါ ဖတ်ကြည့်ရင်း မြသင်းသစ်ရဲ့ မျက်ခုံးတွန့်ချိုးက မပြေတော့ပါ။ စာလုံးများကို ငြိမ်ကာ စိုက်ကြည့်နေမိရင်း အံ့အားတသင့် အထူးအဆန်း ဖြစ်နေမိပါသည်။





ဒီရေးသားချက်တို့က မလေးမြိုင် တစ်ယောက်တည်း ပထမအကြိမ် ဝင်သွားစဉ်က ဆရာဝန်ရဲ့ ရာဇဝင်မေးမြန်းရေးသားချက်များ ဖြစ်ပါမည်။ သူ ပါဝင်တဲ့ အခေါက်က မေးတာရေးတာ မဟုတ်။

"မမ ကားသံ ကြားတယ်၊ ဦးနိုင် ကားသံထင်တယ်"

"အေး ... ဟုတ်လား၊ ငါ ဒီမှာလို့ သွားပြောလိုက်"

ကားသံကိုပင် မြသင်းသစ် မကြားလိုက်မိပါ။ ချောချော ထွက်သွားပြီး မကြာခင်တွင်ပင် ...

"ကိုယ် ဆိုင်ကိုသွားလိုက်သေးတာ သစ်သစ်ရဲ့၊ ဆိုင်က ပိတ်ထားလို့ အံ့တောင်ဩသွားတယ်၊ ဒါနဲ့ သစ်သစ်ဖုန်းကိုဆက်ပြန်တော့ ပိတ်ထားပြန်ရော၊ အိမ်ကိုဆက်မှ အန်တီနဲ့တွေ့တော့ အန်တီက သစ်သစ် ဒီနေ့မသွားဘူးတဲ့၊ ဆိုင်ပါပိတ်တယ်တဲ့၊ ဘုရားရှိခိုးနေတယ်တဲ့"

ဇေဒင်ဆရာဘက်ပါ မကျန်ရအောင် ပေါ်သစ်မင်းအတွက် မေးမြန်းယတြာချေပြီး စာမေးပွဲ ဖြေချိန်တွေ၌ ဖယောင်းတိုင် ထွန်းပေးသေးတဲ့ မြသင်းသစ် ပုပန်မှုကို သိသူဖြစ်သည့်အတိုင်း ဦးနိုင်က နာရီတစ်ချက်ကြည့်ရင်း ...

"ဒီနေ့တော့ ဖယောင်းတိုင်ပါ ကိုယ်တိုင်စောင့်ကြည့်တာပေါ့ ဟုတ်လား၊ စာမေးပွဲတောင် ပြီးကာနီးပြီနေ၊ ခဏနေ ပြန်ရောက်တော့မှာပဲ၊ ဦးစံ သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ပို့ပြီးကတည်းက မပြန်နိုင်းတာ၊ ဟိုမှာကားရပ်စောင့်ပြီး ကြိုလာမှာ ဦးနိုင်"

"သစ်သစ် မျက်နှာ တစ်မျိုးပါလား၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ ဒီမှာ ဦးနိုင်၊ ဒီဆေးစာအုပ်ထဲက လူနာရဲ့ Hstory ရေးထားတာကို ဖတ်ကြည့်စမ်းပါ၊ အဓိပ္ပာယ်ဝေါက်သလို ပြောပြစမ်းပါ၊ သစ်သစ်ပဲ English အားနည်းလို့ အဘသာပြန်တာ မှားသလားလို့၊ ဦးနိုင် ပြောပြစမ်းပါ"

ဦးနိုင်က စာအုပ်ကို လှမ်းယူကာ ...

"ဘယ်သူ့ဟာလဲ၊ ဩော် ... ဒေါ်မလေးမြိုင် တဲ့၊ အင်း ... ဒီမှာ ရေးထားတာက ရိုးရိုးပဲလေ၊ ပထမ ဒီမှာ B/P ရေးထားတယ်။ နောက် အသက် သုံးဆယ့်ကိုးတဲ့၊ အိမ်ထောင်သည်တဲ့။ ယောက်ျားသေတာ ခုနစ်လတဲ့၊ နောက် ... ဘာလဲ၊ ကလေး မမွေးဖူးဘူးတဲ့ ... ဟင်"

ဦးနိုင် ကိုယ်တိုင် အံ့အားသင့်သွားပြီး မြသင်းသစ်ကို မျက်စနဲ ကြည့်လိုက်ကာ ...

"အဲဒါက ဘာသဘောလဲ သစ်သစ်၊ သေချာပါတယ်၊ ကလေးမီးဖွားခြင်း မလုပ်ဖူးဘူးလို့ ရေးထားတာပဲဟာ"





မြသင်းသစ် ထံမှ ဘာသံမှ ထွက်မလာဘဲ မျက်မှောင်တွန့်၍ ငြိမ်ထိုင်နေတာမို့ ဦးနိုင်မိုးဆွေက ဆေးစာအုပ်ကို ပြန်ဖတ်နေသည်။ အောက်မှာ ဆက်ရေးထားတာတွေကတော့ ရာသီမမှန်ကန်တာ၊ အနာအကျင် မရှိတာ၊ တခြားလက္ခဏာ ဘာမှမရှိတာ၊ နောက်တစ်မျက်နှာမှာ အာလ်ထရာဆောင်း ဓာတ်ပုံကို ကလစ်နှင့် ညှပ်ထားလျက် သားအိမ်တွင်း အလုံးတည်နေတာ၊ အလုံးရဲ့ အရွယ်အစား စသဖြင့်၊ ဒါတွေပင်။

"အဲဒီတော့ ..."

ဦးနိုင်က မေးခွန်းပါတဲ့ စကားတစ်ခွန်း စ,လိုက်၍ မြသင်းသစ်က ...

"သစ်သစ်လည်း ဘာမှန်းမသိတော့ဘူး၊ ဒီတိုင်းဆို ပေါ်သစ်မင်းက မလေးမြိုင် မွေးခဲ့တာ မဟုတ်ဘူး၊ မွေးစားသားပေါ့"

"အဲသလို ဖြစ်နေတယ်နော်၊ ဒါကို ကောင်လေး မသိဘူးပေါ့"

"မသိဘူး၊ ဘယ်သူမှလဲ သိပုံမရဘူး၊ သူ့အဖေကလည်း မရှိတော့ဘူးဆိုတော့ မလေးမြိုင်ပဲ သိတော့မှာပဲ"

"ကဲ ... သိပ် စိတ်ပင်ပန်းခံ တွေးမနေပါနဲ့၊ မလေးမြိုင် ဒီနေ့ ရောက်မယ်ဆို၊ ရောက်ရင် မေးကြည့်၊ ဒါပဲရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းသစ်သည် ကိုထင့်သား ရယ်လို့ ယူစွဲထားတဲ့ သူ့ ကိုထင့်သား မဟုတ်ဟု သိလိုက်ရလျှင် တစ်မျိုးကြီးတော့ ဖြစ်သွားတာပင်။ ကိုထင့် အပေါ် ရှိခဲ့တဲ့ သံယောဇဉ်ထက်မက၊ သံယောဇဉ် ကြီးမားခိုင်မာခဲ့တာပါ။ အို ... တူလိုသားလိုကိုချစ်ခဲ့မိတာပါ။ ခုလို အားလုံးနဲ့ သူစိမ်းပြင်ပြင် ဘယ်အမျိုးအနွယ်က ဘယ်သူဘယ်ဝါ သားသမီးရယ်လို့ မသိနိုင်တဲ့ဘဝ ရောက်သွားတဲ့အခါ ...။

အင် ...။ ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ဘယ်လိုကြီး လည်းမသိ။ ကတုန်ကယင်ကြီးလိုလည်း ဖြစ်နေသည်။ ဒါကြောင့် လည်း နူးညံ့သိမ်မွေ့သော စိတ်ထားရှိတဲ့ ကိုထင်နဲ့ အေးချမ်းရိုးသားလွန်းလှတဲ့ မလေးမြိုင်တို့ရဲ့သား ဆိုပြီး ပေါ်သစ်မင်းဟာ သူတို့ထက် ထက်မြက်၍ တစ်ခါတစ်ရံ ဂျစ်ကန်ကန် ခေါင်းမာမာ စရိုက်တွေ ထွက်လာတာပဲ။

"ဘာပဲဖြစ်ဖြစ် ကောင်လေးဟာ ခင်စရာပါ၊ သူ့အမေကိုလည်း သူ့ခမျာ အမေရင်း ထင်တော့ ချစ်ရှာမှာပဲ၊ သစ်သစ်ကိုတောင် သူ တော်တော်ချစ်ရှာတာပါ၊ ကိုယ်မြင်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်က စေတနာသန့်သန့်နဲ့ ပြုစုပျိုးထောင် စောင့်ရှောက်ထားပြီပဲ၊ မလေးမြိုင်နဲ့ ဘာမှမတော်ဘူးဆိုပြီး မေတ္တာပြန်ကွက်မသွားပါနဲ့"





"မေတ္တာကွက်တယ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မသိဘူး၊ ရင်ထဲမှာ တစ်မျိုးကြီး ကတုန်ကယင် ဖြစ်နေတယ်"

"ခပ်ဖျင်းဖျင်း ခပ်ထိုင်းထိုင်း မျိုးရိုးထဲကတော့ မဟုတ်လောက်ပါဘူး၊ တအား Bright ဖြစ်တာလည်း ကြည့်ပါလား၊ အသိစိတ်ဓာတ်လည်း ရှိပါတယ်၊ ဩော် ... ပြောပြရဦးမယ်၊ သစ်သစ်နဲ့ ကိုယ်ရဲ့အရေးကိစ္စကလည်း သူ့ခေါင်းထဲ ရှိသေးတယ်"

"ဘာလဲ"

"သစ်သစ်ကို မပြောမိသေးဘူး၊ တော်ကြာ ဆူပူနေမှာလည်း စိုးလို့၊ သူကတော့ ရိုးရိုးပြောတာပါ"

"ဘာပြောတာလဲ"

"သစ်သစ်ရဲ့ နောက်ကြောင်းကို ဦးနိုင် သိသလား ... ဆိုပြီး ..."

"ဘာ"

မြသင်းသစ်သည် ရုတ်တရက် စိတ်တိုကာ ...

"ဘာတွေ ပြောတာလဲ သူက"

"အားလုံးပဲပေါ့ကွာ၊ တကယ့်ကို အားလုံးပဲ၊ သစ်သစ်ကလေး ဆုံးသွားတယ်ဆိုတာ အထိ၊ ကိုယ်ကတော့ သစ်သစ် ဆီက ကိုယ် ပွင့်ပွင့်လင်းလင်း သိပြီးသားမို့ သူ



www.burmeseclassic.com

www.burmeseclassic.com



အရေးပါပါ ပြောပြနေတာကို ဒီလိုပဲ နားထောင်နေလိုက်ပါတယ်"

"တောက် … ကြည့်စမ်း၊ သူက ဘာမို့လို့ ဒါကို ဦးနိုင်ဆီ စကားလုပ် လာပြောရတာလဲ၊ သူနဲ့ ဘာဆိုင်တဲ့ကိစ္စလဲ၊ တကယ်လို့များ သစ်သစ်က ဦးနိုင်ဆီ ဖုံးထားတာဆိုရင် သစ်သစ် ရှေ့ရေးဘဝပါ ပျက်သွားမဲ့ကိစ္စ၊ အာချောင်လိုက်တာ အရမ်းပဲ၊ ကလေး … ကလေးလို မနေဘူး"

"ဩော် … သစ်သစ်ကလည်း၊ သူက အကောင်းသဘောနဲ့ပဲ ကိုယ် သိထားဖို့ …"

"ဘာ အကောင်းသဘောလဲ ဦးနိုင်ရဲ့၊ စိတ်ပုပ်တယ်ပဲ ပြောပြော၊ သူက ဦးနိုင် အပေါ် ကောင်းပြီး ဦးနိုင် ဘက်ပါရမှာ မဟုတ်ဘူးလေ၊ သစ်သစ်က သူ့ကျေးဇူးရှင် … သစ်သစ်ရဲ့ မကောင်းကြောင်းဖြစ်ရင် သတင်းမပွအောင် သူကတောင် မြို့ပြီး ဖုံးကွယ်ပေးထားရဦးမှာ"

"သစ်သစ်ကလည်း ဖုံးကွယ်ထားတာမှ မဟုတ်ပဲ"

"မဆိုင်ဘူးလေ၊ သစ်သစ် ဖုံးထား မထားလည်း သူမသိနိုင်ဘူး၊ မကြိုက်ဘူး၊ ဒါမျိုး လုံးဝမကြိုက်ဘူး၊ အဲဒါ ဘယ်လိုအကျင့်စရိုက် စိတ်နေ စိတ်ထားလည်း မသိဘူး၊ အထူးတဆန်းတစ်ခု သိလိုက်ခွင့်ရတာနဲ့ ပါးစပ်မလုံဘဲ





သတင်းဖွတာ၊ သူဖွတဲ့သတင်းက သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ သူ့ကျေးဇူးရှင်ပိုင်ရှင်ရဲ့ သတင်းလေ၊ ဒါ ကောင်းတဲ့အကျင့်လား"

"သူ့သဘောကတော့ ကိုယ် ကြိုတင်သိထားခဲ့ရင် …"

"အို … မသိဘူး၊ လုံးဝမကြိုက်ဘူး။ ဟော … လာပြီထင်တယ်၊ ဦးစံ ကားသံ ကြားတယ်၊ ချောချော … ချောချော"

"ရှင်"

"ပေါ်သစ်မင်းကို ဒီလွှတ်လိုက်စမ်း"

"ဟုတ်"

မြသင်းသစ်သည် ရှက်ရမ်းသဘောမျိုးလည်း အနည်းအကျဉ်း ပါပေလိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် သိသည်။ ဘယ်သူမှန်းမသိတဲ့ မလောက်လေး မလောက်စား ကောင်လေးတစ်ကောင်က သူ့အရေးအရာမှာ စွက်စွက်ဖက်ဖက်။

"အန်တီ"

ပေါ်သစ်မင်းက ရုတ်တရက် အခန်းထဲ ပြေးဝင်လာကာ မြသင်းသစ် မျက်နှာထားကြီးကို ရုတ်တရက်တွေ့လျှင် တွန့်ခနဲ ခြေလှမ်းတုံ့သွားပါသည်။ ဦးနိုင်မိုးဆွေကသာ …

"အိုကေလားကွ"

"ဟုတ်ကဲ့ … ဦးနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မှာပေါ့၊ အိုကေမှာပေါ့၊ ဒီက သေလုအောင်ပံ့ပိုး မြေတောင်မြှောက်ပေးထားမှတော့ နင် မအိုကေပဲ ရှိရိုးလား ဟင်"

"အန်တီ"

ပေါ်သစ်မင်း မျက်နှာမှာ နားမလည်နိုင်ခြင်းနှင့် သွေးရောင်ဖျော့ကာ အံ့အားတသင့်ကြီး ဖြစ်နေသည်။ ထိုမျက်နှာကလေးမှာ မကောင်းသော စိတ်ယုတ်စိတ်ညံ့တို့ ကင်းစင်လျက် ပကတိ အဖြူထည်ကလေးပါပေ။

"သစ်သစ်ရယ်"

"ဦးနိုင် မကာဆီးပါနဲ့၊ ဒါ သစ်သစ် အုပ်ထိန်းထားတာ၊ သစ်သစ် သူ့ကို ဘယ်လိုဆက်ဆံ ဆက်ဆံပါ၊ ဒီမှာ ပေါ်သစ်မင်း၊ နင် တော်တော်ကောင်းတယ်နော်၊ နင့်ကို ကျွေးမွေးပြုစု စောင့်ရှောက် မြေတောင်မြှောက်ပေးထားတဲ့ ကျေးဇူးရှင် နောက်ကျော ဓားနဲ့ထိုးတဲ့ အလုပ်မျိုး လုပ်တတ်တယ် ... ဟုတ်လား"

"အန်တီ ကျွန်တော် ဘာလုပ်မိလို့လဲ"

"နင် ငါ့ရဲ့ နောက်ကြောင်းတွေလေး ဘာလေးနဲ့ ဦးနိုင်ကို သွားသံတော်ဦးတင်တာလေ၊ အဲဒါ နင့်အရေးအရာလား၊ နင် ပြောစရာလား၊ မျက်နှာသာပေးထားလို့၊ ငါက





လည်း မဖုံးကွယ်တတ်လို့၊ နင့်ကိုပါ မေမေက အသိပေးလိုက်လို့၊ သိခွင့်ရတဲ့ သတင်းထူးလေး ရှိတာနဲ့ပဲ အာချောင်ချင် ပါးစပ်ဖွာချင်၊ နင် ဦးနိုင်ကို သွားပြောစရာလား"

"အန်တီ ... ကျွန်တော် ပြောရတဲ့သဘောက ဦးနိုင်ဟာ သူ့အပေါ် သူချစ်ခင်တဲ့သူက မရိုးသားရင် ..."

"တော် ...၊ ဘာပဲဖြစ်ဖြစ်၊ အဲဒါ နင့်ကိစ္စလား၊ နင်နဲ့ဆိုင်လား၊ နင်ကပါ ငါ့မကောင်းသတင်းကို သွားပုပ်လေလွင့်ပေါ့လေ"

"မဟုတ်ဘူး အန်တီ၊ ကျွန်တော် ..."

ပေါ်သစ်မင်း မျက်နှာက သွေးရောင်လျှမ်းလာကာ အကြောစိုင်တွေ အေးခဲသွားသလို ကျကွဲနိုင်သည့် မျက်နှာကြီးမျိုးနှင့် ဝမ်းနည်းပက်လက် နာကျင်သွားပုံပေါ်သည်။

"ဘာမှ မပြောနဲ့၊ ငါ့ကိုယ်ရေးကိုယ်တာဟာ နင်နဲ့ဆိုင်လား၊ ဒါပဲပြေ"

ပေါ်သစ်မင်းက အံကြိတ်ကာ ...

"မ ... မဆိုင်ပါဘူး"

"အေး ...၊ မဆိုင်တာကို မဆိုင်သလိုနေ၊ သိပ်အရေးမပါချင်နဲ့၊ သိပ်နေရာမယူချင်နဲ့၊ ပြောလိုက်ရင်တော့ ရုပ်က နာတတ်တယ်၊ အံကိုကြိတ်လို့၊ နင့်ကိုယ်နင် ဘာမှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ မတော်တဆ အခွင့်ကောင်းရပြီး ဒီအိမ်ပေါ် ရောက်လာပြီးတော့ အဘွားက အရေးပေးတာလေးနဲ့ အလွယ်တကူ မွေးစားသားပါလို့ ပြောခံရတာလေးနဲ့ ဘဝင်မြင့်မနေနဲ့ ပေါ်သစ်မင်း ...

နင့်ကို မွေးလည်း မမွေးစားရသေးဘူး၊ ငါ ပညာဒါနပြုနေတာလောက်ပဲ ရှိတယ်ဆိုတာ သဘောပေါက်"

ဦးနိုင်မိုးဆွေသည် ခေါင်းကို ခါယမ်းကာ ...

"ဖြည်းဖြည်းသက်သာ ပြောစမ်းပါ သစ်သစ်ရယ်၊ ကိုယ်ပြောချင်တာက ပေါ်သစ်မင်း ခမျာ သစ်သစ် အတွက် လူကြီးလေးလို စဉ်းစဉ်းစားစားနဲ့ ..."

ဦးနိုင်ရဲ့ သူ့ဘက်က ဖေးမတဲ့ စကားကြားမှ ပေါ်သစ်မင်း မျက်လုံးထဲ မျက်ရည်တွေ စိမ့်အိုင်လာသည်။ ဖြူနီးခနဲ အလန့်တကြား အန့်တိ့နာကြည်းဒေါသကြီးကို ရင်ဆိုင်လိုက်ရ၍ လူရောစိတ်ပါ အားနည်းနေတဲ့သူ့မှာ အရုပ်ကြိုးပြတ် ဖြစ်ရသည်။

"တော်စမ်းပါ ဦးနိုင်ရယ်၊ သူ့မှာကို ခံတန်တန်နဲ့ အကဲစမ်းချင်တဲ့ စရိုက်က ရှိနေတာ၊ နင် သိထားဖို့နော် ... အဲဒီစရိုက်မျိုး ဦးထင်ပေါ် မှာလည်းမပါဘူး၊ ဒေါ်လေးမြိုင်မှာလည်း မပါဘူး"





"သစ်သစ်"

ဦးနိုင်က ခပ်မာမာ တစ်ခွန်းဟန့်လိုက်ပါသည်။

"နင် အခုလုပ်ပုံက ဒီကိစ္စတွေ ဦးနိုင်သာ သိမထားရင်၊ ခုမှ ရုတ်တရက် အငိုက်မိပြီး၊ ငါလည်း ကွဲပြီ၊ ငါ့ဘဝပါ ပျက်သွားနိုင်တဲ့ စကားမျိုး၊ နင့်မတောက်တခေါက် အတွေးအခေါ်နဲ့ ဒီအကြောင်းအရာမျိုး နင် စကားလုပ် ဆွေးနွေးစရာလား၊ ငါ့ကျေးဇူးတွေရှိလို့ နင် တော်တော်ကျေးဇူးအဆပ်ကောင်းတယ်ပေါ့လေ"

"အန့်တိ ...၊ ကျွန်တော့်မှာ အန့်တိ့အပေါ် နစ်နာစေလိုတဲ့ ယုတ်မာတဲ့ စိတ်ထားမရှိပါဘူး၊ ဦးနိုင်ဟာ သူ့ သံယောဇဉ်ကြီးလေ သူ့အပေါ် ကလိန်ကျမှုကို ခွင့်မလွှတ်နိုင်လေလို့ သိလိုက်ရတော့ ကျွန်တော် တကယ်ပဲ အန့်တိ့အတွက် စိုးရိမ်မိတာပါ ...

လက်ထပ်ဖို့ကလည်း ကပ်နေပြီမို့ ဒီကိစ္စဟာ လက်မထပ်မီ သိထားသင့်တဲ့ ကိစ္စပဲလို့ ဆုံးဖြတ်ပြီး ပျက်ခြင်းပျက် မဖြစ်ခင်ပျက်တာက ..."

"နင်နဲ့ မဆိုင်ဘူးလေ၊ တော်တော့ လာရှင်းပြမနေနဲ့၊ နင်လူရေးလူရာ သိပ်ပါချင်တာ သိတယ်၊ အခွင့်အရေး ပေးလွန်းလို့ မာန်တက်နေတာလည်း သိတယ်၊ အပိုးကျိုးကျိုးနေ၊ သွား ... ငါ့မျက်စိအောက် မနေနဲ့၊ မကြည့်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သစ်မင်း ပါးပေါ် မျက်ရည်ပေါက်များ ကျလာကာ အသက်အရွယ်အရ မျက်ရည်ကျရတာကိုပါ ရှက်နေမိရင်းကြားက ...

"ကျွန်တော် သွားပါမယ်၊ ကျွန်တော် ပါမိတာ အန်တီ့ကို အလေးထားလို့ပါ၊ ကျွန်တော့်အမေ မလေးမြိုင်ရဲ့ ကိစ္စဆိုရင် ကျွန်တော် ခုလိုပဲ ပါမိမှာ သေချာတယ်လို့ တွေးပြီး၊ အန်တီ့ကို ... အန်တီ့ကိုလည်း အမေတစ်ယောက်လိုပဲ ... ကျွန်တော့် စိတ်ထဲ ရှိသေမြတ်နိုးလို့ ချစ်လို့ ဉာဏ်တစ်ထွာ တစ်မိုက်နဲ့ ဝင်ပါမိ ပြောမိတာကလွဲရင် မကောင်းတဲ့စိတ်၊ မာန်တက်တဲ့စိတ်တွေ တစ်စွန်းမှ မရှိပါဘူးဆိုတာ ကျွန်တော် သစ္စာဆိုရဲပါတယ် အန်တီ"

ပေါ်သစ်မင်းက ချာခနဲ ပြေးထွက်သွားပါသည်။

ကျွန်တော့်အမေ မလေးမြိုင်ရဲ့ ကိစ္စဆိုရင် ... တဲ့။ သူ့အမေတဲ့ ... ဟင်း ...။ ဘာမှလဲ မသိရှာဘူး။ မြသင်းသစ် သနားသွားမိပြန်ပါသည်။ ပြောချင်ရင် ဘာမှကြည့်မနေ ငဲ့မနေပဲ ဖိပြောတတ်တဲ့ အကျင့်ကြောင့်ပဲ ရှက်ဒေါသနှင့် ပြောပစ်လိုက်ပေမဲ့ မျက်ရည်တွေကျပြီး ပြေးသွားတော့ သနားမိသားပင်။

ရင်ထဲတောင် အတော်ကလေး နင့်နေမိသည်။





"သစ်သစ်ရယ် ... မျက်ကန်းရမ်းသမ်း ပြောတော့တာပဲ၊ အရွယ်ရောက် ကောင်လေးတစ်ယောက်ပါ၊ ရှက်အောင် မပြောပါနဲ့၊ သနားပါတယ်ကွာ၊ မကောင်းတဲ့ စိတ်ထားနဲ့ ပြောတာ မဟုတ်မှန်း နားထောင်ရတဲ့ ကိုယ် ကောင်းကောင်း သိပါတယ်"

"သစ်သစ်လည်းပဲ စိတ်ယုတ်မာနဲ့ ပြောတယ်လို့တော့ ထင်လို့မဟုတ်ပါဘူး၊ ဒါပေမဲ့ ပြောမိမှတော့ အမြင်ကတ်လို့ ဖိပြောပစ်လိုက်တာ၊ အပိုးက မကျိုးချင်ဘူး၊ သူကလည်း သူ့စိတ်ကလေးနဲ့ လက်မထောင်ချင်သေးတယ်၊ သူ့စိတ်ထဲ မှန်တယ်ထင်ရင် ပြောပစ်မှာပဲဆိုတဲ့ အချိုးလေး၊ မျက်နှာမထောက်တာ ဖမ်လုပ်တာ၊ ဒါကို မုန်းတာ"

"အင်း ... ဦးထင်ပေါ် စရိုက်လည်းမဟုတ်၊ မလေးမြိုင် စရိုက်လည်း မဟုတ်ဆိုတဲ့ ပေါ်သစ်မင်းရဲ့ ပုံစံက တကယ်တော့ သစ်သစ်လို ပုံစံပဲ၊ သစ်သစ်မှာ သူ့ဆီက စိတ်ထားဟန်ပန်သဏ္ဌာန်တွေ အားလုံးရှိတယ်၊ ဂုဏ်ငယ်နကန် ခေါ် မာမူဆိုတာလည်း သစ်သစ် ပစပဲ"

မြသင်းသစ်က ရှေ့မှ ဦးဆောင်ပြီး ဧည့်ခန်းသို့ ထွက်လာပါသည်။ အိမ်တံခါးဝနားတွင် ဒေါ်တင်တင်က ရပ်နေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ချောချော ... ငါ့မြေး ဘယ်သွားတာလဲ"

"မသိဘူး ကြီးကြီး၊ ကျောပိုးအိတ် ဒီနားပစ်ပြီး သူ့စက်ဘီး အသားကုန် နင်းထွက်သွားတာပဲ"

မြသင်းသစ်မှာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ ပူပန်စိုးရိမ်သွားသည့်ကြားကပင် ...

"တွေ့လား ဦးနိုင်၊ ငါ့မျက်စိအောက်က ထွက်သွားဆိုတာ နဲ့ တမင်ရွဲ့ ထွက်ပြသွားတာ"

"ဟဲ့ ... သမီး၊ ငါ့မြေး ဘာဖြစ်သွားတာတုန်း၊ ညည်း ဘာ ပြောလိုက်လို့လဲ၊ စာမေးပွဲ မဖြေနိုင်လို့ ဆူလိုက်လား"

"မဟုတ်ပါဘူး မေမေရယ်၊ မေမေကလည်းလေ ... ငါ့ မြေး ... ငါ့မြေးနဲ့၊ ဒါတွေ သူရောင့်တက်ချင်တာ၊ မေမေ မြှောက်စားလို့ မြှောက်နေတာ၊ မေမေ့ကို အဖြစ်အပျက် အထူးအဆန်းတစ်ခု မေးရဦးမယ်၊ ဒီကိစ္စကို မေမေများ သိသလား မသိဘူးလား ဆိုတာ"





၁၅

နေဝင်သွားတာ ကြာခဲ့ပြီ။ အပြင်မှာ အမှောင်ကြီး စိုးနေခဲ့ပြီ။ အိမ်ကြီးရဲ့ ညှိခန်းထဲမှာတော့ ရှိက်ငိုသံက ရင်နင့် စရာကောင်းအောင် ထွက်ပေါ်နေဆဲပင်။ ညှိခန်းထဲ၌ ငိုရှိုက်နေ သော မြသင်းသစ်မှ လွဲလျှင် ဒေါ်တင်တင်၊ ဦးနိုင်မိုးဆွေနှင့် မလေးမြိုင်တို့ အားလုံး ခံစားချက် ကိုယ်စီနှင့် ငြိမ်သက်တိတ် ဆိတ်လို့ပင်။

"ကဲ ... တော်ပါတော့ သစ်သစ်ရယ် ... နော်၊ တကယ်ဆို သစ်သစ် အတွက်က ဒီအချိန်ဟာ ပျော်ရွှင်နေရမဲ့ ..."

"ဟင့်အင်း ... ရင်နာတာ ... ရင်နာတာ ... ဦးနိုင်၊ ရင် ထဲ တအားနာနေတာ၊ မယုံနိုင်အောင်ပဲ၊ မယုံနိုင်အောင်ပါ ပဲ၊ ရက်စက်လိုက်တာ မေမေရယ်"

www.burmeseclassic.com



ဒေါ်တင်တင်က မျက်မှန်ကိုချွတ်၍ မျက်လုံးအိမ်ထောင့်စွန်းကို တစ်ရှူးစနှင့် ဖိတို့သည်။ ဘယ်သူတွေ ဘယ်လိုဝေဖန်သည်ဖြစ်စေ ခံရတော့မည့် အချိန်ပေတကား။ တစ်ချိန်က မိန်းမကြမ်းကြီးလုံးလုံး ဖြစ်ခဲ့ပေမဲ့ ခုတော့လည်း ဤမာန်စွယ်တွေက ကျိုးခဲ့ပြီးတာ ကြာတောင် ကြာပါပြီ။

ပေါ်သစ်မင်း ထွက်သွားပြီး မကြာခင် မလေးမြိုင် ရောက်ချလာသည်။ တစ်ယောက်တည်းတုန်းက အဖော်မဲ့ကာ ပြောအားမရှိသေးသော ဒေါ်တင်တင်မှာ မလေးမြိုင်ကို မြသင်းသစ် ဖွင့်မေးတော့မှပင် မလေးမြိုင်နှင့် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းက မဝံ့မရဲ ထစ်ငေါ့ဟုန်ယင်ရွာ။

ကိုယ့်သမီးပင် ဖြစ်လင့်ကစား ကိုယ်ပြုမူခဲ့သော အမှုကိစ္စက နှလုံးသားကင်းမဲ့ရာ ကျခဲ့လှသည်မို့ မဝံ့မရဲ ဖြစ်ရပါသည်။ ဆယ့်ခုနစ်နှစ်ကျော်ကြာ ဖုံးကွယ်ထားတဲ့ ကိစ္စတစ်ခုက ပြောမဲ့ပြောလိုက်တော့လည်း နာရီပိုင်းမျှပင် ဇာတ်ကြောင်းပြန်စရာ မလို။ လိုရင်းစကား သုံးလေးခွန်းနှင့်ပင် အားလုံးအဖြေပေါ်ကာ ဘွားခနဲ ရုပ်လုံးပေါ်ခဲ့ရပါသည်။

"ဟုတ်ပါတယ် မမသစ်၊ ပေါ်သစ်မင်းက ကျွန်မရဲ့မွေးစားသားပါ"

"ဘယ်အရွယ်က မွေးစားလိုက်တာလဲ"





"မွေးမွေးချင်းပါပဲ မမသစ်ရယ်"

"ဘယ်က ကလေးလဲ၊ မလေးမြိုင် ဆွေမျိုးသားချင်းထဲက လား၊ ဒါမှမဟုတ် ကိုထင်ပေါ် ဘက်ကလား၊ ဘယ်လို အဆက်အသွယ်နဲ့ ရောက်လာတာလဲ"

မလေးမြိုင် နှုတ်ပိတ်တိတ်ဆိတ် ခေါင်းငုံ့ကျသွားခိုက် ဒေါ်တင်တင့် အသံကြီးသော ငိုသံဝါနှင့် ထွက်ပေါ်လာသည်။

"မထူးပါဘူး၊ ငါက ဒီထက်နောက်ကျတဲ့ တစ်နေ့နေ့ အချိန်အခါကောင်းရွေးပြီး ဖွင့်ပြောဖို့ပါပဲ၊ ခုတော့ တစ်လက်စတည်းပဲ ဖွင့်ပြောလိုက်ပါတော့မယ်အေ"

"ဘာလဲ မေမေ"

"ပေါ်သစ်မင်းဟာ ညည်းသားပဲ မြသင်းသစ်"

"မေမေ"

မြသင်းသစ်မှာ သွေးရူးသွေးတန်း ဖြစ်သွားရပါသည်။ မယုံပါ။ မယုံကြည်နိုင်လောက်အောင်ပါ။ အကြောင်းပြချက် မခိုင်လုံစွာ သူ့ သံယောဇဉ်တင်းတင်း ချစ်ခင်တွယ်တာမိတဲ့ ဤဂျစ်ကန်ကန် အပြစ်မဲ့ကောင်လေးဟာ သူ့ရင်ကဖြစ်တဲ့သားရယ်လို့ မယုံနိုင်လောက်အောင်ပါ။

ကလေးငယ်ကို မွေးဖြစ်အောင်မွေးဖို့ မြသင်းသစ် လွယ်ပိုးထားစဉ်မှာပင် ဒေါ်တင်တင်က ထင်ပေါ်တို့နှင့် အပေး



www.burmeseclassic.com

www.burmeseclassic.com



အယူ ကတိကဝတ်တွေ ပြုခဲ့ပါသည်။ မြသင်းသစ် မီးဖွားပြီးသည်နှင့် အတင်းအကျပ် ပေးစားမည်။ ကလေးကိုတော့ သူတစ်ပါးသို့ ပေးပစ်မည်။ ဤသို့သော အခြေအနေကို လက်မခံလိုလျှင် ထင်ပေါ် အိမ်ထောင်ပြုပါ။

တစ်ယောက်ယောက် အိမ်ထောင်ပြုသွားမှသာ အပြီးအပြတ် ကွဲကြသည်ဟု သူ စိတ်ချနိုင်မည်ဖြစ်၍ ထင်ပေါ်သာ အိမ်ထောင်ပြုလိုက်လျှင် မြသင်းသစ်ကို သူ မချစ်နှစ်သက်သူနှင့် ဖွတ်ပေးစားစရာ မလိုတော့ပါ။ ကလေးကိုလည်း ထင်ပေါ် အလိုရှိပါက ထင်ပေါ်ကိုပဲ ပေးအပ်မည်။

ထင်ပေါ်က ရင်ကွဲပက်လက်နှင့်ပင် ဒုတိယနည်းလမ်းကို ရွေးချယ်လိုက်ပါသည်။ ဒေါ်တင်တင် စီစဉ်ပေးစားသော မလေးမြိုင်ကို လက်ထပ်ယူပါသည်။ ဒေါ်တင်တင်က နေစရာအိမ်တစ်လုံးအပြင် အိမ်ထောင်ဦးအတွက် ငွေသားအချို့လည်း လက်ဖွဲ့ပါသည်။

ဤသည်ရဲ့နောက် မြသင်းသစ် အိမ်မှာပဲ မွေးဖွားတဲ့အခါ မြသင်းသစ်ကို ကလေး ဆုံးပါးသွားသည်လို့ အသိပေးကာ တစ်ရက်သားမှာပဲ ထင်ပေါ်နှင့် မလေးမြိုင်တို့ လင်မယားလက်သို့ အပ်လိုက်တော့သည်သာ။ မြသင်းသစ် ယုံကြည်လက်ခံလောက်အောင်လည်း ပိပိရိရိ စီစဉ်ခဲ့သည်သာ။





ကိုယ်ဝန်နှင့်ကတည်းက ထင်ပေါ် လက်ထပ်သွားပြီကိုလည်း သိကာ မွေးသောကလေးလည်း အဖတ်မတင်ရှာဆို၍ မြသင်းသစ် ခမျာ အိပ်ရာထဲ အတန်ကြာ အရုပ်ကြိုးပြတ် လဲခဲ့ပါသည်။

ကလေးငယ်ကို မိခင်နှင့် ခွဲခဲ့သော်လည်း ဖခင်လက်သို့တော့ အပ်ခဲ့ကာ လိုအပ်သမျှလည်း ငွေကြေး ဆေးဝါး နို့မှုန့်ကအစ ထောက်ပံ့ခဲ့သည်ဖြစ်၍ ဒေါ်တင်တင့် လုပ်ရပ်မှာ မြသင်းသစ်အပေါ် ရက်စက်ရာကျသည် မှန်သော်လည်း အရက်စက်ဆုံးတော့ဖြင့် မဟုတ်ခဲ့ပါ။

"အမယ်လေး ... ရက်စက်လိုက်တာ မေမေရယ်၊ ရက်စက်လိုက်တာ၊ မလေးမြိုင်ရယ် ... ကျေးဇူးတင်လှပါတယ်၊ ကျွန်မသားကလေးကို ... ကျွန်မသားကလေးကို ဒီအသက်ဒီအရွယ်ထိ ကိုယ့်သားရင်းလို ပြုစုစောင့်ရှောက်ခဲ့တာ ဘယ်လိုမှ ကျေးဇူးဆပ်လို့ မကုန်နိုင်တော့ပါဘူး"

ရင်ကွဲပက်လက် ငိုကြွေးရတော့သည်မှာ မျက်နှာတစ်ခုလုံး ရောင်အမ်းလာတော့တဲ့ အထိပင်။ ကိုထင်ပေါ်နှင့် မလေးမြိုင်တို့မှာ ကုသိုလ်ကံအလျောက် သားသမီး မမွေးဖွားသာခဲ့။ ပေါ်သစ်မင်းကိုသာ သဘောဖြူလှသူ မလေးမြိုင်သာ ကိုယ်တိုင်လွယ်မွေးရသော သားရင်းကဲ့သို့ ချစ်ကြင်နာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေး အရွယ်လေး ရောက်လာကတည်းက ငါလုပ်ခဲ့သမျှကို ငါ ယူကျုံးမရတာပါ မြသင်းသစ်ရယ်၊ ငါ့မြေးကလေးဆိုတဲ့ အသိနဲ့ မပြတ်ဆက်ဆံ ဝင်ထွက်ထောက်ပံ့ခဲ့ပါတယ်၊ ပြုမဲ့သာ ပြုခဲ့ပေမဲ့ ပြုပြီးမှပဲ တစ်သက်လုံး တစိမ့်စိမ့် နောင်တရနေခဲ့တာပါ ...

တစ်နေ့နေ့မှာတော့ တစ်နည်းနည်းနဲ့ အားလုံးဖွင့်ဟအသိပေးဖို့ပါ၊ ထင်ပေါ် ဆုံးသွားတော့ ထင်ပေါ်ကိုယ်တိုင်ကလည်း မဆုံးခင်ကတည်းက ဆန္ဒရှိခဲ့တဲ့အတိုင်း မလေးမြိုင်နဲ့လည်း တိုင်ပင်ပြီး ညည်းကို အုပ်ထိန်းစောင့်ရှောက်စေမယ်လို့ ခေါ်ယူခဲ့တာဝါ၊ ငါ့မြေးကလေးကို ငါ သိပ်ချစ်ပါတယ် မြသင်းသစ်ရယ်"

ဩော် ... ကိုထင်ပေါ်ဟာ ဒါကြောင့်လည်း သူ့သားကို အမေရင်းနဲ့ ဆုံစည်းစေလိုတဲ့ သဘောနဲ့ အားကိုးအားထားအပ်ရှာတာကိုး။ ဓာတ်ရည်လည်ပြီးတဲ့ မွန်းလွဲညနေစောင်းအထိ ပေါ်သစ်မင်းက ပြန်မလာ။ ဦးစံကို သူငယ်ချင်းသုံးယောက် အိမ်လွှတ်ရှာ ခေါ်စေသော်လည်း မတွေ့ခဲ့။ တဖြည်းဖြည်း နေဝင်လာသည်နှင့်အမျှ ဦးစံရော ဦးနိုင်ပါ နေရာခွဲ၍ လူဖြန့်ရှာပြီးပြီ။ ဆေးရုံကြီး အရေးပေါ်တွေ ဘာတွေလဲ ရောက်ပြီးပြီ။ အတော်မိုးချုပ်သည်ထိ ပေါ်သစ်မင်းကား ပေါ်မလာသေး၍ မြသင်းသစ်ခမျာ အငိုမဆုံးနိုင်သေးပေ။





"တီတီ ... တီတီ"

ဦးနိုင်မိုးဆွေက သက်ပြင်းရှိုက်ရင်း မြည်လာသောဖုန်းကို ကောက်ယူ၍ ပေါ်သောနံပါတ် ကြည့်သည်။ သူ မသိ၍ ပိတ်ချလိုက်ပါသည်။ နောက်မကြာခင်ပင် နောက်တစ်ကြိမ် မြည်ပြန်သည်။ ခုနနံပါတ်ပဲမို့ ပိတ်ပြန်သည်။ သုံးကြိမ်အထိ ထပ်မြည်လာမှပင် ဖုန်းကိုလက်ခံဖွင့်လိုက်ကာ ...

"ဟယ်လို"

"ဦးနိုင်လားရှင်"

"ဟုတ်ပါတယ်၊ ဘယ်သူလဲ"

"ဦးနိုင် သမီး ဆုပန်ပါ"

"ဆုပန် ... ဩော် ... အေး ... သမီး ... ပြော၊ ပေါ်သစ်မင်း ခုထိမရောက်သေးဘူး၊ သမီးတို့ ရှာဖြစ်သေးလား၊ ဘာထူးလဲ"

"အန်တီ စိတ်ပြေပြီလားလို့ ဦးနိုင်"

"အို ... စိတ်ပြေပါတယ်၊ အန်တီ တအားပူနေတယ်၊ ပေါ်သစ်မင်း ဘယ်မလဲ"

"သမီးတို့တွေ သူ့ကို သွားတတ်တဲ့ နေရာတွေ ပတ်ရှာနေတာ မတွေ့ဘူးလေ၊ အဲဒါ နောက်ဆုံး သူတို့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်မယ်ဆိုပြီး သွားကြည့်ကြတော့ တွေ့ခဲ့ပြီ ဦးနိုင်၊ သော့ကိုဖျက်ပြီး အိမ်ထဲ တစ်ယောက်တည်း ဝင်နေတယ်၊ အဲဒါ အန်တီ့ကို သူက ကြောက်နေတော့ အန်တီ စိတ်ပြေပြီဆိုမှ ...”

“ဟာ ... ပြေပြီ ... ပြေပြီ ...၊ စိတ်ပူလွန်းလို့ သမီးတို့ အန်တီ ငိုနေတယ်၊ သမီးတို့ အခု သူ့အိမ်မှာပဲလား၊ ဦးနိုင် လာခေါ်လိုက်မယ်”

“သမီးတို့ သူ့ကို ချော့ခေါ်လာကြတာ၊ အခု အန်တီတို့ အိမ် လမ်းထိပ် ရေခဲမုန့်ဆိုင်လေးက ဆက်နေတာ၊ သူက သေချာအောင် ဖုန်းဆက်ပါဆိုလို့ အန်တီ့ကို ကြောက်လို့ ဦးနိုင် ဖုန်းကို ဆက်ပြီးမေးရတာ”

“ဟုတ်လား ... လာခဲ့ လာခဲ့၊ ခေါ်ခဲ့၊ သမီးတို့ကို အိမ် ပြန်လိုက်ပို့ပေးမယ်၊ ပေါ်သစ်မင်းကို ပြောလိုက်၊ အန်တီ ငိုနေတယ်လို့ သိပ်စိတ်ပူနေတယ်လို့၊ ခုချက်ချင်းပဲ ဝင်ခဲ့ပါတော့လို့”

“သေချာတယ်နော်”

“အေးပါကွာ”

“ဒါဖြင့် ဒါပဲ ဦးနိုင်”





ဦးနိုင်မိုးဆွေရဲ့ တစ်ဆင့်ပြန်ပြောပြတဲ့ စကားလည်း အဆုံး၊ ခြံဝက Taxi တစ်စီးရဲ့ ဟွန်းသံကလည်း ‘အမြည်။ ပေါ်တီကိုအောက်၌ အသင့်ရပ်စောင့်နေသော ဦးစံကပဲ အပြေးအလွှား တံခါးသွားဖွင့်လိုက်ပါသည်။

မြသင်းသစ်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍ ခြေဖျားလက်ဖျားတွေပါ အေးစက်ကာ ထ,ရပ်လိုက်ပြီးလျှင် မလေးမြိုင်ကို စာနာကရုဏာသက်စွာ ငဲ့ကြည့်လိုက်မိပါသည်။ ဆက်တိတွင် ပြန်ထိုင်ချရင်း ...

“မလေးမြိုင်”

“မမသစ်”

“ကျွန်မ ... ကျွန်မ ... မလေးမြိုင်ကိုလည်း သနားပါတယ်၊ ပေါ်သစ်မင်း ကလည်းလေ မလေးမြိုင်ကို သိပ်ချစ်တာ၊ ဒါ ... ဒါပေမဲ့ ကျွန်မ သူ့ကို ...”

မလေးမြိုင်က မျက်ရည်လည်လည်နှင့်ပင် သဘောဖြူစွာလည်စွာ ခေါင်းလေးညိတ်လိုက်ပြီး ...

“ပြောပါ မမသစ် ... သားကို ပြောလိုက်ပါ၊ ကျွန်မ ကျေနပ်ပါတယ်၊ သားလေး သူ့အမေရင်းရဲ့ မေတ္တာကိုပါ အချိန်တွေ သိပ်နောက်မကျခင် ပိုင်ဆိုင်ခွင့် ရသွားတာ ကျွန်မ ဝမ်းသာနေတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မလေးမြိုင်ရယ်"

ထိုအချိန်တွင် အိမ်တံခါးဝ၌ ဖျတ်ခနဲ ရပ်လာသူမှာ ပေါ်သစ်မင်း ပင်။ ပေါ်သစ်မင်းသည် သူ့အမေကိုလည်း တစ်ချက်ကြည့်ကာ မြသင်းသစ်ကိုတော့ မရွံ့မရဲ အကဲလေးတခတ်ခတ်။

"သား"

အမေနှစ်ယောက်ရဲ့ ပြိုင်တူရေရွတ် ခေါ်ငင်လိုက်သံက တထပ်တည်းကျကာ တစ်သံတည်းအလား ညှိခန်းတွင် ပြန့်ကျက်စည်ဝေသွားပါသည်။

[illegible]



www.burmeseclassic.com